
# မောင်ချိုမိုး(သန်လျင်)

# သချိုင်းစောင့်ဦးပေါက်တူး



စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၄၊ ဧပြီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ *Myat Min Han (New Idea)*
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Zin Oo & Brothers*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြူးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅.၈၃
ညီညွှန့်ရှိန်း၊မောင်(သန်လျင်)
သချိုင်းစောင့်ဦးပေါက်တူးအပါအဝင် ဂန္တဝင်ရသတ္ထုတိုများ၊/
မောင်ညီညွှန့်ရှိန်း(သန်လျင်)။-ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၄။
၂၃၃-စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) သချိုင်းစောင့်ဦးပေါက်တူးအပါအဝင်ဂန္တဝင်ရသတ္ထုတိုများ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သေရှာပြန်တိုကောင်းစား | ၁ |
| ၂။ | ရှာနိုက် . . . လူနိုက် | ၃၂ |
| ၃။ | ပညာသည် | ၅၇ |
| ၄။ | ဒေါ်ဆလိမ်နှင့် ကြုံခဲ့သည့်နေ့ | ၇၄ |
| ၅။ | အဝိဇ္ဇာပေါက်စား | ၉၈ |
| ၆။ | ထောင်ပြေးအုန်းနက်နှင့် မခင်မြို့သူ | ၁၂၅ |
| ၇။ | နာဂစ်လွမ်းချင်း | ၁၆၄ |
| ၈။ | သည်းထိတ်ရင်ဖို ဖြစ်ရပ်ဆန်းကြယ်အချစ် | ၁၈၇ |
| ၉။ | စည်းပေါက်လို့ ဒဏ်ထိတာဟု ဆိုသည်လည်းရှိ၏ | ၂၀၆ |




ဦးကိုကိုလွင်

ဖုန်း ၀၉-၄၂၀၉၀၅၀၄၄



[၁]

□

တစ်နေ့သောအခါ ကျွန်ုပ်သည် သချိုင်းစောင့်ဦးပေါက်တူး (ခေါ်) စဏ္ဍာလကြီး ဦးပေါက်တူနှင့် အချိန်အတန်ကြာ စကားစမြည် ပြောဖြစ်ကြလေ၏။

သို့ကလို သချိုင်းစောင့် မဟာပညာရှိကြီးနှင့် စကားစမြည် အေးအေးအေးဆေးဆေး လက်ဆုံပြောနိုင်ဖို့အတွက် ဦးပေါက်တူး ကြိုက်နှစ်သက်သည့် ရမ်အရက်ပြင့်လည်း ကျွန်ုပ်က အာဟာရအသောက်ဒါန ပြုလေ၏။

"ကျုပ်က အရက်ထဲမှာ အာမီရမ်ကို အကြိုက်ဆုံးပဲဗျ။ စာရေးဆရာရ ... အဟွတ် ... အဟွတ် ... အေ့"

"ဘာကြောင့် ခင်ဗျားက အာမီရမ်ကို ကြိုက်ရတာတုံးဗျ။ ဦးပေါက်တူးရ ..."

"ငှက်ဖျားလေ ... ဆရာ၊ ငှက်ဖျား။ ဒီအာမီရမ်အရက်က ငှက်ဖျား အရမ်းနိုင်တယ်။ တုန်ဖျား ချမ်းဖျားလည်း ဆရာမောင်ဆေးနီမှုန့်နဲ့ သောက်သောက်၊ ဟိုင်းရာဇာအပူကျဆေးနဲ့ ရောသောက်သောက် အဆင်ကို ပြေရောဗျ။ ကျုပ်တို့ စဏ္ဍာလဘဝဆိုတာက နေပူမိုးရွာ ရှောင်လို့မရဘူးဗျ။ အစိုးရရုံးပိတ်ရက်ဆိုတာ ကျုပ်တို့မှာ မရှိသလိုဘဲ။ အာဇာနည်နေ့ သေလည်း ကျင်းတူးရတာပဲ။ တပေါင်းလပြည့်နေ့သေလည်း ကျင်းတူး မြေမြှုပ်ပေးရတာပဲ။ နှစ်ဆန်းတစ်ရက်နေ့မတိုင်ခင် ဖောဖောသီသီသေကျရင် ဟို





ဘက်နှစ်မကူးရအောင် ကျုပ်တို့ ကျင်းတူးရ၊ မြေမြှုပ်ရ၊ အခေါင်းသွင်းရ အလုပ်များဆုံးပေါ့ဗျာ။

သည်တော့ မိုးရွာလို့၊ နေပူလို့ တစ်ကိုယ်လုံး ကိုက်ခဲနေလို့ဆိုပြီး နားလို့ ရှောင်လို့မရဘူး လုပ်နေရတာပဲ။ အဲတော့ ငှက်ဖျားတို့၊ ချမ်းဖျား တုန်ဖျားတို့၊ အပူရှပ်တို့၊ ချွေးငုပ်တို့၊ ကိုက်ခဲနာကျင်တို့ဖြစ်လာရင် ဘယ်ဆေးရုံဆေးခန်း သွားကြနိုင်မှာလဲဗျာ။ မီးတောက်အရက်လေ၊ အာမီအရက် အကောင်းစားလေး။ စောစောက ဆေးနဲ့ရောသောက် ကာကွယ်ကုသလုပ်ရတာပါပဲ ... စာရေးဆရာရာ"

"အာမီရမ်ကရော အမြဲတမ်း သောက်လို့လားဗျ"

ကျွန်ုပ်က မယုံ၍မေးခြင်း၊ သိလို၍ မေးခြင်းဖြစ်၏။ သချိုင်းစောင့် စဏ္ဍာလက အာမီရမ်အရက်ကြိုက်နေ၍ မေးရခြင်းဖြစ်၏။ ပြောရလျှင် အာမီရမ်၊ ဘရမ်ဒီနှင့် စဏ္ဍာလအဆင့်သည် အလှမ်းကွာ၍ဖြစ်၏။

"အမြဲတမ်းတော့ ဘယ်သောက်နိုင်မှာလဲဗျာ။ ကျုပ် မိတ်ဆွေ တပ်ကြပ်စစ်သားကြီး ကိုမောင်းပြန်ကောင်းလို့ သောက်နေရတာပေါ့ ... စာရေးဆရာရာ။ အဲဒီ ကိုမောင်းပြန်ဆိုတဲ့ စစ်သားတပ်ကြပ်ကြီးကလည်း ကျုပ်ကို ခင်သဗျာ။ သူကလည်း စာရေးဆရာလိုပဲဗျာ။ ကျွိုဖြစ်ရပ်ဆန်းကြယ်များကို အရက်သောက်ရင်း မေးတာဗျာ။ ပြီးရင် သူ တိုက်ပွဲတွေမှာ တွေ့ကြုံရတဲ့ စွန့်စားခန်းများကို အားရပါးရ ဟန်နဲ့ပန်နဲ့ပြောတာဗျ။ အာမီရမ်အရက်က သူယူလာတာ။ ငှက်ဖျားကာကွယ်တယ်လို့ ပြောတာလည်း သူပဲ"

"နောက် ဘာအရက် သောက်ဖူးသေးသတုံးဗျ ... ဦးပေါက်တူးရ"

"အဲ ... အဲ ... ဘာပါလိမ့် ... ဝီ ... ဝီစကီ ... ဝီစကီအရက်ဗျ"

"ဟော့လူ ... ဟုတ်မှလည်း လုပ်ပါဗျာ။ ဝီစကီအရက် ဈေးကြီးတယ်နော်။ တကယ့် သူဌေးတို့ အရာရှိအရာခံတို့မှ သောက်နိုင်တာ။ ခင်ဗျား မကြွားနဲ့နော် ဦးပေါက်တူး"

''ဘုရားစူး ...မဖဲ့ဝါ ...ရိုက်ပါ ...ဆရာ ...ခဏလေး နော်''

သူက ပါးစပ်မှ ကျိန်တွယ်ပြီးနောက် သချိုင်းဇရပ်အနောက် သူ့တဲသို့ တက်သွားပြီး ပြန်လာရာက ...

''ရော ...ဆရာ၊ ဒီအရက်ပုလင်းပဲ''

''အလို ...ဟုတ်ပေသားပဲ။ စကော့(ချ်) ဝီစကီ အရက်ပုလင်းလေးဆောင့်ပုလင်းဗျာ''

''လုပ်ပါဦးဗျ ...ဘယ်လိုလုပ်ပြီး ခင်ဗျားလိုလူက ဝီစကီအရက်အကောင်းစားကို သောက်နိုင်ရတာတုံး''

''ဒီလိုဗျ ...တစ်နေ့ သူဌေးတစ်ယောက်ရဲ့သား အသတ်ခံရပြီး လူသေတဲ့ချုံထဲမှာ စွန့်ပစ်ခံထားရတယ်''

''ဘာလို့ သူဌေးသားက အသတ်ခံရတာတုံး''

''မိန်းမကိစ္စ ရှုပ်လို့တဲ့။ ပုပ်ပွပြဲရွဲထွက်နေပြီလေ။ ရဲစခန်းနဲ့ ဆေးရုံက ကျုပ်ကို အလောင်းကိုင်ဖို့ အကူအညီတောင်းတယ်။ ကျုပ်က မရွံမရှာ ကိုင်တွယ်ပြီး ဆေးရုံရင်ခွဲရုံက ရင်ခွဲစစ်ဆေးတဲ့ အခြေအနေထိ ဝင်ကူညီပေးတယ်။ ကိစ္စပြီးလို့ ခေါင်းသွင်းသင်္ဂြိုဟ် အရိုးအိုးကို အုတ်ဂူသွင်းပေး၊ ပန်းရံဆရာများပါ ရှာပေးပြီး အစကအဆုံး ကူညီလို့ ကာယကံရှင်သူဌေးက ဘာလိုချင်လဲလို့ ထူးထူးခြားခြား မေးပါရောဗျ။

ကျုပ်ကလည်း ပြောလိုက်တယ်။ ဝီစကီအရက် တစ်ခါမှမသောက်ဖူးဘူးလို့ ဝီစကီအရက်သောက်ချင်ပါတယ်လို့ပြောရော ...သူဌေးရယ်ဗျာ .. သင်္ချိုင်းကုန်းမှာ ကျုပ်မျက်နှာကိုကြည့်ပြီး ရယ်လိုက်တာမှ ခွက်ထိုးခွက်လန်ပဲ ...သိလား။ ရယ်လို့ဝရော သူ့ကားပေါ်တက်ပြီး သွားပါရော။ အဲဒါ ပန်းရံသမားတွေက ကျုပ်ကိုပြောကြတယ်။ စကားလာပါးစပ်က မတန်တရာသွားတောင်းတော့ ဟိုက ရယ်တာပေါ့ဟဲ့။ ကိုပေါက်တူး ...ခင်ဗျားလိုလူကြောင့် ကျုပ်တို့ ဂူလုပ်စားတဲ့ပန်းရံတွေပါ သောက်ကြီးသောက်ကျယ်ကောင်တွေလို့ အပြောမခံရပါစေနဲ့တဲ့''

''အုတ်ရှက်တဲ့ မိပိန်က ပြောလိုက်သေးတယ်ဗျာ''





''ချက်အရက်တောင် နပ်မှန်အောင် မသောက်နိုင်ဘဲနဲ့များ ဝီစကီတဲ့ ...အဟိဟိ ...ဟိ ...ပါးစပ်တော့ ရှုဦးမယ်ပေါ့ ...ကြည့်ထားကြတဲ့''

အုတ်ဂူအရော်ကိုင်တဲ့ ကိစ္စပြီးလို့ ပန်းရံအဖွဲ့လည်း ပြန်ကြပြီ၊ ကျုပ်လည်း ရေချိုးသန့်စင်ပြီး လက်ကျန် (ဘီအီး) အရက်လေးမော့ပြီး မိန်းမပြင်ပေးထားတဲ့ ထမင်းစားမလို့လုပ်တုန်း။

သချိုင်းထဲကို ဆိုင်ကယ်နဲ့ လူတစ်ယောက်ဝင်လာတယ်။

ကျုပ်တဲ ရှေ့နားရပ်ပြီး ဆင်းတယ်။

''စရာလ ဦးပေါက်တူးရှိလား''

''ကျုပ်ပါပဲ ...ဘာကိစ္စရှိလို့ပါလဲ''

''သူဌေးဦးချိန်က ဝီစကီအရက် ပေးခိုင်းလို့ပါ ...ရော့''

''ဗျာ ...''

''အဲဒီ အရက်ပုလင်းပဲ၊ သူ့သား အသုဘအရေးကိစ္စမှာ ကျုပ်က မရွံမရှာ အစအဆုံးလုပ်ပေးလို့ ကျေးဇူးပြုသွားတာ၊ တစ်နေ့ ကျုပ် ခင်ဗျားကို သူ့သားသတ်သွားတဲ့ တရားခံပမ်းမိပုံ ဂျီဖြစ်ရပ်ဆန်းကြယ်ဇာတ်ပြောပြမယ် ...သိလား ...စာရေးဆရာ''

''ကောင်းပါပြီဗျာ ...အခု ခင်ဗျားကို ကျုပ်က ရယ်အရက်တိုက်ထားတာနော်''

''ဟုတ်ပါတယ် ...စာရေးဆရာရဲ့''

''ဒီနေ့ ခင်ဗျားက ကျုပ်ကို ဘယ်လိုသချိုင်းကုန်း ဖြစ်ရပ်ဆန်းကြယ်ဇာတ်ကို ပြောပြမှာတုန်း''

''ကိုယ့်လူက ဘော်ချက်မလို့ မဟုတ်လား''

''ဘော်ချက်လို့ရှမှ ခင်ဗျားလည်း မသေခင် အရက်ကောင်းကောင်းလေး များများသောက်ရမှာလေဗျာ''

''အေးဟ ...ဒါလည်း ဟုတ်သားဗျ။ ဟား ...ဟား ...ဟား .. ဟား ...''

✿ ✿ ✿

# [၂]

❑

''ဒီလို ... စာရေးဆရာရဲ့၊ အခု ကျုပ်ပြောမယ့်ဇာတ်လမ်းက သေရွာပြန် ဇာတ်လမ်းပဲဗျ။ သေရွာပြန်အမျိုးမျိုးကို ကြုံခဲ့ဖူးပါရဲ့ဗျာ''

''သံဝေဂရစရာတော့ ကောင်းသား ... စာရေးဆရာရေ''

''မသေခင်တုန်းကတော့ ကိုယ့်လင်၊ ကိုယ့်မယား၊ ကိုယ့်မိဘ၊ ဘိုးဘွား ကျွေးရကောင်းမှန်း မသိကြ။ အိပ်ရာထဲ ပက်လက်လဲလို့ သေခါနီး ပါးစပ်မဟနိုင်မှ ဘာစားချင်သလဲ ထပ်ခါတလဲလဲ မေးသူက မေးကြ''

''မျက်နှာရအောင် စားကောင်းသောက်ဖွယ်များ ဝယ်လာသူက ဝယ်လာကြ၊ ဝယ်လာတဲ့ပစ္စည်းတွေ ပြိုင်သူက ပြိုင်ကြ''

''သေလည်းသေရော အသုဘမှ ရက်မလည်သေးဘူး။ အမွေကိစ္စ စကားများကြ''

''မြေကြီးထဲ မြှုပ်ကာနီးကျမှ ...

ကျွန်မလည်း ရှင်နဲ့လိုက်မယ် ...

ငါ့ကိုလည်း မထားခဲ့ပါနဲ့၊ တစ်ခါတည်း ခေါ်သွား

အမလေး အမေရဲ့ အဖေရဲ့ ...





ကျွန်မတို့ ဘယ်သူနဲ့ နေရမှာတုန်း။

ကိုလေးမောင်ရေ ... ကျွန်မလည်း လိုက်ခဲ့မယ်တော့ ...''

ပြောကောင်းမှန်း မပြောကောင်းမှန်း နားမလည်ကြဘူး။ သချိုင်းကုန်း မြေမြှုပ်ခါနီးမှာ ရင်နင့်စေအောင် ငိုကြွေး။ သတိလစ်မေ့မျောဖြစ်တာလည်း ကျုပ် ဦးရေ မနည်းမြင်ဖူးခဲ့တယ်။

အမှန်က အပြောကောင်းတာပါဗျာ ...။

တစ်ခါများဗျာ ... မိန်းမတစ်ယောက်ဗျ ပိုက်ဆံအရမ်းကို ချမ်းသာတာရယ်၊ ရုပ်ကလည်း ချောမှချောဗျ။ ရုပ်ရှင်မင်းသမီး လုပ်စားရင်ရတဲ့ ရုပ်မျိုးသီလား။

သူ့လင်အခေါင်းကို အုတ်ဂူသွင်းမလို့ လုပ်တော့ မသွင်းရဘူးဆိုပြီး ခေါင်းကို ဖက်ထားတယ်။

ချော့ပြောလို့မရဘူး ... ဆွဲခေါ်လို့ မရဘူး။

ကျွန်မကို မောင် မထားခဲ့နဲ့။ ကျွန်မလည်း မောင်နဲ့အတူ တစ်ဂူထဲအတူနေမယ်ဆိုပြီး ခေါင်းကို မလွှတ်တမ်းဖက်ထားတယ်။ ဖျောင်းဖျလို့မရဘူး။ အချိန်အတန်ကြာရော ...။

ကိုင်း ... နောက်ဆုံး ကျုပ်ကလည်း သောက်မြင်ကပ်ကပ်နဲ့။

ကိုင်း ... ဟေ့ ... ကျေနပ်မှတော့ နှစ်ယောက်စလုံး ဂူသွင်းကြစို့ ထည့် ... အထဲကိုထည့်ကြ ...

ကျုပ်ကောင် ပန်းရံသမားတွေကလည်း အထာနပ်တယ်။

ဟုတ်တယ် ... သိပ်ချစ်ကြတာ၊ ကိုင်း ... ဆွဲမ,သွင်းကြတော့။

အဲဒီလိုပြောပြီး သူမကြီးကို အုတ်ဂူပေါက်ထဲ သွင်းမယ်လုပ်ရောတက်ပြီး သတိလစ်သွားပါရောဗျာ ...။

အမှန်က သတိလစ်ချင်ယောင်ဆောင်တာ၊ အမြင်ကပ်ကပ်နဲ့ ဂူပေါက်ထဲ ဆွဲသွင်းဖို့လုပ်တော့ ကြောက်ရက်သွားလို့လေ။ မဝင်ရဲပါဘူး။ အတူမနေရဲပါဘူး။ ကျုပ်တို့ သိတာပေါ့ ... ဟွန်း။

ဒီလို အဆိုကောင်း၊ အလွမ်းကောင်း၊ အပြောကောင်းတွေလည်း ပြည့်စုံတယ် နောက် ဘာကြွလဲမျှာ ...

သူ့ဆက် ပါးနပ်ငယ်တဲ့ ကောင်နဲ့ ညားပါရောလား။

ခု ကြုံရတဲ့ ဖြစ်ရပ်ဆန်းကြယ် ဇာတ်လိုက်အမည်က ...

'ပေါက်ခေါ် ကြွင်ဖေတဲ့' မြန်မာတရုတ်ကပြားကြီး။ အသက်က ခြောက်ဆယ်ကျော် ရုပ္ပာဘာသာ ကိုးကွယ်တယ်။ အလှူအတန်း ရက်ရောတယ်။ သွား ကခေါ်နေလို့ ကြွင်ဖေကနေ ပေါက်ခေါ်ကြွင်ဖေလို့ ခေါ်ကြတာ။

သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတယ်။

မိန်းမသေပြီးတာ ငါးနှစ်ရှိပြီ။

သားလုပ်သူအမည်က မောင်ကျော်ရွှေတဲ့။ သမီးလုပ်သူအမည် က မခင်ဆွေကြွင်တဲ့။ ဖအေလုပ်သူက အရောင်းအဝယ်လုပ်တယ်။ သစ်သီး ဝလံ မျိုးစေ့ပေါင်းစုံ၊ ဓာတ်မြေဩဇာမျိုးစုံ ရောင်းတယ်။ ဒီမြစ်ဝကျွန်းပေါ် မြို့လေးမှာ တော်တော်ချမ်းသာတယ်။

သို့သော် သားနဲ့သမီးက ငိုင်းတယ်၊ ဆိုးတယ်၊ မောက်မာတယ်။ ရန်ကုန်နဲ့ နယ်မြို့လေးကို နေ့တိုင်း ကားနဲ့ကူးနေတာ။ သားက အရက် သောက်၊ ဖဲရိုက် လောင်းကစားသမား။ သမီးက အစားအသောက်နဲ့ အပျော် အရွှင်ကို အားကြီးဝါသနာပါတယ်။ ကိုယ်တိုင်လည်း ဂီတပွဲများမှာ ဝင်က၊ ချင် က,တာ။ အသုံးအဖြုန်းကြီးရာမှာတော့ ပြိုင်ဘက်မရှိဘဲ။

ဖအေလုပ်သူက ဆုံးမတယ်။

''ကျော်ရွှေ ... ငါ့အလုပ်ကို ဝိုင်းကူပါ''

''ကျုပ်မအားဘူး ... ချိန်းပွဲရှိတယ်''

''မင်းတို့ အဲဒါပဲ လုပ်နေ၊ တစ်နေ့ ဒုက္ခရောက်မယ် သိလား''

''ဘာဒုက္ခလဲ ... ခေါက်ထား''

''မခင်ဆွေ ...''

''ဘာလဲ ... အဖေ''

စိတ်ကူးသစ်စာပေ



''အရောင်းအဝယ် အားကောင်းနေတယ်။ ငါ့ကို တရင်းမယား ဝိုင်းကူပေးပါ သမီး''

''သမီး သွားစရာရှိတယ် ... အဖေ။ ဒီနေ့ စထရင်းဟိုတယ်မှာ သူငယ်ချင်းမင်္ဂလာပွဲရှိတယ်။ စောစောသွားရမှာ''

''နင်တို့ ဒီလို နေသွားကြတော့မှာလား''

''ဒီလိုနေတာ ဒီနေ့မှမဟုတ်ဘူး ... အဖေ။ ဟိုနေ့ ... ဟိုနေ့ .. အများကြီးကတည်းက နေလာတာ။ အဆန်းလုပ်မနေနဲ့''

ဘယ်လိုမှ ပြောလို့မရဘူး။ ရွှေငွေစိန်တွေ ညွတ်နေအောင်ဝတ် ပြီး ကားစင်းလုံးငှားလို့ သွားတာပဲ။

ရန်ကုန်မှာ အိပ်ရင်လည်း အိပ်လိုက်တာပဲ။

ဖအေကြီးက တပည့်လက်သားအားကိုးနဲ့ သူတို့နှစ်ယောက်နောင် ရေး စိတ်အေးရအောင် စီးပွားရှာရတယ်။

ရသမျှကို အချို့ကိုစု၊ အချို့ကို လှူဒါန်း၊ အချို့ကို သူ့သားနဲ့ သမီး သုံးစွဲဖို့ ခွဲဝေပေးခဲ့တယ်။

တစ်နေ့ကျရော ဦးပေါက်ခေါ်ကြီး ရွာကြွေးကျွန်များကို လိုက် တောင်း၊ သိမ်းပြီးပြန်အလာ ...

''အေးလိုက်တာ၊ မူလိုက်တာ''

ငွေထုပ်ကြီးပိုက်ရင်း တပည့်တပန်း၊ အလုပ်သမားသုံးယောက်ကို ပြောတယ်။

အိမ်ဖော်မလေးကို သံပုရာရည်တစ်ခွက် ဖျော်ပေးလို့နိုင်းရင်း ပက်လက်ကုလားထိုင်ပေါ်မှာ မှေးနေတယ်။

''အဘ ... သံပုရာရည် ရပြီ''

ဦးပေါက်ခေါ်ကို နှိုးလို့မရ။ ဒါနဲ့ မောမောနဲ့ အိပ်ပျော်သွားတယ် လို့ ယူဆပြီး ဘေးနားကစားပွဲပေါ်မှာ သံပုရာရည်ဖန်ခွက်ကို တင်ထားခဲ့လို့ နောက်ဖေး ချက်ပြုတ်ရာကို ပြန်သွားခဲ့တယ်။

စိတ်ကူးသစ်စာပေ

မကြာဘူး ...။

နယ်မြို့က ငွေလာပေးသူနှစ်ဦး ရောက်လာလို့ သူဌေးဦးပေါက်ခေါ်ကို နှိုးရပါရော။

"သူဌေး ... သူဌေး ..."

"ဦးလေး ... ဦးလေးကြင်ပေ"

"ဗျို့ ... ဦးကြင်ပေ ... ထပါဦးဗျ"

ဘယ်လိုခေါ်ခေါ် မနိုးဘူး။ မလှုပ်ဘူး။ ငွေစက္ကူထုပ်ကြီးလည်း ပိုက်လျက်ပဲ။ ဒါနဲ့ မသင်္ကာတော့ဘူး။ ဦးပေါက်ခေါ် (ခေါ်) ဦးကြင်ပေနဲ့ ရင်းနှီးတဲ့ ကိုအောင်မောင်းစိန်ဆိုတဲ့လူက လှုပ်နှိုးကြည့်ရော။

အဲဒီမှာ ပက်လက်ကုလားထိုင်ပေါ်ကနေ စောင်းလဲကျသွားတော့မှ ခေါ်လို့မရတော့မှန်း သိကြတော့တယ်။

ဒါနဲ့ မြို့ထဲက ဆရာဝန်တစ်ယောက် ပြေးခေါ်ပြတော့ ဆရာဝန်က နားကြပ်နဲ့နေရာအနှံ့စမ်း။ မျက်လုံးဖြဲကြည့်လုပ်ပြီး အသက်မရှိတော့ဘူးလို့ ပြောလိုက်တယ်။ ခေါ်

အမောဆို့ပြီး အသက်ရှူ ရပ်သွားတာတဲ့။

အင်း ...အရွယ်ကရ၊ အလုပ်ကပင်ပန်း၊ ကြာတော့ စိတ်ရော ကိုယ်ပါ ထောင်းပြီး တစ်ချက်ကောင်း ဖောက်လို့ သေရတာပေါ့။

ဦးပေါက်ခေါ် ရုတ်တရက်သေတော့ သူ့နား သားရော၊ သမီးရော မရှိဘူး။ တပည့်တပန်းများက ဝမ်းနည်းပက်လက် ငိုင်းငိုကြတယ်။

အလောင်းကို ကျုပ်ကပဲ ရေမိုးချိုးပြီး ဝါးကပ်ပေါ်ဖျာခင်းတင် စောင်လွှမ်းပြီးလို့ နေဝင်ကာနီးမှ ကျေးရွာရှင် နှစ်ယောက်က ရောက်လာကြတယ်။

'အဖေရဲ့ ဖြစ်ရလေခြင်း' လို့ ငိုသံ။

"ကျွန်မ အလာကိုတောင် မစောင့်တော့ဘူးပေါ့ ... ဟီး"

မကြာဘူး။ ဦးပေါက်ခေါ် အမျိုးတွေလည်း ရောက်လာကြတယ်။ အလောင်းမြေကျရေးကို ဆွေးနွေးကြသလို၊ ကျန်ရစ်တဲ့ ပစ္စည်းကိုလည်း





မောင်နှမနှစ်ယောက်ကို ခွဲဝေပေးဖို့ ပြောဆိုတိုင်ပင်ကြတယ်။ မောင်နှမနှစ်ယောက်ကလည်း ရက်လည်ပြီးတာနဲ့ ရသင့်တာကိုယူပြီး ကိုယ့်ခရီး ကိုယ်ဆက်ကြဖို့ ဆုံးဖြတ်ကြတယ်။

ခုတော့ သွားလေသူ သူဌေးကြီးဦးပေါက်ခေါ်နဲ့ ပါသွားတာဆိုလို့ ငွေနဲ့ကွပ်ထားတဲ့ ကျောက်နီလက်စွပ်လေးတစ်ကွင်းနဲ့ ပုဆိုးတစ်ထည်၊ အင်္ကျီ တစ်ထည်ပဲ ပါသွားတယ်။

အဲဒီ လက်စွပ်ကလေးက သူ အသက်ရှင်စဉ်တစ်လျှောက် စွဲစွဲ လမ်းလမ်း၊ နှစ်နှစ်ခြိုက်ခြိုက် ဝတ်ခဲ့တဲ့အဆောင် လက်စွပ်လေး။

သူငယ်ချင်းတွေက မေးဖူးတယ်။

"ပေါက်ခေါ်ကြီး ... ဘာကျောက်တုံးဟ"

"ချက်ကျောက် အပေါစားပါကွာ"

"ဟ ... ငါ့ကောင်းကြီးရ၊ သူဌေးလုပ်ပြီး ချက်ကျောက်ကို ငွေနဲ့ ကွပ်ဝတ်ထားရလားကွ။ ပတ္တမြားတို့၊ စိန်တို့ ဝယ်ပါလား"

"အဲဒါက ငါ့ကလေးတွေ ဝတ်ပါလိမ့်မယ်ကွာ။ ငါ့ ချက်ကျောက် ကလေးက ငါ့ဆရာ ဘုန်းကြီးပေးထားတဲ့ အဆောင်မို့လို့ပါ။ ဒါကြောင့် တမြတ်တနိုး ဆောင်ထားတာပေါ့။ ငါသေရင်လည်း အဲဒီလက်စွပ်တော့ ဆင်ပေးကြပါကွာ ... နော် ..."

အဲဒီလို ကြိုတိုင်းပြောလို့ ခုသေတော့ ငွေကွပ်ကျောက်နီ ချက်ကျောက်လက်စွပ်လေး မချွတ်ဘဲ စွပ်ပေးလိုက်တယ်။

အဲဒါ နယ်မလေ့၊ ရပ်မလေ့အတိုင်း သုံးရက်ထားတယ်။

သုံးရက်ပြည့်တော့ (ရွာတော်ပြင်)သင်္ချိုင်းကို လာသင်္ဂြိုဟ်ရတယ်။

ပြောဖို့ကျန်သွားတယ် ... ဆရာရေ။

ဦးပေါက်ခေါ်ရဲ့ ကိစ္စအဝဝကို ကျုပ်ပဲတာဝန်ယူရတယ်။ ဂူသွင်းမယ်လို့ အမျိုးများကပြောလို့ အရပ်ထဲကပဲ ဂူကိစ္စအတွက်လုပ်နေကျ ပန်းရံ မောင်ထီးရိုးတို့အဖွဲ့ကို အပ်ပေးလိုက်တယ်။

ဂွသွင်းမယ်နေ့ မနက်မှာ ပန်းရံဆရာမောင်ထီးရိုးက ကျုပ်ကို စကားဆန်းတစ်ခု မေးလာတယ်ဗျ။

"စထွာလကြီး ..."

"ဘာတုံး ... ထီးရိုး"

"မေးစရာ တစ်ခုရှိလို့ပါဗျ ... ဦးပေါက်တူးရ"

"မေးလေ ... မေးတာများ ပိုက်ဆံပေးရလို့လား"

"အခု ဂွသွင်းမယ့်လူကြီးက ပိုက်ဆံရှိတယ်ဆိုဗျ"

"အေး ... ရှိတယ်၊ သားနဲ့သမီးလည်း ကျန်ရစ်ခဲ့တယ်ကွ"

"မသာရဲ့ ဘယ်လက်မှာ ကျောက်နီလက်စွပ်တစ်ကွင်းပါတယ် ဆိုတာ ဟုတ်လားဗျ။ လူပြောများနေလို့ မေးရတာပါ"

"ဟုတ်တယ်ကွ ... ဒါပေမဲ့ လက်စွပ်က အဖိုးမတန်ပါဘူးကွာ"

"ဘာလို့ အဖိုးမတန်ရတာတုံး။ သူဌေးသေတာဥစ္စာ"

"ရွှေလက်စွပ်မဟုတ်ဘူး ထီးရိုးရေ၊ ငွေနဲ့ကွပ်ထားတဲ့ ချက်ကျောက်တဲ့။ သူ့ဆရာ ဘုန်းကြီးအဆောင်သဘောမျိုး စီရင်ပေးထားတာတဲ့"

"ဟုတ်လား"

ကျုပ်က ပန်းရံဆရာထီးရိုးကို ရိုးရိုးမေးတာမှတ်လို့ မှန်မှန်ကန်ကန် ကြားသိတဲ့အတိုင်း ဖြေလိုက်တာပေါ့ကွာ။

ထီးရိုးက ဖဲသမားဗျ။ ပန်းရံလုပ်လို့ရသမျှ ဖဲရိုက်ပစ်တာ။ သူ့မယားမချောခင်ဆို ဟိုဘက်အိမ်က ချေးငှား၊ ဒီဘက်အိမ်က ချေးငှားချက်ပြီး လင်တော်မောင်ကို ပြုစုသေးတာလေ။ ဒီကြားထဲ ရိုက်လား၊ နှက်လား၊ ဆဲလား၊ အဆစ်ပါသေးတယ်။

ထီးရိုးမိန်းမ မချောခင်က အလွန်ချော၊ အလွန်လှတဲ့ မိန်းမဗျ။

ရွာကွမ်းတောင်ကိုင်တဲ့။

အဲဒီလို ရွာကွမ်းတောင်ကိုင်ကို အိမ်မဲမြို့သား ထီးရိုးက ရအောင် ပိုးပြီး ခိုးလာခဲ့တာ။ ညားပြီးတဲ့နောက်မှပြီး အရက်သမား၊ ဖဲသမားမှန်း သိရပြီး 'မပေါင်းနိုင်ဘူး။ ကွာပေးပါ' လို့ ပြောရော။





ကွာတော့မပေးဘူး။ သတ်ပစ်မယ်။ ဟောဒါ ... ကြည့်ထားဆိုပြီး ဓားမြှောင်ထုတ်ပြလို့၊ ခုတော့ ကိုယ့်ထိုက်နဲ့ကိုယ့်ကံ လိုမ့်ခံနေရတာပေါ့။ ကျေးသားမွေးသားများ၊ ကောင်းရင်လားဗျာ။ မချောခင်က လှပြီးသားလေ။ ပန်းရံဆရာကတော်ရုပ် မဟုတ်ဘူး။ သူဌေးကတော်ရုပ်၊ အခြေအနေ မကောင်းလို့ မိဘအိမ်ကပါတဲ့ လက်ဝတ်လက်စားလည်း ကုန်ပြီ။

ကိုယ် သုံးလို့မဟုတ်၊ ကိုယ် စားလို့မဟုတ်။

သူတော်ကောင်းကြီးဖြုန်းလို့ ပြောင်တာ။

✿ ✿ ✿

# [၃]

❑

"မင်းက ဘာလုပ်မလို့တုံးဟ ... ထီးရိုးရ"

"ကျုပ်ကြားတာက အဲဒီလက်စွပ်က ချက်ကျောက်မဟုတ်ဘူး။ အဖိုးတန်ပတ္တမြားစာရင်းဝင် ပြောသံကြားလို့ဗျာ"

"မင်းကို ဘယ်သူပြောတုံး ... ထီးရိုး"

"ဟိုလူ ဒီလူပြော ... ပြောသံကြားရတာပါ ... ဦးပေါက်ခေါ့ရ"

"အဖိုးတန်ပတ္တမြား စာရင်းဝင်ကျောက်ဆိုရင် ငွေနဲ့ကွပ်မှာလား ကွ။ ရွှေနဲ့ကွင်းဝတ်မှာပေါ့။ အဲဒီကျောက် တန်ဖိုးရှိရင် သူ့သားနဲ့သမီး နှစ်ယောက်က သေသူ သူ့အမေနဲ့အတူ ပေးမှာလား။ သူတို့ ယူလိုက်မှာပေါ့။ သူများပြောတိုင်း မယုံစမ်းပါနဲ့ကွာ။ ဘာလဲ မင်းက အဲဒီလက်စွပ်ကို ချွတ်ယူမလို့လား"

"ဟာ ... ဦးပေါက်တူးကလည်းဗျာ ... မဟုတ်က ဟုတ်က"

"သွားမလုပ်နဲ့၊ အဲဒီလူကြီးက ငွေထုပ်ကြီးပိုက်ပြီး အမောဖောက် သေတာတဲ့။ ကျိန်းသေ ပြိတ္တာဘဝရောက်မှာ။ သူ့ပစ္စည်းသွားယူရင် မင်းပါ သေနေဦးမယ်။ ကိုယ့်အလုပ် ကိုယ့်လုပ် ... ဟေ့ကောင်"





"အိုဗျာ ... ကျုပ်က ထမင်းငတ်နေတဲ့လူ မဟုတ်ပါဘူး"

အမှန်က ကျုပ်က စေတနာအမှန်နဲ့ ပြောလိုက်တာပါ။ အဲဒါဗျာ ဂူသွင်းတုန်းက ထီးရိုးဆိုတဲ့ ... ပန်းရံဆရာရယ်။ ကျုပ်ကို စောင်းငဲ့စောင်းငဲ့ လုပ်နေလိုက်သေးဗျာ။

ဖြစ်ချင်တော့ ညဉ့်သန်းခေါင်လောက်မှာ သချိုင်းကုန်းထဲက သချိုင်းကုန်းခွေးအချို့ရဲ့ အူသံ ကြားရပါရောဗျာ။

"အူ .. ဝူ ... အူ ...

အီန် ... အီန် ... ဂိန် ... ဂိန် ...

အိုင် ... အိုင် ... ဂိန် ... ဂိန် ... ဂိန် ..."

"ကိုပေါက်တူး ..."

"ဘာတုံး ... မသုန် ..."

"ခွေးတွေ အရမ်းအူနေတယ် ... တော့"

"သချိုင်းခွေးအူတာ ဆန်းလို့လားဟ ... အိပ်တော့"

ကျုပ်မိန်းမ မသုန်က စကြာလမယားလုပ်ပြီး သရဲ တစ္ဆေ သိပ်ကြောက်တာပဲဗျ။ ညဘက် အပေါ့အပါးသွားချင်လည်း ကျုပ်ကို နှိုးရတာပဲ။

ခွေးအူသံကြားရင် ဘုရားစာရွတ်တယ်။ သချိုင်းကုန်းထဲ ညဘက် ငိုသံကြားရင် ကြောက်ရော။

"ကိုပေါက်တူး ..."

"ဘာတုန်းဟာ ... အိပ်ပါတော့ဆိုနေမှ ... ချီးမှပဲ"

"ဒီည ခွေးအူသံက ခါတိုင်းည ခွေးအူသံနဲ့ မတူဘူးတော့၊ တစ်မျိုးမျိုး"

"ကိုင်း ... ထ ... မသုန် ... မြန်မြန်ထ"

"ထပြီး ကျုပ်က ဘာလုပ်ရမှာတုံး"

"ထပြီး ... ဘာဖြစ်လို့လဲဆိုတာ သွားကြည့်မလား"

"အမလေး . . . မြတ်စွာဘုရား . . . ကျွပ် . . . ကျွပ် . . . အိပ် . . . အိပ်ပါတော့မယ်တော့ . . . ဖွ . . . ဖွ . . . ဥုံ ဖုဒ္ဓစက် . . . ဥုံ ဖုဒ္ဓစက် . . . ဥုံ . . . သံဃာစက်"

"ဗွီ . . . ဘာမိန်းမလဲ မသိဘူး"

ပိတ်ပေါက်လိုက်မှ သင်း အိပ်သွားတယ်။ သချိုင်းကုန်းများ ခွေးအူတာ ဆန်းလို့လားဗျာ။ တစ္ဆေသရဲ၊ အစိမ်းသေ၊ မကျွတ်မလွတ်တွေ တရားဝင်နေလို့ရတဲ့ နေရာဥစ္စာ။ ကျွပ်ဆို လုံးဝမကြောက်ပေါင်ဗျာ။ ကလေးသရဲလည်း မြင်ဖူးတာပဲ။ လူကြီးသရဲလည်း မြင်ဖူးတာပဲ။ ကျွပ်ကိုယ်တိုင်မြှုပ်ပေးရတဲ့ မသာကောင်ဥစ္စာ ကြောက်စရာလားဗျာ။ တစ်ခါများ ညသန်းခေါင်ကြီး ဂူတွေကြားမှာ လျှောက်သွားနေလို့ တုတ်တစ်ချောင်းကိုင်ပြီး လျှောက်သွားနေတဲ့ မည်းမည်းကြီးကို မေးတယ်။

"ဟေ့ . . . ဘယ်သူလဲ"

"ဘယ်သူလဲလို့ မေးနေတယ်လေကွာ"

"ရပ်လိုက်စမ်း . . . ဟေ့ကောင် . . ."

သချိုင်းဂူပေါက်၊ မြေပုံပေါ်ဂန္ဓိရက်စွ စီရင်မှိုလာသူတွေရှိလို့ တာဝန်အရ မေးရတာ။ သင်းက မရပ်ဘူး။ ဒါနဲ့ ရှေ့ကနေ ရင်ဆိုင်ပြီး သင်းရဲ့လက်ကို တုတ်နဲ့ရိုက်လိုက်ရော။ နံလိုက်တဲ့ ပုပ်စော်ဗျာ။ ဘယ်လိုမှ မျက်နှာချင်းဆိုင် ရပ်လို့မရဘူး။ အနံ့လိုက်ရတာနဲ့ . . . ကိုယ့်တဲအိမ်ရှိရာ အမြန်ပြန်ပြေးရတယ်။

"တစ္ဆေလားဗျ . . ."

"ဟုတ်မှာပေါ့ဗျ . . . အဲလိုနံ့နည်းမျိုး တစ်ခါမှ မကြုံဖူးဘူး။ ခုလည်း ခွေးတွေအူတယ်။ သရဲတစ္ဆေတွေ့လို့ အူမှာပေါ့။ မကောင်းဆိုးဝါးဖြစ်လို့ အူမှာပေါ့။ သရဲတစ္ဆေတို့၊ မကောင်းဆိုးဝါးတို့က သချိုင်းမှာ နေခွင့်ရှိတာဥစ္စာ။ ကျွပ် နှင်လွှတ်လို့မရဘူး။ ဒီကိစ္စက သချိုင်းစောင့် ဒေါ်ပဲဝါနဲ့လည်း ဆိုင်တယ်။ ဘယ်ဂူမှာနေ၊ ဘယ်သစ်ပင်မှာနေ၊ ဒါ . . . ဒေါ်ပဲဝါ





အလုပ်။ ဖြစ်ချင်တော့ ကျွပ်အလုပ် ပေါ်ပါရောဗျာ။ ညသန်းခေါင် ကျော်ကျော်မှာ"

"အား . . . အား . . . အမလေးဗျ . . . အမလေး . . . ကယ်ကြပါဦးဗျာ . . . အား . . ."

"အူး . . . အူး . . . အူး . . . အူး . . . အိန် . . . ဂိန် . . . ဂိန် . . . ဂိန် . . ."

"အူ . . . အူ . . . အူ . . ."

စူးစူးဝါးဝါး အသံနက်နက်ကြီးနဲ့ ကြောက်လန့်တကြား အော်လိုက်တဲ့အသံဗျ။ လူတစ်ယောက်ရဲ့ ရင်ဝကို ဓားနဲ့လုံနဲ့ထိုးလိုက်လို့ သည်းသည်းတုန်တုန် အော်လိုက်တဲ့ အသံမျိုး။

မသုန် လန့်နိုးပြီး ငုတ်တုတ် ထထိုင်တယ်။

"အော်သံကြားလား . . . ကိုတူး"

"ကြားတယ် . . . သချိုင်းကုန်းထဲက . . . ဟ"

"ဘာဖြစ်တာလဲ မသိဘူး"

"သွားကြည့်မှဖြစ်မယ် . . . မသုန်"

"ကျွပ်တစ်ယောက်ထဲ မနေရဲဘူးတော်"

"မနေရဲရင် လိုက်ခဲ့"

အဲဒါ ဖားမီးခွက် မီးလုံးကြီးထွန်းပြီး တုတ်၊ ဓားကိုင်လို့ ဂူကြီးဂူကြား မြေပုံကြို၊ မြေပုံကြား လိုက်ရှာလိုက်ရော။

"ဟိုမှာဟေ့ . . . လူတစ်ယောက် လဲနေတာမဟုတ်လား"

"ဟာ . . . ဟုတ်တယ် . . . ဟုတ်တယ်"

ဒါနဲ့ လဲကျငြိမ်သက်နေသူရဲ့အနီးကို တိုးပြီးကြည့်လိုက်ရော . .

"ဟော . . . ဟင် . . . ဒါ . . . ဒါ . . ."

"ဒါ . . . ထီးရိုး . . . ပန်းရုံဆရာ . . . ထီးရိုးပါလား . . . ဟ . . . ဟေ . . ."

"ဟာ . . . ဟာ . . ."

''အလိုလေး ... ဘုရားရေ ... ဘုရား ... ဘုရား''

မြင်ရသည့် မြင်ကွင်းက ရင်တုန်အံ့ဩ ချောက်ချားဖွယ်ရာကြီး စာရေးဆရာရေ။ ကြည့်စမ်း ... နေ့ခင်းတုန်းကမှ ပန်းရံဆရာထီးရိုးကိုယ်တိုင် ဂူသွင်း။ ဂူပေါက်ပိတ်ခဲ့တဲ့ တရုတ်ကပြားကြီး ဦးပေါက်ခေါ် (ခေါ်) ဦးကြင်မေရဲ့ လတ်လတ်ဆတ်ဆတ်အုတ်ဂူကြီး ပွင့်နေတာပဲ။

''ပွင့်နေရုံမကဘူး ... စာရေးဆရာ''

အုတ်ဂူရဲ့အပြင်ဘက်ကို ကျွန်းသားခေါင်းအသစ်ကြီး ရောက်နေပြီး ခေါင်းက ပွင့်နေတယ်။ ခေါင်းထဲမှာ မသာကောင်၊

တစ်နည်း ဦးကြင်မေရဲ့ ရုပ်အလောင်းမရှိဘူး။ ရှိနေတာက ခေါင်းအုံးနဲ့ ရင်အုပ်စောင်ပိုင်းလေးပဲ။

ပန်းရံဆရာထီးရိုးကို ကြည့်လိုက်တော့ သူ အသက်မရှိတော့ဘူး။ သူ့မျက်နှာပေါ်မှာ ကြောက်လန့်ရုပ်က အတိုင်းသား။ သူ့ဝန်းကျင်မှာ သံတူး ရွှင်းပြားငယ်တစ်ခု၊ ဆောက်သွားတစ်ခု၊ တင်းပုတ်တစ်ခုနဲ့ ဖျော်စပ်ပြီးသား ဘိလပ်မြေ (မဆလာ)တစ်ခွက် မောက်မောက်ကို မြင်လိုက်ရတာပဲ။

ဟုတ်ပြီ ... ကြည့်ရတာ ဒီကောင် ပန်းရံဆရာထီးရိုး။ ကိုကြင်မေရဲ့ အုတ်ဂူကိုဖောက်ပြီး သေသူရဲ့ခေါင်းကို ဆွဲထုတ်ထားပုံပဲ။ ထီးရိုး၊ ကိုကြင်မေရဲ့ အုတ်ဂူထဲက ခေါင်းတလားကို ဘာကိစ္စကြောင့်ဆွဲထုတ်၊ ဖွင့်ထုတ် ခေါင်းကို ဖွင့်ရသလဲ။

စဉ်းစားလိုက်တော့။

ဟုတ်ပြီဗျ ... မနေ့ နေ့ခင်း အုတ်ဂူပန်းရံစီရင်းက ထီးရိုးက သေသူကိုကြင်မေရဲ့ လက်စွပ်အကြောင်း မေးခဲ့တယ်လေ။ မဟုတ်မှ လွဲရောဗျာ၊ ဒီကောင် ပန်းရံဆရာထီးရိုး။ သေသူကြင်မေရဲ့ ဘယ်လက်က လက်စွပ်ကို အဖိုးတန်လက်စွပ်လို့ ယူဆပြီးတော့များ။ ခု ညသန်းခေါင်မှာ သူလုပ်ခဲ့တဲ့ အုတ်ဂူကို ပြန်လာဖောက်ခေါင်းကို ဆွဲထုတ်ပြီး သေသူလက်က လက်စွပ်ကိုယူ။

ဒီမှာ စဉ်းစားစရာ ပေါ်လာပြီ။





ဒါဆို ခေါင်းထဲက ကြင်မေအလောင်းက ဘယ်ရောက်သွားသလဲ။ ကြင်မေရဲ့ လက်စွပ်ရော ဘယ်ရောက်သွားသလဲ။

ဒီကိစ္စမှာ ပန်းရံဆရာထီးရိုး သေနေတယ်။

ခေါင်းထဲက အလောင်းပျောက်နေတယ်။

ကျုပ် စုံထောက်မဟုတ်ဘူး။ ရဲမဟုတ်ဘူး၊ စဏ္ဍာလ၊ ပြဿနာက ကျုပ်ကို ပြန်မပတ်ရအောင် ညတွင်းချင်း ဆိုင်ရာလူကြီးများကို အသိပေးလိုက်ရတယ်။ မြို့ထဲမှာ ဒီသတင်းကိစ္စ အုတ်အော်သောင်းနင်း ဖြစ်စပြုပါရော။

မနက်မိုးလင်းရော သချိုင်းကုန်းမှာ လူစည်ကားလိုက်တာရယ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ကားအမျိုးစုံနဲ့ ရောက်လာပြီး မေးမြန်းတော့ မေးသမျှ မေးခွန်းကို ဖြေဆိုရတာ ပါးစပ်က အမြှုပ်ကို ထွက်ပါရောဗျာ။ ဂူသွင်းခံရတဲ့ ကိုကြင်မေ(ခေါ်)ကိုပေါက်ခေါ်ရဲ့ အမျိုးတွေကလည်း သူတို့အလောင်း ပျောက်လို့ တဆူဆူ၊ တပူပူ၊ ထီးရိုးမယားကလည်း လိုမ့်လိုမ့်။

ကျုပ်တောင် အဖမ်းခံရမလို ဖြစ်နေတယ်။ စဏ္ဍာလ ကြံရာပါနေမှာတဲ့။ ဒီအလောင်းကို ဒီစဏ္ဍာလ၊ တစ်နေရာမှာ မြှုပ်ထားမှာတဲ့။ ဒီစဏ္ဍာလကို သေချာအနာအောင်ရိုက်စစ်ရင် အလောင်းဝှက်ထားတာ တန်းပေါ်ရမယ်တဲ့။

ရဲအဖွဲ့ကလည်း ကျုပ်ကို အမျိုးမျိုးခေါ်မေးတယ်။ ကျုပ်ကလည်း မနေ့ မနက်ပိုင်းတုန်းက သေသူထံပါသွားတဲ့ ငွေကွပ် ကျောက်နီလက်စွပ်ကိစ္စ ပန်းရံဆရာကိုထီးရိုး မေးတဲ့အကြောင်း ပြောပြပါတယ်။

ပန်းရံဆရာက ခေါင်းကို ဖွင့်တာပေါ့။

''ကျုပ် ... ကျုပ် ... မသိဘူး''

''ဘာလို့ မသိတာလဲ''

''ဒီဂူကို ထီးရိုးက ဒီညဖွင့်မယ်လို့ မပြောခဲ့ဘူးလေ''

ရဲအုပ် ကြောင်သွားတယ်။

''သူ ဂူဖွင့်တာ ... ခင်ဗျား မမြင်ဘူး ... မကြားဘူးလား''

"မမြင်ဘူး ... မကြားဘူး"

"မမြင်ချင် ... မကြားချင်ယောင်ဆောင်နေတာလား"

"အရက်မူးပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလို့ပါ"

"နောက်ဆုံး ဘယ်လိုလုပ် သိတာလဲ"

သချိုင်းကုန်းထဲက အလန့်တကြားအော်သံကြားလို့ မိန်းမနိုးသွားပြီး ကျုပ်ကို နိုးပြောတယ်။ ဒါနဲ့ မီးခွက်နဲ့ သွားလို့သိတာ။

"ခင်ဗျား ကြံရာပါမဟုတ်ဘူးလား"

"ဘုရားပေးပေး၊ ကျမ်းပေးပေး၊ ကျုပ် ဧည့်ဇာလလုပ်သက် အနှစ်သုံးဆယ်ရှိပြီ။ ဒါမျိုး ဘယ်တော့မှမလုပ်ဘူး"

"ဒါဆို အလောင်းက ဘယ်လိုလုပ် ပျောက်နေရတာတုံး"

"အဲဒါ ကျုပ်မသိဘူး"

နောက်ဆုံးရဲက ကျုပ်ကို အဓိက မျက်မြင်သက်သေနေရာမှာထားပြီး ပြန်လွှတ်ပေးခဲ့တယ်။ ပန်းရံဆရာကိုသီးရိုးရော၊ ပေါက်ခေါ် (ခေါ်) ကြင်ဖေရော သေတာတောင် ကောင်းကောင်းမသေဘူး။

ဘာကြာလဲဗျာ ...

အဲဒီညပြီးတော့ (၇)မြောက်ညမှာပဲ ပြဿနာအကြီးအကျယ် တက်တော့တာပဲ။

သေသူ ကြင်ဖေရဲ့အိမ်ကို တံခါးလာခေါက်တာ။

ကျန်ရစ်သူ သားဖြစ်တဲ့ မောင်ကျော်ရွှေရယ်၊ သမီးလုပ်သူ မခင်ဆွေကြင်ရယ်၊ သူတို့အဒေါ် မလှမြင့်ရယ် ...

ပင်ပန်းလို့ အိပ်နေကြတုန်း၊ တံခါးကို ခေါက်နေတာ။ ဒါနဲ့ မလှမြင့်က နိုးရောတဲ့။

"ဘယ်သူတုံး ... တံခါးခေါက်နေတာ"

"ငါ ... ငါ ... ပါ"

"ဘယ်က ... ငါတုံး"

"တံ ... တံခါး .. မြန် ... မြန် ... ဖွင့်ပေးပါ"





"ဘယ်သူတုံးလို့ မေးနေတယ်"

အသံကျယ်ကျယ် ဒေါပွပွနဲ့မေးလိုက်လို့ တူနဲ့တူမလေးပါ နိုးသွားတယ်။

"ဘယ်သူလဲ ... အဒေါ်"

"မသိဘူး ... ယောကျ်ားတစ်ယောက် အသံပဲ။ အိမ်ရှေ့က ခေါ်နေတာ"

ဒါနဲ့ မောင်ကျော်ရွှေက ယောကျ်ားသားပီပီ မီးဖွင့်ပြီး မေးတယ်။

"အိမ်ရှေ့က ဘယ်သူတုံး"

"ကျော် ... ရွှေလား ... တံခါး ... မြန် ... မြန် ... ဖွင့်"

"ခင်ဗျား ဘယ်သူတုံး ... ဘယ်သူ ... တုံး"

"ငါ ... ငါ ... မင်း ... မင်းတို့ ... အဖေ ... ကြင်ဖေပါ"

"ဘာ ..."

"ဗျာ ..."

"အမလေး ..."

သုံးယောက်စလုံး တုန်ခါလန့်ဖျန့်သွားတယ်၊ အိမ်ရှေ့က တံခါးခေါက်နေတဲ့သူက သေသူ သူတို့အဖေတဲ့ ... ဘုရား ... ဘုရား ...။

"ဖွင့်ပါ ... လူလေး"

"သွား ... သွား ... ကျုပ်တို့အဖေ သေတာ၊ ဒီနေ့ရက်လည် ခင်ဗျား ကျုပ်တို့ အဖေမဟုတ်ဘူး။ ခင်ဗျား ... တစ္ဆေ ... သရဲ"

"မဟုတ်ဘူး ... ငါရှင်းပြပါရစေ ... ငါ ... ငါ ... မင်းတို့အဖေ"

"သွား ... သွား ..."

"လူလေး ..."

အသာချောင်းကြည့်ပေါက်ကနေ ကြည့်လိုက်ရော ... ဘုရားရေ .. သူတို့အဖေကွယ်လွန်သူ ဦးကြင်ဖေအစစ်။ သေတဲ့နေ့က ပုဆိုးအင်္ကျီနဲ့၊

"လာကြပါဦး ... ကူကြပါဦးတော့ ... တစ္ဆေ ... သရဲ ... သရဲ"

သုံးယောက်သား သံပြိုင်အော်လည်းအော်ရော၊ သေရွာပြန် သူတို့အဖေလည်း လန့်ပြီးပြေး၊ အိမ်နီးနားချင်း လူအုပ်ကလည်း သူခိုးဓားပြမှတ်လို့ တုတ်ဓားများနဲ့ ဝိုင်းလိုက်။

မိုလည်းမိုရော ... ဝိုင်းရိုက်လိုက်တာ ...

အောက်က အရိုက်ခံရသူကလည်း ...

"ငါပါကွ ... ကြင်မေပါ ... မရိုက်ကြပါနဲ့"

"ချဟေ့ ... ချ ... ဒါ သူခိုး ... ချ ..."

"ဟေ့ကောင်တွေ ... အား ... အ ..."

"ဖောင်း ... ခွပ် ..."

"အား ... မလုပ်ကြပါနဲ့၊ ငါ ... ငါ ... သေရွာပြန်ကြင်မေ"

"ကြင်မေ ... ဟုတ်လား"

"အား ... အင် ... ဟုတ် ... ဟုတ် ... အား ..."

နောက်ဆုံးချာ မသေကောင်း၊ မပျောက်ကောင်းရယ် လူအုပ်ရိုက်ချက်နဲ့ မေ့မျောသတိလစ်သွားခဲ့တယ်။ မီးနဲ့ထိုးကြည့်ကြတော့ အားလုံးလန့်ကုန်ကြတယ်။

ဒါ ... သူဌေးဦးကြင်မေ။

လွန်ခဲ့တဲ့ (၇)ရက်နေ့ ညသန်းခေါင်မှာ မမျှော်လင့်ဘဲ အုတ်ဂူမှုပ်ပြီး ပျောက်သွားတဲ့ သူဌေးဦးကြင်မေ ... ဖြစ်နေတာကို မြင်ရရော။

"လူလား ... သရဲလား ..."

"တစ္ဆေနဲ့တူတယ်ဟေ့"

"မဟုတ်ဘူး ... ဖုတ် ... ဖုတ် ... ဝင်နေတာနေမှာ"

"ဖုတ်ဆိုရင် ချေးထွက်မှာလားကွ"

"ဦးကြင်မေ ... ဦးကြင်မေ ..."





"ဟေ့ ... မသေသေးဘူး၊ လူတော့ လူနဲ့တူတာပဲ၊ ဆေးရုံကို အမြန်ပို့ကြဟေ့"

အဲဒါ မြို့ဆေးရုံကိုရောက်၊ မြို့ဆေးရုံက ဆရာဝန်၊ ဆရာမများနဲ့ အရပ်ထဲက အရပ်သူ၊ အရပ်သားကောင်းလို့ ပြန်အသက်ရှင်ခဲ့တယ်။

ပြန်သတိရတော့ ရဲစခန်းက မေးရော ...

"ဦးကြင်မေနော်"

"ဟုတ် ... ဟုတ်ကဲ့"

"ဦးကြင်မေ ... လူလား၊ တစ္ဆေလား"

"လူအစစ်ပါ ... သေရွာပြန်တစ်ယောက်ပါ"

"ကျွန်တော်တို့ကို ဘယ်လို သေရွာပြန်ရတယ်ဆိုတာ ရှင်းပြပေးပါ ... ဦးကြင်မေ"

"ဟုတ်ကဲ့ ... ကျုပ် သံသုမာရွာကနေ ကြွေးသိမ်းပြန်လာပြီး မောရာက လုံးဝ ပြန်သတိမရတော့ဘူး၊ အားလုံးက သေပြီဆိုပြီး သင်္ဂြိုဟ်ခဲ့ကြတယ်နဲ့တူတယ်။ ကျုပ်ကို အသက်ပြန်ရှင်အောင်ကယ်ခဲ့တာ ဟောဒီ လက်စွပ်လေးပဲ"

ဦးကြင်မေက သူ့လက်သူကြွယ်က ငွေနဲ့ကွပ်ထားတဲ့ ကျောက်နီလက်စွပ်လေးကို ပြတယ်။

"ဒီလက်စွပ်ကလေးက ဘယ်လို ကယ်ခဲ့တာတုံး"

"ဒီလက်စွပ်က ကျုပ်ကိုးကွယ်တဲ့ဆရာ ဘုန်းတော်ကြီး ဦးသီလ၊ လွန်မြို့ကြွလာတုန်းက ဆွမ်းတကာတပည့်ရင်း ကျုပ်ကို ချီးမြှင့်ပေးခဲ့တဲ့ လက်စွပ်ပဲ"

"ကျောက်က ဘာကျောက်တုံး"

"ဒီသာမန်ကျောက်နီပါ၊ သို့သော် ဆရာဘုန်းကြီးဦးသီလက အဓိဋ္ဌာန်ဝင်ပြီး စီရင်ပေးခဲ့တာ၊ ကြင်မေ ... ကိုယ်နဲ့မကွာ ဆောင်ထား၊ ရတနာသုံးပါး မမေ့နဲ့၊ စီးပွားတက်မယ်၊ အချိန်မစေ့၊ အချိန်မတန်ဘဲ မသေအောင် ဒီလက်စွပ်က မင်းကို စောင့်ရှောက်လိမ့်မယ်လို့ ပြောပြီး ပေးခဲ့တာပါ၊ ကျုပ်

သားသမီးများကိုလည်း မြေမြှုပ်ခဲ့ဖူးပါတယ်။ ငါသေရင် ငါနဲ့အတူ ဒီလက်စွပ်ကလေးကို ခေါင်းထဲ ထည့်ပေးလိုက်ပါလို့"

အဲဒါနဲ့ ကျုပ်သေတော့ က်ကောင်းချင်တော့ ဒီလက်စွပ်ကလေး ခေါင်းထဲ ပါသွားတာကို။ ကျုပ် ခေါင်းထဲရောက်နေမှန်း မသိပါဘူး။ သို့သော် ကျုပ် နိုးလာတယ်။ နိုးလို့ မျက်စိဖွင့်ကြည့်တော့မှ ကျုပ် သစ်သားခေါင်း ထဲရောက်နေမှန်း၊ မှောင်ထဲရောက်နေမှန်း သိပြီး ငါ့ကို သေပြီအမှတ်နဲ့ မြေမြှုပ်ခဲ့တယ်လို့ သိလိုက်တယ်။

အအေးဓာတ်လေးရလို့ အသက်ရှူလို့ရသေးတော့ ငါသေမှာအမှန်ပဲ။ သေမယ့်အတူတူ ရတနာသုံးပါးကို သတိရပြီး သေမယ်လို့မှတ်ပြီး ဘုရား။ တရား။ သံဃာ။ ကျုပ်ဆရာဦးသီလကိုပါ စိတ်ကနေ အကြိမ်ကြိမ်ကန်တော့ ရေရွတ်နေတုန်းမှာပဲ ...

တခုတ်ခုတ် ထုသံကြားရပြီးနောက် ...

ကျုပ်ကို ထည့်ထားတဲ့ ခေါင်းကိုဆွဲထုတ်တာ ကျုပ်သိလိုက်တယ်။ ကျုပ်လည်း ဘုရားစာကိုရွတ်ရင်း ဆရာတော်ဦးသီလကို ကယ်တော်မူပါ ဘုရား ... ဆုတောင်းရေရွတ်မေတ္တာပို့ ရှိနေချိန်မှာပဲ ...

အပေါ်က ခေါင်းဖုံး ပွင့်သွားတယ်။

ကျုပ်အသက်ကို အားရပါးရ ရှူပစ်လိုက်တယ်။ မျက်လုံးကိုကြိုး စားဖွင့်လိုက်တယ်။ ညကြီးပါလား။ ကောင်းကင်ပေါ်မှာ ကြယ်စုံလင်းနေတာကို မြင်ရတယ်။ ဒီမှာ လူတစ်ယောက် လက်နှိပ်မီးနဲ့ထိုးပြီး ကျုပ်ရဲ့ဘယ်လက်ကို ဆွဲမယူလိုက်တယ်။

သူ ဘာသဘောနဲ့ ဂူထဲက ခေါင်းကိုထုတ် ...

ပြီးတော့ ခေါင်းကိုဖွင့်ပြီး ကျုပ် ဘယ်လက်ကို မယူနေမှန်း ကျုပ် နားမလည်ဘူး။ ကျုပ် မသေသေးတာကို သူသိနေလို့လား။

ဒါမှမဟုတ် အမြင်အာရုံရနေလို့လား။ အဲဒီလိုမှမဟုတ်ရင် ရဟန္တာလို့ ကျော်ကြားနေတဲ့ ကျုပ်ရဲ့ဆရာတော် ဦးသီလ ကယ်တင်ခြင်းလား။





စဉ်းစားနေတုန်းရှိသေး။ အဲဒီလူက ကျုပ်ရဲ့ ကျောက်နီလက်စွပ်ကို အားတက်သရော ချွတ်နေပါရောဗျို့။

ဒီအချိန်မှာ သချိုင်းခွေးတွေကလည်း အူလိုက်တာမှ တကယ့်ကို ချောက်ချားစရာဗျာ ... ငှက်ဆိုးတွေကလည်း အော်လို့။

ကျီးကန်းနဲ့ချိုင်းတွေရဲ့ လန့်ဖျပ်ပျံခဲ့ကြတဲ့ အော်သံကိုလည်း ကျုပ် ကြားနေရတယ်။ ကျုပ် သဘောပေါက်လိုက်ပြီ။

ဒီလူ ကျုပ်ကို လာကယ်တာမဟုတ်ဘူး။

ကျုပ်ရဲ့ ဘယ်လက်က ကျောက်နီလက်စွပ်ကို လိုချင်လို့ ကျုပ် ရှိနေတဲ့ခေါင်းကို ဂူဖောက်ပြီး တိတ်တဆိတ် ထုတ်ယူနေတာ။

သူလည်း ကျုပ် လူသေကောင်ရဲ့လက်ကို ကတုန်ကယင် မ,ယူရင်း လက်စွပ်ကို လောဘစောနဲ့ ချွတ်နေတာဗျ။ အဲဒီလောဘသားရဲ့ ပါးစပ်က အရက်နံ့လည်း ရနေတယ်။

လောဘသားက လက်စွပ်က ကျပ်နေသလိုရှိလို့ ဓားနဲ့လက်သူ ကြွယ်ကိုဖြတ်ဖို့ ဓားရှာတယ်။ ဓားမပါတော့ လက်နဲ့ပြန်ချွတ်တယ်။

ဒီမှာ လက်စွပ်က ကျွတ်ပြီး ခေါင်းထဲ ကျပြုတ်ကျသွားရော၊ ငနဲ သားက လက်နှိပ်မီးထိုးပြီး ငုံ့နှိုက်ရှာနေတုန်းမှာပဲ ...

ကျုပ်ကလည်း အလျင်အမြန် စဉ်းစားလိုက်တယ်။

ဒီလူ ငါ့ကို မသေမှန်းသိလို့ တကူးတက လာကယ်တာမဟုတ်ဘူး။ ငါ့လက်က ကျောက်နီလက်စွပ်ကို လိုချင်လို့လာဖွင့်တာ။ သူ ဒီလက်စွပ်ကို ရသွားရင် ငါ့ကို စောစောက ဂူထဲပြန်ထည့်ပြီး ဂူပေါက်ကို ပြန်ပိတ်မှာ။

အဲဒီလို လုပ်ခဲ့ရင် ဒီတစ်ခါ ငါအမှန်တကယ်သေရမှာပဲ။ ငါ ဘယ်လိုလုပ်ရမလဲ။ အဲဒီမှာ ကျုပ်က ငုံ့ရှာနှိုက်နေတဲ့ သူ့ရဲ့လည်ပင်းကို ကျုပ် လက်နဲ့ လှမ်းဖက်လိုက်ရော ...

အမလေးဗျာ ...

အာ ... ဟ ... ဟာ ... ဟာ ...

အီ ... ဟီ ... ဟီ ...

ကျွပ် (လူသေကောင်)က သူ့လည်ပင်းကို ခေါင်းထဲကနေ ဖက်ရော လောဘသားကောင်ဗျာ အမလေးဗျလို့ အသံနက်ကြီးနဲ့ အော်ဟစ်ရှန်းကန်ပါရော။

ရှုန်းရင်းကန်ရင်းက ကျွပ်ကို ခေါင်းထဲပြန်လှဲချဖို့ သူက ကြိုးစား။ ကျွပ်ကလည်း နောက်တစ်ကြိမ်ပြန်သေရမှာ စိုးရွံ့လို့ တအားဖက်ပြီးကုန်းထရော၊ သူရောကျွပ်ပါ နှစ်ယောက်ဖက်လျက်နဲ့ ခေါင်းအပြင်ကို လဲကျ။

အဲဒီမှာ သူက ခေါင်းထဲက ရုတ်တရက်ထလာဖက်တဲ့ ကျွပ်ကို ကြည့်ပြီး အသံကုန်အော်ဟစ် လဲကျသွားတော့တာပဲ။ ကျွပ်ကလည်း ပြဿနာ ရှုပ်မယ်ဆိုတာ သိလိုက်လို့ ကျွပ်အသက်ကို ကယ်ခဲ့တဲ့ ငွေကွပ်ကျောက်စီ လက်စွပ်ကို ရအောင်ရှာယူစွပ်ပြီး သချိုင်းကုန်းထဲကနေ ပြေးရော။

သချိုင်းနယ်မြေက လွတ်တော့ စဉ်းစားတယ်။

အခု ငါ ဘယ်ကို အရင်သွားရမလဲ။

ငါ့မှာ အိမ်ရှိတယ်၊ သားနဲ့သမီးရှိတယ်၊ ဆွေမျိုးသားချင်းရှိတယ်။ ခုနေ သူတို့ဆီ သွားတွေ့လိုက်ရင် ငါ့သားနဲ့သမီး ဝမ်းသာသွားမှာလား။

သို့သော် ချက်ချင်း သွားတွေ့လို့ မဖြစ်သေးဘူး။ ကျွပ် သေရွာက ကံကြီးလို့စွာ ပြန်လာတာကို သူတို့ယုံမှာလား။ ဝမ်းသာကြမှာလား။ ကြောက်ရွံ့ကြမှာလား။ ဟုတ်ပြီ ... အသာရှောင်နေဦးမှ သင့်မယ်၊ မြို့နီးတောကြီးဆို ကျွပ် အန္တရာယ်ရှိနိုင်တယ်။ အခြေအနေကောင်းမှ ...

ဒါနဲ့ ရုပ်ဖျက်ပြီး တခြားမှာရှောင်ရင်း အသံဗလံများကို နားစွင့်လိုက်တော့ လောဘသားရဲ့အမည်က ပန်းရံဆရာထီးရိုးတဲ့။

ထီးရိုးရဲ့မိန်းမနာမည်က မချောခင်တဲ့။

ချောမှချော၊ လှမှလှ၊ ရိုးမှရိုးတဲ့။

ထီးရိုးက အရက်သမား၊ ဖဲသမား၊ ကြက်သမားဆိုပဲ။ ခုလည်း အကြွေးတင်နေလို့ ကြရာမရ ကျွပ်သေတော့ မေ့မြောနေမှန်း သူတို့က မသိဘူးလေ။ အတူထည့်ပေးလိုက်တဲ့ ကျွပ်အဆောင်လက်စွပ်အကြောင်း သိသွားပြီး ကော်ပြီဆို လုပ်ချလိုက်တာလို့ ပြောဆိုဝေဖန်ကြတယ်။





အင်း ... သင်းကို ကျွပ်မသေစေချင်ဘူးဗျာ၊ သူ့လောဘကြောင့် ကျွပ်လည်း အသက်ရှင်ရတာကိုး။ သေသွားလို့ မသေမျှား မသေရင် သူတို့လင်မယားကို ကျွပ် ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်မှာပါဗျာ။

ခုတော့ သူ့ရဲ့ကံအကျိုးပေးနဲ့ သူ့လမ်းသူသွားမှတော့ ... အင်း၊ မောင်မင်းကြီးသား ကောင်းရာမွန်ရာ ရောက်ပါစေလို့ ကျွပ်ဆုတောင်းလိုက်ပါရဲ့။

ဒါနဲ့ (၇)ရက်ပြည့်တော့ ကျွပ် ရက်လည်တရားနာ ဆွမ်းကျွေးလုပ်ကြတယ်။ ရဲကလည်း၊ ကျွပ်အလောင်းပျောက်လို့ ဟိုလူခေါ်စစ် ဒီလူခေါ်စစ်နဲ့ ...

စဈ္စာလပေါက်တူးရော၊ ထီးရိုးမိန်းမ မချောမရော ကံကောင်းလို့ အချုပ်ထဲ မရောက်တာပဲ။

ဒါနဲ့ ရက်လည်တဲ့ည သန်းခေါင်ယံ လူရှင်းချိန် ကျွပ်အိမ် ကျွပ်ပြန်အဝင်မှာ 'အဖေပါ၊ သေရွာက ပြန်လာတာပါ' လို့ ပြောပေမယ့် သားနဲ့သမီးရယ်၊ နှမဝမ်းကွဲရယ်က မယုံလို့ သူခိုး၊ ဓားပြ၊ သရဲလို့ အော်ရော။

ကျွပ်လည်း ရှင်းရင် ယုံမှာမဟုတ်လို့ပြေး၊ အဲဒီမှာ အရိုက်ခံရပြီး သတိလစ် ဆေးရုံပေါ်ရောက်လာခဲ့တာပဲ ရဲမှူးကြီးရယ် ... တဲ့။

✿ ✿ ✿

[၄]

❑

တိုတိုပြောရရင် ...

ကျုပ် သားသမီးနှစ်ဦးကရော၊ နမယ်းကွဲဆွေမျိုးများကပါ ကျုပ်ကို လူစင်စစ်လို့ မယုံကြတော့ဘူးလေ။

ဖုတ်ဝင်နေတယ်လို့ စွပ်စွဲကြတယ်။ ကျုပ်ကို အိမ်ခြံဝန်းထဲ လုံးဝ အဝင်မခံဘူး။ နှင်ထုတ်ကြတယ်။ ဘယ်ဆွေမျိုးကမှလည်း သူတို့အိမ်ထဲကို အဝင်မခံဘူး။ သေရွာပြန် သချိုင်းကုန်းပြန် ဖုတ်ဝင်နေတဲ့တစ္ဆေလို့ ကျုပ်ကို ယုံးစွပ်ကြတယ်။ အသိမိတ်ဆွေများကလည်း ရဲရဲမခေါ်ကြဘူး။ ကျုပ်ကို လန့်နေကြတယ်။ အချို့က ကျုပ်ကို သတ်ပစ်ချင်နေတယ်။ လူစင်စစ်လို့ မယုံကြဘူးလေ။ နောက်ထပ် လူခေါ်ချင်လို့ သချိုင်းကနေ ထလာတာလို့ ယုံကြည်ကြသကို။

နောက်ဆုံး ...

ကျုပ် သူတို့နဲ့ ရှင်ခန်းသေခန်းပြတ်ပြီ။ ငါ့ကျေးဇူးကို သူတို့ နားမလည်ဘူး။ သူတို့လမ်း၊ သူတို့သွား။ ကိုယ့်လမ်း ကိုယ်သွားရုံပဲပေါ့လို့ မှတ်ယူလိုက်ပြီ။ ကျုပ် မသေခင်တုန်းက ခြံထောင့် မန်ကျည်းပင်အောက်မှာ မြေအိုးနဲ့မြှုပ်ထားတဲ့ ငွေနဲ့ ရွှေထည်ပစ္စည်းတွေကို ဘယ်သူမှမသိအောင် ညဘက်ဖော်ယူပြီး ကျုပ်ချစ်တဲ့ မွေးရပ်မြေကို အပြီးတိုင် ကျောခိုင်းလိုက်တယ်''





''အဲဒါ ဦးပေါက်ခေါ် သေရွာပြန် ကိုကြင်မေရဲ့ ဘဝဇာတ်လမ်း ပထမပိုင်းနဲ့ ဒုတိယပိုင်းပဲ ... စာရေးဆရာ။ ခင်ဗျား စိတ်ဝင်စားရဲ့လား''

''ကောင်းတယ်ဗျာ ... ချချာ ... တစ်ခွက် ...''

''ဂွတ် ... ဂွတ် ... အေ့ ...

''တတိယပိုင်း စတုတ္ထပိုင်း ရှိသေးလားဗျ''

''ရှိတာပေါ့ ... စာရေးဆရာ ... အေ့ ... ဟေ့ ...''

''ရှိရင် ဆက်ပြောပါဦးဗျ ... ဦးပေါက်တူးရ''

''အေ့ ... ပြောမယ် ... အေ့ ... ဟေ့ ... အဲဒီလိုနဲ့ ကိုကြင်မေ ဒီမြို့ကနေ ပျောက်သွားတယ်။ နောက်သုံးနှစ်လည်းကြာရော၊ ကားလတ်လတ်တစ်စီးနဲ့ ကိုကြင်မေ ဒီမြို့လေးကို ပြန်လာခဲ့တာကို ကျုပ်တို့ရော သူ့အမျိုးများရော အံ့သြမှယ် မြင်ရပါရောဗျာ။ အားလုံးက သူ့ကို သေပြီလို့ မှတ်ယူကြတာကိုး။

ဟော ... ခုလာပုံက ကိုယ်ပိုင်ကားနဲ့ လူကလည်း ဝတ်ကောင်းစားလှနဲ့ သန့်ပြီးဝလို့ဗျာ။ သူ့နံဘေးမှာ အလွန်ကိုချောမောလှပပြီး သားသားနားနား၊ ထည်ထည်ဝါဝါ ဝတ်စားထားတဲ့ မိန်းမလှတစ်ဦး၊ ပါလာတယ်။

ကျုပ်တို့သိရတာ အဲဒါ သူ့မိန်းမတဲ့။

ဘယ်သူလဲသိလား ...

မချောမေလေ ... မချောမေ ...

ကွယ်လွန်သူ ပန်းရံဆရာ ထီးရိုးရဲ့မိန်းမ၊ မုဆိုးမ မချောမေရယ်ဗျာ။ ကြည့်စမ်း ... အံ့ဩစရာဗျာ။ ကျုပ်သိရသလောက် သေရွာပြန် ကိုကြင်မေနဲ့ သူ့မိန်းမ မိန်းမချောလေး မချောမေတို့ဟာ သူတို့သားသမီးအိမ်ရှေ့ကနေ ဖြတ်သွားပြီး မြို့ဦးကျောင်းဆရာတော်ထံ ရောက်သွားတယ်။

သိမ်ပြင်ရန်၊ ကျောင်းဆောက်ရန်ဆိုပြီး ငွေသားအသားတင် (၁၀) သိန်း လင်မယားနှစ်ယောက် လှူသွားကြတယ်။

သားသမီးအိမ်လည်း မဝင်ဘူး။

အမျိုးအိမ်လည်း မဝင်ဘူး။ အပေါင်းအသင်းအိမ်လည်း မဝင်ဘူး။

နောက်ဆုံး ပြန်ခါနီး ဘယ်သူ့ဆီ ဝင်လာလဲ ... သိလား။

ရွှာတော်ပြင်သချိုင်းမှာ နှစ်များစွာ သချိုင်းစောင့် စဏ္ဍာလလုပ်နေတဲ့ ကျုပ်တဲကိုရောက်လာပြီး ကျုပ်ကြိုက်တဲ့ရမ်က တစ်ကတ်ရယ်၊ ငွေသားက ငါးသောင်းရယ်၊ ကျုပ်မိန်းမဖို့ ပါတိတ်ထဘီ၊ အင်္ကျီတွေ လက်ဆောင်ပေးသွားတယ်ဗျာ။

"ပေါက်တူး ... မင်းတို့လင်မယားကိုလည်း ငါကျေးဇူးတင်တယ်။ ဟောဒီပိုက်ဆံကို မချောမေရဲ့ ယောကျ်ားကွယ်လွန်သူ ပန်းရုံမောင်ထီးရိုးရဲ့ မြေပုံပေါ်မှာ အမှတ်တရ အုတ်ဂူလေးလုပ်ပေးပါ၊ ပေါက်တူးရာ"

"ဟုတ် ... ဟုတ်ကဲ့ပါ ... သူဌေး"

ဒါနဲ့ နဂိုကလည်း လုပ်ငန်းကိစ္စအရ ရင်းနှီးနေတဲ့ မချောမေကို ကိုကြင်မေ သူနေခဲ့တဲ့ အုတ်ဂူဟောင်းသွားကြည့်နေတုန်း အမြန်ပေးရတယ်။

"မချောမေ ..."

"ရှင် ... ဦးလေးပေါက်တူး"

"နင် ကောင်းစားတာကို မြင်ရလို့ ငါတို့ဝမ်းသာတယ်"

"ဟုတ်ကဲ့"

"နေပါဦး ... နင်တို့ ဘယ်လိုလုပ်ပြီး ညားကြတာတုံးဟဲ့"

"ကျွန်မလည်း ကိုထီးရိုးဆုံးပြီးတော့ အားကိုးမရှိလို့ မွေးရပ်မြေ မြောင်းမြကိုပြန်ပြီး ကောက်စိုက်နေစား လိုက်လုပ်နေတုန်း ဦးကြင်မေ ရောက်လာတာပဲ"

ဦးကြင်မေကလည်း သေရွာပြန် ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြတယ်။ သူ့ဘဝရဲ့ လက်ရှိအခြေအနေကိုလည်းပြောပြီး 'ကျုပ်အသက်ရှင်ရတာဟာ မောင်ထီးရိုးကောင်းမှုကြောင့်' လို့ ပြောရှာတယ်။

မောင်ထီးရိုးမရှိပေမယ့် သူရှိပါတယ်။ မောင်ထီးရိုးကိုယ်စား နှမလေးလိုရော၊ ဘဝခရီးဖော်လိုရော၊ တစ်သွေးနေ့မှာ စောင့်ရှောက်ပေးပါရစေလို့ ဦးကြင်မေ မေတ္တာရပ်ခံခဲ့တယ်။





သူလည်း မြောင်းမြမှာနေရင်း ...

သူ့နဂို ကျွမ်းကျင်တဲ့ စီးပွားရေးလုပ်ငန်း ပြန်လုပ်ကိုင်ရင်း ပြန်အခြေအနေ ကောင်းလာတယ်။ ကျွန်မကိုလည်း မပင်ပန်းစေချင်လို့ သူ့လုပ်ငန်းမှာ နေရာပေး စောင့်ရှောက်ကြည့်ရှုခဲ့ပါတယ်။

နောင်တော့လည်း တစ်ယောက်ရဲ့မေတ္တာ၊ သစ္စာ၊ ကရုဏာ သဘောကို အပြန်အလှန်နားလည်ကြပြီး နှစ်ဦးသဘောတူ ရပ်မိရပ်ဖများရှေ့မှောက်မှာ အိမ်ထောင်သစ်ထူလို့ ပေါင်းသင်းနေထိုင်ကြပါတယ်ရှင်။

"သာဓု ... သာဓု ... သာဓု ..."

ဒီ သာဓုကို ရွှာတော်ပြင်သချိုင်းမှာ စဏ္ဍာလကြီး ဦးပေါက်တူးနဲ့ သူ့ကတော်ရှုမပြီး ချစ်မယား ဒေါ်သုန်တို့က ဝမ်းသာလှိုက်လှဲခေါ်ခဲ့တာ။

အခု စဏ္ဍာလကြီး ဦးပေါက်တူးပြန်ပြောသည့် သေရွာပြန်လူတစ်ဦးရဲ့သစ္စာ၊ မေတ္တာ၊ နှလုံးသား ကျောက်ထက် အကွရာတင်ပွဲပြဇာတ်မြင်ကွင်းကို ကြားမြင်ရသောအခါ ...

ကျွန်ုပ်ကလည်း ...

ဤဂန္ထိရ ဖြစ်ရပ်ဆန်းကြယ်ဇာတ်ကြောင်းနှင့်အတူ ကြည်နူး၊ လှပသည့် ဂန္ထိရအချစ်ဇာတ်လမ်းကို 'သာဓု ... သာဓု ... သာဓု' ကောင်းလေစွ၊ သုံးကြိမ် ဝမ်းသာအားရ ရွတ်ဆိုရင်း၊ တစ်ကိုယ်လုံးမှာ ဖရဏာပီတိ ဂွမ်းဆီထိခဲ့ရပါလေသတည်း။

မောင်ညိုမှိုင်း(သန်လျင်)

(ကျေးဇူးသိသူတိုင်း နှလုံးသား သန့်စင်လှပပါစေ၏။ အားလုံး နှလုံးသားလှကြပါစေ)



[ ၁ ]

❑

တစ်နေ့သောအခါ ကျွန်ုပ်သည် ရွာတော်ပြင်သချိုင်း၏ အဓိပတိကြီးဖြစ်တော်မူသည့် သုဘရာဇာ (ခေါ်) စဏ္ဍာလ (ခေါ်) သချိုင်းစောင့် (ခေါ်) ဦးပေါက်တူးရှိရာကို 'သောက်တော်ဖူး' နှင့် အစေားရောက်ရှိလာခဲ့တယ် ခင်ဗျူ။

"ဗျို့ ... ကိုပေါက်တူး ... ကိုပေါက်တူး ... သေပြီလားဗျ"

"ဟေ့ ... ငါ့ကို မလေးမခန့်ပြောနေတာ ဘယ်ကောင်လဲကွ ဟေ့။ မင်းအတွက် တစ်ကျင်း ပိုတူးလိုက်ရမလား။ ထွီး ... မောရတဲ့အထဲကွာ"

"ကျွှပ်ပါဗျာ ... ကိုပေါက်တူးရ ... စာရေးဆရာပါ၊ ဒီမှာ ခင်ဗျားကို အမောပြေအောင် ရွှေရည်တော် လာဆက်တာပါဗျာ"

"ဘာ ရွှေရည်တော်လဲကွ ... ငါ့ မိဖုရားခေါင်ကြီးကသာ ငါမောနေတုန်း ရေကြည်တော် ဆက်တာကွ ... ထွီ"

"ဒီမှာဗျ ... သုဘရာဇာ (ခေါ်) စဏ္ဍာလ (ခေါ်) ပုဂ္ဂိုလ်ကြီးရေ ဟော့ဒီမှာ ... ခင်ဗျားကြိုက်တဲ့ ရမ်လေဗျာ ... ရမ်"

"ရမ် ... ဟုတ်လား .. စာရေးဆရာ"

"ဒါပေါ့ဗျာ ... ငှက်ဖျားရောဂါကို ကာကွယ်နိုင်တဲ့ နတ်ဆေး ကြသမ 'ရမ်' ဗျ ... ရမ် ... ရမ် ... ရမ် ... ကိုင်း ... ကုက္ကိုပင် အောက်က မြေပလ္လင်ပေါ် ကြွတော်မူပါ သုဘရာဇာကြီးခင်ဗျ"

သို့ကလို အသော့အရွှင်စကားလုံးလေးများနဲ့ ဖိတ်ခေါ်လိုက်မှ ဝဏ္ဏာလ ကိုပေါက်တူးက မြေကြီးပေကျံ ချွေးသိုးရှဲရှဲနဲ့ ကုက္ကိုပင်အောက် ကိုရောက်လာပြီး ဒူးပေါ်ပေါင်ပေါ် ဖွားဘက်တော်ပါ ပေါ်အောင် ထိုင်ပါရော ဗျား။

"ကိုပေါက်တူး ..."

"ဘာတုန်း စာရေးဆရာ ..."

"ကျုပ်ကလည်း ခင်ဗျားကို တန်ဖိုးရှိတဲ့အရက် တိုက်ရသေး တယ်။ ကျုပ်ကို ခင်ဗျား တုတ်ပြ ခဲပြ မလုပ်နဲ့လေဗျာ"

"ဟာ ... ဟုတ်သားဟ ... ဆောရီး စာရေးဆရာကြီးရေ ... အဟဲဟဲ"

"နေစမ်းပါဦး ... ကိုပေါက်တူးရဲ့ ခင်ဗျားက ဆောရီးတို့ ဘဲရီးဂွတ် တို့ပြောတတ်နေပြီလားဗျ ... ဟင်"

"ဘယ်နဲ့ပြောပါလိမ့် ... စာရေးဆရာ။ ဟော့ဒီရွာတော်ပြင် သချိုင်းကို စာမတတ်တဲ့လူရော၊ တကယ့်ပညာတတ်ဘွဲ့ရရော၊ သူဌေး သူကြွယ်ရော၊ စားစရာမရှိတဲ့ ဆင်းရဲသားရော နေ့စဉ်နဲ့အမျှ သေကြလာမြှုပ် နှံရတာဗျ။ ကျုပ် လူမျိုးပေါင်းစုံရဲ့ စကားပြောသံတွေကို ရက်ပေါင်းများ စွာ ကြားရတယ်။

ကြာတော့လည်း အင်္ဂလိပ်၊ ကုလားလို နည်းနည်းပါးပါး ထမင်းစား ရေသောက်တော့ နားလည်လာတာပေါ့ဗျာ။ ဒါနဲ့ နေပါဦး ... စာရေးဆရာ ရ ... ကိုယ့်လူက ကျုပ်လိုဝဏ္ဏာလကို အာဗီရမ်တိုက်ပုံထောက်ရင် မဟုတ် မှလွဲရော စာရေးဆရာ 'ထော' လာပြီနဲ့တူတယ်ဗျ ... ဟုတ်လား"

"ခင်ဗျားကျေးဇူးပေါ့ဗျာ ... ရဲဘော်ပေါက်တူးရာ"





"အလို ... စာဆိုလှချည်လားဗျာ ... ကျုပ်ကျေးဇူး ခင်ဗျား ပြောပြတဲ့ သေရွာပြန်ကိုကောင်းစား (ခေါ်) တရုတ်ကပြား ပေါက်ခေါက်ကြင်မေ ရဲ့အကြောင်းကို ဝတ္ထုရေးလိုက်လို့ စာမူခရလာတာဗျ။ ကိုင်း ... အားရ ပါးရ ချစမ်းဗျာ"

ကျွန်ုပ်တို့နှစ်ဦးသည် ရေနွေးကြမ်းပန်းကန်လုံးအပုံထဲကို ရမ်အရက် အပြည့်ငှဲပြီး တစ်ယောက်တစ်ခွက်စီ ရှေးဦးမော့ လိုက်ကြတယ်။ ပြီး ... ပါးစပ်က 'ဂွတ်' တယ်ကွာလို့ ပြောလိုက်သေးရဲ့ ခင်ဗျ။

ဒီမှာ ကိုပေါက်တူးက သူ့မိန်းမ မသုန်ရှိရာ တဲစုတ်ဘက်လှည့်ပြီး အသံပြုလိုက်တယ်။

"မသုန်ရေ ..."

"ဟော့ ... မသုန် ... အချစ်ကလေး"

"သေကာနီးမှ အရည်လေးဝင်ပြီး ဘာမှ နာဗူးထနေတာတုံး"

"ဘာအမြည်းများရှိလဲဟေ့ ... မသုန်"

"အမြည်းလား ... ကိုပေါက်တူးရေ"

"အေးဟေ့ ... အချစ်ကလေးရေ"

"အမြည်းကတော့ ... မီးသွေးခဲနဲ့ တားမပဲရှိတယ် ... မောင် ဘုရားရေ"

"ကောင်းကွာ ... မီးသွေးနဲ့တားမတဲ့ ... နေဦး ... စာရေးဆရာ မောင်ဇော်ဖေအုတ်ဂူအနားမှာ ဇောင်းလျားပင်တစ်ပင် သီးနေတယ်ဗျ။ ခဏ လေး စာရေးဆရာရာ ...။ အမြည်းမရှိတော့ အာပူတာပေါ့ဗျာ ... ခဏလေး"

ငါးမိနစ်လောက်နေတော့ ကိုပေါက်တူး ဇောင်းလျားသီးငါးလုံးနဲ့ ဆားနည်းနည်း ရလာတယ်ဗျ။

ဟန်ကျလိုက်တာဗျာ။ အာဗီရမ် အရက်တစ်ခွက်မော့လိုက်၊ ဇောင်း လျားသီးကို ဆားနဲ့စားလိုက်နဲ့ ... သချိုင်းကုန်းထဲရောက်နေတယ် မထင် ဘူး။ နတ်ပြည် (၆)ထပ် ရောက်နေတယ်ထင်နေရပါ့ဗျာ။

"အော့ … ဂေ့ … ကိုပေါက်တူးရေ"

"ဗွီ … အော့ … ဘာတုံး … စာ … ရေး … ဆ … ရာ … ဂေ့ …"

"ခင်ဗျားကို ဘာလို့ သုဘရာဇာလို့ ခေါ်တာတုံးဗျာဟင်"

"အမှန်က ကျုပ်က သုဘရာဇာမဟုတ်ပါဘူး … စာရေးဆရာ၊ သုဘရာဇာဆိုတဲ့ အဓိပ္ပာယ်က သေသူတို့ကို မြေဖို့သင်္ဂြိုဟ်ပေးရင် ဆောင်ရွက်ရသည့် ခေါင်းဆောင်အကြီးအကဲကို သုကောင်းပြုထားတဲ့ နာမည်ဗျ။ သုဘဆိုတဲ့အဓိပ္ပာယ်က အသုဘ မတင့်မတယ် ရွံရှာစက်ဆုပ်ဖွယ်ဖြစ်နေတာကို တင့်တယ်ရှုချင့်စဖွယ်ဖြစ်အောင် လုပ်တာကို 'သုဘ' လို့ ခေါ်တယ်။ အကြီးအမှူးကိုတော့ ခန့်ငြားသွားအောင် သုဘရာဇာ တင့်တယ်အောင် ပြုလုပ်စီစဉ်ပေးသူကြီး ခေါ်တာပေါ့ … စာရေးဆရာ။

အော့ … ဂေ့ … ဒီရွာတော်ပြင်သင်္ချိုင်းမှာ အလျင်တုန်းက သုဘရာဇာအကြီးအမှူး ဦးကျောက်ခဲဆိုတာရှိတယ်။ သူလည်း ဒီသင်္ချိုင်းမှာ မြေကိုက်ခံရပြီး သေသွားတာဗျ။ စည်ပင်သာယာ အသိအမှတ်ပြု သုဘရာဇာကြီးပေါ့ဗျာ။ သူ မရှိတော့ သူ့အလုပ်တွေကို ကျုပ်ကလုပ်ပေးရင်း အများက ကျုပ်ကို သုဘရာဇာပဲ ခေါ်နေကြတာ။ အမှန်က ကျုပ်က 'စဏ္ဍာလ' ပါ စာရေးဆရာရယ်"

"အော့ … ဂေ့ … ဗွီ …"

"စဏ္ဍာလဆိုတဲ့ အဓိပ္ပာယ်လေးလည်း ရှင်းပါဦး … မှတ်ဖို့လိုကြီးရ"

"အော့ … ဂေ့ … သမားစဉ်ဆိုစကားလို့ပဲ ပြောပြပါရစေဗျာ။ ရှေးမြန်မာမင်းများ လက်ထက်တော်တုန်းက စဏ္ဍာလ (၄)စုဆိုပြီး မင်းအစိုးရ သတ်မှတ်ချက် ရှိတယ်တဲ့ဗျ"

"ပြည့်တန်ဆာအများက တစ်စို့၊ သွေးမစွမ်း အနူများက တစ်စို့၊ သူတောင်းစားများက တစ်စို့၊ သူသေကောင်ထမ်း မြေမြှုပ်သုဘရာဇာက တစ်စို့ဆိုပြီး အစု (၄)ခု ရှိသတဲ့"





အဲဒီ (၄)စုကို အရွတ်ဝန်က အုပ်ချုပ်ရသတဲ့။ ကျောက်စာဝန်တော်ကြီး ဦးစိန်ခိုရဲ့ မှတ်စုပရပိုဒ်မှာ ရေးထားတာတဲ့။ ပြီး စဏ္ဍာလ (၅)မျိုး ရှိသေးတယ်။ စဏ္ဍာလ (၅)မျိုး တစ်စုအကောင်းကိုတော့ မပြောချင်ဘူးဗျာ။ တော်ကြာ စိတ်ဆိုးကုန်မှာစိုးလို့ပေါ့။ ကျုပ်တို့နဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ စဏ္ဍာလ (၅)မျိုး မျိုးကွဲကို ပြောပြပါ့မယ်ဗျာ။

(၁)ဝေ၊ (၂) အမှိုက်။ (၃) သူကောင်ထမ်း။ (၄) တွင်းတူး၊ (၅) သူသေကိုင်ရယ်လို့ ဆိုသေးတယ် စာရေးဆရာ၊ ကဗျာတောင် စပ်ထားသေးသဗျ … နားထောင် … စာရေးဆရာရေ။

"စဏ္ဍာလ ငါး၊ အစို့များကား၊ ခြေးတမည်၊ အခွန်သည်ကား။
တစ်ပြည်တစ်စုံ၊ တစ်နိုင်ငံက၊ သိကိုကျွေးမွေး။
ပေးကာမ်းဖို့ရန်၊ အရွတ်ဝန်သို့၊ မကျန်စေဌာ၊ အပ်ထား
ရာ၏ … တဲ့ … ရည်ရွယ်ချက်ကြီးမားပေ့ဗျာ"

"ဒီမှာ … ကိုပေါက်တူးရေ၊ ဟောဒီ လူ့လောကကြီးမှာ အော့ … ဂေ့ … ခင်ဗျားတို့လို သုဘရာဇာတို့ စဏ္ဍာလတို့မရှိရင် လောကကြီးက မပြည့်စုံဘူးဗျ။ ခင်ဗျား … လုံးဝ … အော့ … ဂေ့ … အားမငယ်နဲ့နော်၊ ခင်ဗျား … အလကားလူမဟုတ်ဘူး … အော့ … အရွတ်ဝန်ရဲ့လူ … ဟား … ဟား … ဟား … ဟား … ဝန်ကြီးရဲ့လူပဲဗျ။ ပေါ့သေးသေး မဟုတ်ဘူး … ကိုပေါက်တူးရေ … ကျုပ်က ခင်ဗျားကို အရမ်းလေးစားတယ်ဗျာ။ ဒါနဲ့ ကိုပေါက်တူးရ …"

"ပြောပါ … စာရေးဆရာ၊ မေးပါ … ပြောပါ"

"ကျုပ်တို့ နောက်ထပ် ရမ်ဖိုး ရှာရဦးမယ်လေဗျာ"

"လွယ်ပါတယ်ဗျာ"

"ဘယ်လို လွယ်တာတုန်း၊ အရွတ်ဝန်မင်းရဲ့ … တပည့်ကြီးရ"

"ခေါင်းပျဉ်တွေ ခွဲစိပ်စည်းပြီး ထင်းအဖြစ် ဈေးကိုသွားသွင်းရင် ဝီစကီအထိ သောက်လို့ရတာပေါ့ စာရေးဆရာရာ … ဟား … ဟား … ဟား …"

"အဲဒီလို မလုပ်ပါနဲ့ဗျာ၊ မသိလို့ သုံးတဲ့လူတွေ ခိုက်ကုန်ပါမယ် ကိုပေါက်တူးရာ"

"ကျွန်ုပ် မလုပ်ပါဘူး စာရေးဆရာရာ ... နောက်နေတာပါဗျ"

"ဒီမှာ ရဲဘော်ပေါက်တူးရ ... ကျွန်ုပ်တို့ ရမ်ဖိုးလေးလည်း၊ရေ၊ ကျွန်ုပ်ရဲ့ စာဖတ်သူတွေလည်း၊ ဗဟုသုတတစ်ခုခုရအောင် ခင်ဗျားရဲ့ သုဘရာဇာ အတွေ့အကြုံ၊ စဏ္ဍာလ အတွေ့အကြုံတွေထဲက မှတ်သားစရာ ဇာတ်ကွက်၊ ဇာတ်လမ်းလေး လုပ်စမ်းပါဗျာ ... ရော ... မော့လိုက်ဦး"

"ရှူးရှုတ် ... ဂလောက် ..."

"အေ့ ဂေ့ ... ကျွန်ုပ်လည်း ခင်ဗျားလို ဘော်ချက်တတ်တဲ့ စာရေးဆရာနဲ့ ပေါင်းမိမှ နိုင်ငံကျော်ရမလို ဖြစ်နေပြီ စာရေးဆရာ။ ဒီဒီယိုသမား တွေနဲ့တွေ့လို့ ကျွန်ုပ်ကို ကိုယ်တိုင်သရုပ်ဆောင်လုပ်ပါ ဘာညာတော့ မဖြစ်ပါစေနဲ့ဗျာ"

"ဘာဖြစ်လို့တုံး ... ကိုပေါက်တူးရ"

"လက်ရှိ မိန်းမ မသုနိက ကျွန်ုပ်ကို မင်းသမီးချောချောလှလှတွေ နဲ့ဖက်လား မှေ့လားလုပ်ရင် ကျွန်ုပ်ကိုသတ်မှာဗျ ... ဟီး"

"ဗွီ ..."

"မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘူး၊ နွတ်ခမ်းနာနဲ့ တည့်ပုံ မလား ရစ်နေတယ်။ တောက် ... လုပ်လိုက်ရရင် သေတော့မယ်ဗျာ"

"ရပြီဗျ ... စာရေးဆရာရေ စောစောက ခင်ဗျားပြောတာ ဘာတဲ့ 'ခိုက်မယ်'။ ဟုတ်တယ် ... မလုပ်ကောင်းတာကို ခွတ်တရွတ်လုပ်မိလို့ အားလုံးခိုက်တဲ့ဇာတ်လမ်း ကျွန်ုပ်ကိုယ်တွေ့ပေါ့ဗျာ။ ကြိုက်မလားဟင်"

"ကျွန်ုပ်ကြိုက်အောင် ပြောပေါ့ဗျာ။ ကျွန်ုပ်မကြိုက်ရင် ခါနာ၊ ယမကာ နှိမ်းပေးပဲလေ ... နိုင်ငံကျော်စဏ္ဍာလကြီးရာ ... အေ့ ... ဂေ့ ... ဗွီ"

✿ ✿ ✿

[၂]

❑

တစ်နေ့ပေါ့ ... စာရေးဆရာရာ။ 'အောင်မြေရိပ်သာ' ဆိုတဲ့ ရပ်ကွက်မှာ ဒေါ်ရွှေပုံဆိုတဲ့ အသက် (၈၀) အရွယ်အဘွားကြီး ဆုံးပါရောလား ခင်ဗျ။ ရွာဆွေရွာမျိုးတယ်များတဲ့ ဆွေများမျိုးများ အဘွားကြီးပါဗျာ ...

သားသမီး ဆယ်ယောက်ရှိတယ်။

သူတို့က မွေးတဲ့မြေးက အယောက်နှစ်ဆယ်ကျော်ပြီး မြစ်ချည်း (၉)ယောက် ရှိသဗျာ။ တူသားက ငါးဆယ်ကျော်ဗျ။

သားသမီး အတော်များများနဲ့ မြေးတွေက ဟိုးအဝေးရွာမှာ နေကြတယ်။ အမေကြီး ဒေါ်ရွှေပုံဘက်က တူ၊ မြေးများကလည်း ခရော်ဝ့်ရွာ၊ ထန်းသုံးပင်ရွာ၊ ပုလဲစိန်စီရွာ၊ မြကြုတ်ကုန်းရွာ စသည့် ရွာတွေမှာ နေကြတာ။

တောသူတောင်သား၊ ငွေကြေးချမ်းသာသူများ ဖြစ်ကြပေသလို အဘွားကြီးရဲ့သား၊ တူ၊ မြေးများကလည်း တောသူတောင်သား လူရှုံးလူမန် တောင့်တောင့် အသောက်အစားရှိသူ လူရှုယ် လူကြမ်းတွေပေါ့ဗျာ။

အဘွားကြီး ဒေါ်ရွှေပုံဆုံးတယ်ကြားပြီး မကြာပါဘူးဗျာ။ ရွာတွေ ရွာတွေကနေ လှည်းတွေ၊ လှည်းတွေနဲ့ ဆန်အိတ်တွေ၊ မြေပဲ ဆီပုံးတွေ ကြက်၊ ဝက်၊ ဘဲတွေပါ ဖမ်းယူလာကြတော့ ကလား။

အောက်မြေရိပ်သာရပ်ကွက်က လူကြီးလူငယ်တွေကလည်း ဗိုင်း ကျကြပေါ့ဗျာ ...။ ဖဲဝိုင်းကလည်း ငြိမ့်ငြိမ့်သဲသဲပါပဲ။

ရပ်ကွက် လူငယ်လူရွယ်အဖွဲ့က သိပ်မလုပ်ရပါဘူးဗျာ။ အဘွားကြီးရဲ့မြေး၊ သား၊ တူတွေအုပ်က နည်းရောလို့လားဗျ။ အသုဘအိမ်မှာ နေစရာမရှိလို့ အိမ်ရှေ့ဘောလုံးကွင်းထဲ မဏ္ဍပ်ကြီးထိုး လှည်းဝိုင်းတွေချ၊ ကိုယ်ပါလာတဲ့ ဖျာ၊ စောင်၊ ခေါင်းအုံးချပြီး အိပ်ကျတာကလား။ ပါလာတဲ့ ဘဲ၊ ကြက်၊ ဝက်တွေ အာလူးနဲ့ ရောတာတောင် မလောက်ဘူး။

ကျုပ် စဏ္ဍာလက ကြားကြားချင်း ရောက်သွားရတာပေါ့။

''အမလေး ... အမေကြီးရဲ့၊ ကျွန်မတို့ကိုထားခဲ့ပြီး တစ်ယောက်တည်းသွားပြီပေါ့လေ။ ဟီး ... ဟီး ... အမေကြီးက သမီးတို့ကို ရက်စက်သွားပြီပေါ့ ... အီး ... ဟီး ဟီး ဟီး ...''

စဉ်းစားသာကြည့် ... စာရေးဆရာ။

ရက်စက်ကြတာက သူတို့ဗျ။ ကျုပ် အနီးအနားက လူတွေမေးကြည့်ပြီးပြီ။ အဘွားကြီး လေဖြတ်ပြီး အိပ်ရာထဲလဲနေတုန်းက ချေးဂရု သေးဂရု ဘယ်သူမှ လာမလုပ်ပေးကြဘူးတဲ့။

နေတာ သမီးအငယ်မနဲ့ အတူနေတာ။

အဲဒါ အိမ်အကူ မိန်းမကပဲ ရေပတ်တိုက်၊ အဝတ်လဲ ချေးဝတ်၊ သေးဝတ်လျှော်ရတာတဲ့။ သမီးလုပ်သူက ...

'မြန်မြန်မသေနိုင်ဘူး။ နောက်လူတွေ ဒုက္ခပေးနေတာ' လို့ ငြည်းတွန်သတဲ့လေ။

သမီးအလတ်မက သေသူမိခင်ရဲ့ လက်ကိုဆုပ်ကိုင်ပြီး ခုနစ်သံချီနဲ့ ငိုလိုက်ပုံက ...





''အမလေး ... အမေရဲ့၊ သမီးအလာကိုတောင် မစောင့်တော့ဘူးပေါ့လေ ... ဟီး ...''

ကိုင်း ... စာရေးဆရာ၊ ခင်ဗျား စဉ်းစားနော်။

သေရမယ့်သူက ရှင်တဲ့လူအလာကို အမောဖောက်ပြီး စောင့်ရမှာတဲ့လားဗျာ ဟင်။ နောက်တစ်ယောက် မထွားကြွင်ဆိုတဲ့မိန်းမ ငိုပုံရယ်က ...

''အမယ်လေး ... အမေရဲ့၊ အသေစောလို့ နမြော့ရချည်ရဲ့တော့။ အမလေး ... ကိုတင်မောင်၊ အမေ့ကို ကြည့်ပါဦးတော် ... သေတာတဲ့ အိပ်နေတဲ့အတိုင်းပဲ။ ထကြည့်ပါဦး ... အမေရဲ့၊ အမေ့သားမက် တင်မောင်ကို သားအရင်းလို ချစ်လှချည်ရဲ့ဆို၊ ဒီမှာ ကိုတင်မောင်ရောက်နေပြီလေ .. အမေရဲ့ ... ထဖက်ပါဦးလား ... အမေရဲ့ ... ဟီး ...''

''တော်ပါတော့ ... မထွားရယ်''

''အမေက ကိုတင်မောင်ကို အရမ်းချစ်တာ ... အစ်မရဲ့''

''အေးပါ ... ငါတို့လည်း သိပါတယ်၊ တော်ပါ ... ညီမရယ်နော်''

''အမလေး ... အမေရဲ့၊ အမေ့သားမက်ကြီးကို တစ်ခါတည်း ခေါ်သွားပါဦးလား ... အမေရဲ့ ... ဟီး ...''

''ဟာ ... ဒီကောင်မကွာ ... ငါလုပ်ရင် သေတော့မှာပဲ။ သင်း အမေသေတာ မဆီမဆိုင် ငါ့ပါ ပူးတွဲလုပ်နေတယ်။ ဟဲ့ ... မိထွား''

''ရှင် ... ကိုတင်မောင်၊ အင့် ... ဟီး''

''ငါမလိုက်ဘူး ... နင်လိုက်သွား ... ကြားလား''

''အမလေး ... အမေရဲ့ ... ကိုတင်မောင်က နောက်မိန်းမလိုချင်နေလို့ ကျွန်မကို အမေနဲ့ လိုက်သွားတဲ့တော့။ ဟီး ... ဟီး ... အမလေး ... ကိုတင်မောင်ရေ ... ကိုတင်မောင်ရဲ့ ... ဟီး''

''တောက် ... ငါကွာ ... ငါနော် ... နင်ငိုရင် ကြည့်ငိုနော် ... ငါလေ ...''

"လာပါ ... ယောက်ဖရာ၊ မှုဆွေးနေတုန်း ပြောမိပြောရာပြောတာပါကွာ။ လာ ... လာ ... မောင်ကြိုင်တို့ဝိုင်းသွား တစ်ခွက်တစ်ဖလားမော့ပြီး နေတတ်သလိုနေ။ ယောက်ဖ ... လာ ..."

လင်မယား စကားများမှာစိုးလို့ ယောက်ဖတွေက အရက်ဝိုင်းကို ဆွဲခေါ်သွားကြတယ်။

အသက် (၉၀) နားနီးသေတာ အသေစောသေးလားဗျာ ဟင်။

ဒီအလောင်းကို ကျုပ် ပြင်ပေးတာပါ စာရေးဆရာ။

အဘွားကြီးက ပါးစပ်ကြီးဟ ... လျှာတန်းလန်းထွက် ... မျက်ဖြူလန်ပြီး သေနေတာပါ စာရေးဆရာရယ်။ အဲဒါကြီးကို အိပ်နေတဲ့အတိုင်းပဲလို့ ဗွတ်ပြောနေတော့ အရပ်ကရော။ ကျုပ်လို စဏ္ဍာလရော သောက်မြင်ကပ်ပေါ့ဗျာ။

ကျုပ်က အလောင်းကို ရေချိုးပေးတော့ ရေချိုးခန်းထဲက တွေ့တဲ့ ဆပ်ပြာမွှေးတုံးအဟောင်းနဲ့ ကိုယ်ကို တိုက်ပေးတာပေါ့ဗျာ။

"ဟေ့လူ ... စဏ္ဍာလကြီး ..."

"ဗျာ ... ဗျာ ..."

"ကျုပ်အမေကို ဘယ်ဆပ်ပြာနဲ့ တိုက်တာတုံး"

"ဟို ရေချိုးခန်းထဲက ဆပ်ပြာ"

"ရပ် ... ရပ် ... ကျုပ်အမေကို ဒီလိုဆပ်ပြာတုံးအဟောင်းနဲ့ တိုက်စရာမလိုဘူး။ ဟော့ ... အမွှေးဆပ်ပြာအသစ်တစ်တုံး သွားဝယ်စမ်း .. ရော့ ... ငွေငါးရာ"

အဲဒါ မသာကို အအေးပတ်ခံပြီး ဆပ်ပြာတုံးအရောက် စောင့်နေရတယ်။ ကိုယ်လုံးတီး ဝိန်ချောက်ချောက် ပြားချပ်ချပ်ကြီးဗျာ။

"ရပလားဟေ့ ..."

"ရပြီ ... ရော့ ... ရော့ ..."

အဲဒါ ဆပ်ပြာမွှေးတုံးအသစ်ရတော့မှပဲ အသက်ရှင်စဉ်က ဆင်ရေးတုံးဆပ်ပြာနဲ့တောင် မတိုက်ဘူးတဲ့။ ခန္ဓာကိုယ်ဝိန်ပြားချက်ကို အကြိုအကြားပါမကျန် ဆပ်ပြာနဲ့တိုက် ချေးတွန်းပေးရတယ်ဗျာ။





ဘယ်လို ရွာသားတွေလည်း မသိပါဘူးဗျာ။

ပြီးတော့ မသာဝိန်ကို အဝတ်အစားအသစ်တွေဝတ်ပေးပြီး လှပသွားအောင် လျှာကိုသွင်း။ ပါးစပ်ကိုစေ့၊ ရွဲ့နေတဲ့မျက်လုံးကို တည့်သွားအောင် ပြုပြင်ပေးရတယ်။ ပြီး ... သနပ်ခါး၊ ပေါင်ဒါရိုက်ပေးရတယ်။

ရန်ကုန် ရေခဲတိုက်မှာဆိုရင် သေသူ(မသာ)ကို အလှပြင်ပေးတာ ဈေးကြီးတယ်နော် ... စာရေးဆရာ။ ရန်ကုန်ရေခဲတိုက်မှာ မသာအလှပြင်ပြီးရင် ကြည့်လိုက်၊ နမ်းချင်စရာပါပဲဗျာ။

မသာအလှပြင်တယ်ဆိုတာ အရွယ်ကိုကြည့်ပြီး ပြင်ရတယ်ဗျ။

ကလေးမသာဆိုရင် ချစ်စရာကောင်းအောင် ပြင်ပေးရတယ်။ ပါးကွက်တန်ရင် ပါးကွက်ပေါ့ဗျာ။ တစ်ခါ ဆံညှပ်လေးနဲ့ ပန်းပွင့်လေး ပန်ပေးတာမျိုး။ ဖဲပြားလေး ညှပ်ပေးတာမျိုးပေါ့။

အပျို၊ လူပျိုမသာဆိုရင်လည်း စမတ်ကျကျ၊ လှလှပပ၊ သန့်သန့်လေး၊ ပြုံးယောင်သန်းလေးဖြစ်အောင် ပြင်ပေးရတယ်ဗျ။

သက်ကြီးပိုင်း လူကြီးသူကြီးမသာဆိုရင်လည်း သေသူက စစ်ဗိုလ်စစ်သားလား၊ ပါမောက္ခကြီးလား၊ ကုန်သည်ပွဲစားလား၊ ဘာဘွဲ့ညာဘွဲ့ (သီရတို့ သုဓမ္မတို့) များ ရထားသေးလား ... စသည်ကို မေးမြန်းပြီးမှ မသာကို ပြုပြင်အလှဆင်ရတယ်။

ကာယကံရှင်က ဘုရား၊ တရားသမားတွေဖြစ်နေရင် မသာကို ကြည့်ပြင်ရတယ်။ Over ဖြစ်အောင် ကော့ပျံနေအောင် မပြင်ရဘူး။ အနိစ္စမြဲသဘောလေး ဆက်ဝင်အောင် မသာမျက်နှာကို ပြင်ပေးရတယ်။

ဆိုခဲ့သလိုပေါ့ဗျာ ... သူတို့အဘွား ... ဒေါ်ရွှေပုံရဲ့ မျက်နှာကို နုပျိုခန့်ညားသွားအောင် ပြင်ပေးလိုက်ရော။ အရမ်း သဘောကျသွားကြပါရောဗျို့။

ဒါနဲ့ ကျုပ်က မေးရတယ်။

"ဘယ်နှစ်ရက်ထားမတုံး ... သုံးရက်ပဲလား"

"မဟုတ်ဘူး ... ငါးရက်ချ ကျွေးလုပ်မယ်"

''ရွာဝေးက ဆွေမျိုးများကျန်သေးလို့ (၇)ရက် ချကျွေးလုပ်ပါ လား ... အစ်ကိုကြီး''

''မလုပ်နဲ့။ ဒါ ကိုယ့်ရပ်ရွာ မဟုတ်ဘူး။ သူများရပ်ရွာ၊ ငါတို့အလုပ် တွေလည်း ရွာမှာက ရှိသေးတယ်။ ငါးရက် ချကျွေးလုပ်မယ်''

ကိုယ့်မှာတာဝန်ရှိလို့ မေးရတာပါဗျာ။

''ခုတင်နဲ့ ထမ်းချမှာလား၊ အသုဘကားနဲ့ ချမှာလား ... ဆရာ ကြီးတို့''

''မလိုဘူး ... ကျုပ်တို့ အမျိုးလေလေ့ထုံးစံ နွားလှည်းနဲ့ အသုဘ ချမယ်''

''ကောင်းပါပြီ ခင်ဗျား ...''

✿ ✿ ✿

[၇]

❑

ပြဿနာက အသုဘချတဲ့နေ့မှာ ဖြစ်တာပါပဲဗျာ။ တကယ့်ကို ကျော် မကောင်း ကြားမကောင်းပါဗျာ။

အဘွားကြီး ခေါင်းသွင်းတဲ့ညက ပါးစပ်ထဲမက်စေ့ထည့်တာ မနည်း ထည့်ရတာ။ သေတဲ့နေ့ အလှပြင်ပြီးကတည်းက ကူးတို့ခ မက်စေ့ထည့် ရင် လွယ်တာပေါ့ဗျာ။

ခုဟာ ပါးစပ်မေးစေ့သွားတော့မှ ထည့်ရတာ ဓားဦးနဲ့ကလန့်ပြီး နည်း ထိုးထည့်ရတယ်။ ကူးတို့ခ ထည့်ရခက်တဲ့ အသုဘကြုံဖူးတယ် ... ာရေးဆရာရေ ...

မြို့နယ်တရားသူကြီး မသာတုန်းက ခင်ဗျ။ ရေချိုး အလှပြင်ပြီး ချင်း ကူးတို့ခမက်စေ့ထည့်တာ ပြန်အန်ထွက်ရောဗျာ။ ဘယ်လိုမှ ထည့်လို့ ရဘူး။ ဒါနဲ့ ငါးမူးစေ့ထည့်တယ်၊ မသာပါးစပ်က ပြန်အန်ထွက်တယ်။ ဒါနဲ့ ကျပ်စေ့ကို ပါးစပ်ဟပြီး ထည့်တယ်။ ဘုရားရေ ... ကျပ်စေ့လည်း လက် ခံဘူးဗျာ ...

ပြန်အနံထွက်ပါရော ထူးဆန်းလိုက်တာ။

ဒါနဲ့ မေးရတယ် ...။

''ဒီဆရာကြီးက မသေခင်က ဘာအလုပ် လုပ်တုန်းခင်ဗျ''

''မြို့နယ် တရားသူကြီးပါရှင်''

''စောစောက ပြောရောပေါ့ဗျာ။ ပေးစမ်း ... တစ်ထောင်တန် တစ်ရွက်''

''ဘာလုပ်မလို့တုံးဗျ ... စက္ကူလကြီးရ''

''ကူးတို့ခ ထည့်ပေးမလို့ပါ''

''မတ်စေ့ ထည့်လေဗျာ''

''မတ်စေ့၊ ငါးမူးစေ့၊ ကျပ်စေ့ပါ ပြောင်းထည့်ပြီးပြီ။ ခင်ဗျားတို့ အဖေ မသာက ပြန်အနံထုတ်တယ်။ သမြော်မနေကြပါနဲ့ဗျာ ... ကူးတို့ခ အရွက်ကြီး ထည့်ပေးလိုက်ပါဗျ''

ဒါနဲ့ ကျုပ်က သူတို့ပေးတဲ့ တစ်ထောင်ကျပ်တန် ငွေစက္ကူကိုကိုင် သေသူ့ နားရွက်နားကပ်ပြီး ...

''ဆရာကြီးခင်ဗျား ... ကူးတို့ခ တစ်မတ်စေ့ လုံးဝမထည့်ပါ ဘူး။ ဆရာကြီးရဲ့ အတွင်းစိတ်သဘောကို ကျွန်တော် နားလည်ပါတယ်။ ခု ... ကူးတို့ခထည့်မှာ တစ်ထောင်ကျပ်တန် အသစ်ချပ်ချွတ်ပါ ... ပါးစပ် ဟာပေးပါခင်ဗျာ''

သို့ကလိုလည်း ပြောလိုက်ရော ... မသာလူဝ မေးနစ်ထပ်ကြီး က အံ့ရောဗျာ ... ပါးစပ်ဟာပေးပါရောဗျို့။ ဒီမှာပဲ ကျုပ်က တစ်ထောင်တန် ကို လေးစိတ်ခေါက်ပြီး သင်းပါးစပ်ထဲ ထည့်ပေးလိုက်ရော ...'ဖွပ်'ဆို ပါးစပ်ပိတ်သွားတာ။ ပိုက်ဆံစောစောကလို ပြန်အနံမထွက်တော့ဘူးဗျာ''

တကယ့်ကို တရားသူကြီး ပီသတဲ့လူပါဗျာ။

အရမ်းကို လေးစားဖို့ကောင်းတယ် ... သိလား။

အခု မသာချတော့မယ်။ မသာခေါင်းကို နွားလှည်းပေါ်မှာ တင်ထား ရဲ့ဗျ။ နွားလှည်း လှည်းရုံတိုင်မှာ ဝါးတိုင်လေးတိုင်စိုက်ပြီး ခြင်ထောင်





ထောင်လို့ခင်ဗျ ...။ မိတ်အင် ဒီတင်တွေဗျ။ ပန်းခွေတွေထောင် ပါသေး တယ်။ ဝယ်ပန်းခွေ မဟုတ်ဘူး။ ကိုယ်တိုင်လုပ်တွေ ...

ရှေ့က နွားနှစ်ကောင်ကလည်း တဥပြောက် နွားသိုးကြီးနှစ်ကောင်။ ကြော့နေမော့နေတာပဲ။ သူတို့က မသာလှည်းကိုဆွဲမှာ ... ဂုဏ်ယူနေပုံပဲ ဗျို့။

အိမ်ပေါ်မှာ ရေစက်ချ တရားနာပြီးရော မသာခေါင်းကို နွားလှည်း နိဗ္ဗာန်ယာဉ်နဲ့ သုံးဖာလုံခန့်ဝေးတဲ့ ကျုပ်တို့ ရွာတော်ပြင်သင်္ချိုင်းကို ပို့ရ မှာ ...။

ရွာဆွေရွာမျိုးတွေရော ... ရပ်ရွာက အသိတွေရော မိုးပွဲပွဲလေးမှာ မသာလိုက်ပို့ဖို့ နေရာယူကြ။

''ဒူ ... ဝေ ... ဝေ ... ဝေ ...''

''အမလေး ... အမေရဲ့ ... ဟီး ...''

''ဒူ ... ဝေ ... ဝေ ... ဝေ ....''

''အဘွားရေ ... ဟီး ...''

''အမေကြီးရဲ့ ... အင်း ... ဟီး ... အို ... အမေကြီးရဲ့''

တစ်ရွာလုံးနီးပါးလာတော့ တစ်ရွာလုံး ငိုလိုက်ကြတာ။ ဟိန်းဟိန်း ထလို့ဗျာ။

ဒီမှာ မသာလှည်းကို သူမောင်းမယ်၊ ငါမောင်းမယ် ဖြစ်ကြပါ ရော။

''ဟေ့ကောင် ... ဘပု၊ ငါက သားအကြီးဆုံးကွ။ ငါ့အမေရဲ့ နိဗ္ဗာန်ယာဉ်နွားလှည်းကို ငါပဲမောင်းမယ်။ မင်း အခုချက်ချင်းဆင်း''

''ကိုရွှေမောင်း ... ခင်ဗျား သားအကြီးဆုံးမှန်း ကျုပ်သိပါတယ် ဗျာ။ ဒါပေမဲ့ ခင်ဗျား အရက်မူးနေပြီဥစ္စာ။ ကျုပ်နွားနှစ်ကောင် ကျုပ်မောင်း မှရမှာ။ ခင်ဗျားက ကိုင်ပြီးသာ လိုက်ပါ ... ကိုရွှေမောင်း''

''အောင်ဘု ... မင်းလှည်းပေါ်က ဆင်းမလား၊ မဆင်းဘူးလား ပြော ...''

''မဆောင်းတော့ကွာ ... မင်း ဘာလုပ်မလဲ ... ပြော''

''မှတ္တမကျွေ့သားကွ ... ကျား''

ရွှေမောင်းချာ ... လှည်းပေါ်ခုန်တက်ပြီး လှည်းမောင်းမယ့် ကိုဘပု ကို ကန်ချပါရော။ နွားနှစ်ကောင်က လန့်ပြေးလို့ ရှေ့ကနေ မနည်းတွန်း ထားရတယ်။ ဘပုကလည်း ရွှေမောင်းကို ကြိမ်ချဲ့ပြန်ရိုက်။

ဆွဲလိုက်ကြ၊ အော်လိုက်ကြ၊ ဖျှဉ်လိုက်ကြ ...။

''ကိုင်း ... ကိုင်း ... ဒီလိုလုပ်ကြပေါ့။ ဒီရွာက အထွက်မှာ မောင်ဘပုက မောင်း။ သချိုင်းနားရောက်ရင် မောင်ရွှေမောင်းက မောင်း၊ ဟုတ်လား ...''

''ဘကြီး ဖိုးအုန်းကြောင့်နော်၊ နို့မို့ရင် ကျုပ်က ဘပုကို အမေ့ ခေါင်းထဲထည့်၊ တစ်နေ့တည်း နှစ်လောင်းပြိုင် သင်္ဂြိုဟ်လိုက်မှာ''

''ဟွန်း ... အရေလန်သွားမယ်ကွနော် ... ဘပုတဲ့ ဟေ့ ...''

ဖြစ်နေတာလည်း သမီးယောက်ဖပါပဲဗျာ။ သင်းတို့နှစ်ယောက် ကိစ္စပြီးတုန်း ရှိသေးတယ်။ မသာလှည်းကို ရှေ့လှမ်းထမ်းပိုးက သူကိုင်မယ်၊ လှည်းနောက်ပိုင်းက သူကိုင်မယ်၊ နေမယ်နဲ့ စကားများကြလို့ ဘကြီးဖြစ်တဲ့ ဦးနက်ကျော်က ...

''ရှေ့တစ်လှည့် နောက်တစ်လှည့် ဆွဲကြကိုင်ကြပေါ့ကွာ''

အဲဒါ နွားတပ်တဲ့ လှည်းတံပိုးကြီးရှေ့မှာ အားကောင်းမောင်းသံ သားမြေးတွေ တစ်အုပ်။

လှည်းနောက်မှာ အားကောင်းမောင်းသံ သား၊ မြေး တူတစ်အုပ်။

''ကိုင်း ... ကြေးစည် ရှေ့ကနေ လှည်းထွက်ဟေ့''

''ဟဲ့ ... နွား ... သားတို့ ရှန်းလဟ''

''ဆွဲထားဟေ့ ... ကျား ... ကျား ...''

''ကျား ... ကျား ... ကျား ...''

''ဟ ... ဟ ... လှည်းနောက်ကကောင်တွေ လှည်းကို ဆွဲမထား ပါနဲ့ဟ ... နွားတွေ ရှေ့တိုးလို့ မရဘူးကွ''





''မပူနဲ့ဟေ့ ... ငါတို့ ရှေ့ကနေ ဆွဲမဟ ... ကိုင်း ... ကျား ဘာသား''

''ရှေ့က လူသန်တွေက လှည်းတံပိုးကြီးကို ဝိုင်းဆွဲ၊ မသာနွား လှည်းက ရှေ့ပါသွားလိုက် နောက်ပါသွားလိုက်''

ရှေ့က အားကောင်းမှန်းသိတော့ နောက်လူအုပ်က နွားလှည်းဘီး ကို နောက်ကိုတွန်းကြတော့ မသာလှည်းဟာ ရှေ့တိုးလို့မရ၊ နောက်ဆုတ် လို့မရနဲ့ ကစားကြတာ၊ အလှဆင်ထားတဲ့ ဇာခြင်ထောင်တွေ၊ ပန်းတွေ ပြုတ်လွင့်ကုန်ပြီ။

''ကျား ... ကျား ... နောက်ကို ဆွဲကြတော့ ...''

''ဟေး ... ဟေး ... ဝေး ... ဝေး ...''

''ရှေ့ကို ဆွဲကြ ... ကျား ... ကျား ... ကျား ... ကျား ..''

ရှေ့က လူငါးဆယ်ခန့်၊ နောက်က လူငါးဆယ်ခန့် ငမူးတွေ ဝိုင်းဆွဲလိုက်တာ နွားနှစ်ကောင်လည်း ကြိုးပြတ်လန့်ပြေးသွားပြီး ရှေ့က လှည်းတံပိုးကြီးလည်း လှည်းစီးကုံးပြုတ်ပြီး ကျွတ်သွား၊ နောက်ကလည်း အဆွဲကောင်းလိုက်တာ လှည်းရဲ့တိုင်တန်းတွေကျိုး အဘွားကြီးအလောင်း လည်း လှည်းပေါ်ကနေ လွင့်ကျ ...။

အသုဘပို့သူတွေကလည်း အော်ကြ၊ တောင်းပန်ကြ။

ကာယကံရှင်မိသားစု မိန်းမသားချင်းကလည်း မျှည်ရည်စို့ရွှဲ တောင်းပန်။

အဘွားကြီး အခေါင်းလည်း မြေကြီးပေါ်ပြုတ်ကျ ကြိုးပြတ်ပြီး ခေါင်းလုံးပွင့်လို့ အလောင်းဖူးရောင်ပုပ်ပွကြီးက မြေကြီးပေါ်မှာ မှောက်ခုံ ကြီးဖြစ်။ ထဘီက လန် ...။

အားလုံး လန့်ဖြန့် အော့အန်ပြေးကြ။

''အဲ့ဒါ ... မင်းတို့ကြောင့် ဖြစ်တာကွ ... သံချောင်းရ''

''ငါတို့ကြောင့် မဟုတ်ဘူး။ မင်းတို့ မြေးအုပ်စုကြောင့် အဘွား ဒီလိုဖြစ်ရတာ ... ချကွာ ... ရိုက်ကွာ ... ချ''

"ဆော်ကွာ ... ယောက်ျားတွေချည်းပဲဟေ့"

"ဖောင်း ..."

"ခွမ်း ..."

"ခွပ် ... ဒုတ်"

"အား ... သေပါပြီဗျ ... အား ..."

"မင်းလားကွ ... ဒိုးခင် ... သေကွာ"

"ဖြောင်း ..."

"အဲ့ မလေးဗျ ..."

"ဟေ့ ... အားလုံးရပ်လိုက် ... မရပ်ဘူးလားဟေ့"

"ဒိုင်း ..."

"ဒိုင်း ..."

တကယ့် သတ္တိခဲတွေပါဗျာ။ နယ်မြေလုံခြုံရေး တာဝန်ယူထားတဲ့ ရဲကင်းကို ပြေးအကြောင်းကြားလို့ ရဲအဖွဲ့ရောက်လာပြီး မိုးပေါ်ထောင် သေနတ်ပစ်ဖောက်လိုက်ရော။

သူ့ရဲကောင်းတွေ မြေပြင်မှာ ဝပ်နေလိုက်တာ၊ မြေသင်္ချိုက်တောင် အရှုံးပေးရလောက်ပါပေရဲ့ ... စာရေးဆရာရေ။

တာဝန်ရှိသူ ဒုရဲအုပ်က တစ်စစီ ပျက်စီးနေတဲ့ မသာတင်နွားလှည်းနဲ့ ခေါင်းပွင့်လန် မှောက်ကျနေတဲ့ ပုပ်စော်နံအလောင်းကြီးကို ကြည့်ပြီး ...

"နာရေးကာယကံရှင် ဘယ်သူလဲ ..."

"ကျွန် ... ကျွန်မပါရှင် ... ရှင်"

"အခုလို မြင်မကောင်း ရှုမကောင်းဖြစ်အောင်လုပ်တာ ဘယ်သူတွေလဲ ... ပြော ..."

"ဟို ... ဟို ... ဟောဟိုက ... ကျွန်မအစ်ကိုတွေ၊ မောင်တွေ၊ တူသားတွေပါပဲရှင်"

"ခင်ဗျားတို့လည်း ဗုဒ္ဓဘာသာဝင်တွေပဲဗျာ။ မသာကို ဆွဲရမ်းကစားတာ ဘုရားဟောမှာ ပါလို့လားဗျာ ... ဟင်"





အားလုံး အသံတိတ်သွားကြတယ်။

"ပြောပါ ... ရှိရင် ပြောပါ"

ဒီမှာ ခေါင်းတုံးနဲ့လူတစ်ယောက်က အသံတုန်တုန်နဲ့ ...

"ဟို ... ဟို ... ဘုန်းကြီးပျံမှာ အေးရင်ကျူးရင် အလောင်းလုကစားကြတာ ... ရှိ ... ရှိပါတယ်ခင်ဗျ"

"ဘုန်းကြီးပျံမှာ အေးရင်ကျူးပြီး အလောင်းလုတာက နတ်သိကြားများနဲ့ ရှင်ဘုရင်၊ တိုင်းသူပြည်သား လုတာကို ယဉ်ကျေးမှုအနုပညာနဲ့ ပြတာဗျ။ ခင်ဗျားတို့ဟာက ဘုန်းကြီးပျံမဟုတ်ဘူး။ ခုလိုဖြစ်ရင် ရွာနာ၊ ရပ်နာရော။ ကိုင်း ... ရွာအရပ်နာအောင် လုပ်တဲ့လူအားလုံး ရဲစခန်းကို လိုက်ခဲ့ကြ ..."

ဗိုင်းတောင်းပန်လိုက်ကြတာ မျက်ရည်ကျ သေးထွက်ပဲ။

"အဖမ်းခံရမှာတော့ တယ်ကြောက်ကြပဲကိုး။ နောင်ကို ခင်ဗျားတို့ နာရေးကိစ္စမှာ မူးယစ်သောက်စားပြီး နာရေးယဉ်ကျေးမှုနဲ့ ဆန့်ကျင်တဲ့ အပြုအမူကို မလုပ်ကြပါနဲ့လို့ သတိပေးချင်တယ်။

နောက်တစ်ချက် ရပ်ရွာထဲမှာ အလောင်းပွင့်ကျရင် ရွာနာတယ်လို့ ယူဆကြတာ မြန်မာ့ယဉ်ကျေးမှု ယုံကြည်မှုပဲ။ ဒီတော့ အိမ်ရှင်ရော၊ ခင်ဗျားတို့ သောက်သောက်စားစား လူမင်းသားတွေပါ ရပ်ရွာလူကြီးများ ကျေနပ်အောင် ထုံးတမ်းအစဉ်အလာအတိုင်း လုပ်ပေးလိုက်ကြပါ ... နားလည်ကြရဲ့လား"

"နားလည်ပါတယ်ခင်ဗျ"

"ကိုင်း ... ဥက္ကဋ္ဌကြီး ... ဒီအလောင်းကြီးကို ခေါင်းထဲပြန်ထည့်ပြီး မသောက်မစားတဲ့လူတွေနဲ့ ထမ်းသယ်သွားပြီး သုသာန်ရောက်အောင် ပို့လိုက်ပါဗျာ ..."

"ဟုတ်ကဲ့ပါ ... ခင်ဗျ"

နောက်ဆုံး ပုပ်နံ့အရည်ကျနေတဲ့ အလောင်းကို ဘယ်သူမှ မကိုင်ချင်ကြပါဘူးဗျာ။ ကျုပ်ပဲ ကိုင်၊ မ,ထည့်ရတာပေါ့။ အနံ့က လူတွေကအော့အန်ကြ။

အမေရဲ့ တွေလည်း အနားမှာ မရှိကြတော့ဘူး။

အဘွားရဲ့ ... သမီးတို့ကို ပစ်သွားပြီးလားတွေလည်း အဝေးမှာ အော့အန်လို့ နှိပ်ပေးရ၊ သံပုရာသီး ရှူနိုင်းရ။

တိုတိုပြောရရင် အဘွားကြီးခေါင်းကို ကြိုးနဲ့သိုင်းပြီးတုတ်၊ ထမ်းပိုး လျှိုထမ်းပြီး သချိုင်းအရောက် ပို့ရတာပေါ့ကွာ။

ဒါတောင် ... အဘွားရဲ့ မြေးတော်ရှစ်သောင်း၊ သားတော်အပေါင်း နဲ့ တူပေါင်း (၆၀)ကျော်တို့က သချိုင်းမြေထဲရောက်ရော အလောင်းကို ဝင် လုပြီး ကစားကြပြန်ပါရောဗျာ။

လိုက်ပါပို့ဆောင်တဲ့လူတွေကလည်း မထွဲမတားကြတော့ဘူး။ ရပ် ကြည့်ပြီး အမြင်ကပ်ကပ်နဲ့ ဩဘာလက်ခုပ် တီးပေးရော။ ငနဲသားတွေ ခေါင်းကြီးထမ်းပြီး ယိမ်းထိုးလဲပြိုပြစ်နေကြတာရယ်။ ခေါင်းက သူတို့ပေါ် ရောက်လိုက်၊ သူတို့က ခေါင်းပေါ်ရောက်လိုက်ပေါ့ဗျာ။

နောက်ဆုံး သင်းတို့အားလုံး ချွေးသံရွှဲရွဲ သဲပုံမြေအလူးလူးနဲ့ သင်း တို့အဘွားခေါင်းပေါ်မှောက်လျက် ပက်လက်လဲကျ မောဟိုက်နေတော့မှ-

ကျုပ်တို့ သုဘရာဇာအဖွဲ့က သူတို့ဖယ်ပြီး နံဟောင်ပြရဲနေတဲ့ အဘွားကြီးခေါင်းကို မ,ယူ မြေမြှုပ်ပေးရတယ်။

ကဲပုံများနယ် ... မြေမြှုပ်မယ့် ကျင်းထဲခုန်ချကြလို့ သောက်မြင် ကပ်ကပ်နဲ့ သင်းတို့ပါရောပြီး မြေဖို့မှ သင်းတို့ငကဲတွေ ကျင်းနှုတ်ခမ်းပေါ် ပြေးတက်ကြတော့တယ် ... ရှားပါဗျာ ... ဖွီ ...။

ထူးခြားတာက ရက်လည်ပြီး နောက်နေ့ကစပြီး ရွာက ဘောလုံး ကွင်းလေးထဲမှာ ခွေးအကောင်ငါးဆယ်လောက် အူနေတာ တစ်ရပ်လုံး အိပ် လို့မရဘူး။

ကာလသားတွေ တုတ်၊ ဓါး၊ လေးခွများနှင့် ဝိုင်းပစ်ကြလည်း ခဏ ပါပဲဗျာ။ မိုးလင်းအထိ အူနေတာ စာရေးဆရာ၊ မကောင်းဆိုးဝါးကိုမြင်ပြီး အူနေတာလေဗျာ။

ကလေးတွေကတော့ မြင်ကြသတဲ့ ခင်ဗျာ။





သေသွားတဲ့အမေကြီး ဆံပင်ဖားလျားချပြီး ဘောလုံးကွင်းထဲ လမ်း လျှောက်နေဆိုပဲ၊ အချို့ နို့စို့ကလေးတွေ လန့်အော်ငိုကြ။

အဲဒါ ရွာနိုက်ပြီဆိုပြီး ရွာတော်ရှင်ကို ပွဲပေးတောင်းပန်၊ ဘုမ္မစိုး ရုက္ခစိုးကြီးများကို ပွဲပေးတောင်းပန်ကြရသလို၊ သံဃာတော် အရှင်သူမြတ် များက ကွင်းထဲမှာ ပရိတ်ရွတ်၊ တစ်ရပ်လုံးကို သဲမန်း၊ ဆန်မန်း၊ ပရိတ်ရေ ပက်ဖျန်းလိုက်ကြမှ မကောင်းဆိုးဝါးမြင်ပြီး အူတဲ့ခွေးအုပ်လည်း လုံးငြိမ် သွားတယ်။

ဒါနဲ့ ကျုပ်က ရပ်ကွက်လူကြီးကို ပြောပြရတယ်။

"ဥက္ကဋ္ဌကြီးတို့ ... ပွဲပေးတောင်းပန်၊ ပရိတ်တရားနာပြီး ရှင်း လိုက်လို့ဗျ။ နို့မို့ တစ်ရွာလုံးကုန်မှာ သိလား"

"ဘယ်လိုကုန်မှာတုံး ... ပေါက်တူးရ"

"ရွာထဲ ရပ်ထဲအတွင်းမှာ အလောင်းပြုတ်ကျရင် ရွာနိုက်ရောဗျ။ နိုက်ရင် တစ်ယောက်ပြီးတစ်ယောက် သေရော၊ တချို့ရွာဆို ကိုးလောင်း ပြည့်မှ ရပ်တာဗျ"

"ဟူး ... တော်ပါသေးရဲ့ကွာ။ ဘယ်လိုမျိုး ... အဲ ... ချွေးမျိုး တွေကွာ ... ဖွီ ..."

ဒီရပ်ကွက်မှာ ငြိမ်းအေးသွားပေမယ့် မငြိမ်းအေးတာက ရွာတွေ မှာပဲဗျို့။ အဘွားကြီး၊ မြေး၊ သား၊ တူတွေ အိမ်မှာနေလို့မရ ဖြစ်ကုန်ပြီ ... သိလား။

အလောင်းကို လှည်းကျိုးခေါင်းမှောက်အောင် ကစားတဲ့ကောင် တွေရဲ့ခန္ဓာကိုယ်က ထူးဆန်းစွာ ပုပ်စော်နံနေတာပဲဗျ။ တစ်အိမ်တည်း အတူ နေသူတွေ အော့အန်လို့ မဆုံးဖြစ်ကြ။

"နင့်ကိုယ်က လူသေကောင်ပုပ်စော်နံ ဟဲ့ ... ဝေါ့"

"ဝေါ့ ... အော့ ... ဝေါ့ ... သွား ... သွား ... နင် အိမ်မှာမနေ နဲ့သွား ..."

အဲဒါ အဘွားကြီး ခေါင်းမှောက်ကျအောင်လုပ်တဲ့ လူရွယ်အားလုံးရဲ့ အိမ်မှာဖြစ်နေတာ။ သူတို့ (၁၅)ယောက်၊ အယောက် (၂၀) စုမိရင် လူသေ

ပုပ်နံ့ကြီးက လှိုင့်ပျံ့ဟောင်နံနေတာပဲ။ သူတို့ ဆပ်ပြာတိုက်၊ ရေချိုး၊ ရေမွှေးနံ့သာ လိမ်းကျံလည်း အနံ့က မပျောက်ဘူး။ အဲဒါ အလျှူမင်္ဂလာ သွားလို့ မရကြတော့ဘူး။

နောက်ဆုံး ရွာဦးဆရာတော် မေးလျှောက်ပြီး တွက်ချက်စစ်ဆေးတော့မှ ...

"ဒကာလေးတို့အားလုံးကို မင်းတို့အဘွား လိုက်လံနှောင့်ယှက်နေတာပဲ။ တကာလေးတို့အားလုံး ကွယ်လွန်သူ ဘွားအေကြီး စိတ်ဆိုးအောင် ဘာတွေ လုပ်ခဲ့ကြသတုံး"

ဒီမှာပဲ သူတို့အားလုံးက ဘွားအေကြီး အသုဘချသည့်နေ့က ခေါင်းပွင့်ကျ၊ လှည်းကျိုးအောင် မူးမူးရူးရူး လုပ်ခဲ့မိတဲ့အပြစ်တွေကို ဝန်ခံပြောပြကြတယ်။

"အမှန်က ဘွားအေကြီးက မင်းတို့ကို ချစ်ပါတယ်။ သို့သော် သူ့ရုပ်အလောင်းကို ဂုဏ်သိက္ခာကျအောင် ပုံပျက်ပန်းပျက် လုပ်ကြတော့ ဘွားအေကြီးရဲ့ မကျွတ်မလွတ်ဝိညာဉ်က မင်းတို့ကို အကြောင်းသိရအောင် ပညာပေး နှောင့်ယှက်နေတာပဲ"

"ဒါဆို တပည့်တော်တို့ အဘွားကျေနပ်အောင် ဘယ်လိုလုပ်ပေးရမှာပါလဲဘုရား။ ခုဆို တပည့်တော်တို့ ကိုယ့်အနံ့ကိုယ် မခံနိုင်ဘဲ နေ့နေ့ညည အော့အန်နေရပါတယ် ဘုရား"

"အိပ်လို့လည်း မရပါဘူး ... ဘုရား။ ပါးကို လက်နဲ့ လာလာရိုက်သလိုခံစားရပြီး လန့်လန့်အော်နေပါတယ်ဘုရား"

"ထမင်းစားရင် ကိုယ်စားတဲ့ ထမင်း၊ ဟင်းက ပုပ်စော်နံနေလို့ အစာငတ်တဲ့ဘဝကို ရောက်နေပါပြီ ဘုရား"

"အေးလေ ... မင်းတို့က အနန္တဂိုဏ်းဝင် ဘွားအေကြီးကို မြေမှ မကျသေးဘူး စော်ကားကြတာကိုး။ ကိုင်း ... ကိုင်း ... ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများအတွက် ငှက်ပျောပွဲ ငါးပွဲလုပ်။ ပြီးရင် ဘွားအေကြီးအတွက် ကန်တော့ပွဲတစ်ပွဲ၊ လက်ဖက်စုံ၊ အမွှေးနံ့သာ ဆီမီးများ ထွန်းညှိ





ပြီး ကိုယ်ပြုမိသည့်အမှားကို ဝန်ချတောင်းပန်၊ အဲဒါ ဘုရားစေတီရင်ပြင်မှာ လုပ်။ ပြီးရင် အမေကြီးအတွက် ကန်တော့ပွဲကို အမေကြီး သင်္ချိုင်းမြေပုံပေါ်တင်ပြီး အပြစ်များကို ပြောဆိုဝန်ချတောင်းပန်ပြီး ကန်တော့ကြ။

သည့်နောက် ဆရာတော်ဘုန်းကြီး မိန့်မှာသည့်အတိုင်း အနန္တငါးပါးအတွက် ကန်တော့ပွဲငါးပွဲ၊ အဘွားအတွက် တစ်ပွဲ၊ ဆုတောင်းပြည့်စေတီရင်ပြင်မှာပြင်ပြီး အမွှေးနံ့သာများနဲ့ ပြောဆိုတောင်းပန်ကြတယ်။ သည့်နောက် အဘွားအတွက် ကန်တော့ပွဲကို ပြန်သယ်လာပြီး ရွာတော်ပြင် သင်္ချိုင်းက အဘွားရဲ့မြေပုံပေါ်တင်၊ အမွှေးတိုင် ဆီမီးထွန်းပြီး ...။

"အဘွားခင်ဗျား ... အဘွားရဲ့သားများ၊ မြေးများ၊ တူသားများ အဘွားကို သတြိုဟ်မည့်နေ့က အဘွားရဲ့အလောင်းကို ပျက်လိုပျက်ဆီး ဖြစ်အောင် ပြုမူမိသည်များ မှားယွင်းမှန်းသိရပါပြီ ... အဘွား။ အဘွားရဲ့ဝိညာဉ်ကိုရော အဘွားရဲ့ ဂုဏဝုဏ္ဏ၊ ဝယဝုဍ္ဍိဂုဏ်များကိုပါ ကန်တော့ပွဲထိုး၍ တောင်းပန်ပါတယ်။ သားများ၊ မြေးများ၊ တူသားများကို ခွင့်လွှတ်တော်မူပါ။ အဘွားအတွက်လည်း ကောင်းမှုကုသိုလ်လုပ်ပြီး အမျှအတန်းများ ပေးဝေပါ့မယ်။ အဘွား ခုလို သတိပေး၊ ပညာပေးတာကိုလည်း သားမြေးများ နားလည်ပါပြီ ... အဘွား။ အဘွားကို သား၊ မြေး၊ တူသားများ ကန်တော့ဝန်ချ တောင်းပန်ပါတယ် ... အဘွားခင်ဗျား"

အလွန်ကို အံ့ဩဖို့ကောင်းတယ် ... စာရေးဆရာရာ။

အဘွားရဲ့ မြေပုံနား ကန်တော့ပွဲနဲ့ ကန်တော့ဝန်ချတောင်းပန်ပြီး ရွာတော်ပြင်သင်္ချိုင်းက ပြန်ထွက်ရော ...

အလွန်ကို ဆိုးဝါးလှတဲ့ အပုပ်နံ့တွေ ခန္ဓာကိုယ်အသီးသီးကနေ လွင့်ပျောက်သွားတာကို အံ့ဖွယ်ဝမ်းသာကြုံခဲ့ရပြီး ရွာပြန်၊ ပျော်မဆုံးဖြစ်ခဲ့ကြတယ်လေ။

ရွာလည်းဝင်ရော ... ဝမ်းသာအားရ က,ခုန်ကြ ...

ရွာမိရွာဖ လူကြီးမိဘများကလည်း ရွာဝင်ကတည်းက တရော်ကင်ပွန်းနဲ့လောင်း၊ ရေမိုးသန့်စေပြီး အမွှေးနံ့သာများ လိမ်းကျံပေးကြတယ်။

အပုပ်နံ့တွေပျောက်ပြီး အမွှေးနံ့သာ ရနံ့များရတော့ကွာ သူတို့ရဲ့ ဇနီးမယား၊ ရည်းစားများက သည်းကြပေါ့ဗျာ။

"မောင် ... စားနော်၊ ဒါက ဝက်သားဟင်း ... ကြိုက်လား ... ဟင် ..."

"အင်း ... အင်း ... မင်းကိုလည်း ကြိုက် ..."

"အို ... မောင်ကလည်း ဘာမှန်းလည်း မသိဘူး ... ဟင့်"

ခုမှ အားရပါးရ စား၊ အားရပါးရ အိပ်၊ အားရပါးရ ချစ်လိုက်ကြတာ။ ခြင်ကိုက်တဲ့ရွာဗျာ ... မွှေးလိုက်တာ နည်းရောလား။

သူတို့ဘွားအေ သွားလေသူကြီးများ မြင်ရရင် အံ့ဩ ငိုကြွေးလို့များ လက်မထောင်လေမလားမသိပါဘူး။ စာရေးဆရာကြီးရာ ... ဟား ဟား ... ဟား ... ဟား ... ဟား ... အဟတ် ... အဟတ် ...။

မောင်ညီမှိုင်း(သန်လျင်)

ကျေးဇူးသိသူတိုင်း နှလုံးသားသန့်စင်လှပပါစေ၏။ အားလုံး နှလုံးလှကြပါစေ)



[၁]

❑

"အဖေကြီး ... 'ကဝေ' ဆိုတာ ဘာကိုခေါ်တာလဲဟင်"

ကျွန်တော်တို့ ဆရာဝေါက်စများက အဖေဆရာကြီး ဦးတင်မောင်ကို မေးရတယ်။

အဖေကြီးက ရွှေရင်ကျော်ဂိုဏ်းတစ်ဂိုဏ်းက ဆေးတော်၊ စုတ်ဆွဲကိုင်ခွင့်ရပြီး ပယောဂအမျိုးမျိုးကို ကုသခြင်းနှင့် ပညာအဆင့် သင်ပေးခြင်းများကို လပြည့်နေ့များမှာ အထူးဆောင်ရွက်ပေးလေ့ရှိတယ်။

"ကဝေဆိုတဲ့အကြောင်းကို သိချင်ရင် ဦးစွာ 'စုန်း' ဆိုတာ ဘာလဲ သိဖို့လိုတယ် ... သားတို့။ စုန်းရဲ့အဓိပ္ပာယ်က ပညာစက်ဖြင့် တောက်ပမြူးထူးတတ်သောသူလို့ အဓိပ္ပာယ်ရတယ်"

နတ်တွေကို အမှီပြုပြီး လူကို ဖမ်းစားနှိပ်စက်ပြုတတ်တယ်။ ဘယ်လိုနတ်မျိုးကို အမှီပြုလဲဆိုရင် ဥစ္စာနတ်(အိမ်တွင်း)၊ ဇော်ဂနီနတ်၊ ဂန္ဓဗ္ဗနတ်တို့ကို အမှီပြုတယ်။

ကဝေကျတော့ သူက စုန်းထက် အဆင့်အတန်းမြင့်တယ်။ ပညာစုံတတ်ကျွမ်းတဲ့ပညာရှင်ဖြစ်လို့ ပညာရှင် (သို့) ကဝေလို့ ခေါ်ကြတာ။





တစ်ခုတော့ မှတ်ထားနော်။ ဆေးကုသမှု ကျွမ်းကျင်ပေါက်မြောက်ထက်မြက်တဲ့ ဆေးဆရာကိုတော့ ဆေးပညာရှင်လို့မှတ်။ ပညာရှင်ကဝေလို့တော့ မမှတ်နဲ့ ... ဟုတ်လား။

စုန်းမှာ ကဝေသာရကျမ်းအလိုနှင့် ရှေးရှေးဆရာကြီးများ ရည်ညွှန်းခဲ့တာက မြေချဉ်စားစုန်း၊ မြေစဝ်စားစုန်း၊ မြေပုပ်စားစုန်း၊ မြေပနံစားစုန်း၊ မြေချိုစားစုန်း၊ မြေခါးစားစုန်းရယ်လို့ ရှိတယ်။ သူတို့ကို စမျည်းတိုင်စုန်း၊ အမောက်မရှိစုန်းလို့ ခေါ်တယ်။

တစ်ခါ ကမ္ဘဗိဇ္ဇိရှိတဲ့စုန်းဆိုတာ ရှိတယ်။ သူတို့က စုန်းနဝင်၊ စုန်းဥတစ်လုံး၊ စုန်းကျောက်ခဲ၊ စုန်းလေပွေ၊ စုန်းဘီလူး၊ စုန်းနဂါးတဲ့။ အမောက်သုံးဆင့်ရှိပြီး တန်ခိုးကြီးတဲ့စုန်းမျိုးကွယ့်။

နောက်တစ်မျိုးက နာနာရုပ်သုံးဆယ်မျှ ဖန်ဆင်းနိုင်တဲ့စုန်းပဲ။ စုန်းသူကောင်း၊ စုန်းသူကြွယ်၊ စုန်းပုတ်၊ စုန်းမာတြာ၊ စုန်းကြက်တက်၊ စုန်းမွှတ်သို၊ စုန်းသိုးစုတ်၊ စုန်းညီနောင်၊ စုန်းအောင်၊ စုန်းပန်ဝါပြောက်၊ စုန်းသမယ၊ စုန်းကဝေရယ်လို့ (၁၂)မျိုး ရှိတယ်။ သူတို့ဟာ သူတို့အလိုရှိသလိုကျဲ၊ လင်းတ၊ မြွေ၊ အစားအစာ၊ လူပုံပန်းအတု စသည့် ရုပ်မျိုးသုံးဆယ်ဖန်ဆင်းနိုင်လို့ ကြောက်စရာ၊ အံ့ဩစရာ ကောင်းတယ်။

စုန်းအကြောင်းပြောရင် အများကြီးပဲ။ စက်ဝန်းပိုင်စုန်းဆိုတာ ရှိသေးတယ်။ ပြီး–မှော်စုန်း၊ ကဝေပျံတန်ခိုးရှင်စုန်း၊ သားစားစုန်း၊ သွေးစုန်း၊ လေစုန်း၊ ဆေးစုန်း၊ မိရိုးဖလာစုန်း၊ ခြေစုန်း၊ ကိုယ်စုန်း၊ လက်စုန်း၊ ခေါင်းစုန်း၊ မောက်လုံး၊ မောက်ပြား၊ အိမ့်တလိမ့်စုန်းလို့ စုန်းမျိုး များစွာရှိကြတယ်။ ပညာသည်တွေပေါ့။

ခြေစုန်းဆိုတာ လူတစ်ယောက်ရဲ့ ခြေဖဝါးရာခြေရာကို ကြည့်ပြီး ပယောဂသွင်းလို့ရတယ်။

လက်စုန်းက လက်ကို ကိုင်မိတာနဲ့ လက်အကိုင်ခံရတဲ့ လက်ကနေ ပြုစားပြီးပြီဗျာ ...

"ဆရာကြီး ... ခင်ဗျား"

"ပြော ... မောင်မှိုင်း"

"ကျွန်တော်တို့ လူအချင်းချင်း လက်ဆွဲနှုတ်ဆက်ရင် အပြစ်များ ခံရနိုင်ပါသလားခင်ဗျ။ ကျွန်တော်က သိချင်လို့ပါ"

"ခုချိန်ကာလမှာတော့ ခြေစုန်း၊ လက်စုန်း၊ ပညာသည်တွေ မြို့ပေါ်မှာ မရှိသလောက် ရှားကုန်ပါပြီကွယ်။ သို့သော် ခြေစုန်း၊ လက်စုန်း၊ ပညာတတ်ထားရင်တော့ လက်ဆွဲနှုတ်ဆက် လက်ကိုင်ပြီ၊ လက္ခဏာကြည့်မိရုံမျှနဲ့ ပယောဂသွင်းလို့ရတယ်။ အရေးကြီးဆုံးက ကိုယ်က ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၊ သရဏဂုံသုံးပါးတည်နေရင် ဘယ်လို စုန်း၊ ကဝေ၊ ပညာသည်မှ ပြုစားလို့မရဘူး ... မှတ်ထား"

❀ ❀ ❀

# [၂]

❑

တစ်နေ့သောအခါ ကျွန်တော်နဲ့ အဖေဆရာကြီးတို့နှစ်ဦး ဟိုးအရှေ့ရွာတစ်ရွာက ပင့်လို့သွားကြတယ်။

အဲဒီရွာမှာ ယောကျ်ား၊ မိန်းမအချို့ လန့်၊ ငိုု၊ ရယ်၊ ကြောက်လန့်ပြေးလွှား၊ အစာမစား စသည့်ရောဂါဝေဒနာတွေကို ခံစားနေရလို့ ဆေးကုကြည့်ရှုဖြေရှင်းပေးပါလို့ လာပင့်ကြတာ။

"မင်းတို့ ... ဆေးခန်းမပြကြဘူးလား ဟဲ့ ..."

"ဆေးမှူးနဲ့ ပြပါတယ် ... အဘ။ အချို့ ရောဂါပျောက်ပြီး အချို့ရောဂါကပိုဆိုးလာသလို ရှိလို့ပါ ... အဘ"

"အေး ... လိုက်ခဲ့ရတာပေါ့"

အဲဒီရွာလည်းရောက်ရော ... မိန်းမဝဝ၊ ဖြူဖြူဖွေး၊ သနပ်ခါးပိန်းကျားနဲ့ ချောချောမိန်းမကြီးက ခရီးဦးကြိုပြုပါရော။

"အဖေကြီး ... သမီးတော်ကြီးအိမ်ကို အလျင်ကြွပါရှင်"

"သမီးတော်ကြီးနာမည်က ဘယ်လိုခေါ်သတုံးဗျာ"

"မကြီးစိန်ပါတဲ့ရှင် ..."

"အဖေကြီးလာမှာကို သိနေလို့လား"

"ဟဲ ... ဟဲ ... ဟဲ ... ဟဲ ... ရွာထဲကလူတွေ ပြောနေကြ ဥစ္စာ။ အဖေကြီးလာရင် ထမင်းတစ်နပ် ကျွေးမယ်လို့ ရည်မှန်းထားလို့ပါ ... အဖေကြီးရဲ့"

"ဒါဆိုလည်း လိုက်စားရသေးပေါ့ကွယ်"

ဒေါ်ကြီးစိန်ဆိုသူ အလွှန့်ကို ဝမ်းသာသွားပြီး ရှေ့ကနေ သုတ်သုတ် သုတ်သုတ်နဲ့ သွားတော့တာပဲ။

အိမ်ပေါ်ရောက်တော့ အဖေကြီးက ဘုရားကျောင်းဆောင်ကိုကြည့် ပြီးကန်တော့မလို့လုပ်တော့။

ဘုရားကျောင်းဆောင်ပေါ်မှာ ဘုရားပုံတော်ကားချပ် သေးသေး လေးပဲရှိပြီး ရှေ့တစ်ပြင်မှာတော့ ...

မင်းညီနောင်နတ်ရုပ်၊ ကိုးမြို့ရှင်နတ်ရုပ်၊ ဦးညိုကြီး တင်းဘုတ် ထမ်းနတ်ရုပ်၊ မနဲ့လေး၊ မင်းမဟာဂီရိ၊ နတ်ဘီလူး၊ ကိုကြီးကျော် စသည့် နတ်ရုပ်ပေါင်းစုံတို့ကို ပန်းတွေဝေဆာနဲ့ တွေ့ရပါရောဗျာ။

ထမင်းပွဲကြီး အသင့်ပြင်လို့။

ရွာထဲက တပည့်တပန်းများကလည်း ဆရာကြီး ရွာထဲမလာသေး လို့ ဒေါ်ကြီးစိန်အိမ်ထဲ မဝံ့မရဲနဲ့ ဝင်လာကြတယ်။

"ဟော့ ... သားတို့ ... အိမ်ပေါ်တက်လေ"

"ဟို ... ဟို ..."

"ဟဲ့ ... သောင်းကြိုင်တို့၊ မြင့်ဆွေတို့ ဘာအောက်မှာ ရပ်နေ တာတုံး။ ငါ့အိမ်ပေါ်တက်တော့ နင်တို့ ခြေဖဝါးနွံသွားမှာစိုးလို့လား။ ခု ... တက်ခဲ့ကြ"

ရွာအခေါ် နတ်ကတော် ဒေါ်ကြီးစိန်ရဲ့ မျက်စောင်းခဲပြီး ပြောလိုက် သံကြောင့် ရွာသားလေးငါးယောက် အိမ်ပေါ်ကို မဝံ့မရဲတက်လာခဲ့ကြ တယ်။

"ကိုင်း ... ဆရာကြီးတို့ ဆရာတပည့်၊ ထမင်းသုံးဆောင်ဖို့ ကြွ ကြပါရှင်။ ဟဲ့ ... သမီးတို့ နင့်အဘကို လက်ဆေးဖလုံပေး။ ဟိုသူငယ်





ရော ... စားကြနော်။ အားမနာနဲ့ ... ဟင်း ... ဟင်း ... ဟင်း ... ဟင်း"

"ဆရာကြီးတို့ လာမယ်ဆိုလို့ ဝမ်းသာနေကြတာ။ ဟော ... ဒါ သမီးတော်ကြီးနဲ့ ဟောဒီသမီးများလက်ရာပါပဲရှင်။ အားရပါးရ သုံးဆောင် နော် ..."

အဖေကြီးရော ကျွန်တော်ရော သူတစ်မိအိမ် ထမင်းစားရင် ထမင်း ပုံထဲ လက်ညှိုးစိုက်ပြီး သရဏဂုံကို ရွတ်လေ့ရှိတယ်။

ဒီလို ရွတ်က အသံမထွက်ရွတ်တော့ အိမ်ရှင်နတ်ကတော် ဒေါ်ကြီးစိန် နဲ့ သူ့သမီးများက အံကြိတ်ပြီး မျက်စောင်းတခဲခဲလုပ်လို့ ...။ မကြိုက်ဘူး နဲ့ တူပါရဲ့ဗျာ။

လှည့်ကြည့်ရင်တော့ အမြန်ပြုံးပြ ရယ်ပြပြီး ဘေးကနေ ယပ်ခတ် ပေးနေကြလေရဲ့။

ဒီနေရာမှာ ကျွန်တော်က အဖေ ဆရာကြီးရဲ့အထာနဲ့ လှုပ်ရှားမှု ကို ကြည့်နေရတယ်။

အဖေကြီးပြောတဲ့ စကားတစ်ခွန်းရှိတယ်။

"သား ... မောင်မှိုင်း ... ဘယ်ရွာ ... ဘယ်ဒေသကိုရောက် ရောက် သဗ္ဗါလို့ ထမင်းကျွေးကြသည့်တိုင် ငါ ခပ်တဲ့ဟင်းကိုပဲ မင်းနှိုက် ခပ်စား၊ ငါမနှိုက်တဲ့ဟင်းကို မင်းမနှိုက်နဲ့"

"ဘာဖြစ်လို့လဲ ... အဖေကြီး"

"အကြောင်းရှိလို့ ပြောတာပေါ့ကွာ"

ဒီစကားကို ပြန်သတိရပြီး အဖေ ဆရာကြီးခပ်တဲ့ဟင်းပဲ ကျွန်တော် ခပ်စားတယ်။

အဖေ ဆရာကြီး ပဲပြုတ်ကို ခပ်စားတယ်။

ကျွန်တော်လည်း ပဲပြုတ်ကိုပဲ ခပ်စားတယ်။

ဟင်းချိုသောက်တယ်၊ ကျွန်တော်လည်း သောက်တယ်။

အဖေကြီးက ကြက်သားဟင်း၊ ဝက်သားဟင်း၊ ငါးဆုပ်ချဉ်ရည်နဲ့ ပုစွန်တုပ်ဟင်းကို လုံးဝ ခပ်မစားဘူး။

စားချင်စရာပါဗျာ ... ပုစွန်တုပ်ကြီးတွေနယ်၊ အနှစ်နဲ့ ချက်ထားလို့ မွှေးနေတာပဲ။

ဝက်သားတစ်တုံး တစ်တုံး၊ ခေါက်ဆွဲကြော်ပန်းကန်လုံးလောက်ရှိတယ်။ တရုတ်ချက် ပဲငံပြာရည်နဲ့ ချက်ထားတာ အိနေတာပဲ။

"ဆရာကြီး ... ဟောဒါ ပုစွန်တုပ် ... ရော ..."

"နေနေ ... သမီးတော်ကြီး၊ အဘ ... မကြိုက်လို့ပါ"

"ဝက်သားရော ... ဆရာကြီး"

"သွားမကောင်းလို့ မဝါးနိုင်ပါဘူး ... သမီးရယ်"

ဒါနဲ့ ဒေါ်ကြီးစိန် ဟင်းတွေ ပြန်ချထားရတယ်။

"ဒီ ... ငါး ... ငါးဆုပ်ရော ... အဘဆရာကြီး"

"နေနေရတယ်၊ လိုမှ စားမယ်ကွယ်"

အဖေကြီးက ဟင်းကောင်းများကို ရှောင်တော့ ကျွန်တော်လည်း ရှောင်ရတာပေါ့။

မိန်းမပျိုလေးများ ထည့်ပေးမယ်လုပ်ရင် ကျွန်တော်က လက်ကာပြတော့ သူတို့က သိပ်မကြည်ကြဘူး။

ဒီမှာလည်း အဖေကြီး ပုစွန်တုပ်ကြီးတစ်ခွန်းနဲ့ ခပ်ရင်းက ...

"ရော ... ငါ့သမီးတော်ကြီး ... ပါးစပ်ဟ ... စားစမ်း"

"အို ... အဖေကြီးရဲ့ မစားပါရစေနဲ့ရှင်။ ဒါက အဖေဆရာကြီးအတွက်ပါ၊ စားပါ"

"ပါးစပ် ဟ,စမ်းပါကွယ်"

"မစားပါရစေနဲ့ရှင်၊ ကျေးဇူးပါပဲရှင် ... ဟင်း ... ဟင်း ... ဟင်း"

တစ်ခါ ငါးဆုပ်လုံးတစ်လုံးကို ခပ်ပြီး ...

"ဟဲ ... ယပ်ခပ်နေတဲ့ သမီးငယ်လေး"





"ရှင် ... အဘ"

"ရော ... ငါးဆုပ်လေးကွယ်။ မဆလာနဲ့ သင်းပြီး မွှေးနေတာပဲ သမီးလေး ပါးစပ်ဟ,စမ်း"

"အဟင်း ... အို ... အဘကလည်း သမီးက ငါးဆုပ်မကြိုက်ဘူး"

"ဒါဆို ဝက်သားစားစမ်း။ ပါးစပ်ဟ,ဟဲ့ ... သမီးရဲ့"

"မလုပ်ပါနဲ့ ... အဘရယ်၊ ဒါက အဘစားဖို့ပါ၊ သမီးတို့ ငဲ့ .. ငဲ့ကြီးပါ့မယ်ရှင်။ ကျွန်မ စားပါမယ်ရှင်"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"ကောင်းတယ်ဟေ့။ ကိုင်း ... ထမင်းဝိုင်း သိမ်းလိုက်တော့။ ဟေ့ ... မောင်မြင့်ဆွေရေ ..."

"ခင်ဗျာ ... အဘဆရာကြီး"

"မင်းတို့ရွာမှာ ရှိရှိသမျှ ခေါင်းမူး၊ အိပ်မပျော်၊ လန့်၊ ငိုု၊ ရယ်၊ မြွေတွေ၊ ကင်းတွေ ပျို့အန်လူနာ လူမမာမှန်သမျှ ဟောဒီက နတ်ကတော်မကြီးစိန်အိမ်ကို လာခဲ့ကြလို့ သွားပြောဟေ့"

"ဗျာ ... ဆရာကြီး။ ရွာထဲက အိမ်မှာစု"

"သွားသာ ခေါ်ခဲ့ကြပါ။ ဒီအိမ်ရောက်ရင် ပျောက်မှာပါ"

ကျွန်တော်တို့အားလုံး ဆရာကြီး ဘယ်လုပ်မလို့ပါလိမ့်။ နတ်ကတော် ဒေါ်ကြီးစိန်တို့သားအမိလေးယောက်လည်း မျက်စိမျက်နှာ ပျက်စ,ပြုနေပြီ။

မကြာပါဘူးဗျာ။

ရွာထဲက လူမမာ လူနာမျိုးစုံ အယောက်(၃၀)ခန့် အဘ ဆရာကြီးအမိန့်ကြောင့် နတ်ကတော်ကြီးအိမ်ပေါ်ကို မရဲတရဲ တက်လာကြပါရောဗျာ။

"ဟုတ်ပြီ ... ထိုင်ကြ။ ကိုင်း ... အိမ်ရှင်ငါ့သမီးကြီး နတ်ကတော် ဒေါ်ကြီးစိန်ရော အဖေကြီးအနားက ထိုင်ဗျာ"

ဒေါ်ကြီးစိန်ကလည်း ပရိသတ်ကို မျက်စောင်းထိုးကြည့်ပြီး အဖေ ဆရာကြီးအနီးမှာ လာထိုင်တယ်။

"ကိုင်း ... သားတို့ သမီးတို့ထံမှာ ဆေးမှုးနဲ့ကုလို့ မပျောက်တဲ့ ထူးဆန်းသောရောဂါများကို အဖေကြီး မကုပါဘူး"

"ရှင် ..."

"ဗျာ ..."

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... အဖေကြီး ကိုယ်စား မဟာဒီအိမ်ကြီးရှင် နတ်ကတော်မကြီးစိန်က ခုချက်ချင်း ပျောက်အောင် ကုပေးပါလိမ့်မယ်ဗျာ"

"ဟင် ..."

"ဘုရားရေ ..."

"ဒေါ်ကြီးစိန်က ကုမှာ"

"ကိုင်း ... သမီးတော်ကြီး မကြီးစိန်၊ သူတို့ တစ်ဦးချင်း ဖြစ်နေခံစားနေရတဲ့ ရောဂါဝေဒနာတွေကို သမီးကိုယ်တိုင် ထုတ်ပေးလိုက်စမ်း"

လူမမာ ရောဂါကုခံမည့်သူအားလုံး ကြားရသည့်စကားကြောင့် အလွန့်ကို အံ့အားသင့်နေကြတယ်။

ဒီအရပ်မှာ တစ်ခုခုဖြစ်လို့ နတ်ကတော်ကြီးကို မေးရင် ...

"ကွင်းပိုင်ကိုင်တာ၊ မင်းကြီးမင်းလေးကိုင်တာ၊ ရွာသူလုပ်တာ၊ ရွာဦးက ရွာတော်ရှင်နတ်ကွန်းမှာ ဘာလုပ်ပေးလိုက်၊ ပျောက်ရော"

သို့ကလို ပဟာပြောပြီးရင် နတ်ရေစင်မိုး နင့်နေအောင်တောင်းလို့ ရှိလည်းရှိ၊ ကြောက်လည်း ကြောက်နေရတာ။

ခုတော့ ...။

ဆရာကြီးက သင်းကို ကုခိုင်းဆိုတော့ ...။

ဒီမှာ နတ်တော် ဒေါ်ကြီးစိန်က ပျာပျာသလဲရပ်ပြီး ...





"အဘဆရာကြီးရှင့်"

"ဘာတုံး ... သမီးတော်ကြီး"

"ဒီလူနာများက ဆရာကြီးကုရမည့် လူနာများပါ။ ဆရာကြီးကို အားကိုးပြီး လာကြတာပါ။ သမီးတော်ကြီး မကုတတ်ပါဘူး ... ဆရာကြီးရှင့်။ ဆရာကြီးပဲ ကုပါရှင်"

"ညည်း ကုရမယ်။ ညည်းကုမှ အမြန်ပျောက်မှာ"

"ဆရာကြီး ... ကျွန် ... ကျွန်မ ဆေးမကုတတ်ပါဘူးရှင်။ ဒီမှာပဲ ဆရာကြီးက ဒေါ်ကြီးစိန်အနားကို တိုးကပ်ပြီး နားနားကပ်လို့ တိုးတိုးလေး ပြောလိုက်ရော"

နတ်ကတော် ဒေါ်ကြီးစိန် မျက်လုံးပြူးပြီး လန့်သွားတယ်။ ဆရာကြီးကလည်း သူမမျက်နှာကိုပဲ ပမာမခန့်ပြုံးပြီး စိုက်ကြည့်လိုက်ပြီး ...

"ညည်း ... ရောဂါပျောက်အောင် ကုပေးမှာလား။ ဒါမှမဟုတ် ညည်း ရွာထဲကနေ ပြောင်းသွားမှာလား ... ပြော"

"ကျွန်မ ..."

"ကုပေးမှာလား"

"ဟုတ် ... ဟုတ်ကဲ့ပါရှင့်"

"ကိုင်း ... ရေစင်ခွက်ကိုင်ပြီး သမီးတော်ကြီးရောဂါ အပျောက်ကုပေးစမ်း"

နောက်ဆုံး နတ်ကတော် ဒေါ်ကြီးစိန်က သူမကိုယ်တိုင် စီရင်တဲ့ ရေမန်းခွက်နဲ့ လူမမာတစ်ယောက်ပြီးတစ်ယောက်ကို ခြေဆင်းလုပ်နိုင်းပြီး။

ရေမန်းတိုက်လိုက်။

သပ်ချလိုက်၊ ဗိုက်ကို ဖိပေး၊ အထက်သပ်လှန်ပေးလုပ်လိုက် ရော။

ကြည့်စမ်းဗျာ ...

အချို့ လူမမာပါးစပ်ထဲက ဘဲဥအပုပ် အလုံးလိုက် ပြန်အန်ကျလာတယ်။ အံ့သြစရာကောင်းလိုက်တာ။

အချို့လူမမာပါးစပ်ထဲက ဆံပင်ခြည်တွေ၊ ပိုက်ဆံမတ်စေ့ ကျောက်စရစ်ခဲ စသည့်တို့ အန်ချကြတာ အားလုံး မျက်လုံးမျက်ဆန် ပြူးကျန်ကြပြီ။

အဲ့ဒါကိုကြည့်ပြီး ဆရာကြီးက သဘောကျလို့။

"တော်လိုက်တဲ့ ... ငါ့သမီးတော်ကြီးကွယ်၊ လုံးဝ မကျန်စေနဲ့ ချန်မထားနဲ့။ အဖေကြီး မြင်နေတယ်နော်"

"ထုတ် ... ထုတ် ... အကုန်အစင်ထုတ်"

"အော့ ... ဝေါ့ ..."

"အား ... အား ... ဝေါ့ ..."

"ဟုတ်ပြီ ... ဟဲ့ ... ဟိုကလေးမ ... ညည်း ဘာအန်တုံး"

"ကြက်ဦးခေါင်းအစိမ်းကြီး ... အဘ"

"အဲဒါ ... ပညာသည်ကဝေ မြှုစားလိုက်တာ ... သိလား"

"ဟုတ် ... ဟုတ် ..."

"အခုရော ... အောင့်သေးလား"

"မအောင့်တော့ပါဘူး ... အဘ"

"အဲဒါ ... ဟောဒီသမီးကြီး ကုတာနော်။ ငါကုတာမဟုတ်ဘူး"

"ဟင် ... ဟင်း ... ဟင်း ... ဟင်း ... အဘဆရာကြီးက တော့လေ"

ဒီလိုနဲ့ လူနာ (၃၀)ကျော်ကို ဒေါ်ကြီးစိန်တစ်ယောက်တည်း ရေမန်းတစ်ခွက်နဲ့ ကုပေးလိုက်တာ ပျောက်ကုန်ရော။ ရောဂါဆိုတာ ယူပစ်လိုက်သလိုပဲ။

လူမမာများကလည်း ငွေကြေး၊ သစ်သီးဝလံများနဲ့ တုံ့ပြန်ကုသိုလ်ယူကြတယ်၊ ကျေးဇူးတွေ တင်ကြလွန်းလို့။

ဒီလိုနဲ့ အိမ်ပေါ်မှာ လူရှင်းသွားတော့မှ ...

❀ ❀ ❀

[၃]

❑

"သမီးတော်ကြီး ..."

"ရှင် ..."

"တော်လှချည်လားကွယ် ... ဟင်"

"ဟင်း ... ဟင်း ... ဟင်း ... အဖေကြီးကြောင့်"

"ကိုယ့်အကြောင်းရော ကိုယ်သိရဲ့လား"

"......."

"ပြောလေ ... သိရဲ့လား။ အဘ ... ထုတ်ပြောရမှာလား"

"သိပါတယ်ရှင်"

"သမီး ... ဒီရွာမှာ ဆက်ပြီးနေချင်သလား။ အခြားအရပ်ဒေသကို ပြောင်းရွှေ့သွားချင်လား"

"ဒီအရပ်မှာပဲ နေချင်ပါတယ် ... အဘ"

"ဒီအရပ်မှာ နေချင်ရင် ဒီအရပ်က လူတွေကို ညည်း ဒုက္ခမပေးရဘူး ... ကြားလား"

"ဟုတ်ကဲ့ ..."

"ညည်း ... ဘာလဲ ... ငါသိတယ်"

"ဟုတ် ..."

"ညည်း ... ပညာအားလုံးကို ငါသိမ်းလိုက်ရမလား"

"......."

"ညည်းတို့မိသားစုအားလုံး သစ္စာဆိုကြ"

ဆရာကြီးရဲ့ ပညာအစွမ်းကို သူတို့မိသားစု သိသွားကြပြီ။ ဒါနဲ့ ဆရာကြီးရှေ့မှာ လက်အုပ်ချီကြတယ်။ လန့်လည်း လန့်သွားကြတယ်။

မယ်တော်ကြီးက သစ္စာရေခွက်ကို ကိုင်ထားတယ်။

"လိုက်ဆို ... ကျွန်မတို့သည် ..."

"ကျွန်မတို့သည် ..."

"ရွာသူရွာသားများအပေါ် ကျူးလွန်ခဲ့သည့် အမှားများကို ဝန်ခံပါ၏"

"ရွာသူရွာသားများအပေါ် ကျူးလွန်ခဲ့သည့် အမှားများကို ဝန်ခံပါ၏"

"ယနေ့ ... ယခုအချိန်မှစ၍ ..."

"ယနေ့ ... ယခုအချိန်မှစ၍ ..."

"ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို လေးစားပါမည်"

"ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို လေးစားပါမည်"

"ရပ်သူရွာသားတို့အား ..."

"ရပ်သူရွာသားတို့အား ..."

"ကျွန်မတို့ ရရှိတတ်ကျွမ်းသည့် ပညာနှင့် မနှိပ်စက်တော့ပါ"

"ကျွန်မတို့ ရရှိတတ်ကျွမ်းသည့် ပညာနှင့် မနှိပ်စက်တော့ပါ"

"နှိပ်စက်ကျူးလွန်ခြင်း၊ ပြစ်မှားစော်ကားခြင်း ..."

"နှိပ်စက်ကျူးလွန်ခြင်း၊ ပြစ်မှားစော်ကားခြင်း ..."





"မပြုမိခဲ့ပါလျှင် ..."

"မပြုမိခဲ့ပါလျှင် ..."

"ဒဏ်ပြန်အထိ ဖြစ်ရပါစေသား ..."

"ဒဏ်ပြန်အထိ ဖြစ်ရပါစေသား ..."

"တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါစေသား"

"တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါစေသား"

"သာဓု ... သာဓု ... သာဓု ... ရတနာမြတ်သုံးပါးကို ယုံကြည်ကိုးကွယ်သူများဖြစ်ပါစေ။ ဒီနေ့ကစပြီး ငရဲသွားမည့်လမ်းစဉ်အလုပ်များကို ချုပ်ငြိမ်းစွန့်ပယ်လို့ ... နိဗ္ဗာန်ကို မျက်မှောက်ပြုသော လမ်းကောင်းလမ်းမြတ်ကို ရွေးချယ်လျှောက်လှမ်းနိုင်ပါစေ"

ကျွန်တော်နဲ့ အဖေဆရာကြီးတို့ ဒေါ်ကြီးစိန်တို့အိမ်ကနေ ပြန်ထွက်လာတော့ ရွာသူရွာသား တပည့်များက မြေပဲ၊ ကြက်ဥ၊ ဘဲဥ၊ အသီးအနှံများကိုပေးပြီး၊ နွားလှည်းပေါ် အရောက်တင်ပေးကြပြီး ...

မြေပြင်မှာ ထိုင်ပြီးကန်တော့လို့ လက်ပြကျန်ရစ်ခဲ့ကြတယ်။

ဒီလို ရွာကနေ နှစ်နာရီကြာစီးပြီး ကားဂိတ်အနီးက လက်ဖက်ရည်ဆိုင်မှာ ဆရာတပည့် ထိုင်လို့ လက်ဖက်ရည် သောက်ကြတုံး ...

"အဖေကြီး ..."

"ဘာတုံး ... မောင်မှိုင်း"

"ကျွန်တော် မေးစရာရှိလို့ပါ ... အဖေကြီး"

"မေး ..."

"ဒေါ်ကြီးစိန်တို့အိမ်က ထမင်းကျွေးတုန်းက အဖေကြီးက ဘာကြောင့် ဝက်သား၊ ငါးဆုပ်၊ ပုစွန်တုပ်ဟင်းတို့ကို မစားရတာလဲ ဟင်"

"ငါ့သားကြီးက စားချင်လို့ပေါ့"

"အမှန်အတိုင်းပြောရရင် စားချင်နေတာပဲ ... အဖေကြီးရေ၊ အဖေကြီးကာင်ါခပ်တဲ့ဟင်းပဲ ခပ်စားပြောတော့ ... မခပ်ရဲဘူးပေါ့"

"ငါ့သားကြီး မြင်လိုက်လား"

"ဘာကိုလဲ ... အဘ"

"အဖေကြီး ... သူတို့သားအမိကို ငါးဆုပ်လုံးနဲ့ ပုစွန်တုပ် အတင်းကျွေးတာ ... သူတို့ မစားကြဘူး"

"ဟုတ်တယ်ဗျ ... ဘာလို့ သူတို့သားအမိက မစားတာတုံးဟင် အဖေကြီး"

"ဘယ်စားမှာတုံး ဟင်းအစစ်မှမဟုတ်တာ။ မစင်တုံးတွေဥစ္စာ"

"ဗျာ ... မစင်တုံးတွေ ... ဟုတ်လား ... အဖေကြီး"

"သိပ်ဟုတ်သပေါ့ကွာ။ သူတို့က မစင်တုံးကို ကာဝေပညာနဲ့ စီရင်ပြီး ငါးဆုပ်၊ ဝက်သား။ ပုစွန်တုပ်ဖြစ်အောင် လုပ်ပြီး ငါတို့ကို ကျွေးတာ။ ငါက အောက်လမ်းဂိုဏ်းမှမဟုတ်တာ။ ဟင်းပန်းကန်ကြည့်တာနဲ့ ဘယ်ဟာဟင်းအစစ်၊ ဘယ်ဟာ မစင်တုံး သိတာပေါ့။ သိလို့ သူတို့ဟင်း သူတို့ ပြန်ကျွေးရော။ ဘယ်သူမှ မစားကြဘူး။ သိလိုက်ပြီ ... ငါလိုလူကိုတောင် ဒီလိုလုပ်ရဲရင် ရွာသူရွာသားအချို့ကို သင်း ပြုစားတာပဲလို့ သိပြီ။ ဒီကောင်မ ပေါ့သေးသေးအဆင့် မဟုတ်ဘူး။

ဒါကြောင့် သင်းဇာတိရုပ်ပေါ်အောင် လူနာတွေ သင်းအိမ်ပေါ်ခေါ်ပြီး သင်းကို ပြန်ကုနိုင်းတာလေ။ ဒါတောင် သင်းက ငြင်းချင်တယ်။ မကုချင်ရင် နှင် ရွာထဲမှာနေချင်လား။ အခြားကို ထွက်သွားချင်လား။ ခပ်တင်းတင်းပြောမှ သင်းက သူလုပ်ထား ပြုစားထားတဲ့လူနာတွေကို သူ့ဘာသာကု ပညာပြန်နုတ်တာပဲကွ။ မြင်တယ်မဟုတ်လား။ လူနာတွေ ပါးစပ်ထဲက ဘာတွေထွက်လာတုံး"

"အစာအပင်းတွေ မျိုးစုံပဲ ... ဆရာကြီး"

"ဒါကြောင့် သင်းတို့ကို သစ္စာရေတိုက်ပြီး မလှုပ်ရဲအောင် ထိန်းလိုက်ရတာ ..."





"အဘဆရာကြီး ..."

"ဘာတုံး ... မောင်မှိုင်း"

"အဲဒီနတ်ကတော် ဒေါ်ကြီးစိန်က ဘာဖို့လို့တုံး ... ဆရာကြီးဟင်"

"မှတ်ထား ... သူက ပေါ့သေးသေးမဟုတ်ဘူး။ ပညာသည်ကဝေ"

"ဗျာ ... ပညာသည်ကဝေ"

ဘုရား ... ဘုရား ... တော်ပါသေးရဲ့ဗျာ။ သူတို့ကျွေးတာ ကိုယ်များ အစားငမ်းပြီးစားမိရင် အပင်းဒိုက်ထဲကို ရောက်ရော။

အဘဆရာကြီး ပါလို့သာပေါ့။

ခုမှပဲ ပညာသည်ကဝေဆိုတာကို နဖူးတွေ့၊ ဒူးတွေ့၊ ကိုယ်တွေ့ ကြုံခဲ့ရတယ်။

ကြည့်စမ်း ... ကဝေမကြီးရဲ့ သမီးသုံးယောက်ကလည်း ချောလိုက်၊ လှလိုက်တာဗျာ ... အမယ်လေ။

သူတို့လည်း ပညာသည် ပေါက်စတွေတဲ့ဗျို့။

ဘုရားစူး ... ရှုံ့ပါရဲ့ခင်ဗျ။

မောင်ညိုမှိုင်း(သန်လျင်)




[၁]

❑

ပြီးခဲ့တဲ့လတုန်းက ကျွန်တော် 'ပညာသည်ကာဝေ' အကြောင်းကို ဖဟုသုတအဖြစ် ရေးခဲ့ပါတယ်။ ကျွန်တော်သည် ဂမ္ဘီရပညာရှင် ဆရာအချို့နှင့် လိုက်ပါလေ့လာဆည်းပူးရင်း လွန်စွာ လျှို့ဝှက်ဆန်းကြယ်သည့် ဖြစ်ရပ်များကို မြင်တွေ့သိရှိခွင့် ရခဲ့ပါတယ်။

ကျွန်တော့်အမေပြောပြသည့် ဖြစ်ရပ်ကလည်း စိတ်ဝင်စားစရာပါပဲ။

အမေက တောသူပါ။

ကလေးအရွယ် ကျောင်းနေစဉ်အရွယ်ကတဲ့။

ကျွန်တော်တို့ရွာထိပ်မှာ ဒေါ်ရှင်ဆိုတဲ့ အဘွားကြီးတစ်ယောက်ရှိတယ်။

ရွာထိပ်မှာ တဲတစ်လုံးနဲ့ သီးခြားနေတာ။

အချို့က သူ့ကို စုန်းမကြီးလို့ ဆိုကြတယ်။

ကျယ်ကျယ်မပြောရဲကြဘူး။ တိုးတိုးတိတ်တိတ် လက်တို့ပြောရတာ။

အသားမည်းမည်း၊ ဝိန်ဝိန်ခြောက်ခြောက်၊ ပါးစပ်ထဲမှာ သွားတွေ မရှိတော့ဘူး။ သွားဖုံးချည်းပဲ ကျန်တယ်။

ဘယ်တော့မှ အင်္ကျီမဝတ်ဘူး။

ထမီရင်လျား၊ ချေးက လက်လေးသစ်နဲ့ နေတာတဲ့။

တစ်လတစ်ခါတော့ ရေချိုးတာ မြင်ရတယ်လို့ ပြောတယ်။ ရေချိုးတာ သူ့တဲအိမ်မှာ ချိုးတာမဟုတ်ဘူး။

ရွာအဝင် ချောင်းရေကူးရင်း ချိုးတာတဲ့။

အံ့ဩဖို့ကောင်းတာက ဒေါ်ရှင် ရေချိုးရေကူးရင် ရေငုပ်တာ အကြာကြီးပဲတဲ့ ခင်ဗျ။

အချို့က ရေအောက်ငုပ်လျှိုးသွားတာ မိနစ်(၂၀)၊ နာရီဝက်ကြာသည့်တိုင်အောင် ပြန်မပေါ်လာတော့ ...

ရေနစ် သေပြီမှတ်ကြပြီး ရွာထဲကလူတွေ ပြေးခေါ်ကြ၊ ပြေးလာကြ၊ မေးမြန်းကြ။

ရေကူးကျွမ်းကျင်သူတွေနဲ့ ရေငုပ်ရှာမယ်လုပ်ရော ဒေါ်ရှင် ရေထဲကသွားခနဲ ဆံပင်ရေစိုနဲ့ ပေါ်လာတာမြင်ပြီး လန့်သွားကြရပါသတဲ့ဗျာ။

ရေနစ်သေပြီး အစိမ်းသေ တစ္ဆေဖြစ်လို့ ကိုယ်ထင်ပြတယ် မှတ်ပြီး ပြေးကြရောတဲ့ ...။ မိန်းမသား၊ အဘွားအိုတစ်ယောက် ချောင်းရေအောက်မှာ နာရီဝက်ခန့်ကြာအောင် ငုပ်နေပြီးမှ ဖြုန်းခနဲ ပြန်ပေါ်လာတော့ အံ့ဩထိတ်လန့်ကြတာပေါ့။

တစ္ဆေလို့ ထင်မှတ်ကြတာပေါ့။

သို့သော် ဒေါ်ရှင်က မသေပါဘူး။ တစ္ဆေလည်း မဟုတ်ပါဘူးဗျာ။

ရေအောက်ကြမ်းပြင်က ဘဲဥတွေပါကောက်ပြီး အိမ်ပြန်တာမြင်ရတော့ ပိုအံ့ဩရပေါ့။

ချောင်းရေထဲကို ဘဲတွေဆင်းပြီး ရေကူးအစာရှာရင်း ဘဲက ဥဥချတယ်လေ။

စိတ်ကူးသစ်စာပေ



ချောင်းကနက်တော့ ဘယ်သူမှ တကူးတကန့် ရေငုပ်မရှာခဲ့ကြဘူး။

အခု ဒေါ်ရှင်က ရေကြာကြာငုပ်ပြီး ဘဲဥတွေ ကောက်ယူလာပြီတော့ စုန်းမကြီးဥစ္စာ ရေကြာကြာ ငုပ်နိုင်မှာပေါ့တဲ့ ...ဖြစ်ပြန်ပါရော။

ရုပ်ကလည်းဆိုးလွန်းတော့ ထုံးစံအတိုင်း မရှိုးနိုး။ မလှစုန်းယိုးပေါ့ဗျာ။

ရွာမှာ အသုဘပို့ပြီးပြန်လာလို့ ထိတ်လန့်သတိလစ်ရင် အပမှီသလိုလို သရဲပူးသလိုလိုရှိရင် အချို့က ရွာဦးဘုန်းကြီးကျောင်းကို ပြေးကြတယ်။

အချို့ကကျတော့ ဒေါ်ရှင်ပြုစားတာနေမှာပဲ။ ဒေါ်ရှင်ကို စားစရာလေး၊ ငွေစလေးနဲ့ တောင်းပန်မှဆိုပြီး လာကြရင် ...

"ဟဲ့ ... ဘာကိစ္စနဲ့ လာကြတာတုံး"

"ကျွန်မသားလေး လန့်လန့်နေလို့ပါ ... အမေ"

"ကျွန်တော့်မိန်းမ သန်းခေါင်ယံမှ ထ,ထငိုနေလို့ပါ ... အမေ"

"အိမ်တွင်းအုန်း အလိုလို ပြုတ်ကျလို့ပါ ... အမေ"

"အမေပဲ ကူညီပြီး ကုစားပေးပါဦး ... အမေ"

"ဒါလေးများအေ ... ဟောဟို မီးဖိုက ပြာနည်းနည်း ယူသွား။ အဲဒီပြာကို လန့်တဲ့ကလေးနဲ့ မိန်းမရဲ့ နဖူးကို တို့၊ လျှာပေါ်တို့၊ ခြေဖဝါးတို့လိုက်။ ပျောက်သွားလိမ့်မယ် ...ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ ... အမေ"

"ဟိုကောင် ..."

"ခင်ဗျာ ... အမေ"

"ပြုတ်ကျတဲ့ အိမ်တွင်းအုန်းကို အုတ်ခဲပေါ်တင်ပြီး ခွန့်၊ အသဲပြန်လုပ်။ ကောင်းသွားမယ် ... ကြားလား"

"ဟုတ် ... ဟုတ် ..."

စိတ်ကူးသစ်စာပေ

ဘာရယ်၊ ညာရယ် မဟုတ်ပါဘူးဗျာ။ ဒေါ်ရှင်ပြောတဲ့အတိုင်း လုပ်လိုက်တာ အလိုလိုကောင်းသွားရော။

အဲဒီလိုနဲ့ပဲ ဒေါ်ရှင် နာမည်ကြီးနေတာပဲ။

စုန်းမကြီးတဲ့ ...။

ကဝေမကြီးတဲ့ ...။

သူ မြူစားပြီး သူ့ဘာသာ ပြန်ကုလုပ်စားနေတာတဲ့။ အမှန်က ဒေါ်ရှင် လုပ်မစားပါဘူးတဲ့။

ရွာသူရွာသားတွေကို ကုသပေးလို့ ကန်တော့ပေးကမ်းတဲ့ ငွေစက္ကူများကို လုံးဝမယူဘဲ ဘုန်းကြီးကျောင်းကို သွားလှူတာ မြင်ရ ကြားရတော့။

ဒေါ်ရှင် စုန်းမမှဟုတ်ရဲ့လား။

ကဝေရော ... ဟုတ်ပ့ါမလား။

ဝမ်းတွင်းစုန်းရော ဟုတ်ရဲ့လား။

ပြောဆိုဝေဖန်ကြပြန်ရော။ သို့သော် ဒေါ်ရှင်ကို ကြောက်ကြရတာက ...

ဒေါ်ရှင်ဟာ လပြည့်နေ့ည သန်းခေါင်ယံရောက်ရင် ဆံပင်ဖားလျားနဲ့ မိုးကောင်းကင်ပေါ်က လမင်းကြီးကို လက်အုပ်ချီ မော့ကြည့်ပြီး ပါးစပ်ကနေ မန္တန်တွေ ရွတ်နေတာကိုလည်းကောင်း ...

သို့ကလို ရွတ်ဆိုနေချိန်မှာ ...

ကောင်းကင်ပေါ်မှာ လင်းတလို အကောင်ကြီးတွေ လေးငါးဆယ်ကောင်ပျံနေတာရယ်၊ ဝဲနေတာရယ်။

လင်ကောင်ပိုးမော် ဇှက်ဆိုးကြီးတွေ တဂီးဂီး တဂစ်ဂစ် အော်နေတာကို မြင်ရ ကြားရတော့ ပိုလန့်ပြီး ယိုးစွဲကြတော့တာပေါ့။

ဒီမှာ ထူးခြားတာက ...

✿ ✿ ✿

[၂]

❑

ဒေါ်ရှင် ကလေးတွေ ချစ်တာပဲ။ သူ့တဲဝန်းကျင်ရောက်လာတဲ့ ကလေးတွေကို ကန်စွန်းဥမီးဖုတ် ကျွေးတယ်။

မာလကာသီးတွေ ခေါ်ကျွေးတယ်။

လူကြီးတွေက သိရင် ကြောက်လန့်ကြ၊ ဆူကြ။

"အမလေး ... ဒေါ်ရှင်က ကန်စွန်းဥ ကျွေးသတဲ့"

"အဲဒါ ... အပင်းထည့်တာ နေမှာဟဲ့"

"ဘုရား ... ဘုရား ... ကယ်တော်မူပါဘုရား။ ဘယ်လိုလုပ်ရမှာတုံး။ ဟဲ့ ... သမီးဗိုက်ထဲမှာ ဘယ်လိုနေလဲ ဟင်"

"ဗိုက်ပြည့်ပြီး အားကို ရှိသွားတာပဲ ... အမေ"

"ဘုရား ... ဘုရား ..."

"ဟဲ့ ... မောင်စိန်၊ မင်း အဘွားကြီးကျွေးတဲ့ မာလကာသီး စားပြီး ဗိုက်မအောင့်ဘူးလား ဟင် ... ဟင်လို့"

"ဒီလိုချိုတဲ့ မာလကာသီးမျိုး ရွာထဲမှာ မရှိဘူးဗျ။ နောက်နေ့ကျ သွားစားဦးမှာပဲ"

မိဘတွေက စိုးရိမ်ထိတ်လန့်ကြ ...။

ကလေးတွေက ပျော်လို့ ...။

နောက်နေ့ သွားကြမယ်ချည်း ပြောလို့ ကြိမ်းမောင်း ဟန့်တားရတယ်။ ဟန့်တားလည်း မရဘူး သွားကြတာပဲ။

တစ်နေ့ နေခင်းပိုင်း အမေကြီးဒေါ်ရှင်တဲကို ရောက်သွားကြတယ်။ ကလေး ငါးယောက်။

ကျွန်တော့်အမေက ခေါင်းဆောင်ပဲ။

"ငါ့မြေးတွေ ရောက်လာပြီကိုး။ လာကြ ... လာကြ။ ကိုင်း ... ဒီနေ့ ဘာစားချင်ကြတုံးကွယ်"

"အမေကြီး ..."

"ပြောပါ ... မြေး"

"ပုစွန်ကျော် မီးဖုတ်စားချင်တယ်"

"သားက ကဏန်းမီးဖုတ်စားချင်တယ် ... အမေကြီး"

"အေး ... အေး ... စားရမယ်ကွယ် ... ခဏလေး"

သို့ကလိုပြောပြီး တဲတံစက်မြိတ်က ခနီအဖျားစကို ချိုးယူလို့ ရေအင်တုံလေးရှေ့မှာ ထိုင်လိုက်တယ်။

"ကိုင်း ... ငါ့မြေးများ စားချင်တဲ့ ပုစွန်ကျော်ကြီးများ ရောက်တော့ ..."

ပါးစပ်ကပြောရင်း ခနီစလေးတွေကို ရေအင်တုံထဲ ပစ်ချလိုက်ရော ...

အလို ...

ရေထဲမှာ ပုစွန်ကျော်တွေ ခုန်ကူးနေတာ အမေတို့ကလေးများ အလွန်အံ့ဩပြီး ပျော်လည်းပျော်ကြသတဲ့။

အံ့ဩစရာ ကောင်းလိုက်တာ။

ခနီစလေးတွေ ရေပေါ်ပစ်ချလိုက်ရင်း လက်သန်းသာသာ ပုစွန်ကျော်ချည်းတွေ ဖြစ်ကုန်တာပဲ။





ပြီးလည်း ပြီးရော ...

ပုစွန်ကျော်တွေကို သယ်ယူပြီး မီးကျီးခဲပေါ်မှာ တင်ဖုတ်လိုက်ရော။ မွှေးလိုက်တဲ့ အနံ့ရယ်။

အမေ (မမြရီ) တို့ကလေးတွေ ပါးစပ်က သွားရည်ကျကြပါရော။

"အမေကြီး ..."

"အေ ..."

"မြန်မြန်ဖုတ်ပါ ... အမေကြီးရဲ့"

"စားချင်ပြီလား ဟဲ့"

"ဟုတ် ..."

"ကိုင်း ... ရော့ ... ရော့ ... စားကြ ... စားကြ"

ပုစွန်မီးဖုတ်ကို အခွံလေးသင်ပြီး အားရပါးရ စားလိုက်ကြတာ ကုန်ရော။ ပြီး ... ရေအိုးစင်က ရေကို တစ်ဝသောက်ကြတယ်။

"စားလို့ကောင်းရဲ့လား ... ကလေးတို့ရဲ့"

"ကောင်းတယ် ... အမေကြီး"

"အမေကြီး ... သမီးတို့ ပြန်တော့မယ်နော်"

"အေး ... အေး ... နောက်နေ့လည်း လာကြကွယ်။ ငါးတွေ ကင်ကျွေးမယ် သိလား"

"ဟုတ် ... ဟုတ် ..."

"မြေးတို့ရေ ..."

"ရှင် ... အမေကြီး ... ဘာလဲဟင်"

"အခု မြေးတို့ ပုစွန်ကျော် မီးဖုတ်စားတဲ့အကြောင်း ဘယ်သူမှ လျှောက်မပြောကြနဲ့နော်"

"ဟုတ်ကဲ့ပါရှင်"

"အမေကြီး ... ကျန်းမာချမ်းသာပါစေ"

"အေး ... အေး ... ငါ့မြေးများလည်း ကျန်းမာချမ်းသာ၍ အန္တရာယ်ကင်း အေးရှင်းကြပါစေသော်"

ရွာထဲလည်း ပြန်ရောက်ကြရော ...

ကလေးတွေဆိုတော့ ပါးစပ်မလုံကြဘူးလေ ...

အဲဒါ လူကြီးတွေသိပြီး လန့်ကြ၊ ကြောက်လို့ ရွာဦးကျောင်းဆရာတော်ထံ ခေါ်သွား၊ စစ်ဆေး ရေမန်းတိုက်ရတယ်။

✿ ✿ ✿

[၃]

❑

"ဘုန်းဘုရား ..."

"ဘာတုံး"

"ကလေးတွေ ဝမ်းဗိုက်ထဲမှာ အပင်းများ ရောက်နေပြီလားဘုရား"

"ဘာအပင်းမှ မရှိဘူး။ သူတို့လည်း ဘာမှမဖြစ်ကြဘူး။ အားလုံးကောင်းတယ်"

"ဒေါ်ရှင်က မနိစကို ပုစွန်ဖြစ်အောင်လုပ် ..."

"လျှာမရှည်နဲ့ သွားကြ။ နောက်နေ့ ကလေးတွေ တစ်ခုခုဖြစ်ရင်သာ ငါ့ကျောင်းကို ပြန်လာခဲ့ကြ"

"မှန် ... မှန်ပါဘုရား"

သူတို့ ပြန်ဆင်းသွားကြတယ်။ နောက်နေ့မှာလည်း ကလေးတွေ ဘာမှမဖြစ်ကြဘူး ကောင်းလို့။

တစ်နေ့တော့ ထူးခြားတာကို မြင်ကြရတယ်။

စိတ်ကူးသစ်စာပေ

ရွာဦးကျောင်းဆရာတော် စုန်းမကြီး ဒေါ်ရှင်တဲကနေ ပြန်ထွက်

[illegible]ကို ရွာသူရွာသားအချို့ မြင်လိုက်ရတာ ...

ဘာလာလုပ်တာပါတုံး ဘုရားလို့ မမေးရဲဘူး။

နောက်နေ့မနက် စောစောမှာတော့ ...

စုန်းမကြီးဒေါ်ရှင်ဟာ လက်အုပ်ချီပြီး တစ်ရွာလုံးကို လှည့်တယ်။ အိမ်ရှေ့ရောက်ရင် လက်အုပ်ချီ ရွတ်ဖတ်တယ်။ မည်သူ့ကိုမှ စကား တစ်ခွန်း မပြောဘူး။

ညနေရောက်တော့ ရွာဦးကျောင်းစေတီမှာ ပန်းရေချမ်းကပ်ပြီး တံမြက်လှည်းသတဲ့။

နောက်နေ့မိုးလင်းလို့ ကလေးတွေ အမယ်ကြီးဒေါ်ရှင်တဲကိုရောက် တော့ အမေကြီးဒေါ်ရှင် မရှိတော့ဘူး။

စားအိုးစားခွက်တွေလည်း ကျန်ရစ်ခဲ့တယ်။

အော်ခေါ်ကြလည်း အသံမပြုဘူး။

နောက်ဆုံး အမေတို့ကလေးတွေ ငိုပြီး ပြန်လာခဲ့ကြတယ်။ ဒီတော့ မှ လူကြီးတွေလည်း သူတို့အခေါ် စုန်းမကြီး ဒေါ်ရှင်မရှိမှန်း သိကြရ တယ်။

ရွာဦးကျောင်းဆရာတော်ကို မေးမြန်းလျှောက်ထားကြည့်တော့—

မင်းတို့ပြောနေတဲ့ စုန်းမကြီး ဒေါ်ရှင်ခေါ် ဒကာမကြီး ဒေါ်ရှင်ကို တွေ့ချင်ရင် ပုပ္ပားတောင်ပေါ် လိုက်သွားပြီး ကြည့် ... တဲ့။

✿ ✿ ✿

[၄]

❑

ကျွန်တော်တို့အမေ ပြောပြတဲ့ ပညာသည်အကြောင်း ကြားပြီးမှ တော့။

ဒေါ်ရှင်လို ကလေးတွေချစ်တတ်တဲ့ စုန်း (သို့) ကဝေပညာသည် ကို တွေ့ချင်၊ ခင်ချင်စိတ်တွေ ဖြစ်ခဲ့ပါရော။

တစ်ခါ ...

ကျွန်တော်တို့ရဲ့ အမေဆရာကြီး၊ အဘဆရာကြီး၊ ရွှေရင်ကျော် ဦးတင်မောင်(ဝင်း) (ယခုကွယ်လွန်)နှင့်အတူ ကြုံခဲ့ရတဲ့ ပညာသည် မိန်းမ ကြီးကိုကျတော့ ...။

မိသားစုများ ရှောပါစေရဲ့၊ လှကြပါစေရဲ့။

သို့သော် လူတစ်ယောက်ကိုလိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို ပြုစားတတ်သော၊ ဒုက္ခပေးတတ်သော မိစ္ဆာဒိဋ္ဌိအယူမှားသူများလို့ သိရ တော့လည်း ...

ရှုမိပါရဲ့၊ စိုးမိပါရဲ့၊ ရင်လည်း တုန်ခဲ့ရပါရဲ့။

စိတ်ကူးသစ်တာပေ

တစ်နေ့လည်းရောက်ရော် မိတ်ဆွေ စာရေးဆရာကြီး မောင်စိန်လွင် (ဥသာ)က ပညာသည် တစ်ယောက်အကြောင်း ဇာတ်လမ်းလေး ပြောပြခဲ့တယ်။

သူတို့မိဘများ ပြောပြသွားတာလိုလို ...

ဆရာတို့ရဲ့ အသိများ ကြုံခဲ့ရတာလိုလို ...

ပြောပြတာ ကြာခဲ့ပါပြီ။ စုန်း၊ ကဝေများအကြောင်း စပ်မိရာမှ ဆရာစိန်ပြောပြသည့် ဇာတ်လမ်းလေးကိုလည်း ဗဟုသုတအဖြစ် ရေးပြချင်တာပါ။

အကယ်၍ ယခုဖော်ပြသည့် အကြောင်းအရာသည် တစ်စုံတစ်ယောက်များ ရေးခဲ့၊ ပြောခဲ့ပြီး ဖြစ်ပါလျှင် ...

ကျွန်တော် ထပ်တူပြု ခိုးချ၊ ဇာတ်လမ်းခိုးချသည်ဟု အထင်တော့ မလွှဲကြပါနှင့် ...

ကြိုတင်၍ တောင်းပန်ပါတယ်။ ကျွန်တော် ရေးနေသည့် စုန်း၊ ကဝေ ပညာများအကြောင်းနှင့် စပ်လျဉ်းနေပါ၍ ကျမ်းကိုးပြုသည့် သဘောနှင့် ရေးသားရခြင်းဖြစ်သည်ဟု ယူဆစေချင်ပါတယ်။

ကျေးဇူးတင်ပါတယ်။

ဖြစ်ပုံ၊ ကြုံရပုံက ဒီလိုပါ။

တစ်နေ့ ကိုလွန်းမေဆိုတဲ့ မြန်မာတိုင်းရင်းဆေးဆရာတစ်ဦးဟာ တကြုံနဲ့ လုပ်မှာလို့။

ပတ္တမြားကုန်းဆိုရွာကို ဆေးကုသွားဖို့ ပြင်ဆင်နေတုန်း အသိ ဆေးဆရာတစ်ဦးက မြင်လို့ မေးတယ်။

"ဆရာလွန်း ... အထုပ်အပိုးတွေပြင်လို့ ... ဘယ်တုံး"

"ဆေးကုဖို့ စာရောက်တာနဲ့ သွားမလို့ ... ဆရာရွှေ"

"ဘယ်ရွာတုံး ... ဆရာလွန်းရဲ့"

"ပတ္တမြားကုန်းရွာပါ ... ဆရာရွှေ"





"ဗျာ ... ပတ္တမြားကုန်း ... ဟုတ်လား။ ရောဝတီမြစ်ရိုးနားက ရွာကြီးမဟုတ်လား ... ဆရာလွန်း"

"ဟုတ်တာပေါ့ဗျာ ... ဆရာရွှေလည်း ရောက်ခဲ့ဖူးတယ်နဲ့တူရဲ့"

"ဆရာလွန်း"

"ပြော ... ဆရာရွှေ"

"ဆရာလွန်း ... အဲဒီရွာကြီးကို ရောက်ဖူးလား"

"ဟင့်အင်း ... ခုမှ ရောက်ဖူးအောင် သွားမှာဗျ"

"ဟင် ... ဒါဆို ခင်ဗျားကို ကြိုမှာလိုက်ပါရစေဗျာ။ ဒီမှာ ... ဆရာလွန်းရေ၊ အဲဒီပတ္တမြားရွာ ရေဆိပ်ကိုရောက်ရင် ရေဆိပ်ညောင်ပင်ကြီး အောက်မှာ ဒေါ်ဆလိမ်ဆိုတဲ့ ပိန်ပိန်မည်းမည်း၊ မျက်လုံးပြူးပြူး၊ ခေါင်းတုန်တုန်နဲ့ ပြောင်းဖူးဖက် ဆေးလိပ်ကြီးဖွာနေတဲ့ မိန်းမကြီးတစ်ယောက်ကို တွေ့လိမ့်မယ်နော်"

"တွေ့တော့ ..."

"တွေ့ခဲ့ရင်တော့ ခင်ဗျား အဲဒီအဘွားကြီး ဒေါ်ဆလိမ်ကို ရိုရိုသေသေ ဆက်ဆံနော်။ ပြီးရင် ... ခင်ဗျား ပါသွားတဲ့ စားဦးစားဖျားလည်း သူ့ကို လက်ဆောင်ပေးဗျ ... ဆရာလွန်းရ"

"ဘာဖြစ်လို့ ပေးရတာတုံး ... ဆရာရွှေရဲ့"

"အဲဒီ ဒေါ်ဆလိမ်ဆိုတဲ့ အဘွားကြီးက ထူးဆန်းတယ်၊ တစ်ရွာလုံးကလည်း သူ့ကို ကြောက်ရွံ့ကြတယ်၊ ဒီရွာဘက်ကို ဆေးကုသွားတဲ့ ဆရာပေါက်စရော၊ ဆရာကြီးများရော အတော်များများက ဒေါ်ဆလိမ်ကို ဦးတိုက်ပြီးမှ ရွာထဲဝင် ဆေးကုလို့ရတယ်"

"သူ့ကို ဦးမတိုက်ရင်ရောဗျာ"

"သူ့ကို ဂါရဝမပြုဘဲ ဆေးကုသွားရင် အဲဒီဆရာ လုံးဝဆေးကုလို့မရဘူး။ ဆေးကုလို့ မရတဲ့အပြင် ခွေးကိုက်ခံရ၊ မြွေကိုက်ခံရ၊ ရွာမှာပဲ ဝမ်းလျှောအော့အန် စကားမပြောနိုင်၊ ရူးကြောင်ကြောင် ဖြစ်ကြရောဗျ"

"[illegible] ဟုတ်ပါ့မလားဗျာ''

"[illegible] မသိဘူးဗျာ။ နာမည်တော့ ကြီးနေတာပဲ။ သူ့များ ဦးတိုက် [illegible] စားရောလက်ဆောင်များ ပေးသွားရင်တော့ ဆေးကုသွားမည့် [illegible]ကြောင်းတစ်ခုလုံး ဖြူးနေတာပဲ။ ဆေးလည်း စွမ်းမယ်။ ငွေလည်း ရမယ်။ နာမည်လည်း ကျော်မယ် ... သိလား။ ခင်ဗျား အဲဒီကို သွားမှာဆိုတော့ ကြိုသတိပေးလိုက်တာပါ။ ယုံလည်း ခင်ဗျားအကျိုးပဲ။ မယုံလည်း ခင်ဗျား အကျိုးပဲ။ ကိုင်း ... သွားမယ်ဗျို့''

မိတ်ဆွေ ဆေးဆရာ ပြန်သွားတော့မှ ဆေးလွယ်အိတ်နှင့် အဝတ်အိတ်ကို ကောက်ယူပြီး ကားကြီးဂိတ်ရှိရာကို လာခဲ့လိုက်တယ်။

✿ ✿ ✿

[၅]

ဦးကိုကိုလွင်
ယာဉ်စီးကုန်ကူးနှင့်လက်မှတ်ဝန်ဆောင်မှု
ဖုန်း ၀၉-၄၂၀၉၀၅၀၄၄

ကားတစ်တန်၊ မော်တော်တစ်တန် စီးပြီး ညနေစောင်းလောက်မှာ ပတ္တမြားရွာရေဆိပ်ကို ဆိုက်တော့တယ်။

ရေဆိပ်မှာ လူအတက်အဆင်း အနည်းငယ်ရှိတယ်။

ရွာထဲကို လူစိမ်းလာလို့လား မသိဘူး။ ဝိုင်းပြီး အကဲခတ်နေကြတယ်။ ဒါနဲ့ ဒီရွာက ကိုစိုးကြီးအိမ် သိချင်တာနဲ့ ...

"ဒီမှာဗျာ ... နောင်ကြီးရာ၊ ပတ္တမြားရွာက ကိုစိုးကြီးတို့အိမ်များ သိပါသလား ခင်ဗျာ''

"သိတာပေါ့ဗျာ။ ရွာလယ်တံတားကြီးကို ကျော်လိုက်ရင် ကုန်စုံဆိုင်ကိုစိုးကြီးအိမ်ပဲ။ ကျွန်တော်လည်း အဲဒီအရှေ့နားမှာ နေတာဗျ။ လိုက်ခဲ့လေ''

ဒါနှင့် ရွာခံလူအသိနဲ့ ရေဆိပ်ကနေ ကုန်းပေါ် တက်လာခဲ့ကြရော ညောင်ပင်ကြီးတစ်ပင်အောက်ကနေ ဝိန်းမကြီးတစ်ယောက်က သူ့ကို ခါးထောက်ပြီး စိုက်ကြည့်နေတာ။

ဝိန်ဝိန်ရှည်ရှည်၊ အသားမည်းမည်း။

မျက်လုံးပြူးပြူးနဲ့ ခေါင်းတုန်တုန် မိန်းမကြီး။ အလို ... ဒီမိန်းမကြီးအသွင်သဏ္ဌာန်က ဆရာရွှေပြောတဲ့ ဒေါ်ဆလိမ်ဆိုတဲ့ ထူးဆန်းသော မိန်းမကြီးများလော။

သို့ကလို သူက သူတို့နှစ်ဦးကို ရန်လိုအကဲခတ်မျက်လုံးနဲ့ စိုက်ကြည့်နေတာကို ရှာခံလူက မြင်လိုက်ရော .. ဆရာလွန်းအနီးကနေ ဖယ်ကျဉ်ပြီး အမြန်သွားပါလေရော။

ဟုတ်ပါပြီ ...

ဒါက ဆရာရွှေပြောတဲ့ ဒေါ်ဆလိမ်နေမှာပါ။

ဒါနဲ့ ဆရာလွန်းက ဒေါ်ဆလိမ်ရှိရာကိုတန်းသွားလိုက်ပြီး ရှေ့လည်း ရောက်ရော ...

"အမေ ... ဒေါ်ဆလိမ်ပါလား၊ ခင်ဗျာ"

ရှိရှိသေသေ နှုတ်ဆက်လိုက်တယ်။

"မင်းက မြို့က ဆေးဆရာလား"

"ဟုတ်ပါတယ် ... အမေ"

"ဒီရွာကို ဘာလာလုပ်တာလဲ"

"လူမမာများကို ဆေးကုပေးမလို့ပါ ... အမေ။ ရွာကိုဝင်ရင် အမေဒေါ်ဆလိမ်ကို ဝင်ပြီး ဂါရဝပြုရမယ်ဆိုတာ နားလည်သဘောပေါက်လို့ အမေ့ကို ဂါရဝပြုရင်း ဟောဒီမြို့ကပါလာတဲ့ စားဖွယ်ရာများ အမေ့ကို လှူပါတယ် အမေ"

ဆရာလွန်းက ပြောရင်းကနေ ငါးသေတ္တာဘူး၊ နို့ဆီ၊ သကြား၊ ပေါင်မုန့်များကို ဒေါ်ဆလိမ်ထံ ရိုရိုသေသေ ပေးလိုက်ရော ...

"မင်းက တော်သားပဲ။ ဟိုအရင်ကလာတဲ့ကောင်တွေနဲ့ တခြားစီပဲ။ ငါကလည်း အဲဒါမျိုးမှ ကြိုက်တာ။ ဒါထက် မင်းနာမည်က ..."

"မောင်လွန်းဖေလို့ ခေါ်ပါတယ် ... အမေ"





"အေး ... အေး ... မောင်လွန်းဖေ ... မင်းက တော်ပါပေတယ်။ သွား ... ဟောဒီရွာထဲမှာ ကြိုက်ရာအိမ် ဆေးဝင်ကု၊ အားလုံး အဆင်ပြေရစေမယ်ဟေ့။ ဒါနဲ့ တစ်ယောက်ယောက်ကများ မင်းကို ဘာဘာညာညာ ရန်လာလုပ်ရင် ငါ့နာမည်ပြောလိုက် ... ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ပါ ... အမေ"

"မောင်လွန်းဖေ ..."

"ခင်ဗျာ ... အမေကြီး"

'ပြန်ရင် ... ငါ့အိမ် ဝင်ခဲ့ဦး။ ထမင်းစားပြီးမှ ပြန်၊ မမေ့နဲ့နော်"

"ဟုတ်ကဲ့ပါ ... အမေ"

"ကိုင်း ... သွားတော့"

ဆရာလွန်းဖေ ဝမ်းသာအားရ ရွာထဲကို ဝင်ခဲ့ပြီး ကိုစိုးကြီးတို့အိမ်မှာ တည်းလို့ ရောဂါဝေဒနာရှင်များကို ဆေးကုသပေးလိုက်တာ နှစ်ရက်အတွင်း ရောဂါပျောက်ကုန်ရော ...။

"စွမ်းလိုက်တဲ့ ... ဆရာလေးဟယ်"

"လှူငယ်ပေမယ့် သူ့ဆေးက စွမ်းတယ်ဟဲ့"

"ညဘက် လန့်လန့်အော်တဲ့ မစိန်မြင့်သားလေး ... ဆရာလေးဆေးနဲ့ ပျောက်တာ အံ့စရာပဲ"

"လေငန်းဆွဲနေတဲ့ ကိုဖေဇော်ကြီး ဆရာဆေးသုံးခွက်နဲ့ စကားပြောနိုင်တာများ ... အံ့ရော"

"ကျော်ဦးရဲ့ ဖွတ်စအိုနာလည်း သက်သာဆိုပဲ"

ဆရာလွန်းကို လေးစားကျေးဇူးတင်ကြလို့ ...။

ငွေသားများ၊ ကြက်ဥ၊ ဘဲဥများ၊ သစ်သီးဝလံနှင့် ငါးခြောက်၊ ငါးခြမ်းများကို ပေးကြသည့်အပြင် နေ့တိုင်း ဟင်းကောင်းဟင်းလျာများနဲ့ ကျွေးကြတယ်။

✿ ✿ ✿

## [၆]

❑

''အရင်တုန်းက ဆရာအချို့ကို ဆေးမစွမ်းသည့်အပြင် ဘာဖြစ်မှန်းမသိဘဲ ဆရာကိုယ်တိုင် ပုဆိုးချွတ်ပြီး ပြေးပါရော ဆရာရယ် ...''

ပြန်မည့်မနက်မှာ အားလုံး ဝိုင်းကန်တော့ကြတယ်။

''နောက်ကိုလည်း ကျွန်မတို့ရွာကို မကြာမကြာ လှည့်လာပေးပါဆရာ''

''ကောင်းပါပြီဗျာ''

''အကြောင်းကြီးရင် စာရေးမှာပါရစေနော် ... ဆရာ''

''မှာပါ ... မှာပါ ... ဆက်ဆက်လာခဲ့ပါ့မယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေ ... ကျေးဇူး''

အဲဒီ အထုပ်အပိုးများနဲ့ ရေဆိပ်လည်း ရောက်ရော အမေကြီး ဒေါ်ဆလိမ်ကို ညောင်ပင်အောက်မှာ မြင်ရပါရော။

''ပြန်လာပြီလားဟေ့ ... ဆေးဆရာလေး''

''ဟုတ်ကဲ့ ... အမေကြီး။ ပြန်လာပါပြီခင်ဗျာ''

''အဆင်ပြေတယ် မဟုတ်လားဟေ့''

''ပြေပါတယ် ... အမေကြီးခင်ဗျ''

''ငါပြောသားပဲ။ ကိုင်း ... မင်းကို ငါ ထမင်းပွဲနဲ့ စောင့်နေတာကြာပြီဟဲ့။ ကိုင်း ... အိမ်ကို သွားကြစို့''





အမေကြီး ဒေါ်ဆလိမ်ရဲ့အိမ်ကိုရောက်ရော ... အလို ... အိမ်ပေါ်မှာ ဘုရားစင်လည်းမရှိဘူး။

ခုံတန်းပေါ်မှာ နတ်ရုပ်မျိုးစုံ၊ ဘီလူးခေါင်းမျိုးစုံနဲ့ ရောမ ကျောက်ပျဉ်ကြီးကို မြင်ရတယ်။

''ကိုင်း ... စား''

ထမင်းပွဲကို တစ်ယောက်တည်း စားရတာ ...

''အမေကြီး ... ဝင်စားလေ''

''မင်းအတွက် သီးသန့်လုပ်ထားတာ၊ အဝသာစား''

ကြက်သားဟင်း ဆီပြန်၊ ငါးချဉ်ရေဟင်း။ တညင်းသီးတို့စရာ၊ ငှက်ပျောဖူးသုတ်၊ ငါးပိဖျော်ရည်နဲ့ စားလို့ကောင်းလိုက်တာ။

ဒီအမေကြီး ဒေါ်ဆလိမ်ဟာ ဟင်းချက်တယ်ကောင်းပဲ။

စားလို့ ပြီးတော့ ...

ကြက်ဉ၊ ဘဲဉ၊ မြေပဲ၊ ပျားရည်၊ နွားနို့များနဲ့ ငွေသားအချို့ကို ထပ်မံကန်တော့လိုက်တယ်။

ဆု လုံးဝမပေးဘူး။ ကျန်းမာချမ်းသာပါစေ မပြောဘူး။

''မင်း ... ဘယ်နေ့လာဦးမလဲ''

''အဆင်ပြေမည့်နေ့ လာခဲ့ပါ့မယ် ... အမေ''

''အေး ... အေး ... သွားတော့''

အမေကြီးကို အရိုအသေပြုပြီး အထုပ်အပိုးများဆွဲလို့ ထွက်အလာခြံအပြင်လည်း ရောက်ရော ...

''ကတော် ... ကတော် ... ကတော် ...''

''ဟ ... ဟ ... ဘာလဲဟ''

''ကတော် ... ကတော် ... ကတော် ...''

''ဟင် ...''

ကြက်မအော်တဲ့အသံနဲ့ ကြက်ဖ အော်သည့်အသံမျိုးတွေက သူ့ဝမ်းဗိုက်ထဲကနေ အော်နေတာ။

✿ ✿ ✿

[၇]

❑

ဟုတ်ရဲ့လား … မဖြစ်နိုင်ပါဘူး။

ဒါနဲ့ အကျီလှန်ပြီး ဝမ်းဗိုက် ငုံ့ကြည့်လိုက်ရော …

"အား … အား … အလာ … အား …"

ဘုရားရေ … ဝမ်းဗိုက်ရဲ့ နံရိုးသားတွေကို ကြွက်ခြေထောက်နဲ့ ကုတ်ခြစ်သလို ခံစားရပြီး နာလွန်းလို့ အော်လိုက်ရတယ်။

"ကွတ် … ကွတ် …"

"ဟင် …"

"ကတော် … ကတော် … ကတော်"

"ဘုရား … ဘုရား … ငါဗိုက်ထဲက ကြွက်တွန်သံ၊ အစာကောက်သံ၊ ကတော်သံ ကြားနေရတာပါလား"

ဗိုက်ထဲမှာ လှုပ်နေတယ်၊ လူးလွန့်နေတယ်။

အခံရခက်တာက အူနံရံကို နှုတ်သီးနဲ့ ပေါက်တာရယ်၊ ခြေထောက်နဲ့ အစာယက်သလို ယက်ထုတ်တာက အသည်းနိုက်အောင်ကို နာတာ။

နာလွန်းလို့ မျက်ရည်ပေါက်ပေါက် ကျခဲ့ရတယ်။

ဆရာလွန်းဖေ ဗိုက်ကို လက်နှင့်နှိပ်ရင်း မျက်ရည်စက်လက်နဲ့ ငိုးစားတယ်။





"ငါ ရွာထဲက စားတဲ့အစားအစာတွေကြောင့်တော့ မဖြစ်နိုင်ဘူး။ အခုဗိုက်ထဲမှာ ဖြစ်နေတာက အလွန်ထူးဆန်းနေ …"

"စောစောက ငါ ဒေါ်ဆလိမ်ကျွေးတဲ့ ကြက်သားဟင်းနဲ့ ထမင်းစားပြီး အပြန်မှာမှ ကောက်ကာငင်ကာဖြစ်ရတာ။ မဟုတ်မှလွဲရော လူထူးဆန်း ဒေါ်ဆလိမ်ပဲ ငါ့ကို ပြုစားလိုက်တာများလားပဲ။ ဒေါ်ဆလိမ်က ဘာတုံး။ ပညာသည်လား၊ စုန်းလား၊ ငါလည်း မသိဘူး။ ဖြစ်ချင်ရာဖြစ်ဟာ … သူကျွေးတဲ့ ကြက်သားစားပြီးမှဖြစ်ရတာ သူ့ပြောပြီး မေတ္တာရပ်ရမှာပဲ"

သည့်နောက် ဒေါ်ဆလိမ်အိမ်ကို ပြန်လှည့်ဝင်တော့ ဒေါ်ဆလိမ် ဆေးပေါ့လိပ်ကြီးကို ခေါင်းတုန်မေးတုန်နဲ့ သောက်ပြီး သူဝင်လာတာကို ကြည့်ရင်းက …

"မောင်လွန်းဖေ … ဘာကျန်ခဲ့လို့တုံး"

"ဟို … ဟို … အမေ"

"ပြော … ဘာကြောင့် ပြန်ဝင်လာရတာတုံး"

"ဟို … အမေရှ ကျွန်တော်လေ … ဟို … ဟို … ကြက်သားနဲ့စားပြီး အပြင်လည်းရောက်ရော ဝမ်းဗိုက်ထဲကနေ ကြက်လိုတွန်ပြီး ကုတ်ခြစ်နေလို့။ အဲဒါ …"

"ဟုတ်ရဲ့လား … ကောင်လေးရယ်၊ ဗိုက်လှန်ပြစမ်း"

ဒါနဲ့ ဆရာလေးလွန်းဖေက အကျီလှန်ပြလိုက်ရော …

"ကတော် … ကတော် … ကတော် …"

"ကွတ် … ကွတ် … ကွတ် …"

"အား … အာ … အ …"

"အောက် … အီး … အီးအွတ် …"

"ဟုတ်သားပဲ ဟဲ့ … ဟင်း … ဟင်း … ဟင်း … ဟင်း"

အမေကြီး ဒေါ်ဆလိမ်က ဆရာလေးဝမ်းဗိုက်ထဲက ကြက်တွန်အော်နေတာကို နားထောင်ကြည့်ပြီး အားရပါးရ ရယ်ပါရော။

"အမေကြီးရယ် … ကျွန်တော့်ကို ကယ်ပါဦးဗျာ။ ကျွန်တော့်ကို ကယ်ပါဦး … အမေကြီးရယ် … ဟီး … ဟီး …"

"ဟား ... ဟား ... ဟ်ား ... ဟား ... ဟား ..."

"အမေကြီး ... ကျွန်တော် တောင်းပန်ပါတယ် ... အမေကြီးရယ် နော်"

"ဟင်း ... ဟင်း ... ဟင်း ... ဟင်း ..."

"အား ... ကျွတ် ... ကျွတ် ... ကျွတ် ... အမေကြီး ... ဒီအဖြစ်မျိုးနဲ့ ကျွန်တော် မြို့ကို ဘယ်လိုပြန်ရမှာလဲဗျာ။ ကူညီပါ ... အမေကြီးရယ် ... နော် ... နော်"

"အေး ... အေး ... ကူညီရမှာပေါ့ ... ကုပေးရမှာပေါ့"

ဒီလိုပြောပြီး သောက်ရေပန်းကန်ခွက်က ရေကို သူမရဲ့လက်ညှိုးနဲ့ ထိုးမွှေပြီး ဆရာလွန်းဖေကို လှမ်းပေးတယ်။

"ရေကုန်အောင် သောက်ချလိုက်"

"ဟုတ် ..."

"ဂွပ် ... ဂွပ် ... ဂလွယ် ... ဂွပ် ... အား ..."

"ကုန်ပြီလား"

"ကုန်ပါပြီ ... အမေကြီး"

"ကုန်ရင် ပျောက်ပြီပေါ့၊ ဟား ... ဟား ... ဟား ... ဟား"

ဟုတ်ပါရဲ့ဗျာ ... ကြည့်စမ်း ... အမေကြီးဒေါ်ဆလိမ် စီရင်ပေးလိုက်တဲ့ သောက်ရေကို သောက်လိုက်ရော ...

ဝမ်းဗိုက်ထဲမှာ ကြက်ဖို၊ ကြက်မ တွန်သံအော်သံ လုံးဝမကြားရတော့ဘူး။ ကုတ်တား ယက်တာလည်း မရှိတော့ဘူး။ ဝမ်းသာလိုက်တာဒါ ... ဒါဆိုရင် ... ဒါဟာ ...

"အမေကြီး ..."

"ဘာတုံး"

"ပျောက်သွားပြီခင်ဗျ"

"ပျောက်ရင် ပြီးရောပေါ့ ... ပြန်တော့"

"မသိလို့ မေးပါရစေ ... အမေကြီးရယ်၊ ကျွန်တော် ဝမ်းဗိုက်ထဲမှာ ကြက်အော်သလို ဖြစ်အောင်လုပ်တာ ... ဟိုလေ ... ဟို ... အမေကြီး လုပ်လိုက်တာလား ... ဟင်လို့"





"အေး ... ဟုတ်တယ်၊ ငါ လုပ်လိုက်တာပဲ၊ အဲဒါ ဘာဖြစ်လို့သဲ ဟင်း ... ဟင်း ..."

ဒီလို ဝန်ခံတာကြားရရော ဆရာလွန်း အံ့ဩသွားတယ်။

"အမေကြီးရယ် ... ကျွန်တော်လေ အမေကြီးကို ရွာဝင်တုန်းကလည်း ဦးဦးဖျားဖျား လက်ဆောင်ပစ္စည်းများပေးပြီး ဂါရဝပြုခဲ့ပါတယ်။ ရွာကနေ ဆေးကုပြီးလို့ ပြန်တော့လည်း ရသမျှပစ္စည်းထဲက ကောင်းပေ့၊ ညွှန့်ပေ့ အစားအစာ အသီးအနှံများနဲ့ ငွေလည်း ကျွန်တော် အမေကြီးကို အပြန်ဂါရဝအပြင် ဝင်ပေးအပ်ခဲ့ပါတယ် ... အမေကြီးရယ်။ ကျွန်တော် အမေကြီးအပေါ်မှာ လိုသည်ထက်ပိုပြီး ဂါရဝပြု ပေးကမ်းခဲ့ပါတယ်ဗျာ။ ကျွန်တော်လို ဂါရဝပြုပေးကမ်း အရိုအသေပေးတဲ့ ကျွန်တော့်ကို ထမင်းတစ်နပ်ကြက်သားနဲ့ကျွေးပြီး ဝမ်းဗိုက်ထဲမှာ ကြက်လိုတွန်အောင် ဘာလို့လုပ်ရတာလဲ ... အမေကြီးရယ် ... ဟင် ... ဟင်လို့"

ဆရာလွန်းဖေက အံ့ဩဝမ်းနည်းလွန်းလို့ ဖြစ်ချင်ရာဖြစ်၊ မေးလည်း မေးလိုက်ရော ...

အမယ်ကြီး ဒေါ်ဆလိမ်က ဆရာလွန်းဖေရဲ့မျက်နှာကို စေ့စေ့လှမ်းကြည့်ပြီး တစ်ခွန်းပဲ ပြောလိုက်တယ်။

"ငါ့ဆီကို မင်းလာခဲ့တယ်။ ငါ့ဆီကိုလာခဲ့ပြီး ငါ့အိမ်က စားသောက်ပြန်သွားရင် ငါဘာကောင်မလည်း၊ နင်တို့မသိမှာစိုးလို့ သိအောင်ပြလိုက်တာပါ။ ကိုင်း ... ဆရာပေါက်စလေး ငါဘာကောင်မလဲ သိပြီမဟုတ်လားဟေ့။ ဟား ... ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး ... ဟီး ... အဟစ် ... ခစ် ... ခစ် ... အဟတ် ... ငါ ဘာကောင်မလဲ .. မင်းသိရင် ကျေနပ်ပြီပေါ့ ... ဟား ... ဟား ... ဟား"

မောင်ညိုမှိုင်း(သန်လျင်)




❑

၁၉၈၈ ခုနှစ်၊ (၁၁) လပိုင်း။ (၁၁) ရက်နေ့ ညဉ့် (၁၁)နာရီမှာ ကျွန်တော်တို့မိသားစု အိပ်ပျော်နေခိုက် ကျွန်တော့်အိမ်လေးကို ခဲတပ်ဖွဲ့ဝင်များနဲ့ လက်နက်ကိုင်များက ဝိုင်းထားလိုက်ကြတယ်။ သည့်နောက် ကျွန်တော့်ကို နှိုးတယ်။ စုတ်ပြဲဟာတေးထားသည့် ခြင်ထောင်ထဲကနေ ကျွန်တော့်မိန်းမ (ဇနီး)နှင့် သားသမီးသုံးယောက်တို့က ကြောက်လန့်တကြားဖြစ်ပြီး မိခင်လုပ်သူကို မျက်ရည်စိုရွှဲနှင့် ဝိုင်းဖက်ထားကြတယ်။

လက်နှိပ်ဓာတ်မီးရောင် လေးငါးခြောက်လက်က အိမ်ကျဉ်းကျဉ်းလေးထဲမှာ နေ့ခင်းလို လင်းထိန်နေတယ်။

"ကိုညိုမှိုင်း ... ဟုတ်ပါသလား"

"ဟုတ်ပါတယ် ..."

မေးနေတဲ့သူက လွယ်အိတ်တစ်လုံးကိုလွယ်လို့ ဂျာကင်အင်္ကျီနဲ့ သူ့နံဘေးမှာ တစ်ပွင့်နှဲရဲအုပ်၊ ပြီး ... လက်နက်ကိုင်များ ...။

ကျွန်တော့်ကိုချိန်ထားသည့် သေနတ်များက ကြောက်စရာ။ ဂျီ-၃၊ ဂျီသရီး၊ အမ်-၁၆၊ ရိုင်ဖယ် စုံနေတာပဲ။

စိတ်ကူးသစ်စာပေ

လွယ်အိတ်တစ်လုံးလွယ်ထားတဲ့အရပ်ဝတ်အရပ်စား စစ်ဆင်ရေးများကလည်း အနီးမှာ သုံးလေးယောက်။

ကျွန်တော် ကြောက်တာက အခန့်မသင့်။ မတော်တဆ ကျည်ဆန်ထွက်ပြီး ထိမှန်မှာကို စိုးရိမ်နေတယ်။

ကျွန်တော့်မှာ ဘာလက်နက်မှ မရှိ။

လေးခွမရှိ၊ ဓားလှံမရှိ၊ သေနတ်မရှိ၊ ကျည်ဆန်မရှိ။

ကျွန်တော် အလံနီမဟုတ်။

ကျွန်တော် ဗ • က • ပ မဟုတ်။

''နာမည်ရင်းကရော ...''

''ကိုရွှေတင်ပါ ...''

''အဘဦးသာဟန်၊ အမိဒေါ်မြရီရော ... ဟုတ်သလား''

''ဟုတ်ပါတယ်''

အလို ... သူတို့က မှတ်စုစာအုပ်လေးကြည့်ပြီး ရွတ်ပြနေတာပဲ။ မေးနေတာပဲ။

''စာရေးဆရာနော်''

''ဟုတ်ပါတယ် ... ဘာကိစ္စရှိလို့ပါလဲ''

''ကျွန်တော်တို့ ကိုညိုမှိုင်းအိမ်ကို ရှာစရာရှိလို့ပါ။ ဒီမှာ ရှာဖွေဝရမ်းရော အရပ်လူကြီးများလည်း ပါပါတယ်''

''ရှာပေါ့''

''ကိုညိုမှိုင်းကအောက်ကို ခဏဆင်းပေးပါ''

ဒါနဲ့ မိသားစုလေးဦးကို ခြင်ထောင်အစုတ်ကလေးအောက်မှာ ထားခဲ့ပြီး ကျွန်တော်က အိမ်ရှေ့ သူတို့စီးလာတဲ့ ကားနံဘေးမြေပြင်မှာ ငုတ်တုတ်ထိုင်နေရတယ်။

စစ်သားလိုလို၊ ရဲလိုလို၊ လုံထိန်းလိုလို 'အီကွေးမင်းဝတ်စုံအပြည့်နဲ့ လက်နက်ကိုင်များက ကျွန်တော်ထွက်ပြေးလို့မရအောင် ဝိုင်းပြီးတစ်





တောင့်မှန်ရုံနဲ့ ပွဲချင်းပြီး သေနိုင်သည့် လက်နက်တွေနဲ့ အသင့်ချိန်ရွယ်ကြတယ်။

နောင်အခါ ကျွန်တော့်ဇနီး (မခင်စန်းမြင့်–ကွယ်လွန်) ပြန်ပြောပြလို့ သိရသမျှကို ရေးရရင် ...

ဘုရားသောက်တော်ရေအိုးကို သွန်ပြီး ရှာကြတယ်။

စာအုပ်မျိုးစုံကို လှန်လှောရှာကြတယ်။

အိပ်နေတဲ့ ဖျာကို ဓားနဲ့ခွဲပြီး ရှာတယ်။

ဆန်အိုး၊ ထမင်းအိုး၊ ပန်းကန်ဗလုံ၊ ဘူးခွက်များပါမကျန် ခေါင်းအုံးမကျန် စက်ကိုပါမကျန်၊ အိမ်သာမကျန်၊ သစ်ခေါင်းပေါက်မကျန်၊ အဝတ်အစားနဲ့ သေတ္တာ၊ ခြင်းတောင်းသားကို မကျန် လွယ်အိတ်ပါမကျန် အကုန်ပိုက်စိပ်တိုက်လှန်လှော ရှာကြတယ်။

သူတို့မှ လှန်လှောရှာလို့ ပွရောင်းရောင်းခတ်ကျန်နေတာကို သူတို့ ပြန်ရှင်းပေးမသွားဘူး။ ဒီအတိုင်း ထားပစ်ခဲ့ကြတယ်။

သည့်နောက် လွယ်အိတ်လွယ်ထားတဲ့ ပုဂ္ဂိုလ်က ...

''ရဲစခန်းကို ခဏလိုက်ခဲ့ပါ''

''ဘာလုပ်ဖို့လဲ''

''နည်းနည်းပါးပါး မေးစရာရှိလို့ပါ''

''ဒီမှာပဲ မေးပါ''

''ခဏလေးပါ။ ပြီးရင် ပြန်ပို့ပေးမှာပါ၊ ဪ ... ညီမ၊ ညည်းအမျိုးသားကို ခဏလေး ခေါ်သွားမယ်နော်။ မေးမြန်းပြီးရင် ပြန်ပို့ပေးမှာ မယ် ဟုတ်လား''

ကျွန်တော့်ဇနီးနဲ့ ကလေးများက ဘာမှပြန်မပြောနိုင်ဘူး။ မျက်ရည်ပေါက်ကြီးတွေ စီးကျပြီး ကျွန်တော့်ကို လှမ်းကြည့်နေကြတယ်။

''ကို ... လိုက်သွားမယ်။ စောင့်နေနော်''

အဲဒီညတုန်းက ခဏလေးဆိုပြီး ခေါ်သွားလိုက်တာ၊ အချုပ်စစ်ကြောရေးစခန်းနဲ့ အင်းစိန်အကျဉ်းထောင်မှာ တစ်နှစ်နီးပါး ကြာခဲ့ရတယ်။

တိုက်ပိတ်ခံရတယ်။

(၄)တိုက် (၅)တိုက် (၆)တိုက်၊ (၇)တိုက် ပြောင်းနေခဲ့ရတယ်။

ပုဒ်မက (၅-၃၂)တဲ့။

အရေးပေါ်အက်ဥပဒေတဲ့။

စစ်လိုက်ဆေးလိုက်၊ မေးမြန်းဟိန်းဟောက်လိုက်တာက ကြောက်စရာ၊ အံ့သြစရာ။

ကျွန်တော်က အစိုးရကို လက်နက်ကိုင်တော်လှန်ရန် ကြံစည်သတဲ့။

စစ်သင်တန်းပေးသတဲ့။

လူသူစုရုံးစည်းရုံးသတဲ့။

ဗ . က . ပနဲ့ သိသလား။

အလံနီနဲ့ သိသလား။

ဘာလက်နက်တွေရှိတုံး . . . ဘယ်ကရတုံး။

ဘယ်သူတွေပါသေးတုံး။

ခေါင်းဆောင်က ဘယ်သူတုံး။ မေးလိုက်တာစုံလို့ ကျွန်တော် အဲဒီအလုပ်တွေ တစ်ခုမှ မလုပ်ဘူး။ မသိဘူး။ ပြောလည်း မရဘူး။

"ကျုပ်တို့ကို အတိအကျ သတင်းပေးတဲ့လူတွေရှိတယ်။ မညာပါနဲ့"

"အဲဒါဆိုရင် အတိအကျ သတင်းပေးတဲ့လူတွေကို ကျွန်တော်နဲ့ တွေ့ပေးပါ။ သူတို့ကို အခု ကျွန်တော့်ရှေ့မှာ မေးမယ်။ မဟုတ်မမှန်ပြောရင် ကျွန်တော် တရားပြန်စွဲမယ်"

အဲဒီလိုပြန်ပြောတော့ ထောက်လှမ်းရေးက ငြိမ်သွားရော။

"ကျုပ်တို့က အတိအကျသိထားတာ ခင်ဗျားဝန်ခံဖို့ပဲ လိုအပ်တာ"

"ဝန်မခံနိုင်ပါဘူး"

"ဘာလို့လဲ"





"ကျွန်တော်မှ ဒီပြစ်မှုအလုပ်ကို လုံးဝမလုပ်တာ။ ကျွန်တော် ဘာလို့လုပ်ပါတယ်လို့ သက်သက်မဲ့ ဝန်ခံရမှာလား"

"သေချာလား"

"သေချာပါတယ်။ (. . . . . . . .)တို့ စစ်ဆေးမေးမြန်းစုံစမ်းလို့ ကျွန်တော် အစိုးရကို လက်နက်ကိုင်ပုန်ကန်တော်လှန်ရန် စစ်လက်နက် စုဆောင်းတယ်။ စစ်သင်တန်းပေးတယ်။ လူစုပေးတယ်ဆို မှန်ကန်သေချာရင် ကျွန်တော့်ကိုတင် မဟုတ်ဘူး။ ကျွန်တော့်မိန်းမအပါအဝင် ကျွန်တော့် သားသမီးသုံးဦးပေါင်း၊ ကျွန်တော့်တို့ ငါးဦးကို လမ်းမပေါ်မှာ ကြိုက်ရာ သေနတ်နဲ့ ပစ်သတ်အဆုံးစီရင်လိုက်ပါ"

"ခင်ဗျား အာမခံရဲလှချည်လား"

"ကိုယ်လုပ်ရင် လုပ်တယ်။ မလုပ်ရင်မလုပ်ဘူး။ သတ္တိရှိတယ်"

"ဒါဖြင့် ခင်ဗျား ဘာလုပ်ခဲ့လဲ"

"ရဲသတင်းတစ်ပွဲမှာ ကျွန်တော်လုပ်ခဲ့တဲ့ အလုပ်ကို ထွက်ဆိုပြီး ကိုယ်တိုင်ထွက်ဆိုချက်ပေါ်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ မေးကြည့်ပါ"

အဲဒီလိုနဲ့ အင်းစိန်ထောင်နှင့် မြို့နယ်အချုပ်မှာ တစ်နှစ်နီးပါး ကြာခဲ့ပြီး၊ နောင်အခါ ပြစ်ဒဏ်စီရင်ခြင်းခံခဲ့ရတယ်။

✿ ✿ ✿

[၂]

❑

စာရေးဆရာ ထောင်ထဲရောက်တာ ရေတွက်ကုန်ရတွင်းထဲ ကျ
သွားသလိုပါပဲ။ နားရော၊ ပါးစပ်ရော၊ မျက်စိရောမှင့်ပြီး မေးမြန်းမှတ်သား
လေ့လာလိုက်တာ ကျွန်တော်ထောင်က ပြန်ထွက်လာတော့ ရေးစရာကုန်
ကြမ်းဇာတ်လမ်းတွေအများကြီးရခဲ့တယ် ခင်များ။ ကျေးဇူးတင်ပါတယ် ...
ဆရာကြီးတို့ရယ်။

အခု ... ခေတ်ပြောင်းသွားခဲ့ပါပြီ။

တစ်ပါတီ အာဏာရှင်စနစ်လည်း မဟုတ်တော့ဘူး။

စစ်အုပ်ချုပ်ရေးကာလလည်း မဟုတ်တော့ဘူး။

ပါတီစုံဒီမိုကရေစီခေတ်ကို ရောက်သွားခဲ့ပြီ။ ဟိုတစ်ချိန်တုန်းက
လူစုပြီး ဆန္ဒပြရင် ချက်ချင်းအချုပ်ထဲ ထောင်ထဲရောက်ပြီး ထောင်ဒဏ်
ပြစ်ဒဏ် စီရင်ခံရတယ်။

အခု ... လွတ်လပ်စွာ စည်းနဲ့ကမ်းနဲ့ ဥပဒေခွင့်ပြုချက်နဲ့ ဆန္ဒပြ
အရေးဆိုလို့ ရခဲ့ပြီ။





အမျိုးသား ရင်ကြားစေ့ရေးနဲ့ ပြန်လည်သင့်မြတ်ရေးတွေ ဖြစ်ပေါ်
ခဲ့ပြီ။

ယုံကြည်ချက်အကျဉ်းသားတွေ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်
မြောက်ခဲ့ပြီ။ တိုင်းပြည်ရဲ့အကျိုး၊ လူထုရဲ့အကျိုးကို ဝိုင်းဝန်းသယ်ပိုး ကူညီ
ဆောင်ရွက်လို့ရကြပြီ။

စာပေ လွတ်လပ်ခွင့်၊ သတင်းစာလွတ်လပ်ခွင့်လည်း ရနေပြီ။

နရသိန် မဂ္ဂဇင်းတဲ့။

အကျဉ်းဦးစီးဌာန ကိုယ်စားပြုနဲ့ တူပါရဲ့။ မဂ္ဂဇင်းကောင်းတစ်ခု
ထွက်ပေါ်လာခဲ့တယ်။

အင်းစိန်ထောင်ပြန် စာရေးဆရာတွေလည်း ကိုယ်တွေ့အဖြစ်
အပျက်များ ရေးသားပေးပို့လို့ရပါတယ်လို့ ဖွင့်ပေးလို့။

ကျွန်တော်လည်း ရေးခဲ့တယ်။

ဆရာမကြီး ရွှေကူမေနှင်းလည်း ရေးခဲ့တယ်။

သုဝဏ္ဏဆရာကျော်စိန်လည်း ရေးခဲ့တယ်။

အခြား အခြားသော နရသိန်ပြန် စာရေးဆရာများ။ ထောင်မှူး
ထောင်ပိုင် စာရေးဆရာကြီးများပါ ဝင်ရောက်ရေးသားကြလို့ အကျဉ်းထောင်
ဘဝသရုပ်ဖော်ဝတ္ထုတို ဝတ္ထုရှည်တွေတို့ လစဉ်ဖတ်နေရပြီ။

ကြေကွဲစရာ၊ ရင်နင့်စရာ၊ သနားစရာ၊ အံ့ကြိတ်စရာ၊ တရားရ
စရာ၊ ဆင်ခြင်ဖွယ်ရာ၊ အသိအမြင်တွေ စာဖတ်ရင်း ရခဲ့ကြလေရဲ့။

ကျွန်တော်ဆိုမှ ကိုယ့်ဘဝခံစားချက်များကို နရသိန်မဂ္ဂဇင်းမှာ အိတ်
သွန်ဖာမှောက်ရေးခဲ့တယ်။

ထောင်ကျတာ မရှက်ပါဘူး။

ကိုယ်က သူခိုးဂျပိုးဟုဒ်မနဲ့ အပြစ်ခံကျခဲ့တာ မဟုတ်ဘူး။ ဒီမိုကရေ
စီအရေးတော်ပုံမှာ တာဝန်သိစွာ တက်ကြွစွာ ပါဝင်လှုပ်ရှားရင်း ဂုဏ်ပြုခံရ
တာ ...

ကိုယ့်လို ဘဝတူတွေ အများကြီး ...

အောင်ပွဲဆိုတာ ခွေးနဲ့ သွေးနဲ့ရင်းရတဲ့ အခါလည်းရှိတယ်။ မျက်ရည်ရှိုက်သံဘဝပျက်ခြင်း စတဲ့ အရောင်တွေနဲ့ စတေးခဲ့ရတဲ့ အရင်းအနှီးတွေလည်း ရှိခဲ့ကြရတာပဲ။ အရင်းမရှိရင် အမြတ်မရဘူး။

အဲဒီလို ကိုယ်တွေ့အဖြစ်အပျက်များကို အရင်းပြုပြီး 'နရသိန်စံအိပ်မက်များ'အမည်ရှိ အကျဉ်းထောင် ကိုယ်တွေ့ဘဝသရုပ်ဖော် ဝတ္ထုတိုပေါင်းချုပ်တစ်အုပ်ကိုအောင်မြင်စွာ ရေးသားထုတ်ဝေနိုင်ခဲ့တယ်။

ကိုယ့်အကြောင်းလည်း ပါရဲ့။

သူများဘဝ အဖြစ်အပျက်လည်း ပါရဲ့။

မမှားသင့်တာ အမှားကြရအောင် ပုံဖော်ဖွဲ့သီရတာလည်း ပါရဲ့။

✿ ✿ ✿

[၃]

❑

တစ်နေ့ ...

တိုက်ပိတ်ခံထားရရာကနေ အတော်ကို ပြန်ပြောင်းနေရာချပေးလိုက်တော့။ ကျွန်တော်တို့ ကျယ်ကျယ်ဝန်းဝန်းနဲ့ သွားလာလှုပ်ရှား ကျန်းမာရေးလေ့ကျင့်ခန်းလုပ်လို့ ရလာခဲ့တယ်။

ဘဝတူရော၊ ဘဝမတူရော၊ ပြစ်မှုတူရော၊ ပြစ်မှုမတူရော၊ မိတ်သစ်ဆွေသစ်တွေ တိုးပွားလာခဲ့တယ်။ လူသတ်သမား၊ ဓားပြ၊ သူပုန်၊ မုဒိမ်းကောင်၊ သူခိုး၊ ဂျပိုး၊ ခါးပိုက်နှိုက်၊ လူလိမ်လူညာပေါင်းစုံကို မြင်တွေ့ရင်းနှီးခဲ့ရတယ်။

ဘုန်းကြီးလူထွက်၊ အကျဉ်းအချုပ်သားရော၊ ဘုန်းကြီးရော သိကျွမ်းရင်း သူတို့ဘဝတွေကို စာရေးဆရာပီပီ၊ တွေ့ဆုံမေးမြန်း ရေးသားခွင့်ရခဲ့တယ်။

အဲဒီမှာ ဓားခုတ်မှုနဲ့ အင်းစိန်ရောက်လာတဲ့ ဓားရှည်ကြီးဖေါ်သောင်းနဲ့ ရင်းနှီးသိကျွမ်းခဲ့ရတယ်။

သောင်းက ( ...... ) မြို့နယ်သား။

လူမိုက် ...။

ပြဿနာတစ်ခုဖြစ်လာရင် ဓားရှည်နဲ့ ခုတ်လေ့ရှိလို့ 'ဓားရှည်

ကြီး'လို့ ခေါ်လေ့ရှိသတဲ့။ တစ်ခုတော့ရှိတယ်။ သူက ဓားရှည်နဲ့ခုတ်ရင် အသေခုတ်လေ့မရှိဘူး။ ကြောက်ရုံလန့်ရုံခုတ်တာ ...

အခုဖြစ်တဲ့အမှုက ...

လူမိုက်တစ်ယောက်က စွာကျယ်စွာကျယ်နဲ့ ဓားမြှောင်ပြပြီး မိုက်ကြေးလိုက်ခွဲနေလို့ အဲဒီလူမိုက်ကို လိုက်ရှာပြီး ဓားရှည်နဲ့ ခုတ်ပစ်လိုက်တာ။

ဟိုကောင်မှာ လက်ရော နားခေါင်းရော၊ လက်ချောင်းတွေရော ပြတ်ပြီး မသေမရှင်ဘဝနဲ့ ဆေးရုံရောက်သွားခဲ့ရတယ်။

အဲဒီ ဓားခုတ်မှုနဲ့ တရားရင်ဆိုင်နေရတာ ...

ဓားရှည်ကြီး ဒေသောင်းနဲ့ စကားစပ်မိရာကနေ ဇာတ်လမ်းဘဝ တစ်ခုကို ရလိုက်ရတာ။

"ဆရာမှိုင်းရေ ... ကျွန်တော်တို့နယ်ဘက်မှာ ဓားဝိဇ္ဇာဒေါ်မြှောင့် ဆိုတာ ရှိတယ် ဆရာရဲ့"

"သူက ဘားဆပ်ကပ်ထဲကလား ... ကိုသောင်း"

"မဟုတ်ဘူး ... ဆရာ၊ အရပ်ထဲက မိန်းမပဲ။ ဒါပေမဲ့ သူမက လူသတ်ခဲ့တာဗျာ"

"ဟုတ်လား ... ဓားဝိဇ္ဇာဆိုတာက ဓားသိုင်းကို ကျွမ်းကျင်လို့လား။ ဘယ်သူ့ကို သတ်ခဲ့တာတုံးဗျ ... ကိုသောင်းရ"

"သူ့သားမက်ကို သူပြန်သတ်တာဗျ"

"ဟော ... ဓားဝိဇ္ဇာမကြီးက သူ့သားမက်ကို သူပြန်သတ်တယ်။ ဘယ်လိုကြောင့်များ"

"ဆရာမှိုင်း ... စိတ်ဝင်စားသွားပြီလား"

"အေး ... စိတ်ဝင်စားသွားပြီ၊ အစအဆုံးပြောလို့ရရင် ပြန်ပြောပြစမ်း ... ကိုသောင်း"

"ဆရာက စာရေးဆရာဆိုတော့ သေသေချာချာ ပြောပြမှ ကောင်းမှာ"

❀ ❀ ❀

[၄]

❑

ကျွန်တော်တို့ (........) မြို့နယ်မှာ 'ကိုလောင်းရှည်'ဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူ့မယားနာမည်က မသည်းမွှင့်တဲ့။

ကိုလောင်းရှည်က ထောင်ထောင်မောင်းမောင်း။ မြင့်မြင့်၊ ဗလကောင်းကောင်းကြီးဗျ။ မုတ်ဆိတ်မွေး။ ပါးသိုင်းမွေးထူထူကြီးနဲ့ သူ့ကိုမြင်ရင် လူတိုင်း ဟန့်တန့်ရှိန်သွားရော။

အရက်က ညနေစောင်းရင် နှစ်ပုလင်း၊ နေ့တိုင်းသောက်တယ်။ အလုပ်က မည်မည်ရရမလုပ်ဘူး။

သူ့မှာ ထူးခြားတာ ဓားပေါက်ကျွမ်းကျင်တာပဲ။

ကိုလောင်းရှည်က ကာလသားပေါက်စဘဝကတည်းက ဓားမြှောင်တစ်ချောင်းကို ပေါက်ကစားလာတာ။ သူ့အိမ်လမ်းဝန်းကျင်က ညောင်ပင်၊ ကုက္ကိုပင်၊ သဘောဘ်ပင်မှန်သမျှ ဓားပေါက်ချက်ချည်းပဲ။

ဓားပေါက်ကလည်း ကျွမ်းတယ်။

တစ်ပတ်လည် ဓားပေါက်၊ နှစ်ပတ်လည်ဓားပေါက်၊ တန်းနေတာပဲ၊ သစ်ပင်မှာထုံး။ မြေဖြူနဲ့စက်ဝိုင်း ဝိုင်းထား။ စက်ဝိုင်းက နို့မှုန့်ဘူးအခွံလောက် အဝိုင်းပေါ့ဗျာ။

[illegible]ကို (၁၅)ပေအကွာကနေ ဓားပြောင်သုံးချောင်းနဲ့ပစ်ရင် စက်[illegible]မှာ ဓားသုံးချောင်းစိုက်နေရော။

လောင်းကြေးစားကြေး ပစ်တာ။

ကိုလောင်းရှည်ချည်းပဲ နိုင်လေ့ရှိတယ်။ အဲဒီဝင်ငွေနဲ့ အရက်ကို စိတ်ကြိုက်သောက်နေတာ။

နောင်အခါ ... သစ်သား လူရုပ်ကိုလုပ်ပြီး (၁၅) ပေ၊ ပေ (၂၀) အကွာကနေ ဓားပြောင်နဲ့ပစ်ရင် ညာမျက်လုံးဆို ညာမျက်လုံး။ ဘယ်မျက်လုံးဆို ဘယ်မျက်လုံး။ နှာခေါင်းဆို နှာခေါင်း။ လက်ဝဲ၊ ရင်ဝ၊ ဆီးခုံ ပစ်မှတ်ကို တန်းနေတာပဲ။

ဒါကြောင့် ... သူ့ကို လူတိုင်းက ချီးကျူးကြတယ်။

ဓားပြိုင်ပေါက်ရင် ကိုလောင်းရှည်ပဲ နိုင်လေ့ရှိတယ်။

အရက်မူးရင်တော့ အရမ်းသွေးဆိုးတယ်။ တွေ့သမျှ ရမ်းတော့တာပဲ။ ပေါက်ခွဲရိုက်ချိုးလုပ်တာပဲ။ ဓားကြိမ်း ကြိမ်းတာပဲဗျ။

သူ့ကို ဘယ်သူမှ မပြောရဲဘူး။ ယှဉ်မဖြစ်ရဲကြဘူး။

အကြောင်းက ဓားနဲ့ပစ်ပေါက်သတ်မှာ စိုးလို့ပဲ။

"ကြိုက်တဲ့ကောင်၊ မိုက်တဲ့ကောင် ထွက်ခဲ့။ ဟောဒီ ဓားသုံးချောင်း ကြိုက်ရာ ဓားကိုပြော"

သူ့မှာ ပေါက်ဓားသုံးချောင်းရှိတယ်။ကိုပန်းဝေ ပန်းပဲဖိုမှာ သူ့ စိတ်ကြိုက်လုပ်ခိုင်းထားတာ။

အပြားကြီး မျှောကြောင်းပါးပါး။

အပြားလတ် မျှောကြောင်း ပါးပါး။

နောက်တစ်ချောင်းက နှစ်ဖက်ဓားသွားပါတာ။

အားလုံး ကျွဲချိုရိုးတပ်ချည်းပဲ။ အလေးချိန်မျှအောင် စီရင်ပြုလုပ်ထားတော့ သူ့ခွန်သူ့အား၊ သူကျွမ်းကျင်တဲ့ ပစ်ချက်အချိန်အဆနဲ့ ပေါင်း လိုက်ရင် ဓားကလိုချင်တဲ့ ပစ်မှတ်ကို တန်းနေတာ။





ဒါကြောင့် ကိုလောင်းရှည်ကို လူရော၊ ခွေးရော ကြောက်တယ်။

သိပ်သောင်းကျန်းတဲ့ ခွေးများ၊ သူ့ဓားနဲ့ ပစ်လိုက်ရင် နလုံးရှိရာ စိုက်ပြီး နေရာတင်သေတယ်။

ပုတ်သင်ညို၊ ကင်းလိပ်ချော၊ မြွေ ...

ပြေးနေတာတောင် ထိအောင်သေအောင် ပစ်နိုင်တယ်။

ထိုင်လျက်က ပစ်ပေါက်၊ ဒူးထောက်လျက်ကနေ ပစ်ပေါက်၊ နောက်ပြန်လှည့် ပစ်ပေါက်၊ အိပ်ရာပက်လက်ကနေ ပစ်ပေါက် အကုန် စွယ်စုံ ရတယ်။ ယှဉ်နိုင်သူ မရှိဘူး။

အဲဒါ နာမည်ကျော် ဆက်ကပ်အဖွဲ့က ကြေးကောင်းကောင်းပေး ခေါ်တယ်။ မလိုက်ဘူး။

ဒါကြောင့် ... လောင်းရှည် အရက်မူးလာရင် ဘယ်သူမှ သူ့အနီး မှာ မနေရဲဘူး။ သူ့မယား မသည်းမွှင့်ပါ ထွက်ပြေးရတာ။

နောင်တော့ ကိုယ့်လူက ပညာစွမ်းကို ပိုပြလာတယ် ... ဆရာ။

တိုင်ပေါ်မှာ ပန်းသီး၊ လိမ္မော်သီး၊ မာလကာသီး တင်ပြီး ဓားနဲ့ ပစ်တာတို့၊ ကျီးကန်း၊ စာကလေး၊ ဆက်ရက်တို့ကို ကြိုးရှည်နဲ့ချည် ပျံခွင့် ပိုင်းပြီး ပစ်တာတို့ကို ရက်ရက်စက်စက် လုပ်လာခဲ့တယ်။

အဆိုးဆုံးက ...

သူ့မိန်းမ မသည်းမွှင့်ရဲ့ ဦးခေါင်းပေါ်မှာ သခွားသီးကို အညှာ ကဖြတ်တင်ပြီး ဓားနဲ့ပစ်တဲ့ လုပ်ချက်ပဲ။

မသည်းမွှင့်က မလုပ်ရဲဘူး။ ငြင်းတယ်၊ ငြင်းတာမှ မျက်ရည် လည်ရွဲ ရှိုက်ငိုးတင် ငြင်းတာ။ မရဘူး။ မသည်းမွှင့်ကြောက်လို့ ထွက်ပြေး တော့ ဓားနဲ့လိုက်ရွာပြီး ဆွဲခေါ်ခဲ့တယ်။

ဘယ်သူမှ မပြောရဲ၊ မတားရဲဘူး။

ရဲလည်း မတိုင်ရဲကြဘူး။

တိုင်တဲ့လူ ဓားစာမိမယ်လို့ ကြိမ်းဝါးထားသကိုး။ ဒီတော့ မသည်း မွှင့်ကလေးကို သနားကြပေမယ့် ဝင်မပါရဲကြဘူး။

အဲဒါ ... သင်းက မသည်းမွှင့်ခေါင်းပေါ်ကို သဘော်သီးရွက်တင် နိုင်းပြီး အဝေးကနေ ဓားနဲ့ပေါက်သတဲ့။

မသည်းမွှင့် သတိလစ် မေ့မြောသွားခဲ့တယ်။

ဓားကတော့ ခေါင်းပေါ်က သဘော်သီးကို ဖောက်ဝင်စိုက်နေ တယ်။ အဲဒါ မသည်းမွှင့် သတိပြန်ရတော့ သူ့အမေရှိတဲ့ရွာကို ပြေးရော။ လောင်းရှည်ကလည်း မရအရ ပြန်လိုက်ခေါ်တယ်။

ဟိုက မလိုက်ရဲဘူး။

မအေမုဆိုးမကြီး ဒေါ်မြောင့်က မခံနိုင်သည့်အဆုံး လင်မယား ကြား ဝင်ပြောရရော။

"လောင်းရှည် ... နင် ငါ့သမီးကို မခေါ်နဲ့တော့"

"ကျုပ်မယား ကျုပ်ခေါ်တာ ခင်ဗျားကိုခေါ်တာမဟုတ်ဘူး။ မိ သည်းမွှင့် ... ခုချက်ချင်း လိုက်ခဲ့"

"မလိုက်ဘူး ... ရှင်ကို လုံးဝမပေါင်းနိုင်ဘူး"

"ဟေ့ ... လောင်းရှည်"

"ဘာတုံး ... အမယ်ကြီး။ ဘာလျှာရှည်ချင်လို့တုံး"

"နင့်လို လူကြမ်းလူရမ်း။ လူစိတ်မရှိတဲ့ ကောင်စားမျိုးနဲ့ ငါ့သမီး နဲ့ မတန်တော့ဘူး။ ငါ့သမီးကို နင်ရပ်ကွက်လူကြီးရုံးမှာ ကွာရှင်းပေး"

"မပေးဘူး။ မိသည်းမွှင့် ... ခုချက်ချင်း လိုက်ခဲ့"

"မလိုက်ဘူး"

"အေး ... မလိုက်ရင် နင့်ကို ဟောဒီအိမ်ပေါ်မှာတင် အသေ သတ်မယ် ... ကိုင်း ..."

ပြောရင်းက လောင်းရှည်က ဓားမြှောင်တစ်ချောင်းကို ကိုင်မြှောက် ရင်း မိသည်းမွှင့်ကို ပစ်မလို့ချိန်ရော ...

"မ ... မ ... လုပ် ... ပါနဲ့ ... မ ... မလုပ် ... ပါနဲ့"

မိသည်းမွှင့်က မျက်ရည်အသွယ်သွယ်နဲ့ ဒူးထောက်ငိုလို့ တောင်း ပန်ခဲ့တယ်။





"လိုက်မှာလား ... ပြော"

"အင်း ... ဟီး ..."

နောက်ဆုံး ကြောက်လွန်းလို့ သူ့လင်နောက်ကို ပြန်လိုက်သွားခဲ့ ရတယ်။ မအေမုဆိုးမကြီးက အံကြိတ်တောက်ခတ် ကျန်ရစ်ခဲ့ပေါ့ဗျာ။

တိုတိုပြောရရင် ...

မသည်းမွှင့်ခမျာ သင်း မူးယစ်လာတိုင်း အညှဉ်းဆဲခံနေရတယ်။ လောင်းရှည်က မူးလာရင် မသည်းမွှင့်ကို သစ်ပင်မှီပြီး ရပ်နိုင်း ...

ခေါင်းပေါ်မှာ သစ္စားသီးထောင်၊ ဘူးသီးထောင်၊ ဂေါ်ရခါးသီးထောင် ပြီး ဓားပစ်နေ့တိုင်းလိုလို စမ်းနေတော့၊ ကြာတော့ မသည်းမွှင့်ခမျာ ကြောက် လန့်စိုးရိမ်ပြီး ပိန်ချုံးလို့ နှလုံးရောဂါ ရင်တုန်ရောဂါ ရလာခဲ့တယ်။

ကလေးသားသမီးလည်း မရဘူး။

တစ်ခါတလေ မယားငယ်မိန်းမ လုံးကြီးပေါက်လှတွေ အိမ်ပေါ် ခေါ်လာ ညအိပ်ချင် ညအိပ်တယ်။

ဒါကြောင့် မသည်းမွှင့်က ပြောရတယ်။

"ကိုလောင်းရှည် ... ရှင်ကြိုက်ရင် ကြိုက်တဲ့မိန်းမကို ယူပါ၊ ကျွန်မကို ကွာရှင်းပေးပါ"

"နင်က ဘယ်သူ့ကို လိုချင်လို့တုံး"

"ကျွန်မ အမေ့ဆီကို ပြန်မှာပါ"

"မကွာပေးနိုင်ဘူး"

"ဟင့် ... ဟီး ... ဟီး ..."

နေ့တိုင်း ချုံးပွဲချငိုရတယ်။ သူ့မယားငယ်တွေရဲ့ ခေါင်းပေါ်ကို ခုလို သစ်သီးတွေတင်ပြီး အဝေးကနေ ဓားပေါက်စမ်းလို့ မရဘူးလေဗျာ။ ဟိုမယားငယ်တွေ လက်မခံဘူးကိုး။

လောင်းရှည် အနိုင်ကျင့်လို့ရတာက သူ့မယား ငယ်နိုင်မသည်းမွှင့် ကိုပဲ ဓားစမ်းလေ့ကျင့်လို့ရတာကိုး။ အဲဒီလို လေ့ကျင့်နေရတာကိုက သူ က လျှာခံတွင်း၊ လက်ခံတွင်း တွေ့နေတာလေ။

ပြေးဖို့စဉ်းစားတာ အကြိမ်ကြိမ်ပါပဲ။

ဒါပေမဲ့ ... ကိုလောင်းရှည်ရဲ့လက်က ပြေးမလွတ်မှန်း သိနေတော့ ပြေးဖို့ရယ်၊ ကွာရှင်းဖို့ရယ်ကို လုံးဝ မေ့ပစ်လိုက်ရတယ်။

တစ်ခါတစ်ခါ စဉ်းစားကြည့်တယ်။

နဖူးကို ဓားစိုက်ပြီး သေရမှာလား။

လည်မျိုကို ဓားစိုက်ပြီး သေရမှာလား။ ရင်တထိတ်ထိတ်နဲ့နေပြီး အိပ်မပျော်စားမဝင်ဘဝကနေ အပြီးလွတ်မြောက်သွားအောင် ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ စဉ်းစားတယ်။

ကြိုးဆွဲချသေရင် ကောင်းမှာလား။

အဆိပ် (ကြွက်သတ်ဆေး) သောက်ပြီးသေရင် ကောင်းမှာလား။

အဖန်ငါးရာ ငါးကမ္ဘာ သံသရာပြန်လည်ခံစားရမှာ ကြောက်တယ်။ ပြီး ... အမေ ... အမေ ...

အမေက မုဆိုးမ ...

တစ်ယောက်တည်း ကြုံရာကျရာ အလုပ်မျိုးစုံကိုလုပ်ပြီး အသက်မွေးဝမ်းကျောင်း ရပ်တည်နေရတာ။

အိမ်ထောင်ပြုမယ်ဆို ရနိုင်သေးပေမယ့် မပြုဘူး။ မသည်းမွှင့်အမေ့ကို သနားတယ်။ တစ်နှစ်နေလို့ ထဘီတစ်ထည် ဝယ်မကန်တော့နိုင်ဘူး။ အင်္ကျီတစ်ထည် ဝယ်မပေးနိုင်ဘူး။

အမေ့ဆီရောက်ရင်သာ အမေက အပြန်မှာ ပုစွန်ကြော်ပေးလိုက်၊ ငါးရှဉ့်ကြပ်ကင်ပေးလိုက်၊ ဆတ်သားခြောက်ပေးလိုက်။

အမေ့မှာရှိတာ သတ္တိပဲ။

အမေက ဘယ်သူ့မှ မကြောက်ဘူး။

အနားမှာ ငုက်ကြီးတောင် ဓားရှည်ထားအိပ်တာ။ အရွယ်ကောင်းတုန်းရှိသေးတဲ့အမေ့ကို ဘယ်ယောကျ်ားကမှ မစော်ကားရဲဘူး။ စော်ကားမော်ကားပြောရင် ဓားရှည်နဲ့ လိုက်ခုတ်တာ။

စိတ်ကူးသစ်စာပေ



သမီးလုပ်သူရဲ့ ဒုက္ခကို ကြားရတော့ ရင်မွှင့်မတတ် ခံစားရတယ်။

"အမေ ... သူ့ကိုသတ်ပစ်မယ် သမီး"

"မလုပ်နဲ့ ... အမေ။ လောင်းရှည်ကို ဘယ်သူမှ ယှဉ်လို့မရဘူး။ ပြီး သူက ဘာမှမကြောက်ဘူး။ လူမိုက်"

"ညည်းယောကျ်ားကို ဘာကြောင့် ယှဉ်မရတာတုံး"

"သူက ဓားပေါက်ကျွမ်းကျင်တယ်၊ သွားမယှဉ်နဲ့"

"ဒီလိုလား ... အေးပေါ့။ တစ်နေ့တော့ ငါနဲ့တွေ့ကြသေးတာပေါ့အေ ... ဟင်း ... ဟင်း ... ဟင်း"

လွန်ခဲ့သည့်တစ်နှစ် အမေ့အိမ်ပြေးတုန်းက မိသည်းမွှင့်က မခံမရပ်ဖြစ်နေတဲ့အမေ့ကို သို့ကလိုပြောပြီး တားခဲ့ရတယ်။

အခုတော့ အမေ့အိမ်မရောက်တာ နှစ်နှစ်ရှိခဲ့ပြီး အမေ နေမှကောင်းရဲ့လားမသိ။

သမီးတစ်ယောက်ရဲ့ ကြောက်လန့်အိပ်မက်နဲ့ ကျိုးလန့်စာစားချောက်ချောက်ချားချား အသက်မြော့မြော့ ရှင်နေရတဲ့ဘဝကို ဘယ်အမေကြည့်ရက်မှာတုံးလေ။

သို့သော် ...

ဝဋ်ကြွေးဆိုတာ ရှိခဲ့ရင် အကြွေဆပ်ရမြဲ ထုံးစံဥစ္စာ။

ကိုလောင်းရှည်က ကြွေးရှင် ...

သူမ (မိသည်းမွှင့်)က ပေးဆပ်ရသူ။

အရင်းများတော့ အတိုးများနေတာပေါ့။ အတိုးရော အရင်းရောပေါင်းတဲ့ တိုးရင်းပေါင်းကို မကြေကြေအောင် ဆပ်ရမှာ သူမရဲ့ဘဝ။

✿ ✿ ✿

## [၅]

❑

''ဟေ့ ... မိသည်းမွှင့်''

''ရှင် ...''

''အေ ... ဟေ့ ... ဘာလုပ်နေတာလဲ ... အခုထွက်ခဲ့''

''ကျွန်မ ထမင်းအိုးငှဲ့နေတယ် ... ကိုလောင်းရှည်''

''ဟဲ့ ... သေနာမ ... ထမင်းအိုးငှဲ့တာ၊ ရေတိသီးတောင်းနေတာ ငါ မလိုချင်ဘူး။ အခု ... လာခဲ့ ... လာနော်''

''ဟုတ် ... ဟုတ်ကဲ့''

မိသည်းမွှင့် ငှဲ့လက်စထမင်းအိုးကို အသာချပြီး အိုးမည်းပေလူးနဲ့ အိမ်ရှေ့ကို အမြန်ပြေးထွက်ခဲ့လိုက်တယ်။

အိမ်ရှေ့မှာ သူ့လင် ကိုလောင်းရှည်နဲ့ ဝဖိုင့်ဖိုင့် လူကြီးတစ်ယောက်။ ထုံးစံအတိုင်း လောင်းရှည်က မူးယစ်ယစ်နဲ့။ သူနဲ့ပါလာတဲ့ လူကြီးက အတက်ချိုကော့(စ်)ကို ဆွဲလို့။

''ကြည့်နေ ... ကျုပ်ပစ်ပြမယ် ... ကိုချမ်းသာ''

''ကိုလောင်းရှည် ... မလုပ်ပါနဲ့ဗျာ၊ အဲဒီလို မလုပ်ပါနဲ့။ ကျုပ်မကြည့်ရဲလို့ပါ။ ရိုးရိုးပဲ အရုပ်တို့၊ ဘာတို့ကို ပစ်ပြရင် ရပါတယ်ဗျာ''





''ဟား ... ဟား ... ဟား ... ဟား ... ကိုချမ်းသာရာ၊ ကျုပ်က ခင်ဗျားကို ဘော့(စ်)ရဲ့နံဘေးမှာ ကြိုက်ရေးယူပြီး သက်တော်စောင့်လုပ်ရမှာလေဗျာ။ ကျုပ် ဘာကောင်လဲ၊ ကျုပ်လက် ဘယ်လိုလဲလို့ မျက်မြင်ကိုယ်တွေ့ ပြချင်လို့ပါဗျ။ ဟေ့ ... မိသည်းမွှင့်''

''ရှင် ... ရှင် ...''

''ဟောဟိုသစ်ပင်မှာ ကျောကပ်ပြီး ဟောဒီသခွားသီးကို နင့်ခေါင်းပေါ် တင်ထားလိုက်''

''ရှင် ... ရှင် ... ဟို ... ဟို ...''

''စကားမရှည်နဲ့၊ သေသွားချင်လို့လား''

လောင်းရှည်က ပေါက်ဓားနှစ်ချောင်းကို ဘယ်ညာကိုင်ရင်းက ဟိန်းဟောက်လိုက်လို့ မသည်းမွှင့် ကြောက်ကြောက်လန့်လန့်နဲ့ အညှာဖြတ်ထားတဲ့ သခွားကြီးတစ်လုံးကို ဦးခေါင်းပေါ်ရွက်ပြီး ကတုန်ကယင် ရပ်နေရတော့တယ်။

''ငြိမ်ငြိမ်နေနော်၊ မနေဘဲ လှုပ်ရင် နင်သေမှာပဲ''

လောင်းရှည်က ညာလက်နဲ့ ဓားဖျားကိုင်ရင်းက ကတုန်ကယင်ဖြစ်နေတဲ့ သူ့မယားကို လှမ်းပြောလိုက်တယ်။

ကိုချမ်းသာဆိုတဲ့ လူဝကြီးက သခွားသီးတစ်လုံး ခေါင်းပေါ်ရွက်ပြီး သစ်ပင်ကို ကျောကပ်လို့ ကြောက်ရွံ့ စိုးရိမ်တုန်ယင်နေတဲ့ မသည်းမွှင့်ကိုကြည့်ပြီး အရမ်းစိုးရိမ်သွားတယ်။

သူ ဒီကိုလိုက်လာတာက ...

သူတို့ သူဌေးဘော့(စ်) ဦးရွှေဂုဏ်ရောင်က ယုံကြည်စိတ်ချရတဲ့ သက်တော်စောင့်ကောင်းကောင်း တစ်ယောက်လိုချင်တယ်ဆိုလို့ စုံစမ်းရင်းက ဓားပေါက်ကျွမ်းကျင် လျင်မြန်တဲ့ လောင်းရှည်ကိုသိသွားပြီး အိမ်ကိုလိုက်လာခဲ့တာ။

စက်ဝိုင်းတို့ ... သစ်သားရုပ်တုတို့ ... သစ်ပင်တို့၊ သင်္ကြိမ်ပစ်မှတ်များကို ဓားနဲ့အနီးအဝေးကနေ လက်ရည်ပြပေါက်ပြမယ် မှတ်တာ။

ခုတော့ တားသမားလောင်းရှည်က သူ့ပိန်းမဦးခေါင်းပေါ်ကို သစ်သီးတစ်လုံးတင်ပြီး (၁၅)ပေ အကွာကနေ တားနဲ့သစ်သီးကို မှန်အောင်ပေါက်ပြဖို့ လုပ်နေတော့ …။

ကိုချမ်းသာ ကျောချမ်းသွားတယ်။

"ကို … လောင်း … ရှည် …"

"ဘာလဲ … ကိုချမ်းသာ … ပြော"

"အဲ … အဲဒီ … လုပ် … လုပ် … မပြပါနဲ့ဗျာ၊ မိုးရိုးပဲပစ်"

"ခေါက်ထားစမ်းပါ။ ဒါ … ငါ့ပြားဆယ်ပြား ကိစ္စပါ။ အေ့ … အေ့ … ကြည့်နေ"

ဘယ်လိုမှ ပြောလို့၊ တားလို့၊ မေတ္တာရပ်ခံလို့ မရဘူး။

"အသင့်ပြင်"

"ဝမ်း … တူး … သ … သ …"

"ရပ် …"

မြဝကနေ အော်လိုက်သံကြားလို့ သူတို့သုံးယောက်ပြိုင်တူ လှည့်ကြည့်လိုက်ရော"

"ဟင် …"

"အ … မေ"

မြဝမှာ ခါးထောက်ပြီး ခြေခွဲလို့ ရပ်အော်ကြည့်နေတာက မသည်းပွင့်ရဲ့အမေ … မှဆိုးမ ဒေါ်ပြောင့်။

ဒေါ်ပြောင့်က ရှမ်းဘောင်းဘီအနက်ကို ဝတ်ထားပြီး စစ်ဝွယ်တာ အပြာရောင်ကို ကိုယ်ပေါ်မှာ ခေါက်ဝတ်ထားတယ်။ ဆံပင်က ဆံထုံးနဲ့။

"ခင်ဗျား … ဘာနှောင့်ယှက်တာလဲ"

လောင်းရှည်က ယောကျ်ားမှန်းသိတော့ ဒေါ်သံတကြီး အော်ဟစ်လို့ မေးလိုက်တယ်။ ရှိသေခြင်းတရားက နတ္ထိကိုး။

"မိသည်းပွင့် …"

"ရှင် … အမေ"





"နင့်ခေါင်းပေါ်က သဘော်သီးကို လွှင့်ပစ်ပြီး ခပ်ဝေးဝေးမှာ သွားနေ"

"ရှင် …"

"ဘာ … ခင်ဗျားက ကျုပ်အလုပ်ကို အနှောင့်အယှက် ဝင်ပေးတာပေါ့။ ဒါဆို ခင်ဗျား အရင်သေရမှာပဲ။ ကိုင်း …"

"မ … မ … လုပ်ပါနဲ့"

မသည်းပွင့်က ကြုံးအော်ပြီး (၁၅) ပေကွာ နှစ်ယောက်ကြားမှာ ဝင်ရပ်လို့ လင်လုပ်သူကို မျက်ရည်လည်ရွဲနဲ့ မေတ္တာရပ်ခံနေတယ်။

လောင်းရှည်ကလည်း ဧည့်သည်လူစိမ်း လုပ်ငန်းရှင် ကိုယ်စားလှယ်ရှေ့မှာ ခုလိုအလုပ်ခံရလို့ ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်ပြီး တားမြှောင်နဲ့ ယောကျ်ားမဒေါ်ပြောင့်ကို ပစ်ပေါက်ဖို့ လက်ကိုမြှောက်ချိန် …

ကြည့်စမ်း …

ဒေါ်ပြောင့်ဗျာ …

အပေါ်က ထပ်ဝတ်လာတဲ့ ဆွယ်တာကို ညာလက်နဲ့လှန်ပြီး တားမြှောင်နှစ်ချောင်းကို လှစ်ခနဲ ဆွဲထုတ်လိုက်တယ်။

"ခင် … ခင်ဗျားက … တားမြှောင်နဲ့"

"ဟုတ်တယ် … ဒီနေ့ နင့်အသက်ကို နုတ်မလို့ဟဲ့"

"ဟား … ဟား … ဟား … ဟား … ဟီး … ဟီး .. ဟီး .. ဟား … ဟား … ဟား … ရယ်ရတယ်ဗျာ။ ကျုပ်ကို သတ်မလို့ … ဟား ဟား … ဟား … ကျုပ်ကို သတ်ရဲတဲ့လူ၊ ကျုပ်ကိုယှဉ်ရဲတဲ့လူ ပေါဘီမြို့မှာရော၊ အခြားမြို့မှာရော မရှိဘူး။ ခုချက်ချင်း … ခင်ဗျားထွက်သွား ထွက်လေ …"

"ငါ့သမီးပါရင် ပြန်မယ်"

"ဒါ ကျုပ်မယားဗျ"

"ဒါ … ငါ့သမီးဟဲ့။ နင့်ကို အရမ်းကွာရှင်းချင်နေတဲ့ … ငါ့သမီး။ နင် နှိပ်စက်လွန်းလို့ ရုပ်မရှိတော့တဲ့ ငါ့သမီး။ မသည်းပွင့် … လာ … လိုက်ခဲ့"

"အ ... မေ ..."

"မိသည်းပွင့် ... နင် မသွားနဲ့ သေမယ်နော်"

"လာခဲ့ ..."

"ဟာ ... သေဟာ"

"အမေ ... အမေ ..."

"ရှိုး ..."

"ဖတ် ..."

"ဟင် ..."

"ဟင် ..."

"ဟာ ..."

လောင်းရှည်ရော၊ ကိုချမ်းသာရော၊ မသည်းပွင့်ရော၊ ခပ်လှမ်းလှမ်းကနေ ချောင်းကြည့်နေတဲ့ ကျွန်တော် (ဓားရှည်ကြီး ဝေသောင်း)တို့ရော အံ့အားသင့်သွားကြပါရော ... ဆရာမှိုင်းရေ။

ကျွန်တော်တို့ကလည်း မုဆိုးမဒေါ်ဖြောင့်တော့ ပေါက်ဓားဝိဇ္ဇာ သူ့သားမက် လူမိုက်လူရွတ် ကိုလောင်းရှည်ပစ်ပေါက်လိုက်တဲ့ ဓားမြှောင်နဲ့ လည်မျိုစိုက်ပြီး ပွဲချင်းပြီးသေပြီလို့ ထင်မှတ်နေချိန်မှာပဲ ...

အံ့ဩစရာပါဗျာ။

ဒါမျိုး ကျွန်တော်တို့ ရုပ်ရှင်ထဲမှာပဲ မြင်ဖူးတယ်။ အပြင်မှာ ကိုယ်တိုင်မြင်ရတာ ဒါ ပထမဦးဆုံးအကြိမ်ပဲဗျာ။

ကြည့်ဗျာ ...

လောင်းရှည်ပစ်လိုက်တဲ့ ဓားမြှောင်ကို မုဆိုးမဒေါ်ဖြောင့်က ညာလက်နဲ့ ဖမ်းထားလိုက်တာ ဓားမြှောင်က ဒေါ်ဖြောင့်ရဲ့ လက်ညှိုးနဲ့ လက်ခလယ်ကြားမှာ ဓားမြှောင်ညှပ်ပြီး ရပ်နေပါရောဗျာ။ ထူးပါပေ့။

အားလုံး အံ့ဩနေချိန်မှာပဲ လောင်းရှည်က ဒုတိယမြောက်ပေါက်ဓားနဲ့ လှမ်းပစ်လိုက်တဲ့ဓားကို ဒေါ်ဖြောင့်က လက်ထဲမှာကိုင်ထားတဲ့ ဓားမြှောင်နဲ့ ခုတ်ထုတ်လိုက်တာ။

စိတ်ကူးသစ်စာပေ



ဓားမြှောင်က အပေါ်ကိုမြှောက်ပြီး မြေကြီး ပြန်ကျစိုက်နေတယ်။ အားလုံး အကြီးအကျယ် အံ့အားသင့်နေပြီ။

ပိုပြီး အံ့အားသင့်နေကြတာက ...

လောင်းရှည်နဲ့ မိသည်းပွင့်ပဲ ...

အမေ ... ဘယ်လိုများ ဒီပညာတွေကို တတ်သွားတာတုံး။

လောင်းရှည်က ပိုပြီး အံ့ဩနေတာ။ ဒီမြို့မှာ ငါလိုလူ ပြိုင်ဘက်မရှိဘူးလို့ ထင်နေတာ။ ခုတော့ ... အံ့ဖွယ်ပြိုင်ဘက်ကို မျက်ဝါးထင်ထင်တွေ့နေရပြီး ပြိုင်ဘက်က မိန်းမသား။ ကိုယ့်ယောက္ခမ၊ ရှက်စရာ၊ ကိုယ်ညံ့ရင် ကိုယ်ခံရတော့မယ်။

လောင်းရှည်လွှားခနဲခုန်ပြီး မြေကြီးမှာ စိုက်နေတဲ့ သူ့ဓားမြှောင်ကို ညာလက်နဲ့ နုတ်ယူလို့ ...

သူ့ ပြိုင်ဘက် ယောက္ခမဒေါ်ဖြောင့်ကို ပစ်ပေါက်သတ်ရန် လက်ကိုင်ဓားကို ခေါင်းကျော်မြှောက်လိုက်ချိန် ...

"ရှိုး ..."

"ဖောက် ..."

"အားမလေး ... ဗျ ..."

"ဟင် ..."

"ဟာ ..."

"အမေ ..."

ဒေါ်ဖြောင့်ပစ်လိုက်တဲ့ ဓားမြှောင်က လောင်းရှည်ရဲ့ လည်မျိုကို ဓားတစ်ဆုံး နစ်ဝင်သွားခဲ့တယ်။ လောင်းရှည်အသံနက်ကြီးနဲ့ အော်ဟစ်ရင်း သူ့လည်ပင်းကို လက်နဲ့အုပ်လို့ ချာလည်လည်နေတယ်။

နီရဲရဲ သွေးညစ်သွေးဆိုးတွေက သူ့လည်ပင်းကြားကနေ ရင်ဘတ်ပေါ်ကို စီးကျရင်းက မျက်လုံးပြူးရင်း လဲကျသေဆုံးသွားခဲ့တယ်။

✿ ✿ ✿

[၆]

❑

"နောက်တော့ ဒေါ်ဖြောင့် ဘယ်လိုဖြစ်သွားတုံး ..ကိုသောင်း"

"ဒေါ်ဖြောင့်က ရဲစခန်းမှာ အဖမ်းခံခဲ့တယ်"

သူ့သားမက်ကို သူကိုယ်တိုင် ဓားမြှောင်နဲ့ပစ်သတ်တာကို တရားသူကြီးရှေ့မှာ ဝန်ခံခဲ့တယ်။

ဘာကြောင့်သတ်ရတာလည်းဆိုတဲ့ နာကြည်းခံစားချက်ကိုလည်း တင်ပြခဲ့တယ်။

သေသူ ရှင်သူ နှစ်ဖက်လျှောက်လဲချက်ကို ကြည့်ရှုစစ်ဆေးပြီး (ပြည်သူ့တရားရုံး) က ဟိုဘက်ခေတ်တုန်းက ဒေါ်ဖြောင့်ကို ထောင်ဒဏ် (၁၀) နှစ် အပြစ်ပေးလိုက်တယ်။ ထောင်ထဲမှာ ဒေါ်ဖြောင့် ကျန်းမာရေး မကောင်းခဲ့ရှာဘူး။ ၁၉၈၈ အရေးခင်းကာလမှာ ထောင်ခါတော့ ဒေါ်ဖြောင့်လည်း လွတ်မြောက်သွားခဲ့တယ်။ သူမရဲ့ဇာတိက (.....)မြို့နယ်၊ (....) ရွာပဲ။ ဆရာမှိုင်း ကိစ္စဝိစ္စပြီးရင် သွားတွေ့လိုက်ပါ"

"ခင်ဗျားကို တစ်ချက်မေးစရာရှိတယ် ... ကိုသောင်း"

"ဘာတုံးဆရာ ... မေးလေ"





"ဒေါ်ဖြောင့်က ဘယ်လိုလုပ်ပြီး ဓားပစ် ကျွမ်းကျင်ရတာတုံးဗျ"

"ဟုတ်တာပေါ့ဗျ ... အရေးကြီးတာပြောဖို့ ကျန်နေတယ်။ ဒီလို ဆရာမှိုင်းရေ ... ဒေါ်ဖြောင့်က သူ့သမီးကို သူ့သားမက် ဓားပေါက်ပြီး နှိပ်စက်နေတာ ကြားတာကြာပြီလေ။ မခံနိုင်လို့ အမေ့အိမ်ပြေးလာတော့လည်း ဟိုက ဓားပြခြိမ်းခြောက် ပြန်ခေါ်တယ်။ ကွာရှင်းပေးပါလို့ပြောလည်း မရဘူး။ သတ်ပစ်မယ်လည်း ခြိမ်းခြောက်ပြီး အရက်မူးလာတိုင်း သမီးခေါင်းပေါ် ပစ္စည်းတင် ဓားနဲ့ပေါက်နေတာကို နားနဲ့မဆံ့အောင် ကြားရတယ်။ ရဲကိုသွားတိုင်လည်း တစ်နေ့သတ်မယ်ချည်း ကြိမ်းဝါးနေတော့ ဘယ်သူမှ ရဲမတိုင်ရဲကြဘူး။

ဒီမှာ ဒေါ်ဖြောင့်က ဓားကို ဓားချင်းယှဉ်မှရမယ်။ ဒီလိုကောင်စားမျိုး လူ့ပြည်မှာမရှိရင် သူ့သမီး သည်းမွှင့်သာမက အခြားလူကောင်းတွေပါ စိတ်ရောကိုယ်ပါ ချမ်းသာမယ်လို့ တွေးယူဆခဲ့တယ်။ အမှန်က အဝိဇ္ဇာအမှားပေါ့ဗျာ။ တစ်နည်း ပြန်ငုံ့ညှာကြည့်ရင် ပစ္စက္ခအမှန်တရားပဲပေါ့။ ဒီမှာ ဒေါ်ဖြောင့် သူနေတဲ့ရွာကနေ တစ်နှစ်နီးပါးလောက် ရုတ်ခြည်းပျောက်သွားတယ်။ နောက်သိရတာက ဒေါ်ဖြောင့် ရှမ်းပြည်နယ်ကို ရောက်သွားခဲ့ပြီး နောင်ချိုက ရှမ်းသိုင်းဆရာကြီး ဦးခမ်းထီးလှိုင်ထံမှာ ဓားရေး၊ လှံရေး၊ ဖန်တိုဖန်ရှည်ပညာများကို ကြိုးစားပမ်းစား သင်ယူခဲ့တယ်။

အဲဒီမှာ ဓားပစ်နဲ့ လှံပစ်အတတ်ကို အားရကျေနပ်လောက်အောင် တတ်မြောက်ပြီးရော သူ့ဆရာကို ကန်တော့လို့ သူမဒေသကို ပြန်လာခဲ့တယ်။ ပြီး ... သူ့သမီး မသည်းမွှင့်ကို လာပြန်ခေါ်တာ။ ကွာရှင်းခိုင်းမှာ လိုအပ်ရင် လောင်းရှည်ကို ငွေအလျော်ပေးပြီး သူ့သမီး ရင်တထိတ်ထိတ် ဒုက္ခဆင်းရဲ ဝဋ်ဆင်းရဲ လွတ်မြောက်စေချင်လို့ မိဘမေတ္တာ စေတနာအမှန်နဲ့ လာခဲ့တာ။ လိုအပ်မှ အစွယ်ကို ထုတ်ပြမှာ။

သို့သော် သူ့သမီးအိမ်ရောက်တော့ မြင်ကွင်းက ခေါင်းမီးတောက်၊ ရင်မသည်းဖို မြင်ကွင်းဖြစ်ပြီး အခြေအနေဆိုးသွားခဲ့ရော။ အဝိဇ္ဇာအမှောင် လွှမ်းပြီး ဒေါသတရားကပါ ကုတ်ကိုစွစီးတော့ သားမက်လုပ်သူကို ပေါက်ဓား

နဲ့ ရှင်းလိုက်ရတာပဲ ဆရာ။ ဒေါ်ဖြောင့်ကို တရားရုံးက စီရင်ချလိုက်တော့ ရှိုက်ကြီးတငင်ငိုနေတဲ့ သူ့သမီးကို ပြောသွားခဲ့တယ် ... ဆရာရဲ့"

"ဘယ်လို ပြောသွားလို့တုံး ... ကိုသောင်းရ"

"တန်ပါတယ် ... သမီးရယ်၊ နောင်ကို မျက်ရည်မကျနဲ့တော့တဲ့"

"ကျွတ် ... ကျွတ် ... ကျွတ် ... အာဂ ဒေါ်ဖြောင့်ပဲဗျာ"

နောင်အခါ ကျွန်တော်တို့ အမှုအခင်းကိစ္စများပြီးစီးသွားပြီး အပြင်သို့ ပြန်ရောက်ခဲ့ကြတယ်။

ကျွန်တော်လည်း မခံချင်စိတ်နဲ့ ကြိုးစားရင်း အောင်မြင်တဲ့ စာရေးဆရာဘဝကို ရရှိခဲ့တယ်။

တစ်နေ့ စာပေကိစ္စနဲ့ ( ....... ) မြို့ကလေးကိုရောက်တော့ ဓားပညာရှင် ဒေါ်ဖြောင့်တို့သားအမိအကြောင်း မေးမြန်းစုံစမ်းတော့ ...

စာရေးဆရာတစ်ဦးက ပြောတယ် ...

ဓားပညာရှင်ဒေါ်ဖြောင့် ... ထောင်ကလွတ်လာတော့ တော်တော်မကျန်းမမာဖြစ်နေတာတဲ့။ အဲဒါ ဆရာဝန်နဲ့ရော တိုင်းရင်းဆေးနဲ့ ကုသပါသော်လည်း မရရှာပါဘူး။ ဒေါ်ဖြောင့် ကွယ်လွန်သွားသတဲ့။ သူ့အလောင်းကို တောက်တဲ့ကုန်းသချိုင်းမှာ မြှုပ်ခဲ့ရတယ်တဲ့။

သူ့သမီး မသည်းမွှင့်ရောလို့ မေးတော့။

ဒေါ်ဖြောင့် အသုဘရက်လည်ပြီးနောက်မှ မသည်းမွှင့် သီလရှင်ဝတ်သွားခဲ့တယ်။ အခု ဘယ်အရပ်ဒေသမှာ ရောက်နေမှန်းတော့ မသိရဘူးတဲ့လေ။

မောင်ညိုမှိုင်း(သန်လျင်)



[၁]

အုန်းနက်ဆိုတဲ့ အကောင်က အင်္ဂလိပ်ခေတ်ကို ဖောက်ထိုးဆင်းဖို့ တရား ဝင် ခရီးသွားလက်မှတ် ရပြီးသား လူမိုက်။ ဘယ်ရွာသား၊ ဘယ်နယ်သားဆို တာ ဘယ်သူမှ မသိကြဘူး။ သို့သော် ကြာကြာဖုံးထားလို့ မရဘူးလေ။

နောင်တော့ အုန်းနက်အကြောင်းကို အများက သိလာကြတယ်။ သို့သော် အုန်းနက်ကို ဘယ်လိုလူမျိုးကမှ လက်ရဖမ်းလို့မရဘူး။

ရက်စက်ရာမှာလည်း ကမ်းကုန်။

လူမဆန်တဲ့ နေရာမှာလည်း ပြိုင်ဘက်မရှိဘူး။

ရဲတပ်ဖွဲ့ လိုက်မဖမ်းဘူးလား ... ဟုတ်လား။

သူကျက်စားသည့် နေရာဒေသဝန်းကျင်ကို ရဲအဖွဲ့ရောက်လာမည့် အကြောင်း သင်းက ကြိုသိနေတယ်လေ။

ဒီကောင် အုန်းနက် စည်းလုံးဝ မရှိဘူး။

ဓားမြလည်း တိုက်တယ်။ အနုကြမ်းလည်း စီးတယ်။ လုယက် တာလည်း လုပ်တယ်။ ခိုးတာကျ မထင်ရင် မထင်သလို လူသတ်တာပဲ။





သင်းသေတော့လည်း ရုပ်ကျော်ရွာကျော်ပါပဲ။

သင်း၊ သေပုံဆန်းတယ်။

သေပုံဆန်းလို့ ရုပ်ကျော်ရွာကျော် ဖြစ်ရတာပဲ။

ဝဋ်ကြွေးလို့ ခေါ်ရမှာလား ...

သံသရာလည်တယ်လို့ ပြောရမှာလား ...

ဒါမှမဟုတ် အလှည့်ကျလို့ ခံရတာလို့ ပြောကြမှာလား။

ပိုထူးဆန်းတာက ...

သင်းရဲ့ မသာကို မြေမမြှုပ်ဘဲ သချိုင်းမှာ ဒီအတိုင်းပစ်ထားတာ ၄ပ်ပြီး လောက်ထိုးအရည်ကျနေတယ်။ သို့သော် သင်းရဲ့အသားကို ခွေး မစားဘူး။ ကျီးမစားဘူး။ လင်းတ မစားဘူး။ ကြွက် မစားဘူး။ ဝက် မစား ဘူး။

ကြည့်စမ်း ...

ဘယ်ကလောက် အံ့ဩစရာ ကောင်းသလဲဟင်။ ကြားဖူးလား ... မြင်ဖူးလား ... အဲဒါ အမှန်တကယ်ဖြစ်ခဲ့တာ။

✿ ✿ ✿

[၂]

❑

"စိတ်ဝင်စားစရာ ကောင်းလိုက်တာ ... အမေသုနိရယ်၊ အမှန် တကယ်ပဲ တကယ့်အဖြစ်အပျက် ဟုတ်လားဟင်"

"အမှန်တကယ် ဖြစ်ရပ်မှန်ပါ ... စာရေးဆရာရယ်။ ဒီအကြောင်း ကို ကိုယ်တွေ့ကြုံခဲ့သူက ခုထက်ထိ လူပြည်မှာ အသက်ရှင်လျက် ရှိနေ တုန်းပါပဲ ... စာရေးဆရာရယ်"

ကျွန်တော် ရောက်နေတဲ့နေရာက မှန်ပြည်နယ်၊ ဖင်းကျိုက်ရှိ မှန်အိမ်ကြီးတစ်အိမ်မှာ ဖြစ်တယ်။

ကျွန်တော့် နံဘေးမှာ ကျောင်းဆရာနိုင်ထွန်းလူ ထိုင်နေပြီး ယခု စကား ပြောနေသူက အသက် (၇၀)ခန့်ရှိ အမေဒေါ်ထွေးသုနိဖြစ်ပြီး ဖျာပေါ် တွင် မကျန်းမာလို့ ဆေးသောက်ပြီး လှဲနေမှိန်းနေသူက အမေ ဒေါ်ထွေးသုနိ ရဲ့ ညီမ နှစ်ဝမ်းကွဲတဲ့။

ကျွန်တော်က ဖင်းကျိုက်တောင်ပေါ်ကို ဘုရားဖူးတက်ခဲ့ပြီးနောက် ကျောင်းဆရာ ကိုနိုင်ထွန်းလူကို ပြောခဲ့တယ်။

"ကျောင်းဆရာ ..."





"ပြော ... ကိုညိုမှိုင်း။ ဘယ်သွားချင်သေးလဲ။ စာရေးဆရာ သွား နိုင်တက်နိုင်မယ်ဆိုရင် ဟိုး ကုလားမတောင်ကို တက် ..."

"မတက်တော့ဘူး ... ကျောင်းဆရာ၊ တောင်တက်ရလို့ ခြေကုန် လက်ပန်းကျနေပြီ။ ကျွန်တော် မေးချင်တာက ခင်ဗျားတို့ဒေသမှာ ထူးထူး ဆန်းဆန်းပေါ့ဗျာ။ ကျွံ့ရှေဖြစ်ရပ်ဆန်းကြယ်ပဲဖြစ်ဖြစ်၊ သည်းထိတ်ရင်ဖိုဖြစ် ရပ်မှန်ဖြစ်ဖြစ် ဖြစ်ရပ်မှန်ဇာတ်လမ်းတွေ မရှိဘူးလားဗျာ"

"စာရေးဆရာက သိချင်လို့လား"

"ဟုတ်"

"စာရေးမှာမို့လား"

"ရေးဖို့သင့်ရင်လည်း ရေးရမှာပေါ့ ... ကျောင်းဆရာ"

"ကောင်းပြီ ... စာရေးဆရာ၊ ကျွန်တော်တို့ရွာမှာ ရှေ့မီနောက်မီ သက်ကြီးဝါကြီး လူကြီးတွေရှိတယ်။ အချို့ကို တွေ့ပေးတယ်။ သူတို့ကတော့ ကျွန်တော်တို့ လူငယ်တွေ သိချင်တာရှိလို့မေးရင် ရှေးဟောင်းနှောင်းဖြစ် ပြန်ပြောပြတဲ့ ဇာတ်လမ်းတွေဆို အလွန်ကို အံ့ဩစရာကောင်းတယ်ဗျ။ အဲဒီ လူကြီးသူမများထဲက အဘွားအမေသုနိတို့ ညီအစ်မနဲ့ ကျွန်တော် စာရေး ဆရာကို တွေ့ပေးမယ်။ သူတို့နဲ့တွေ့ရင် ခင်ဗျား အံ့ဩစရာကောင်းတဲ့ အကြောင်းအရာတွေကို ကြားသိရမှာပဲ ... စာရေးဆရာ"

အဲဒီလို ကျွန်တော်တို့ အမေသုနိတို့ မှန်အိမ်ကြီးကို ရောက်ခဲ့ရ ပြီး အုန်းနက်ဆိုတဲ့ လူဆိုးလူသွမ်းရဲ့ သည်းထိတ်ရင်ဖို ဇာတ်လမ်းအစကို စ,သိခဲ့ရတာပဲ။ ကျွန်တော်က စိတ်ဝင်စားနေပြီလေ။

"အမေသုနိ ..."

"ပြော ... စာရေးဆရာ"

"ကျွန်တော့် စေ့စေ့စုံစုံလေး သိပါရစေလား ခင်ဗျာ"

"အေး ... သိရမှာပေါ့လေ။ အချိန်ကာလတွေက ကြာခဲ့ပါပြီ .. စာရေးဆရာရယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီအကြောင်းဖြစ်ရပ်မှန်ကို လူအများ သိသင့်တယ်လို့ ယူဆမိပါတယ် ... စာရေးဆရာကြီးရယ်။ လောက

...ယောက်ျားပဲ။ ငါ့မှာ ဓားရှိတယ်၊ သေနတ်ရှိတယ်၊ အမြောက်ရှိတယ် ဗုံးရှိတယ်၊ အာဏာရှိတယ်၊ ခွန်အားဗလရှိတယ်၊ သတ်ရဲ သေရဲတယ်ဆိုတဲ့ ... ငါ ... ငါဆိုတဲ့ အတ္တမာန်မာန၊ ယောက်ျားပဲဆိုတဲ့ အထက်စီးအပေါ်စီးနဲ့ အနိုင်ကျင့်နေကြရင် နေရာတော့ ရချင်ရပါလိမ့်မယ်။ နေရာတိုင်း လူတိုင်းအပေါ်တော့ နှိပ်စက်လို့မရဘူး။ အနိုင်ယူလို့မရဘူး။ အဲလက်ခံနိုင်မလား စာရေးဆရာ"

"လက်ခံနိုင်ပါတယ် အမေသုန်။ ဗီယက်နမ်လို နိုင်ငံလေးကို အမေရိကန်လို လက်နက်အင်အားကောင်းတဲ့နိုင်ငံက နှစ်ပေါင်းများစွာ အဆိပ်ဖုံးပါကြပြီး အနိုင်ကျင့်နှိပ်စက်ခဲ့ကြပေမယ့် နောက်ဆုံး မြောက်ဗီယက်နမ်မျိုးချစ်များရဲ့ စည်းလုံးညီညွတ်မှုအားမာန် မဟုတ်မခံစိတ်၊ လွတ်လပ်ရေးရလိုတဲ့စိတ်ကြောင့် အင်အားကြီးတဲ့ အမေရိကန် နောက်ဆုံးအရှုံးပေးရတာပါပဲ"

"ဒါပဲပေါ့ ... ငါနိုင်တယ်ဆိုတာ ငါ့ကိုနိုင်တဲ့လူ မပေါ်သေးရင် ငါနိုင်တုန်းပဲပေါ့။ ငါ့ကို နိုင်တဲ့လူပေါ်လာရင် ငါရှုံးရော၊ ငါရှုံးရင် နန်းစွန့်ပြီး ထောင်ထဲရောက်၊ ကြိုးစင်တက်ရတဲ့သူ နည်းရောလားဟင်"

"မှန်ပါတယ် ... အမေ။ ဒီကနေ့ ကမ္ဘာ့အာရပ်နိုင်ငံတွေမှာ အဲအဖြစ်ကို လက်တွေ့ခံစားနေကြရပါပြီ ... အမေ။ လစ်ဗျား၊ အီဂျစ်၊ အီရတ်၊ အာဖဂန်နစ္စတန်။ အခု ဆီးရီးယားအာဏာရှင်တွေ ကျဆုံးနေကြပါပြီ အမေ ကျဆုံးပုံကလည်း ကျော်မကောင်း။ ကြားမကောင်း။ မြင်မကောင်း။ ရှုမကောင်းပါပဲ ခင်ဗျာ"

"တို့နိုင်ငံရော ... မပါခဲ့ဘူးလား"

"ပါတာပါပဲ ခင်ဗျာ"

"မှတ်ထားပါ ... စာရေးဆရာ၊ လောကမှာ အမြင့်ဆုံးက မာန အပူဆုံးက သောက၊ အရှည်ဆုံးက သံသရာ၊ အအေးဆုံးက မေတ္တာ။ ခုက အပေးဆုံးက ဒေါသပဲ စာရေးဆရာ။ တို့မှာ လူမိုက်လူဆိုး အုန်းနက်အကြောင်းကနေ မျက်မှောက်ခေတ်နိုင်ငံရေးထဲကို ရောက်သွားမလိုဖြစ်နေတယ်။ အမေကြီးတာ ဒေါသနဲ့ မေတ္တာပဲကွယ်။ မေတ္တာက အေးတယ်၊ ဒေါသက ပူတယ်။





မီးကို ရေနဲ့ငြိမ်းရင် မီးငြိမ်းတယ်လို့ ဆိုပေမယ့်၊ ဆီကြောင့် လောင်တဲ့ အပူမီး ဒေါသအရှိန်ကြီးတဲ့မီးကို ရေနဲ့လောင်းလိုက်ရင် ပိုပြီး မီးတောက်အားကောင်းတာမျိုး လူ့ဘဝမှာရှိတယ်။ ဒါကြောင့် အချို့နေရာမှာ မေတ္တာနဲ့မရလို့ ကျစ်စာနဲ့ချရတဲ့အဖြစ်တွေ အများကြီးရှိကြတယ်။ ကိုင်း ... မင်းကြားချင် သိချင်တဲ့ အုန်းနက် လူဆိုးလူသွမ်းအကြောင်းကို ပြောပြမယ်။ နားထောင်ပါ .. စာရေးဆရာ"

✿ ✿ ✿

[၇]

❑

အုန်းနက် ဘယ်ရွာသား၊ ဘယ်နယ်သားဆိုတာ အစကနဦးက ဘယ်သူမှ မသိကြဘူး။

တို့များ ဟံသာဝတီ (------)ခြမ်းမှာ အဲဒီအချိန်တုန်းက မင်းမူနေတဲ့ ကျွန်းပြန်ကျောက်ခဲနဲ့ သုံးထောင်ပြန်မှတ်ကြီးဆိုသူ ဓားပြအစု နှစ်စုပဲ ...။

သူဌေးအိမ်မှန်သမျှ 'ကျွန်းပြန်ကျောက်ခဲ' နဲ့ 'သုံးထောင်ပြန်မှတ်ကြီး' ခွဲဝေတိုက်လို့ ပြောင်သလင်းခါဝကို ရောက်သွားတာပဲ။

ကာလကလည်း လွတ်လပ်ရေး ရပြီးစကိုး။

ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်၊ ဒုတိယကမ္ဘာစစ် လက်ကျန် သေနတ်အတိုအရှည်၊ လက်ပစ်ဗုံးကအစ ပေါမှပေါပဲ။ ရောင်စုံသောင်းကျန်းသူ နစ်နီ၊ နစ်ဖြူနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေထဲမှာလည်း လက်နက်က ပေါမှပေါပဲ။

တော်ရုံတန်ရုံနဲ့ ပုလိပ်များ ရွာနားကပ်လို့ မရဘူး။ သောင်းကျန်းသူနဲ့တွေ့ရင် သေတာများတယ်။





နာမည်ကြီးဓားပြကို ဖြန်းခနဲ ဖမ်းလို့မရဘူး။ ဓားပြကလည်း အရှောင်အတိမ်း ကောင်းတာကိုး။

တစ်နေ့လည်းကျရော ပင်လယ်ဝမှာ ရေဘက်နဲ့ပါလာတဲ့ လှေတစ်စီးကို တံငါသည်တွေ မြင်ကြရရော ...

"ဟော့ ... အဲဒါ ဘယ်သူ့လှေတုံးဟ"

"လှေသမားလည်း မတွေ့ပါလား"

"လှေပေါ်မှာ အိပ်ပျော်နေရောလားကွာ။ တော်ကြာ ရေကျနဲ့ မြစ်ပါသွားရင် ဟိုးပင်လယ်ကြော့ကို ပါသွားမယ်ကွ"

"ကြည့်ရတာ ... အရက်မူးပြီး လှေပေါ် အိပ်ပျော်နေပုံပဲကွ။ လှေမျောလို့ မျောနေမှန်းတောင် သိမှာမဟုတ်ဘူး။ နီးရာအပင်နဲ့ ကြိုးချည်ထားလိုက် ..."

ဒါနဲ့ လှေချင်းကပ်ပြီး ကြိုးချည်လို့ လှေပေါ်ကလူကို ငုံ့ကြည့်လိုက်တော့ လှေကပ်ပေါ်မှာ လူတစ်ယောက် စောင်ခေါင်းမြီးခြုံ အိပ်နေတာကို မြင်ရတယ်။

လှေဝမ်းထဲမှာလည်း ရေက ကျောထိအောင် ဝင်နေပြီ။ လူက မနိုးသေးဘူး။

"ဟေ့လူ ... ထ ... ထ ..."

"ဟေ့လူ ... ထတော့ဗျ၊ ရေဝင်ပြီး ကျောအောက်ရောက်နေပြီ၊ အအိပ်ကြီးလိုက်တာ၊ ဟေ့လူ ... ထပါတော့ဗျ"

ဗိုင်းအော်လည်း လှေထဲကလူက လုံးဝ မလှုပ်ဘူး။

"မူးပြီး အိပ်ပျော်နေတာ ဖြစ်မယ်ဟေ့။ အုပ်ထားတဲ့စောင်ကို လှန်ပြီး မျက်နှာကို ရေနဲ့ပက်နိုးလိုက်"

ဒါနဲ့ စောကျော်မွေးဆိုတဲ့ ကရင်လှေသမားလေးက လှေချင်းကပ်လို့ သင်းရဲ့ဗိုက်ပေါ်က စောင်ကို ဆွဲလှန်လိုက်ရော ...

"အမလေး ..."

"ဟ ... ဟ ... စောကျော်မွေး ... ဘာဖြစ်လို့တုံးဟ"

"သူ ... သူ ... သေ ... သေနေပြီ"

"ဘာ ... ဘာ ..."

"ဦး ... ခေါင်း ... ခေါင်း ... မရှိတော့ဘူး"

"ဟေ ..."

ဒါနဲ့ လှေသမားအားလုံး ဝိုင်းကြည့်လိုက်ကြရော။ ဟုတ်တယ် ... လှေဝမ်းထဲကလူမှာ ဦးခေါင်းမရှိဘူး။ လည်ပင်းကနေ တိတိကြီးပြတ်လို့။

သွေးတွေက လှေဝမ်းထဲက ရေနဲ့ရောထွေးပြီး အနီရောင်ပေါက်နေတယ်။ နောက်ဆုံး ရွာသူကြီးကို သွားအကြောင်းကြား၊ လူကြီးတွေလည်း လာကြည့်ကြ။

ရေဆိပ်မှာ ကြားကြားသမျှ လူတွေဆိုတာ ရွာလုံးကျွတ်ပဲ။

"ရက်ရက်စက်စက်ကို သတ်ပစ်တာဗျ"

"ကြည့်ရတာ ... အငြိုးအတေးရှိလို့ လုပ်တဲ့ပုံပဲ"

"ဟေ့ ... သူ့အဝတ်အစားကို ကြည့်ကြစမ်း။ သူ့ကို သိတဲ့လူ ရှိသလား"

တစ်ယောက်မှ မပြောဘူး။ လာလာငုံ့ကြည့်ပြီး အော့အန်ကြက်သီးထ၊ လန့်ဖျတ်ကုန်တာပဲ ရှိတယ်။

"ဟေ့ကောင် ... ရာအိမ်မှူး၊ သူ့ကို သိသလား"

"မသိဘူး"

"ဟိုကောင် ... ဘိန်းစား ... သိန်းဝင်း ... သိသလား"

"ဟင့်အင်း ... မ ... မ ... သိဘူးဗျ။ ဒါ ... ဒါ ... ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်တုံး ... ပြော ... ပြောလေ ..."

"ကိုယ်လုံးကိုယ်ပေါက် အနေအထားက ... ဟို ... ဟို ... မုဆိုးလေးမောင်နဲ့ ... တူ ... တူသလိုပဲ"

"လေးမောင် ... ကျိန်းသေသလား"

"အဲ ... အဲဒါတော့ ... မ ... မသိဘူး ... ခံ ... ဗျ"





"တောက် ... ငါကွာ ... သွား ... သွား ... မင်းသွားတော့"

"ကိုင်း ... မသိရင် ပြန်ကြတော့။ ပြန်လေ ... သွား ... သွား"

ဒီမှာပဲ လူတစ်ယောက်ရယ် ...။ ခေါင်းပေါင်းကြီး ပေါင်းလို့။

"သူကြီး ... ကျွန်တော် ခဏကြည့်ပါရစေဗျာ"

"မင်းက ဘယ်သူတုံး"

"ခရီးသွားပါ"

"ကြည့် ..."

ဒါနဲ့ လူစူးယက လှေပေါ်က လူသေကောင်အနီး တိုးကြည့်ပြီး သေသူရဲ့လက်နှစ်ဖက်ကို ငုံ့ကြည့်လိုက်တယ်။

"ဟေ့လူ ... သိလား"

"သိပါတယ် ... သူကြီး"

"ဒါဆို ... သူ ဘယ်သူတုံး"

"သေသူဟာ နာမည်ကြီး ဓားပြဗိုလ် ကျွန်းပြန်ကျောက်ခဲ"

"ဟေ ..."

"ဘာ ..."

"ကျွန်းပြန် ... ကျောက်ခဲ"

"ဘုရားရေ ... ကျောက်ခဲဆိုတာ နာမည်ကြီးဓားပြ။ ရဲတောင်ဖမ်းလို့ မမိတဲ့ဓားပြကွ။ ဒီမှာ မောင်ရင် ဘယ်လိုကြောင့် ကျွန်းပြန်ကျောက်ခဲလို့ တပ်အပ်သေချာ ပြောနိုင်ရတာလဲ"

"သေသူရဲ့ ညာလက် လက်ချောင်းငါးချောင်းမှာ လက်ညှိုးတစ်ချောင်း မရှိဘူး။ အဲဒါ ကျွန်းပြန်ကျောက်ခဲပဲ။ ဘာလို့ ကျုပ်က တပ်အပ်သေချာပြောနိုင်သလဲဆိုတော့ ကျုပ်တို့အိမ်ကို ဓားပြတိုက်တုန်းက သူ့လက်ကို အနီးကပ် မြင်ဖူးလို့ပဲ"

✿ ✿ ✿

## [၄]

❑

နောင်တော့လည်း သေသူဟာ ကျွန်းပြန်ကျောက်ခဲဆိုတာ ဟုတ်တယ်။ သို့သော် သူ့ကို ဘယ်သူခေါင်းဖြတ်သတ်သွားမှန်း မသိကြဘူး။ ကျောက်ခဲရဲ့ တပည့်လက်ရုံးတွေလည်း သူတို့ခေါင်းဆောင် အသေဆိုးနဲ့ သေရတာသိပြီး နောက်ပိုင်း လုံးဝကို ငြိမ်သွားတော့တယ်။

ကျောက်စရစ်ကုန်း၊ ဝဲပျံ၊ ရေတစ်ဆုပ်၊ ကျွဲကူး၊ လက်ပံကုန်း၊ ထန်းပင်စု၊ ကျားပျံ၊ ရွှေလှေချောင်း၊ ဝါးနက်ကုန်း၊ အောင်ဇေယျ အစရှိတဲ့ ရွာတွေကလည်း ကျွန်းပြန်ကျောက်ခဲ သေသွားလို့ အလွန်ဝမ်းသာနေကြလေရဲ့ ...။

ရွာတကာလှည့် ဓားပြတိုက်နေတာကို ...

ပိုက်ဆံရှိတဲ့ ယာသမား၊ လယ်သား၊ ငါးရှဉ့်ဒိုင်၊ ငွေတိုးချေးစားတဲ့ အိမ်၊ အိမ်ကြီးအိမ်ကောင်းမှန်သမျှ လှည့်တိုက်မရရင် ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုပ်တာကို ...

သေတော့ ဝမ်းသာတာပေါ့။

ဝဲပျံရွာက ဒေါ်မြောင်းမြနားရွက် အဖြတ်ခံရတယ်။





ရွှေတစ်ဆုပ်က ကိုသောင်းနားငါးခါး အဖြတ်ခံရတယ်။

ကျောက်စရစ်ကုန်းက ဦးကြိုင်လက်ဆစ်လေးချောင်း အဖြတ်ခံရတယ်။

အောင်ဇေယျရွာက မကြေးငည်မျက်နှာ ဓားနဲ့အမွှန်းခံရပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်သွားခဲ့ရတယ်။

ကျောက်ခဲ သေပြီကြားတော့ အားလုံးသာဓုခေါ်ကြတယ်။

ဟော ...

ကျောက်ခဲလည်း သေပြီးရော ... ပိုပြီး သောင်းကျန်းလာတာက သုံးထောင်ပြန် မုတ်ကြီးပဲ။ အရင်တုန်းက သူ့အပိုင်နဲ့သူ တိုက်စားကြတာ။ ဥပမာ-ဟံသာဝတီအရှေ့ခြမ်းကို ရှင်ဘုရင်သိန်းမောင်၊ ငှက်ကြီးတောင်ဘဂျမ်း၊ ငမည်း၊ စနေကြူးဟ်တို့ အပိုင်စားကြ၊ အနောက်ခြမ်းကို ကျောက်ကြီးငြေ၊ ဓားမတိုစံဖေ၊ နို့တစ်လုံးစိန်၊ ဓားဓားမ စသည်တို့ အပိုင်စား။ မြစ်ဝကျွန်းပေါ် အပေါ်ပိုင်းကို ဘယ်သူစား၊ အောက်ပိုင်းကို ဘယ်သူစား၊ သူ့နယ်ကိုယ့်နယ် စည်းထားကြတယ်။

နယ်မကျော်ဘူး ...

နယ်ကျော်သူတော့ ရှိတော့ရှိတယ်။ တော်တော်စွမ်းပြီး နာမည်ကြီးမှ နယ်ကျော်လို့ရတာ။ သို့သော် သူပုန်အုပ်စုံးသည့်နယ်မြေမှာ သွားမကျူးနဲ့ ကျူးရင် အရှင်လတ်လတ် မြေမြှုပ်သတ်ပစ်တာ။

ကျောက်ခဲလည်း သေတယ်ကြားရော သုံးထောင်ပြန်မုတ်ကြီးက ကျောက်ခဲကြီးစိုးခဲ့တဲ့နယ်ကို ဝင်မွှေတော့တာပဲ။

ကျောက်ခဲက တစ်ကျွန်းခေါ် ကပ္ပလီကျွန်းကျဉ်းစခန်းက ပြန်လာလို့ တစ်ကျွန်းပြန်ခေါ်တာ။

မုတ်ကြီးက ရန်ကုန်ထောင်၊ သာယာဝတီထောင်၊ မန္တလေးထောင်၊ သုံးထောင်မှာ ဓားပြမှုနဲ့ အကြိမ်ကြိမ်ဝင်ခဲ့ရလို့ သုံးထောင်ပြန်ဘွဲ့ရတာ။

သုံးထောင်ပြန်မုတ်ကြီးက ဦးစွာကျောက်ခဲရဲ့ တပည့်များကို သူ့လက်အောက်ဝင်ဖို့ပြောတယ်။ ဟိုက လုံးဝ မဝင်ဘူး။ မဝင်တော့ တစ်ယောက်

ပြီးတစ်ယောက်ကို သတ်မလို့ လုပ်တော့ ကျောက်ခဲတပည့်များ လူအင်အား မမှီလို့ ရန်ကုန်ဘက်ကို ရှောင်သွားကြတယ်။

အဲဒီမှာ မှတ်ကြီးက ရွာဝင်လျှည့်တိုက်တာ၊ ကြက်နဲ့ ဘဲတောင် မထားဘူး။

မှတ်ကြီးလို့ အသံပေးရင် တစ်နယ်လုံး ဖိန့်ဖိန့်တုန်ပါရော။ မှတ်ကြီးက ဒီအိမ်ကို ဓားပြတိုက်မယ်ဆိုရင် စာကြိုချတယ်။ သူ စာကြိုချရင် အသင့်သာစောင့်နေ၊ မြို့ပေါ်ထွက်မပြေးနဲ့၊ ပြေးရင် လမ်းမှာတင်သေရော။

တစ်ကြိမ်မှာ ...

ကျားတက်ကုန်းရွာက ဦးချစ်စရာ၊ ဒေါ်ထွားတို့အိမ်ကို စာချတယ်။ မိုးလင်းလို့ အိမ်ရှေ့ထွက်တော့ ခြံဝန်းထဲမှာ စာရွက်ခေါက်တစ်ခုရယ်။ ဘာလဲလို့ သိချင်လို့ ကောက်ဖွင့်ဖတ်လိုက်ရော ...

ဦးချစ်စရာ

ဒီနေ့ည ကျုပ်တို့လာမယ် ...

အားလုံး အဆင်သင့်လုပ်ထားပါ ...

ထွက်ပြေးမယ်၊ ရဲတိုင်မယ်ဆိုရင် အားလုံးအသေပဲ ...

သုံးထောင်ပြန် မှတ်ကြီး

ဦးချစ်စရာ တုန်လှုပ်သွားတယ်။ ဒါ သူ့အိမ်ကို ဓားပြတိုက်ဖို့ စာချတာ ဒီညတဲ့ ...။ ဘယ်လိုလုပ်ရမတုံး။ သူ့မိန်းမ မထွားနဲ့ အရေးပေါ် တိုင်ပင်တယ်။ အိမ်နီးနားချင်းများနဲ့ တိုင်ပင်ရတယ်။

"ကျုပ် ... ကျုပ်တို့ ဘယ်လိုလုပ်ရမလဲဗျာ ဟင်"

"ချစ်စရာ ..."

"ဗျာ ... ဗျာ ..."





"ပြေးရင်လည်း မင်း တစ်နေ့သေမှာပဲ။ ရဲတိုင်ရင်လည်း တစ်နေ့ သူတို့ လာသတ်မှာပဲ"

"ဒီ ... ဒီတော့ ... ဘာ ... ဘာ ... လုပ်ရမလဲဗျာ။ ပြောကြပါ"

"မိသားစု အသက်ရှင်ချင်သလား။ အသက်သေချင်သလား"

"ရှင် ... ရှင်ချင်တာပေါ့ဗျာ"

"မိထွား ... နင့်သဘောကရော"

"ကြောက်လွန်းလို့ပါ ... အစ်ကိုပိုင်းရယ် ... အင့် ... ဟီး"

"အသက်ရှင်ချင်ရင် ... ရှိတာ ပေးလိုက်"

"ဗျာ ..."

"ရှင် ..."

ဦးချစ်စရာနဲ့ ဒေါ်ထွားက ပစ္စည်းမက်တယ်။ မမက်လို့ ဖြစ်မလား ဗျာ။ နှစ်ပေါင်းများစွာ ကုပ်ကုပ်ကပ်ကပ် ကြိတ်စုထားတာလေ၊ နောင်ရေး အတွက် ရည်မှန်းထားတာဥစ္စာ၊ မပေးချင်ဘူး။ ဒါ ချွေးနဲ့စာ ...။

နောက်ဆုံး လှည်းတပ်ပြီး မြို့ပေါ်ကို နေမဝင်ခင်အချိန်မှာ ပြေးတာ။ မြို့နဲ့ရွာက နွေဝက်လောက် လှည်းမောင်းရတယ်။

ငါးပြေမချောင်းတိမ်လေးအရောက်မှာ ...

ကိုင်းတောထဲက လက်နက်ကိုင်တစ်စု ထွက်လာပြီး သေနတ်နဲ့ ချိန်လို့ ရပ်ခိုင်းလိုက်တယ်။ အားလုံးခေါင်းမှာ မျက်လုံးပဲပေါ်ပြီး အဝတ် စည်းထားတယ်။

"ကျားတက်ကုန်းက ဦးချစ်စရာလား"

"ဟုတ် ... ဟုတ်ကဲ့"

"ကျုပ်တို့ချခဲ့တဲ့စာ ရတယ်မဟုတ်လား"

"ဗျာ ... ဟို ... ဟို ... အဲ ... အဲ ..."

"ဦးချစ်စရာ ... ပါတဲ့ပစ္စည်း အကုန်ပေး ..."

"မ ... မပါ ..."

"ဟုတ်ပါတယ်ရှင် ... ကျွန်မတို့ ..."

"ဒိုင်း ..."

"အား ... မလေးရဲ့ ..."

"ဒိုင်း ..."

"အမေလေးတော့် ..."

"အမေ ... အဖေ ... အမလေး ... လုပ်ကြပါဦး"

"ဒိုင်း ..."

"အား ... အင့် ..."

သားအမိ သားအဖသုံးယောက်စလုံး လှည်းပေါ်က သွေးအိုင်ထဲမှာ လူးလွန့်နေကြတယ်။ ဒီမှ နွားနှစ်ကောင်က လန့်ပြေးလို့ သေနတ်နဲ့ထိုးပစ်လိုက်တာ။ နွားနှစ်ကောင် လှည်းလမ်းကြောင်းမှာ အရုပ်ကြိုးပြတ်ပစ်လဲကျပြီး နောက်ဆုံး လှည်းပါ ပျောက်သွားမှာ ...

သည့်နောက် ဓားပြအုပ်စုက လှည်းအောက်ကရတဲ့ သံသေတ္တာကို ဖွင့်လိုက်တော့ သူတို့အလိုရှိနေတဲ့ ငွေနဲ့ရွှေများကို ရသွားလို့ ကိုင်းတောထဲကို ပြန်ဝင်ပျောက်ကွယ်သွားခဲ့တယ်။

✿ ✿ ✿

# [၁]

❑

အဲဒီ ရက်ရက်စက်စက်ဖြစ်ရပ်မှန်ကို ချောင်းစပ်မှာ ငါးမျှားနေတဲ့ တရုတ်ကြီးဆိုတဲ့ လူပျိုပေါက်ကလေးက အစအဆုံး မြင်လိုက်ရလို့ တစ်ရွာလုံး နားလည်သဘောပေါက်ခဲ့ရတယ်။ မြင်ရ ကြားရသူများအားလုံး ရွာနီးချုပ်စပ်အားလုံး နှလုံးတုန်ရင်တုန် စိတ်ထိခိုက် မျက်ရည်ဝဲခဲ့ရတယ်။

"ဥစ္စာပစ္စည်းအပေါ် တပ်မက်လွန်းတော့ သေတာပေါ့အေ"

"ကြီးတော်ရယ် ... ဘယ်သူပဲဖြစ်ဖြစ် ကိုယ်ရှာဖွေစုဆောင်းထားတဲ့ ဥစ္စာပစ္စည်းအပေါ် တပ်မက်တာ မှားလို့လား ... ကြီးတော်"

"မှားလည်း မှားတယ်၊ မှန်လည်း မှန်ပါတယ်အေ။ ခုဟာက နာမည်ကြီးဓားပြ သေသေချာချာ စာချသွားတာအေ့။ အင်း ... ပစ္စည်းလည်း သင်္ခါရ၊ လူလည်း သင်္ခါရ တယ်မှန်ပါလားနော်။ ချစ်စရာနဲ့ မိတွားတို့ဘဝကူး မကောင်းတော့ဘူး။ အင်း ... ဒုက္ခ ... ဒုက္ခ။ ရွှေငွေရတာနဲ့ မရှိတာကမှ အသက်အန္တရာယ် ကင်းပါကလား"

ဒီမှာ မိသောင်းတို့၊ မိဖေတို့၊ ဒေါ်မြထွန်းတို့က ရက်စက်ကြမ်းကြုတ်တဲ့ ဓားပြများအပေါ် ဒေါသဖြစ်ပြီး ကျိန်ဆဲရေရွတ်ကြတယ်။

"သေခြင်းဆိုးအမျိုးမျိုးနဲ့ မြန်မြန်သေပါစေတော်"

မုလိပ်အဖွဲ့ကလည်း မကြာဘူး ရောက်လာကြတယ်။ ဓားပြလူဆိုး မှတ်ကြီးတို့အဖွဲ့ကို လိုက်ရှာကြတယ်။ မှတ်ကြီးမပြောနဲ့ မှတ်ကြီးချေးတုံး တောင် မမိဘူး''

ဒါပါပဲလေ … လွတ်လပ်ရေးခေတ်ဦး၊ နိုင်ငံရေးအကွဲအပြဲကာလ ကျေးရွာတိုင်းလိုလိုမှာ လက်နက်ရှိတဲ့ လူအင်အားကောင်းတဲ့လူ အနိုင်ကျင့် ဗိုလ်လုပ်နေကြတာကိုး …

ကြည့်လေ …

ဝန်ကြီးချုပ်ဦးနု လက်မှတ်ထိုးရယူခဲ့တဲ့ လွတ်လပ်ရေးကို ကွန်မြူနစ် ပါတီက လွတ်လပ်ရေး အတုကြီးတဲ့။ လွတ်လပ်ရေး အစစ်ရဖို့အတွက် အမေရိကန်နယ်ချဲ့နဲ့ အင်္ဂလိပ်အစိုးရကို ထပ်မံလက်နက်ကိုင်တော်လှန်ရ မယ်။

ဒါနဲ့အတူ ဖ . ဆ . ပ . လ အစိုးရ ဦးနုအစိုးရကိုလည်း အပြုတ်တိုက် ရမယ်။ သစ္စာဖောက် ဖ . ဆ . ပ . လ အရိုးတွေ၊ ခေါင်းတွေနဲ့ ဗားကရာ ချောက်ကို မြေဖို့သလိုဖို့ ပစ်ရမယ်လို့ ကြိမ်းဝါးပြီး တောခိုခဲ့တယ်။

နောက်မကြာဘူး။ တိုင်းရင်းသားတွေရော၊ တပ်ကရော လက်နက် ကိုင်တောခိုခဲ့လိုက်တာ။ တစ်နိုင်ငံလုံး ရန်ကုန်အစိုးရကလွဲပြီး ကျန်နေရာ တိုင်းမှာ သူပုန်ချည်းပဲ။

သူပုန်နဲ့ ဝေးရာမှာ ဓားပြသောင်းကျန်းတာပဲ။ နစ်နီ၊ နစ်ဖြူ၊ ခဲဘော် ဖြူ၊ ပြူစောထီး (သူက ဓကပကို တိုက်ဖို့ အစိုးရက ဖွဲ့ပေးထားတဲ့ ကျေးရွာ ကာကွယ်ရေးအဖွဲ့) ကေ-အင်-ဒီ-အို၊ ကေ-အိုင်-အို၊ ရှမ်းလက်နက်ကိုင် အဖွဲ့ပေါင်းကို စုံလို့။

နွားရာဓားကို ကြောက်ရ။

နွားရာလူကို ဘုရားထူ။ လက်အုပ်ချီရ၊ အနီ၊ အဖြူ၊ အဝါ၊ အပြာ အကုန်ကြောက်ရ၊ ပေးရ၊ လှူရ …၊ ဓားပြတွေက ပေါမှပေါပဲ။ လူမိုက် တွေလည်း မြို့ရော ရွာရော ပေါမှပေါပဲ။ အချို့ ဓားပြတွေက ဓားပြအစစ် မဟုတ်ဘူး။





အဲဒီခေတ်တုန်းက ပြောစမှတ် ရှိခဲ့ဖူးတယ်။

ရဲ (ပုလိပ်ကို) ဘာလို့ မတိုင်တာလဲ။

ဒါမှမဟုတ် ကျုပ်တို့ (အဖွဲ့) ကို ဘာလို့မတိုင်တာလဲလို့ မေးမြန်း ရင် ဓားပြအတိုက်ခံရတဲ့ အိမ်ရှင်က ပြန်ပြောတာရှိတယ် … ဒီလို …။

''မတိုင်တော့ပါဘူး … ဗိုလ်ကြီးတို့ရယ်''

(မှတ်ချက်-အဲဒီခေတ်ကာလတုန်းက ရွာတွေမှာ ရဲ(ပုလိပ်)ကိုလည်း ဗိုလ်ကြီးပဲ ခေါ်ကြတယ်။ သူပုန်ကိုလည်း ဗိုလ်ကြီးပဲ ခေါ်တယ်။ ပြူစော ထီးလည်း ကြောက်လို့ ဗိုလ်ကြီး။ စစ်သားလည်း ဗိုလ်ကြီး။ ဆရာကြီးလို့ပဲ ခေါ်ကြတယ်)

''နေပါဦး … ခင်များတို့က ဘာလို့ မတိုင်ချင်ရတာတုံး''

''မ … မပြောပါရစေနဲ့ … ဗိုလ်ကြီးရယ်''

''ပြောစမ်းပါ … ရဲရဲပြောစမ်းပါ၊ ခင်များတို့က ကျုပ်တို့ရဲ့ ထမင်း ရှင်၊ ကျေးဇူးရှင်ပါ။ ရဲရဲသာပြော ဘယ်သူမှ ကြောက်စရာမလိုဘူး။ ပြော .. ဘာကြောင့် မတိုင်ချင်ရတာတုံး''

''ဘာကြောင့်လဲဆို … ဆိုတော့ … ည … ညတုန်းက လာ တိုက်တာလည်း ဗိုလ်ကြီးတို့ပဲ။ အခု ဖမ်းမယ် … ဆီးမယ် … လိုက်တိုက် မယ် … ပြောတော့လည်း ဗိုလ်ကြီးတို့ပါပဲရှင်''

ကိုင်း … သူတို့ မျက်လုံးပြူးသွားတယ်။

အတိုက်ခံရသူက မှတ်မိနေတာကိုး။ မမှတ်မိဘဲ နေမှာလား။ ည တုန်းက လာတိုက်တုန်းက ကွမ်းစားမလို လုပ်နေတုန်းမို့ လက်ညှိုးမှာ ထုံး ပေလျက် ရှိနေချိန်လေ။ လင်လုပ်သူကို ဓားပြက ပါးနားရိုက် ဆောင့်ကန် လုပ်နေတော့ မယားလုပ်သူက ကြောက်ကြောက်လန့်လန့်နဲ့ နွားရာလူရဲ့ သေနတ်ကို လှမ်းကိုင်ဆွဲရင်း တောင်းပန်လိုက်တာ၊ ဓားပြရဲ့ သေနတ်ဒင် အနောင့်မှာ စားလက်စ ထုံးပေသွားတာကိုး။ သင်းတို့ မသိဘူး။

အခု ပြော။ ဘယ်သူလဲ … ဖမ်းမယ်၊ ဆီးမယ်၊ အရေးယူမယ် လာလုပ်တော့ ပါလာတဲ့ နောက်လိုက်တွေထဲက တစ်ယောက်ရဲ့ သေနတ်

ခင်မှာ ညကပေသွားတဲ့ ထုံးရာကို အထင်းသား တွေ့နေမှတော့ အိမ်ရှင်က သဘောပေါက်တာပေါ့။

ဒါကြောင့် အားနာပါးနာနဲ့ အိမ်ရှင်က ပြောရတယ်။

"ညတုန်းက လာတိုက်တာလည်း ဗိုလ်ကြီးတို့ပဲ အခု ဖမ်းမယ် ဆီးမယ်၊ အရေးယူမယ် ပြောတာလည်း ဗိုလ်ကြီးတို့ပါပဲ။ နေပါစေ ... မတိုင်တော့ပါဘူးလို့ ပြောရတာ"

(အဲဒါ လွတ်လပ်ရေး ခေတ်ဦးတုန်းက ဖြစ်ရပ်မှန်ပဲ။ မယုံလျှင် လူကြီးသူမများကို မေးသာကြည့်ပါ)

ဟို ... တရုတ်ကြီး ပြောသလိုပါပဲ။ ရှုထက် ရှုစွမ်းကောင်းတွေက ပေါ်လာတော့တာပဲ။

✿ ✿ ✿

[၆]

❑

တစ်နေ့ ...

ဦးချစ်စရာတို့၊ ဒေါ်ထွားတို့ သားအမိသားအဖ ဓားပြတိုက်ခံရပြီး အသတ်ခံရတဲ့ လှည်းလမ်းကြောင်းမှာ လူသေအလောင်းတစ်လောင်းကို ခရီးသွားတွေ မြင်ရပြီး အုတ်အော်သောင်းတင်း ထိတ်လန့်တကြား ဖြစ်ကုန်ကြပါရော ...

အဲဒါ ဟိုရွာ ဒီရွာက ကြားကြပြီး လူကြီးတွေ ရောက်လာကြည့်ကြရော။ အချို့ လန့်ပြီး အော်ကြတယ်။

လူတစ်ယောက်ရယ် ...

ခေါင်းတခြား၊ ကိုယ်တခြား ဖြစ်နေတဲ့အပြင် လှွင့်ပစ်ထားတယ်။ ဝမ်းဗိုက်က အူတွေက ဗိုက်ပွင့်ပြီး တန်းလန်းပြန့်ကျဲလို့။

နောက်ဆုံး မေးမြန်းကြည့်ရှုကြလိုက်လို့ သိရတာ၊ သေတဲ့လူက ဓားပြသုံးထောင်ပြန် မှတ်ကြီးတဲ့ ...

"ရက်ရက်စက်စက်ကို သတ်သွားတာဗျ"

"ဘယ်သူများ သတ်သွားလည်း မသိဘူး"

"ဒီလို ဖြတ်တောက်သတ်တာမျိုးဆို သူပုန်တွေ နေမှာပဲဗျ"

"သူပုန်က သတ်ရင် ကွယ်ရာမှာ သတ်မှာမဟုတ်ဘူး။ ဂျပန်ခေတ်တုန်းကလို လူရှေ့အများရှေ့မှာ စီရင်မှာဗျ။ ပြီး ... သတ်ရင် ခေါင်းဆောင်ပဲ သတ်မှာမဟုတ်ဘူး။ နောက်လိုက်တွေပါ အကုန်သတ်မှာပေါ့"

"ဒါလည်း ဟုတ်တယ်ပေါ့။ မဟုတ်မှလွဲရော ... သူတို့အချင်းချင်း ဝေစုမတည့်လို့ သတ်ပစ်ခဲ့တာဖြစ်မယ် ... သူကြီးရ"

"ဖြစ်နိုင်တယ်ကွ။ နောက်ပြီး ... ထူးခြားတာ တစ်ချက်ရှိတယ်ကွ"

"ဘာတုံး ... သူကြီးရ"

"မှတ်ကြီး ... အခုသေတာ ဘယ်နေရာတုံးကွ"

"ဟာ ... ဟုတ်တယ်ဗျို့။ သုံးထောင်ပြန်သေတဲ့နေရာက ဦးချစ်ရော၊ ဒေါ်ထွားနဲ့ သူ့သမီး လှအုံးမယ်တို့ အသတ်ခံရတဲ့ နေရာဗျ။ ဟုတ်ပြီပေါ့"

"မဟုတ်မှလွဲရောကွ"

"ပြောပါဗျ ... သူကြီးရဲ့ ခင်ဗျားက မြင်တတ်တယ်ဗျ"

"သေသွားတဲ့ ချစ်ရောတို့ဝိညာဉ်များက သုံးထောင်ပြန်မှတ်ကြီးကို ခေါ်လာပြီး သူတို့နဲ့ လူစားလဲတာလား၊ မသိဘူးကွ"

"လူစားလဲတာ ..."

"အေးပေါ့ကွာ ... ကလဲ့စားပြန်ချေတာမျိုးပေါ့"

"အေးဗျာ ... ရှေ့လျှောက် ဒီနေရာမှာ အစိမ်းသေတွေ ခြောက်လိုက်မည့်ဖြစ်ခြင်းဗျာ"

နောင်ကို အဲဒီနေရာဝန်းကျင် ဘယ်သူမှ အပေါင်းအပါ ပါလည်း မသွားရဲကြတော့ဘူး။ အချို့က ချစ်ရောတို့သားအမိ သားအဖသုံးယောက်ကို လမ်းလျှောက်နေတာ မြင်သတဲ့။

အချို့က လက်ယပ်ခေါ်လို့တဲ့။

ပြီး ... နေဝင်ရီတရောမှာ ခေါင်းမပါတဲ့တစ္ဆေ လှည်းလမ်းမှာ ပြေးနေတာ မြင်ရသတဲ့။

အေးပေါ့လေ .. အစိမ်းသေတွေကို။ မကျွတ်မလွတ်ဘဝနဲ့ လျှောက်သွားနေကြမှာပေါ့။

✿ ✿ ✿

[၇]

ဦးကိုကိုလွင်
ယာဉ်ပိုင်ရှင်များနှင့်လက်ရွေးစင်ဆောင်း
ဖုန်း ၀၉-၅၂၀၉၀၅၀၄၄

❑

နာမည်ကြီး ဓားပြနှစ်ယောက် အသတ်ခံရပြီး ကိစ္စတုံးသွားလို့ ဝမ်းသာနေတုန်း ရှိသေး။ ကြားရပါရော။

ရွာများမှာနေတဲ့ မုဆိုးမ ဒန်အိုး၊ တောထဲ ထင်းချိုးနေတုန်း မှတ်ဆိတ်မွေးဖားလျား၊ ဆံပင်ရှည်ရှည်နဲ့ လူတစ်ယောက်က ဓားထောက်ပြီး အဓမ္မကျင့်သွားလို့တဲ့ ...

မိဒန်အိုး ကိုယ်လုံးတီး၊ သတိလစ်နေတာ ...

ထင်းခုတ်လာတဲ့ လူတွေမြင်လို့ အဝတ်ပြန်ဝတ်ပေး၊ သတိရအောင် လုပ်ပြီး ပြန်ခေါ်ခဲ့ရတယ်။

အဲဒါ မြို့ဂတ်ကို တိုင်ထားရတယ် ...

နောက်ပိုင်း တောထဲကို အဖော်မပါဘဲ မသွားဝံ့ကြတော့ဘူး။

"ဒန်အိုး ..."

"ရှင် ... ရှင်"

"အဓမ္မသားကို မှတ်မိလား"

"ဟုတ် ... ဟုတ် ... ကဲ့"

"ဘယ်လိုပုံသဏ္ဌာန်လည်း ပြောစမ်း"

"အသားမည်းတယ်၊ မုတ်ဆိတ်ပါးမြိုင်းမွေးတွေနဲ့ ဆံပင်က ကုတ်ထောက်၊ အရပ်မြင့်မြင့်ပါ ... ရှင်"

အဲဒီ အမွေသားကို ရှာနီးချုပ်စဝ်ပါမကျန် စုံစမ်းမေးမြန်းတာ မရဘူး။ မရှိဘူးတဲ့၊ မသိဘူးတဲ့။

ဟော ... သုံးရက်လောက်နေရော ကြားရပြန်ပါရော၊ ကျောင်းထိုင်ဘုန်းကြီးကို ဓားနဲ့တော့ပြီး၊ ကျောင်းဆောက်ဖို့ လှူဒါန်းစုဆောင်းထားတဲ့ ငွေအားလုံးကို တိုက်သွားသတဲ့။

လူပုံလူပန်း မေးကြည့်တော့ ...

မိခန်အိုးကို အမွေကျင့်သွားတဲ့ကောင်ပဲ။

နောက်နှစ်ပတ်အကြာမှာ အသုဘရက်လည်က ပြန်လာတဲ့ ဒေါ်ဒေါ်ငြိမ်းနဲ့ မဖွန်းခွက်တို့နှစ်ဦးကို ကိုင်းတောကနေ လူတစ်ဦးထွက်လာပြီး ခြောက်လုံးပြူးသေနတ်နဲ့ ချိန်ထားပြီး ကိုင်းတောထဲ ခေါ်သွားတယ်။

"နှစ်ယောက်စလုံး ငုတ်တုတ်ထိုင် ... လက်ပိုက်"

ကြောက်ကြောက်နဲ့ ငုတ်တုတ်ထိုင်၊ လက်ပိုက်ထားတုန်းမှာပဲ နောက်ကနေ ဒေါ်ဒေါ်ငြိမ်းရဲ့ခေါင်းကို သေနတ်ဒင်နဲ့ ထုလိုက်တာ 'ခေါင်း' 'အား' နဲ့ အော်သံကြားရပြီး ဒေါ်ဒေါ်ငြိမ်း ကိုင်းတောကြားမှာ မေ့လဲကျသွားတယ်။

ဒီမှာ လူဆိုးလူသွမ်းက မဖွန်းခွက်ကို ဟိုး ... ကိုင်းတောအလယ်ရောက်အောင် ဆွဲခေါ်သွားတယ်။ မဖွန်းခွက် အော်ဟစ်ရုန်းကန်တော့ လူဆိုးက မျက်နှာကို သေနတ်ဒင်နဲ့ ရိုက်တယ်။ ဆောင့်ကန်ပြီး မြေပြင်ပေါ်ကို တွန်းလှဲတယ်။ မဖွန်းခွက်က အရှက်အတွက် ရုန်းကန်ကုတ်ဖဲ့တယ်။ သို့သော် ခွန်အားချင်းကမမျှတော့ နောက်ဆုံး ပန်းဦးကြွေခဲ့ရတယ်။

လူဆိုးက အပျိုစင်ရဲ့ပန်းဦးကို ခွေ့ရုံမကဘူး။ လည်ပင်းကို ဓားမြှောင်နဲ့ထိုးပြီး ရက်စက်စွာ သတ်ပစ်ခဲ့လိုက်တယ်လေ။

နောက်ပိုင်း ပြန်သတိရလာတဲ့ ဒေါ်ဒေါ်ငြိမ်းရဲ့ပြောပြချက်အရ အမွေသား လူယုတ်မာက မုတ်ဆိတ်ဆံပင်ရှည်၊ အသားအမည်းမည်းနဲ့ လူဆိုးတာ သိလိုက်ရတယ်။

စိတ်ကူးသစ်စာပေ



ပုလိပ်အဖွဲ့ကလည်း ရွာစဥ်လှည့် စုံစမ်းတယ်။ သင်းနောက်ကို လိုက်ခဲ့တယ်။ အဲဒီမှာ မသေမရှင်နဲ့ ဆေးကုသနေတဲ့ ထောင်ထွက် အိုးမည်းဆိုတဲ့ လူမိုက်ထံက သတင်းရတော့တယ်။

"အိုးမည်း ..."

"ဗျာ ... ဗျာ ... အား ... ကျွတ် ... ကျွတ် ... ကျွတ် .."

"မင်းကို ဘယ်သူလုပ်လိုက်လို့လဲ"

"အုန်း ... အုန်းနက် ... အုန်းနက်"

"အုန်းနက် ... ထောင်ပြေအုန်းနက်လား အိုးမည်း"

"ဟုတ် ... ဟုတ်တယ်၊ သူ ... သူ .. ကျုပ် ... ကျုပ်ကို ဓားနဲ့ထိုးသွားတာ"

"ဘာကြောင့် မင်းကို သူက လုပ်ကြံရတာလဲ"

"သူ ... သူ ... သုံးထောင်ပြန်မှတ် ... မှတ်ကြီးနဲ့ ကျွန်းပြန်ကျောက်ခဲကို ခေါင်းဖြတ်သတ်ခဲ့တယ်"

"ဟော ... အုန်းနက်က"

"အင်း ..."

"ပြီးတော့ရော ..."

"မိန်းမတွေ မုဒိမ်းကျင့်တာ ... သူ ... သူပဲ။ အဲ့ဒါကို ကျုပ် .. ကျုပ်က သိနေတော့ နှုတ်ပိတ်တဲ့ အနေနဲ့ ဓားနဲ့ထိုး ... ထိုး ... ရော"

"ပြော ... အိုးမည်းပြောပါ"

"ကျုပ် ... ကျုပ်ကို ... ဒီ ... ဒီမှာ ... မ ... မထားခဲ့ပါနဲ့။ ကျုပ်ကို မြို့ ... မြို့ဆေး ... ဆေးရုံပို့ ... ပို့ပေးကြပါဗျာ ... ဗျာ"

ဒါနဲ့ လှည်းပေါ်တင်ပြီး မြို့ဆေးရုံရှိရာကို တစ်ရွာပြီးတစ်ရွာ ဖြတ်လို့ လာခဲ့လိုက်တယ်။ ကျန်ပုလိပ်သားများက အုန်းနက်သွားနိုင်လာနိုင်တဲ့ လမ်းကြောင်းများနောက်ကို လိုက်သွားကြတယ်။

တစ်နေ့ သက်သေဖြစ်လာနိုင်တဲ့ အိုးမည်းကို လှည်းပေါ်ကချပြီး သမ္ဘန်ပေါ်တင်၊ ရေလမ်းနဲ့ သွားမလို့ တင်နေတုန်းမှာပဲ ထောင်ထွက်အိုးမည်း ဒဏ်ရာပြင်း၊ သွေးထွက်လွန်လို့ ကွယ်လွန်သွားခဲ့တယ်။

✿ ✿ ✿

## [၈]

❑

တစ်နေ့မှာပေါ့။

မြို့ပေါ်က ကချေသည်မလေးတစ်ဦးရယ်။

နာမည်က မခင်မြို့သူတဲ့ ...

သူမကလည်း အခု (...) ထောင်ကနေ လွတ်လာတာတဲ့။ နောင်ဓာတ်ပေါင်းလို့ သိရတာက မခင်မြို့သူက မြို့ပေါ်က ဆိုင်းမင်းသမီးတဲ့။ ရုပ်ရည်ကလည်း လှ၊ အသားလတ်လတ်၊ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်း။ ကားကားစွင့်စွင့်လေးဆိုတော့ မြို့ပေါ် အလှူမင်္ဂလာနဲ့ တောပွဲတွေမှာ နာမည်ကျော်လူကြိုက်များ ထင်ရှားသတဲ့။

ဖြစ်ချင်တော့ ဆိုင်းအငြိမ့်ထောင်ဆရာက တစ်နေ့ မင်းသမီး မခင်မြို့သူ သူ့အခန်းမှာ ရေချိုးပြီးလို့ သနပ်ခါးလူးနေချိန် မူးမူးနဲ့ဝင်လာပြီး ဗလက္ကာရလုပ်သတဲ့။

ခင်မြို့သူက ရှန်းကန်အော်ဟစ်တောင်းပန်တာ မရဘူး။ လူလည်း ဝတ်လစ်စလစ်ဖြစ်ပြီး ရုန်းကန်ရလို့ ပွန်းပဲ့မောဟိုက်နေပြီ။ ဒီမှာ လက်ကကိုင်မိတဲ့ သနပ်ခါးတုံးနဲ့ အငြိမ့်ထောင်ဆရာ အမွှေသားရဲ့မျက်နှာကို ဆောင့်ထိုးလိုက်တော့ သူလဲကျသွားတယ်။





ပြန်ထပြီး နောက်တစ်ကြိမ် ကြိုးစားဖို့အလုပ်မှ ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်ပြီး လက်ထဲက သနပ်ခါးတုံးနဲ့ အငြိမ့်ထောင်ဆရာရဲ့ ဦးခေါင်းကို အကြောက်ကြီးစွာနဲ့ အချက်ပေါင်းများစွာ ထုရိုက်ပစ်လိုက်တာ။

နောက်ဆုံး အငြိမ့်ထောင်ဆရာ ဦးခေါင်းတစ်ခုလုံး စိစိညက်ညက်ကြေပြီး သေရော။

အဲဒီလူသတ်မှုနဲ့ ထောင်ဒဏ် (၂)နှစ်ကျသွားခဲ့တယ်။ အရှက်အသက်အတွက် ခုခံတာ လက်လွန်သွားလို့ပါ။

အခု ထောင်က လွတ်လာခဲ့ပြီ။

ဆိုင်း၊ အငြိမ့်လောက ကလည်း သူမကို လက်မခံရဲတော့ဘူး။ လူသတ်သမလို့ အမည်တပ်ပြီး ကြောက်ကုန်ကြတယ်။ နောက်ဆုံး စိတ်ကလေး ငြိမ်သွားအောင် ကျားပြန်ကျေးရွာ ဘုန်းကြီးကျောင်းမှာနေတဲ့ ဘကြီး ကပ္ပိယဦးနွားကားကြီးထံ ရောက်လာခဲ့လိုက်တယ်။ မိဘညီအစ်ကိုမောင်နှမကလည်း မရှိဘူးလေ။

အားကိုးရှိရာကို လာခဲ့လိုက်တာပေါ့။

ချောမောလှပတဲ့ မိန်းကလေးတစ်ဦး ရွာကို ရောက်လာတယ်။ ပြီး ... ကပ္ပိယရဲ့တူမလို့ သိကြရော တစ်ရွာလုံးက ကာလသားတွေ စိတ်ဝင်စားကြတာပေါ့။

အငြိမ့်မင်းသမီးလို့ကြားတော့ ပိုပြီး စိတ်ဝင်စားကြတယ်။ သို့သော် သူမ လူသတ်မှုနဲ့ ထောင်ကျပြီး မကြာခင်ကမှ ထောင်ကထွက်လာတာကို ဘယ်သူမှ မသိဘူး။

ဘကြီးကပ္ပိယကိုတော့ တိုးတိုးတိတ်တိတ် ပြောထားရတာပေါ့။ မိန်းမချော၊ အလှလေးတစ်ဦး ဒီရွာကို ရောက်နေတဲ့သတင်းက ရွာထုံးစံအတိုင်း ပျံ့သွားတယ်။

"ခင်မြို့ ..."

"ရှင် ... ဘကြီး"

"ရွာထဲကို လျှောက် ... လျှောက်မလည်နဲ့"

"ဘာဖြစ်လို့လဲဟင် ... ဟင်လို့"

"ဒီဘက်တွေမှာ လူဆိုးလူသွမ်းပေါ်တယ်။ မထင်ရင် မထင်သလို ရမ်းကားတတ်တယ်၊ ရက်စက်တာလည်း ကမ်းကုန်ပဲ။ ငါ့တူမက လှတော့ လူလုံးမပြတာ ကောင်းတယ်။ သိုသိုသိပ်သိပ်နေ၊ ဖြစ်နိုင်ရင် နင့်အစ်မ ဝမ်းကွဲများရှိတဲ့ မြစ်ဝကျွန်းပေါ်နဲ့ အညာဘက်ကိုသွားနေတာ ပိုပြီး အန္တရာယ် ကင်းတယ်။ နားလည်ရဲ့လား"

"ဟုတ်ကဲ့ ... ဘကြီး၊ သမီးလည်း တစ်ပတ်လောက်ပဲ နေမှာပါ။ ပြီးရင် အမေတို့ မွန်ရွာဘက်ကိုသွားမယ်လို့ စဉ်းစားထားပါတယ် ... ဘကြီး"

"အေး ... အေး ... ဘကြီး သမီးကို မစောင့်ရှောက်ချင်လို့ မဟုတ်ဘူး။ ဒီအရပ်က မြို့နဲ့ဝေးလွန်းတော့ ရာဇဝတ်မှုတွေ များတယ် သမီးရယ်"

ခင်မြို့သူလည်း ကြားပါတယ်။ ပြီး ... ဘုန်းကြီးကျောင်းမှာ မိန်းကလေးနေတာလည်း မသင့်ဘူးလေ။ စားတာလေး လှုမြင်တင့်တယ်အောင် ခင်မြို့သူက ကျောင်းဝေယျာဝစ္စကို နေ့တိုင်း ဝိုင်းလုပ်ပေးတယ်။

တစ်ညနေ ...

နေဝင်သွားတဲ့အလှကို ကြည့်ချင်တာနဲ့ ရွာပြင်ကို ထွက်လာလိုက်ပြီး ဟိုတောတန်း၊ တောင်တန်းနောက်ကို ဝင်သွားတဲ့နေလုံးကို ကြည့်ပြီး အနုပညာသည်ပီပီ စိတ်ပီတိရသလို ခံစားနေတုန်းမှာပဲ။

နောက်ကနေ လူတစ်ယောက်က မျက်နှာကို အဝတ်နဲ့အုပ်ပြီး ပခုံးပေါ် ထမ်းပြေးပါရော။

ခင်မြို့သူက ရုန်းကန်အော်တယ် မရဘူး။ သန်မာပုံရတဲ့လူက တစ်နေရာကို ထမ်းပြေးနေတာ သိလိုက်တယ်။ ဒီမှ သူမ ရုန်းကန်နေမှန်း သိသွားရော မြေပြင်မှာ ခဏချပြီး ...

သူမရဲ့ အချိုက်(ရင်ဝ)ကို လက်သီးနဲ့ တစ်ချက်ထိုးလိုက်တာ။ 'အင့်' ခနဲ အသံထွက်ပြီး မေ့ကျသွားတော့တယ်။





သည့်နောက် မြင်းပေါ်ကိုတင်ပြီး မြင်းကဆုန်စိုင်းပြေးသွားတာကို ပဲ နောက်ဆုံး သတိရလိုက်တယ်။

တိုတိုပြောရရင် ...

ပင်လယ်စပ်တောတန်းလေးက တဲအိမ်တစ်ခုမှာ သူမ ရောက်နေ တယ်။ လူဆိုးက သူမရဲ့ အပျိုဘဝကို ဖျက်ဆီးပစ်လိုက်ပြီလေ။

ခင်မြို့သူ ရှိုက်ကြီးတငင် ငိုနေရပြီ။

"ဒီနေ့ကစပြီး နင် ငါ့မယားဖြစ်သွားပြီ ... ကြားလား"

"တို့ ... ရှင် ... ရှင် လူယုတ်မာ။ ခွေး ... ခွေး ... လူစိတ် မရှိတဲ့ ... ခွေး။ တိရစ္ဆာန်။ နွားမချင်း။ သားသမီးချင်း မစာနာတဲ့ အယုတ် တမာ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား စာနာစရာ အကြောင်းမရှိဘူးဟ။ ငါ့မှာ အမေရော၊ နှမရော၊ သမီးရော လုံးဝမရှိလို့ ပဲ။ နင် ငါ့မယားဖြစ်နေပြီ။ နင် ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ငါကြိုက်ရင် ငါ့မယားပဲ။ အေး ... ထွက်ပြေးမယ်တော့ မကြံနဲ့။ ဟောဒီမှာ တွေ့လား သေနတ်။ ငါ လူတွေသတ်လာတာများပြီဟ ... နင် ... ငါ့နာမည် ကြား ဖူးလား"

"ရှင့်လို လူယုတ်မာနာမည်ကို လုံးဝ မကြားချင်ဘူး။ တစ်နေ့ ရှင် ဝဋ်လည်မှာပဲ ... စောင့်နေ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ဝဋ်တို့၊ သံသရာ တို့လည်း ငါမယုံကြည်ဘူး။ ငရဲလည်း ငါမယုံကြည်ဘူး။ နိဗ္ဗာန်လည်း လုံးဝ မလိုဘူး။ ရွှေငွေ၊ စားစရာ၊ လူဆီကပဲဖြစ်ဖြစ်၊ ဘုန်းကြီးရဟန်းဆီကပဲဖြစ် ဖြစ် ရရာယူမယ်။ တိုက်မယ်၊ ငါ့အလိုမလိုက်ရင် သတ်မယ်။ အထူးသဖြင့် ဩ မိန်းမတွေကို သဘောကျတယ်။ အေး ... ငါ့အလိုမလိုက်ရင် ပထမ နားရွက်ကို ဓားနဲ့လှီးမယ်၊ ဒုတိယ နှာခေါင်းကို ဖြတ်ပစ်မယ်။ တတိယ မျက်လုံးတစ်လုံးကို ဖောက်ထုတ်ပစ်မယ်၊ စတုတ္ထ ရင်သားတစ်ဖက်ကို ဓားနဲ့ ဟောသလို ..."

သူကပြောရင်း ဓားမြှောင်ကို ဆွဲထုတ်လို့ ရင်သားကို လှီးပစ်မည် ဟန်ကို ဓားဝင့်တင်လိုက်ရော၊ ခင်မြို့သူ သတိလစ်သလို ဖြစ်သွားခဲ့ရပြီး တုန်ခါရင်ဆိတ်သွားခဲ့ရတယ်။

"ဟား ... ဟား ... ဟား ... ဟား ... ငါ့အလိုမလိုက်မှ ရက် စက်မှာပါဟား။ အလိုလိုက်ရင်တော့ မင်းကို မိဖုရားခေါင်ကြီးနေရာမှာ ထား မှာပါ။ ဘာလို့လဲဆိုတော့ မင်းက ငါတွေ့ဖူးသမျှ မိန်းမတွေထဲမှာ တော်တော် ကို လှပအိစက်တင်းရင်းတဲ့ မိန်းမတစ်ယောက် ဖြစ်နေလို့ပါပဲဟား။ ဟား ... ဟား ... ဟား ... ဟား ... ဟား"

အသားနက်နက် မုဆိတ်ပါးသိုင်း။ ဆံပင်ရှည်ရှည်နဲ့ လူယုတ်မာ က ခြောက်လုံးပြူးသေနတ်ကို ကစားလိုက်၊ ဓားမြှောင်ကို ဝှေ့ယမ်းလိုက် လုပ်ရင်းက ခင်မြို့သူရဲ့ ကိုယ်လုံးကို သူ့လက်ကြမ်းကြီးနဲ့ ပွေ့ဖက်ရင်း လှဲချလိုက်တော့တယ်။

✿ ✿ ✿

[၉]

❑

"ပြန်များသွားသလား ... ကပ္ပိယကြီးရာ"

"ပြန်ရင် ကျုပ်ကို ပြောသွားမှာပေါ့ကွ။ အဝတ်အစားတွေလည်း ကျန်ရစ်ခဲ့သေးညွှာ"

နောက်ဆုံး မီးတုတ်တွေထွန်းပြီး လိုက်ရှာကြတော့။ ကိုင်းပင် ကြားမှာ ခင်မြို့သူရဲ့ ဖိနပ်နှစ်ဖက်ကို တွေ့ရတယ်။ ပြီး ... မြင်းခွာခြေရာ များလည်း မြင်ရရော။ သဘောပေါက်လိုက်ပါပြီ။

တစ်စုံတစ်ယောက် အဓမ္မ ဖမ်းခေါ်သွားပြီ။

"ကပ္ပိယကြီး ..."

"ဟေ ..."

"မဟုတ်မှလွဲရော ... ဟိုကောင် ... ဒုန်းနက်များ"

"ဗွီ ... တွေ့ကြသေးတာပေါ့ကွာ"

တိုတိုပြောရရင် ဘယ်သူမှ မလိုက်ရဲ၊ ရင်မဆိုင်ရဲတဲ့ ဒုန်းနက် နောက်ကို ကပ္ပိယကြီး ဦးနှားကား ဓားမြှောင်နှစ်လက် ခါးကြားထိုးပြီး တစ်ရွာဝင်တစ်ရွာထွက် လိုက်ရှာတယ်။

သုံးရက်မြောက်သည့်နေ့အထိ စုံစမ်းလို့မရဘူး။ ဒါပေမဲ့ ...ဒွဲ မလျှော့ဘူး။ ကြားရသူများက ကပ္ပိယကြီးကို ဝိုင်းတားကြတယ်။ ဘုန်းကြီးကလည်း တရားချတယ်။ မရပါဘူး။

ဟုတ်တယ်လေ ... ရဲပုလိပ်လည်း အားကိုးလို့မှ မရပဲကိုး။

သေချင်သေပစေ ... ရင်ဆိုင်မယ်ဆိုပြီး သဲကြီးမဲကြီး လိုက်ရှာတာ။

အဲဒီအချိန်မှာ ခင်မြို့သူ စိတ်တုံးတုံး ချလိုက်တယ်။

သူမရဲ့ဘဝက ပျက်သွားပြီ။ ပြေးလို့လည်း မရဘူး။ အုန်းနက်က အလစ်မပေးဘူး။ နောက်ဆုံး အလိုက်အထိုက်နေရင်းက လွတ်မြောက်မည့်လမ်းကို နေ့စဉ်ကြံဆနေရတယ်။

မနှစ်သက်၊ မလိုမတူပါသော်လည်း အုန်းနက်ရဲ့ ကာမရောဂါကို အလိုလိုက်ဖြည့်ဆည်းပေးလို့ အုန်းနက်က သူမကို အလွန်သဘောကျနေလေရဲ့။ သူ့ကို ကောင်မလေး စွဲလမ်းနေပြီပေါ့။

"ခင်မြို့ ..."

"အင်း ..."

"ငါ့ကို နင် သဘောကျရဲ့လား"

" ...."

"ပြောလေ ... သဘောကျရဲ့လားလို့"

"အင်း ..."

"ဟား ... ဟား ... ဟား ... ဟား ... မကျဘူးလို့များ ပြောမလားလို့ ရင်တုန်လိုက်ရတာဟာ။ ငါကလည်း နင့်ကို သိပ်သဘောကျတယ်။ ချစ်တယ် ... သိရဲ့လားဟင်"

"အင်း ..."

"နင်ကလည်း 'အင်း' ပဲ လုပ်နေတာပဲ။ ချစ်ရင်ချစ်တယ်၊ ကြိုက်ရင် ကြိုက်တယ်။ စကားလေး ဘာလေး တစ်ခုခုတော့ ပြောမှပေါ့"

"ကို ... အုန်းနက်"





"အဲဒီလိုမှပေါ့ ... ပြော ... ဘာတုံး"

"ရှင် ... မှတ်ဆိတ်ပါးသိုင်းမွေးတွေကို ရိတ်ပစ်လိုက်ပါ"

"ဘာလဲ ... နမ်းရင် ယားလို့လား ... ဟုတ်လား ..."

"ရိတ်ပစ်လိုက်ပါ"

"ကောင်းပြီ ... ပြီးတော့ ... ဘာလုပ်ရဦးမှာလဲ"

"ရေချိုးပါ ... ခေါင်းဖြီးပါ"

"မင်းက သန့်မှကြိုက်တာပေါ့ ... ဟုတ်"

"အင်း ..."

"ကောင်းပြီ ... မိဖုရားခေါင်ကြီး သဘောကျ ကျွပ်လုပ်မယ်။ ဒါနဲ့ မိန်းမ ..."

သူက ပိုင်စိုးပိုင်နင်း မိန်းမတဲ့။ ခေါ်ပါစေလေ ... သူ့ထီးရိပ်အောက် ရောက်နေတဲ့ဥစ္စာ ... ရှိပါစေ။

"မင်း ... ထွက်ပြေးမှာလား"

"ဟင့်အင်း ..."

"ဘာဖြစ်လို့ မပြေးတာလဲ"

"ကျွန်မဘဝက မထူးတော့ဘူးလေ"

"ကောင်းတယ် ... မင်းလည်း တစ်ကောင်ကြွက်၊ ငါကလည်း တစ်ကိုယ်တော်။ ဒီဘဝ ပျော်ပျော်ကြီး နေကြပါစို့ကွာ ... ဟုတ်လား"

သူမက ခေါင်းညိတ်လိုက်တယ်။ အုန်းနက်က ပါးကို နမ်းမလိုလုပ်တော့ ရိပ်လိုက်ပါဦးလို့ ပြောမှ။

သူက ထင်းရှူးပုံးထဲကနေ သင်တုန်းဓားကို ထုတ်လိုက်ပြီး မှန်ကွဲလေးတစ်ခုကို ထောင်လို့ ပါးသိုင်းမွေးနဲ့ နှုတ်ခမ်းမွေးများကို စိတ်လိုလက်ရ ရိတ်ပစ်လိုက်တယ်။

ဆံပင်ရှည်တွေကိုလည်း သူ့ဘာသာသူ သင်တုန်းဓားနဲ့ ဖြတ်ပစ်လိုက်တယ်။ ပြီး ... ရေ့က ရေကန်မှာ ရေဆင်းချိုးလိုက်တယ်။ သူ ရေ

မချိုးတာကြာပြီး သဲကြမ်းနဲ့ ရေးများကို ပွတ်တိုက်တွန်းလိုက်ပြီး ရေသုတ်လို့ အဝတ်အစားသစ်ကို ဝတ်လိုက်တယ်။

ထမင်းချက်ရာက ထ,လာတဲ့ ခင်မြို့သူက သူ့ကိုကြည့်ပြီး အံ့အားသင့်သွားတယ်။

''ကြိုက်လား ... မိန်းမ''

'''အင်း ...''

''ဘယ်လိုနေတုံးကွယ်''

''သန့်နေတာပဲ''

''ဟား ... ဟား ... ဟား ... ဟား ... ဟား ... အုန်းနက်မိန်းမရ ကံကောင်းတယ်ဟေ့။ ဟား ... ဟား ... ဟား ... ဟား''

အုန်းနက် အရမ်းကို ဝမ်းသာနေတာ။ ညဦးပိုင်းရောက်ရော အုန်းနက်က ပျော်လွန်းဝမ်းသာလွန်းလို့ အရက်တစ်ပုလင်းကို အမြည်းနဲ့ သောက်နေလေရဲ့။ သောက်ရင်းက ...

''မိန်းမ ... အော ... ငေ့ ...''

''ဟင် ...''

''တစ်ခွက်သောက်ပါလား''

''ဟင့်အင်း ... မသောက်ချင်ဘူး''

''တစ်ငုံပဲကွာ''

''ရှင်ပဲသောက်ပါ။ ကျွန်မ သောက်လို့မရလို့ပါ''

ခင်မြို့သူက အမြည်းဖွယ်ဖွယ်ရာရာ လုပ်ပေးပြီး ယုယုယယနဲ့ လုပ်ပေးနေတော့ အုန်းနက် အရမ်းသဘောကျနေတာ။

အရက်တစ်ပုလင်းကုန်တော့ မှောင်စပြုလာပြီ။

မီးခွက်ကို ခင်မြို့သူက ထွန်းညှိလိုက်တယ်။ မူးယစ်နေတဲ့ အုန်းနက်က ခင်မြို့သူကို ကြမ်းပြင်ပေါ် လှဲချလိုက်ပြီး သူ့ရဲ့ ကာမဂုဏ်လိုအင်ဆန္ဒကို ခပ်ကြမ်းကြမ်းပြုပြီး ကိုယ်တုံးလုံး အိပ်ပျော်သွားချိန်မှာပဲ ...





ခင်မြို့သူက ထဘီကို တိုတိုပြင်ဝတ်လိုက်ပြီး ထင်းရှူးပုံးထဲက သင်တုန်းဓားကို လှမ်းယူလို့ ဖွင့်လိုက်တယ်။

သည့်နောက် မူးမူးနဲ့ ကာမဂုဏ်စည်းစိမ်ယစ်ပြီး ကျေနပ်အိပ်ပျော်နေတဲ့ အုန်းနက်ရဲ့ မွေးရာပါ ယောကျ်ားတန်ဆာနဲ့ ကပ်ပယ်အိတ်ကို စုကိုင်ပြီး လက်ထဲက သင်တုန်းဓားနဲ့ အရင်းကကပ်ပြီး ပြတ်ကျသွားအောင် အားစိုက်ဖြတ်ချလိုက်တယ်''

''အား ... အား ... အ ... အ ...''

အုန်းနက် နာကျင်လွန်းလို့ အသံနက်ကြီးနဲ့အော်ပြီး ကုန်းထတယ်။ ပြီးနောက် သူ့ရဲ့ သွေးသံရဲရဲနေရာကို လက်နဲ့အုပ်ပြီး ကိုယ်တုံးလုံးထပြီး ...

သိလိုက်ပြီ။

ဩ ... သူ့မယား ခင်မြို့သူရဲ့လက်ချက်။

သူရှက်ထားတဲ့ သေနတ်ရှိရာကို သွားလိုက်တော့ သေနတ်မရှိတော့ဘူး။

''ခင် ... မြို့ ... ခင် ... မြို့ ... အား ... အား ...''

''ကယ် ... ကြပါ ... ကျုပ်ကို ကယ်ကြပါဗျာ''

''အား ... အ ... အ ... အား ... ခင် ... မြို့ ... နင် .. နင် ... ငါ့ကို ... လုပ် ... လုပ်ကြံ ... အား''

အုန်းနက် သွေးရူးသွေးတန်းအော်ရင်း အမှောင်ထဲကနေ ရေဆိပ်ရှိရာသို့ သွားတယ်။ သူ့အောက်ပိုင်းမှာ သွေးတွေ စိုရွှဲအိုင်ထွန်းနေတယ်။

သူ ပြေးရင်း လွှားရင်း၊ လဲရင်း ထရင်း ရေဆိပ်အရောက်မှာ လဲကျ။ အသက်ထွက်သွားခဲ့တော့တယ်။

သူ့ရဲ့ ကိုယ်လုံးတီး သွေးသံရဲရဲ ယောကျ်ားလိင်အင်္ဂါပြတ်ပြီး သေနေတဲ့ သူ့ရဲ့အလောင်းကို တံငါလှေသမားတွေက မြင်လိုက်ရတယ်။

သင်းကိုလိုက်ရှာနေတဲ့ ကဗွီယကြီးကလည်း မြင်သွားပြီး သင်းမျက်နှာကို တံတွေးနဲ့ ထွေးပစ်လိုက်တယ်။

ခိုးအခန်းကို အကြောင်းကြားလိုက်တော့ သေသူဟာ လူသတ်မှုဒိမ်း ထောင်ပြေးအုန်းနက်မှန်း သိသွားကြတယ်။ အုန်းနက်ကို ဘယ်သူသတ်လိုက်မှန်း မသိကြဘူး။

တိုတိုပြောရရင် အုန်းနက်ဆိုသူ လူယုတ်မာအလောင်းကို ဘယ်သူမှ မသဂြိုလ်ချင်ကြဘူး။ သချိုင်းကုန်းမှာ ဒီတိုင်း ပစ်ထားလိုက်ကြတယ်။ ခွေးလို၊ မှန်းလို၊ နာကျည်းလို့လေ။

သူ့အလောင်းက သချိုင်းကုန်းပေါ်မှာ ပုပ်ပွလောက်ထိုး၊ အရည်ကျ အရိုးကျန်သွားခဲ့တယ်။ သူ့အလောင်းကို ခွေးမစားဘူး။ ကျီး၊ လင်းတ မစားဘူး။ မြေကြွက်တွေ လုံးဝမစားဘူး။ တိရစ္ဆာန်ကအစ ရွံရှာစက်ဆုပ်လို့နေမှာပဲ။

✿ ✿ ✿

[၁၀]

❑

"အဲဒါ တကယ်ဖြစ်ရပ်မှန်ပဲ ... စာရေးဆရာ၊ ငါနိုင်တယ် ... ငါနိုင်တယ်ဆိုတာ ငါ့ကိုနိုင်တဲ့လူ မပေါ်သေးခင်တော့ ဗိုလ်ပဲပေါ့။ ငါ့ကိုနိုင်တဲ့လူ ပေါ်လာရော၊ ငါလည်း ပျောက်သွားရောပဲ။ ဒါ ... မှန်ကန်တဲ့ နိယာမတရားပဲ ... စာရေးဆရာ"

"အမေသုန်ကို ကျွန်တော် မေးပါရစေ ... အမေ"

ဖြစ်ရပ်ဆန်းကြယ်၊ သည်းထိတ်ရင်ဖိုဇာတ်ကို ပြောပြနေသည့် အမေသုန်ကို ကျွန်တော်က ပြောလိုက်တော့ ...

"ဘာမေးချင်လို့လဲ ... စာရေးဆရာ"

"အုန်းနက်ကို ခင်မြို့သူသတ်သွားတာ သိတဲ့လူရှိနေတယ်။ နောက် ခင်မြို့သူ ဘယ်ရောက်သွားသလဲ။ အဲဒါ သိချင်လို့ပါ ... အမေ"

"ခင်မြို့သူ ဘယ်သူမှမသိစေဘဲ မြစ်ဝကျွန်းပေါ်က ကရင်ရွာလေးကို ပြောင်းလာပြီး၊ သူ့အစ်မဝမ်းကွဲဖြစ်တဲ့ အမေသုန်ကို ဇာတ်စုံခင်းပြခဲ့တယ်လေ။ သည့်နောက် ခုနေတဲ့ မှန်ဒေသကို ပြောင်းခဲ့တာပဲ"

"ဗျာ ... ဒါဆို ... ဒေါ်ခင်မြို့သူနဲ့ အမေသုန်က ညီအစ်မဝမ်းကွဲ တွေပေါ့ ... ဟုတ်လား"

"ဟုတ်ပါတယ် ... စာရေးဆရာ"

"အခု ... ဒေါ်ခင်မြို့သူရော ရှိသေးလား။ ကွယ်လွန်သွားပြီလား ဟင်"

ကျွန်တော်မေးတော့ အမေသုန်က အနီးရှိ လူမမာအဘွားအိုကို ယပ်ခပ်ပေးနေရင်းက ...

"ရှိပါသေးတယ် ... စာရေးဆရာ"

"ဒါ ... ဒါဆို ... ကျွန်တော် တွေ့ချင်လိုက်တာ ... အမေသုန် ရယ်"

"တွေ့လည်း သူမ စကားမပြောနိုင်တော့ဘူး ... စာရေးဆရာ"

"အို ... ဘာပဲဖြစ်ဖြစ် ... အမေရာ၊ နာမည်ကြီး လူဆိုးလူမိုက် မုဒိမ်းကောင်ကို ဘဝနဲ့ရင်းပြီး ရင်ဆိုင်သတ်ပစ်ခဲ့တဲ့ ကိုယ်ကျိုးစွန့်မှုနဲ့ သတ္တိ ကို လေးစားလို့ပါ ... အမေသုန်ရယ်။ မျက်နှာကို မြင်ဖူးရရင် ကျေနပ် ပါပြီဗျာ။ ခဏလေး တွေ့ပါရစေ"

ကျွန်တော်က အနူးအညွတ် တောင်းပန်ခဲ့တော့မှ ...

"တွေ့ရရင် ကျေနပ်ပြီပေါ့"

"ဟုတ်ကဲ့"

"မခင်မြို့သူခေါ် ဒေါ်ခင်မြို့သူဟာ အခြားသူမဟုတ်ပါဘူး ... စာရေးဆရာ။ ဟောဒီ မိန်းမောနေတဲ့ လူမမာဟာ စာရေးဆရာ သိပ်တွေ့ ချင်နေတဲ့ သတ္တိရှင်မကြီး ဒေါ်ခင်မြို့သူပါပဲ ... စာရေးဆရာ"

"ဗျာ ..."

ကျွန်တော် ဖုံ့ဖြုသွားခဲ့ရတယ်။ စွန့်စားရဲသူ၊ သတ္တိရှင်မကြီး ဒေါ်ခင်မြို့သူရဲ့မျက်နှာကို ငုံ့ကြည့်လိုက်ကြတော့ မျက်ကွင်းဟောက်ပက်နဲ့ မိန်းမောနေပါပြီ။

စိတ်ကူးသစ်စာပေ



မကြာခင် တမလွန်ခရီးကိုသွားဖို့ ခရီးသွားလက်မှတ် ရနေရှာပါ ပြီ။ ကျွန်တော် အမေမြို့ရဲ့မျက်နှာကို လေးစားကြည်ညိုစွာကြည့်ရင်း အမေ မြို့ကောင်းရာသုဂတိကို မျက်မှောက်ပြုအောင်ပြုနိုင်ပါစေ၊ ဝဋ်ကြွေးတွေလည်း ကြေပါစေလို့ ဆုတောင်းလိုက်ပါလေရဲ့။

မောင်ညှိမှိုင်း(သန်လျင်)

ဦးကိုကိုလွင်
ယာဉ်စီးလုံးငှားနှင့်လက်မှတ်ဝန်ဆောင်မှု
ဖုန်း ၀၉-၄၂၀၀၅၀၅၀၄၄

# နာကျင်လွမ်းချင်း



[၁]

❑

မလွမ်းချင်လို့ မရဘူးလေ။

မေ့ပျောက်လို့ မရနိုင်တဲ့ဘဝတွေအထဲမှာ စို့ရွဲနေတဲ့မျက်ရည်တွေ ယနေ့တိုင် မခြောက်သေးပါဘူး။

ပင်ဘယ်ဘက်ကနေ မိုးတွေ ညို့လာရင် အလိုလို မျက်ရည်စို့ပြီး၊ စိုးရိမ်ကြောက်လန့်နေရစမြဲပါ။

ဟောဟိုက ပင်လယ်ထဲမှာ အလောင်းတွေ ပုပ်ပွမျောပါနေတယ်။ မြင်မြင်သမျှ ချောင်းရေပြင်ပေါ်မှာ မှောက်ခုံ၊ ပက်လက်အလောင်းတွေ၊ ကားရားတွေ ချောင်းအပြည့်ရှိနေရဲ့ ...။

"အဖေ ... ဘယ်မှာလဲ"

"အမေ ... ဘယ်မှာလဲ"

"အဘိုး ... ဘယ်မှာလဲ"

"အဘွား ... ဘယ်မှာလဲ"

"သမီး ... ဘယ်မှာလဲ"

"သား ... ဘယ်မှာလဲ"

"ချွေးမ ... သားမက် ... ဘယ်မှာတုံး"

အလောင်းတွေကို လှန်လှော၍ ရှာလိုက်ရတာ အလောင်းပေါင်း သိန်းသောင်းခန့်အကြားမှ အမေ့ကို ဘယ်လိုရှာရမှာလဲ ...။

"အမေ့ကို ဘယ်လိုရှာရမှာလဲ"

"အမေရေ ..."

"သမီးရေ ..."

"ယောက်ျားရေ ..."

"မြေးလေးရေ ..."

ရင်ကွဲသံနဲ့ တကြော်ကြော် အော်ခေါ်နေကြတာ၊ အသံတိမ်ဝင်သွားသည်အထိ အမှောင်ထုနက်ရှိုင်းပြီး လူရိပ်လူယောင် မမြင်ရသည်အထိ အော်ခေါ်နေကြတာ။

"ကိုရင်လေးရေ ..."

"သား ... ကိုရင်လေး ... အမေ ... ဒီမှာလေ ... သားရဲ့"

"သား ... ကိုရင်လေး ... ပြန်ထူးပါဦး ... သားရဲ့ ... ဟီး"

"မဖဲ ..."

"ဘာတုံးတော် ... ကျွန်မသားကို တွေ့လာဟင်။ သား ... ဘယ်နားမှာတုံး။ ဒီမှာလေတော် ... ကျွန်မသား ကိုရင်လေးကိုလောင်းဖို့ ငှက်ပျောသီးလေ။ ကိုရင် ဒီကို ကြွလာပြီလားဟင်"

"မိဖဲ ... စိတ်ထိန်းမှပေါ့ ... မိဖဲရယ်"

"ကျွန်မသား ကိုရင်လေးကို ဟောဒီ ဖီးကြမ်းငှက်ပျောသီးလေး သပိတ်ထဲလောင်းပြီးရင် ကျွန်မ သေပျော်ပါပြီ ... အစ်ကိုမောင်းကြီးရယ် .. ဟီး ... ဟီး"

မဖဲလေ ... နာဂစ်မုန်တိုင်း ဒီရေလှိုင်းကြားမှာ သူ့သားကိုရင်လေး ရေစီးနဲ့ မျောပါသွားတယ်။

မဖဲရဲ့ တစ်ဦးတည်းသောသား ကိုရင်လေးပေါ့။ ဆရာတော်က လှူပြီး ကျွန်ကိုရင်ငါးပါးနှင့် ဘုန်းကြီးအိုကြီးနှစ်ပါး။ ကျောင်းနဲ့အတူ တက်လာတဲ့ ရေလှိုင်းမုန်တိုင်းလေမှာ ပါသွားကြတာ။





မုန်တိုင်းစဲပြီး ပင်လယ် ဒီရေ၊ မုန်တိုင်း ဒီရေကျသွားလို့ သွားကြည့်တော့ ...။

ဘုန်းကြီးကျောင်းတွေ မရှိတော့ဘူး။

ရွာတွေ ပျောက်သွားပြီ။

အိမ်ဆိုတာ လက်ညှိုးထိုးပြစရာ မရှိတော့ဘူး။ ရွာတွေက ရေဖွေး ဖွေးနဲ့ ပင်လယ်နဲ့ ဆက်ကုန်တယ်။

ဘယ်ဟာက ပင်လယ်တုံး။

ဘယ်အရာက ချောင်းတုံး၊ မြစ်တုံး။

ရေတွေ ဝိုင်းရံနေတယ်။ သစ်ပင်၊ အုန်းပင်တွေ ဘယ်ရောက်သွား ကြလဲဟင်။

"မဖဲ ..."

"ကိုရင် ... ကြွလာပြီလားဟင်"

"နင့်သား ... ကိုရင် ... မရှိတော့ဘူးလေဟာ"

"မရှိရအောင် ကျွန်မသားက ဘယ်သွားလို့လဲလို့"

"နင့်သားလည်း မုန်တိုင်းဒီရေထဲ ပါသွားလို့ သေပြီလေဟယ် မိဖဲရယ်"

"အို ... မဟုတ်က ဟုတ်ကတော် ... ဖွ ... ဖွ"

"ဦးဇင်းဝိမလရော၊ နင့်သား၊ သူငယ်ချင်းကိုရင်တွေပါ သေသွား ပြီ ... မိဖဲရဲ့၊ စိတ်ကို ထိန်းပါဟာ"

"ကိုမောင်ကြီး ... တော်နော်၊ ကျွန်မသား ကိုရင် ... မုန်တိုင်း ဒီရေထဲမှာ သေပြီဆိုတဲ့စကားပြောတာ ဒီတစ်ခါ နောက်ဆုံးဖြစ်ပါစေနော်။ ကျုပ်သားကိုရင် သေပြီလို့များပြောရင် ပြောတဲ့လူကို ပါးရှစ်စိပ်ကွဲအောင် ရိုက်ပစ်မယ် သိလား။ ဟော ... ဆွမ်းတော်ချိန့်တဲ့။ သားရေ ... ကိုရင်ရေ အမေ့ဘက်ကို အရင်ကြွပါ ... သားရယ်။ ဟောဒီမှ ငှက်ပျောသီးတွေကို ဝင်းနေတာပဲ ... ဟီ ... ဟီး ... အမေ့"

အဲဒါသာ ကြည့်တော့ ...

သူ့သားကိုရင်လည်း ရေထဲမျောပါပြီး သေသွားပြီ။ အလောင်းကို မမြင်ရတော့ မဖံ မယုံကြည်။ ခုလည်း လက်ထဲမှာ ရွှံ့တုံး သုံးတုံးကိုင်ပြီး သူ့သားကိုရင်ကို လောင်းမလှူတဲ့။

ဆွမ်းတော်ချို့တဲ့။

ဘယ်သူမှ မအော်ကြပေါင်များ။

ဆွမ်းတော်ချို့ ... ဟစ်စရာ ဘုန်းကြီးကျောင်းသားလည်း မရှိတော့ဘူး။ ကိုရင်၊ ဦးဇင်းလည်း မရှိတော့ပါဘူး။ ဆွမ်းလည်း မလောင်းနိုင်ပါဘူး။

ရှိနေတာက မိဖံလိုပဲ စိတ်နောက်ရူးသွပ်သွားတာတွေ၊ ကယောင်ချောက်ချားနဲ့ ဟိုပြေးဒီပြေး ပြေးနေကြတဲ့ အဝတ်မလာနဲ့မိန်းမ ယောကျ်ားတွေ။

မုန်တိုင်းရယ်၊ ရှင့်ကို ကျွန်မတို့က ဆဲရေးတိုင်းထွာစော်ကားလို့ ခုလိုမျိုး ရက်စက်ရတာလားဟင်။

ကျွန်မတို့က ရှင့်ကို ပူဇော်သက္ကာယမျက်လို့ ကျိန်စာသင့်စေတာလား မုန်တိုင်းရယ်။

ခု ... ကျွန်မလင် မရှိတော့ဘူး။

ကျွန်မသား။ ကျွန်မ သမီး မရှိတော့ဘူး။

ကျွန်မ အဖေနဲ့အမေ မရှိတော့ဘူး။

ကျွန်မတို့ ရှိခိုးဦးတင် တောင်းပန်ပါတယ် ... မုန်တိုင်း အရှင်မကြီးရယ်။

ကျွန်မလင်၊ ကျွန်မသား။ ကျွန်မသမီး။ ကျွန်တို့အဖေ၊ အမေများကို ကျွန်မတို့ အိမ်အရောက် ပြန်ပို့ပေးပါ ... အရှင်မကြီးရယ် ... နော် .. နော် ...''

✿ ✿ ✿

[၂]

□

ကျွန်တော် သောက်နေကျ လက်ဖက်ရည်ဆိုင်က မြိုးကြီး လက်ဖက်ရည်ဆိုင်ပါ။

အဖျော်ဆရာကလည်း လက်ရာမှန်တယ်ဗျ။

ဒါကြောင့် ရန်ကုန်တစ်မြို့လုံး လက်ဖက်ရည်ဆိုင်များအနက် ကျွန်တော်လက်ကျမှန်တဲ့ မြိုးကြီးမှာပဲ ကျွန်တော်ထိုင်တယ်။

မြိုးကြီး လက်ဖက်ရည်ဆိုင်မှာ အလုပ်လုပ်နေကြတဲ့ စားပွဲထိုးလူငယ်လေးများကလည်း ရုပ်ရည်သန့်သန့်လေးတွေ။

အပြောအဆို၊ အပြုအမူများကလည်း ယဉ်ကျေးသိမ်မွေ့ကြတယ်။

ကြာတော့ သူတို့နဲ့ ရင်းနှီး မျက်မှန်းတန်းလာတယ်။ ကျွန်တော်နဲ့ ကျွန်တော့်ဇနီး မမာမာဦးတို့ ဝင်လာရင် ...

''ပေါ့ဆိမ့်တစ် ... အိုဗာတင်းတစ်''

ကျွန်တော့်ဇနီး အိုဗာတင်း ကြိုက်တာလည်း သိနေကြပြီလေ။

တစ်ခွေ လက်ဖက်ရည်သောက်ရင်းက သနားကမား သန့်သန့်ပြန့်ပြန့်နှင့် ကရင်လိုလို၊ တရုတ်လိုလို ချာတိတ်လူငယ်လေးကို မေးမိလိုက်တယ်။

"ငါ့တူက ကရင်လား။ တရုတ်လား"

"မြန်မာပါ … ဆရာ"

"နေတော့ရော"

"ဘိုကလေးမြို့နယ်၊ ညောင်ကုန်းကျေးရွာကပါ ဆရာ"

"မိဘ၊ ညီအစ်ကို၊ မောင်နှမများရော ရှိတယ်လား"

"အဖေ … မကျန်းမာသူပဲ ရွာမှာရှိပါတယ် ဆရာ။ အမေရယ် အစ်မရယ်၊ အစ်ကိုရယ် သေသွားကြပါပြီ ဆရာ"

"ဘာဖြစ်လို့ သုံးယောက်လုံး သေသွားရတာလဲကွယ်"

"နာဂစ်မုန်တိုင်းဝင်တုန်းက တက်လာတဲ့ ပင်လယ်ရေ မိုးရေ ဒီရေထဲမှာ ပါသွားပြီး သေကြရတာပါ ဆရာ။ ကျွန်တော် အလွန်ကံကောင်းလို့ အသက်ရှင်ခဲ့ရတာပါ … ဆရာရယ်"

"တို့ သန်လျင်ဘက်မှာတော့ နာဂစ်မုန်တိုင်းတုန်းက ပင်လယ်ဒီရေမရောက်ခဲ့ဘူးကွယ်။ မင်းတို့ ဧရာဝတီတိုင်း။ ဘိုကလေး၊ ဖျာပုံ၊ မြောင်းမြ ပြင်စလူ၊ လပွတ္တာတို့မှာ ဖြန်းစားချည်း တက်လာတဲ့ ဒီရေမုန်တိုင်း။ မိုးရေ လှိုင်းတွေ သိမ်းနှဲ့ချီသေတယ်လို့ ကြားရ၊ ဖတ်ရတယ်။ မင်းတို့အဖြစ်ကို ကြားရတော့ စိတ်မကောင်းလိုက်တာကွယ်။ မင်း ဘယ်လိုလုပ်ပြီး သေဘေးက လွတ်ခဲ့ပုံလေး ဆရာ့ကို ပြောပြနိုင်မလားဟင်"

"ဆရာ … စာရေးမလို့လား"

"အေးကွာ … နာဂစ်မုန်တိုင်း (၅)နှစ်မြောက်မှာ မင်းတို့ ရေဘေး လေဘေးရင်ဆိုင်ခဲ့ရတဲ့ သည်းထိတ်ရင်ဖိုအဖြစ်ကို အမှတ်တရအဖြစ် ရေးချင်လို့"

"ဆရာ … အခု အချိန်မရလို့ စာရွက်ပေါ်မှာ ကျွန်တော် ရေးတတ်သလို ရေးပေးမယ် … ဆရာ။ အဲဒါဖြစ်မလား … ဆရာ"





"ပိုကောင်းတာပေါ့ကွာ။ ရေးတတ်သလို ရေး … ကျန်တာ ဆရာ့ဘာသာ စာပြန်စီ နေရာချလိုက်မယ်"

"ဒီည … ကျွန်တော် ရေးလိုက်မယ် ဆရာ။ မနက်ဖြန် (၁၂)နာရီ ဆရာ့ကို ကျွန်တော် ပေးမယ်နော်"

"အိုကေ …"

✿ ✿ ✿

[၇]

❑

ဟောဒီစာရွက်ကလေးက မောင်ကျော်မြင့် သူရေးတတ်သလို ရေးပေးတဲ့ နာဂစ်မုန်တိုင်း အတွေ့အကြုံလေးပါ။

ဒုက္ခ၊ ဆင်းရဲခြင်းပါကလား။

ဒီလို ကြမ်းတမ်းရက်စက်တဲ့ ဒုက္ခဆင်းရဲကို သူတို့ မြစ်ဝကျွန်းပေါ်သားတွေ ခါးသီးကြေကွဲစွာ မေ့လို့မရနိုင်အောင် ခံစားလိုက်ရတာပါကလား။

ဆရာရယ်၊ ဒီလိုကြောက်စရာကောင်းတဲ့ မုန်တိုင်းမျိုး နောင်ဘဝဆက်တိုင်း မကြုံပါရစေ … ဆရာရယ်။

ကြောက်လွန်းလို့ပါ …

ကြေကွဲဝမ်းနည်းလွန်းလို့ပါ ဆရာ။

ကျွန်တော်တို့နေတဲ့အရပ်က ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၊ ညောင်ကုန်းကျေးရွာမှာ နေတာပါဆရာ။

ကျွန်တော်တို့ ရွာရဲ့ဝန်းကျင်မှာ အကယ်ချောင်းကျေးရွာ၊ ကုန်းသာ ရေသာဖျံ၊ ဆားမလောက်ကုန်းကျေးရွာ၊ သဖင်ကုန်းကျေးရွာ၊ ကိုးအိမ်တန်းကျေးရွာ အပါအဝင် ရွာတွေ အများကြီးရှိတယ်ဆရာ။





လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုနေကြတာပါ။

သူ့မိသားစု၊ ကိုယ့်မိသားစု ပျော်ရွှင်ချစ်ခင်ရင်းနှီးစွာ နေထိုင်ကြတယ်။ စားသောက်လှူနိုင်ကြပေါ့။

ရွာမှာ သူခိုးသူဝှက် မရှိသလောက် ရှားပါးတယ် ဆရာ။

ပျော်ရွှင်ကြည်နူးစရာဒေသနဲ့ ဘဝတွေကို ဖျက်ဆီးပစ်ဖို့ နိမိတ်မရှိစကားတွေ ကျွန်တော်တို့ ရွာဝန်းကျင်ကို ရောက်လာခဲ့တယ်။

"နာဂစ်မုန်တိုင်းတဲ့ ဟေ့ …"

"နာဂစ်ဆိုတာ ဘာတုံးဟဲ့"

"မုန်တိုင်းအမည်ပါဆိုနေ"

"ဘယ်ကိုလာမှာတုံး … ဘယ်သူပြောလို့တုံး"

"မြို့ပေါ်ကပြန်လာတဲ့ ကိုချစ်မြိုင်ကြီး ပြောတာတဲ့"

"ချစ်မြိုင် … ဒီကောင်ကွာ … မပြောကောင်း မဆိုကောင်းတွေ ကွယ်။ ဒီစကားက နောက်ပြောင်စရာ မဟုတ်ဘူး"

"ဟိုမှာ … ကိုချစ်မြိုင်၊ ခေါ်မေးကြည့်ဦးလေ"

"ဟေ့ကောင် … ချစ်မြိုင် … ဒီကိုလာစမ်း"

"ဘာတုံး … ဦးလေးဘိုးတင်"

"မင်းက နာဂစ်ဆိုလား … နဂါးဆိုလား … မုန်တိုင်း … ငါတို့ ဧရာဝတီကို လာမယ်လို့ ပြောဆို …"

"ဘိုကလေးမြို့ပေါ်က ကြားခဲ့တာပဲဗျ။ ရေဒီယိုကရော၊ သတင်းစာကရော ရေးပြောနေတာတဲ့ဗျ"

"ဟုတ်ရဲ့လား … ချစ်မြိုင်ရာ"

"မယုံလည်း ကိုယ်တိုင်သာ မြို့ပေါ်သွားမေးဗျာ"

"နေပါဦးဟ … ဘယ်နေ့မုန်တိုင်းက ဝင်မှာတဲ့တုံး … ချစ်မြိုင်ရ"

"မေလဆန်း (၁)ရက်၊ (၂)ရက်လို့ ခန့်မှန်းသတဲ့"

"မုန်တိုင်းက ကြီးလား၊ သေးလား"

"မသိဘူး။ ဂရုစိုက်ပြီးနေဖို့ရယ်၊ ပင်လယ်နဲ့နီးတဲ့နေရာက လူတွေရေနဲ့ စားရေးရိက္ခာတို့၊ လှေတို့ အသင့်ရှိနေဖို့ရယ်၊ ကုန်းတွင်းမြေမြင့်အရပ်ကို ကြိုတင်ပြောင်းရွှေ့နေနိုင်ရင် အန္တရာယ်ကင်းမယ်လို့ ပြောနေကြတယ်"

"ဟုတ်ပါ့မလားကွာ"

"ပုရွက်ဆိတ်တွေ အများကြီး အမြင့်ပိုင်းကို ပြောင်းတာတွေ တွေ့ရတယ်ဗျ"

"နွားနဲ့ ကျွဲတွေလည်း ညညကျရင် ချည်တိုင်ကရုန်းပြီး အချိန်မတော်တွန်ကြတာ ထူးတယ်ဟေ့"

"ငှက်တွေ အဝေးကို ပျံသွားကြတယ်ဗျ"

"အင်း ... ဒါဆို သတိနဲ့တော့ နေကြပေါ့ကွာ"

"မယုံတစ်ဝက်၊ ယုံတစ်ဝက်ပေါ့ဗျာ"

သက်ဆိုင်ရာကလည်း ကျုပ်တို့ကို ပင်လယ်နဲ့ဝေးဝေး ပြောင်းရွှေ့ကြဖို့ ရွာထဲအရောက် လာမပြောပြပါဘူးဗျာ။

လာပါပြီဗျာ။ မယုံတဲ့ ... မုန်တိုင်းရယ် ...။

ကောင်းကင်ကြီး နီရဲပြီး ရွာမြောက်ဘက်ကနေ လေတိုက်သံကြီး ဝေါခနဲ ဝေါခနဲ ကြားရပြီးနောက် ညနေ(၅)နာရီမှာ လေပြင်းတွေကျွံ့တဲ့အိမ်အမိုးတွေ လွင့်ကုန်ပါရော ...

မိုးနဲ့လေဟာ တဝေါဝေါ တဝုန်းဝုန်း တိုက်နေတာ။

"ဝုန်း ..."

"ဝေါ ... ဝေါ ..."

"ဝုန်း ... ကျိမ်း ... ဖြောင်း ..."

သစ်ပင်ကြီးတွေ လဲကျသံ၊ ကျွဲသံနွားသံအတူ ကျွဲတွေ၊ နွားတွေ ရုန်းကန်အော်ဟစ်သံ၊ ဘဲနဲ့ ကြက်များရဲ့ အလန့်တကြား အော်သံတွေနဲ့အတူ ကျွန်တော်တို့အိမ်တွေ လေထဲကို လွင့်ပါသွားပါရော ...





အိမ်မှာ အဖေ မရှိဘူးဗျ။

အဖေက မြို့ပေါ်ကို သွားတယ်။

အိမ်မှာရှိနေတာ ကျွန်တော်၊ အမေ၊ အစ်မနဲ့ အစ်ကိုတို့ပဲရှိတာ။

အိမ်ပြိုပြီးလွင့်သွားတော့ ကျွန်တော်တို့ မြေပြင်ရေပိုင်မှာ တစ်ယောက်လက်တစ်ယောက် ဆုပ်ကိုင်ပြီး ဘုရားတ,နေရတာပေါ့ဗျာ။

"ဘုရား ... ဘုရား ..."

"အမေ ... အမေ ... သမီး ကြောက်တယ်"

"ဝေါ ... ဝေါ ..."

"ဝုန်း ... ဝုန်း ..."

"အမေ့ခါးကို ဖက်ထား ... မလွှတ်စေနဲ့"

အနီးနားက တဲအိမ်တွေ လှမ်းကြည့်တော့လည်း မရှိတော့ဘူး။ ကျွဲနွားတွေလည်း အော်ဟစ်ပြီး ခြေဦးတည်ရာ ပြေးကုန်ပြီ။

"အမေ ... ဆားမလောက်ကို ပြေးကြစို့"

"လေတွေ အရမ်းတိုက်နေတယ် ... လူလေ။ မှောင်လည်း မှောင်သွားပြီ။ ဘယ်လိုလုပ်မတုံး"

"ဦးလေ ... ဦးလေးရေ"

"အစ်မရေ ... ကျွန်မတို့ကို ကယ်ကြပါဦးတော်"

အဒေါ်ရဲ့ ခေါ်သံကို ကြားရပေမယ့် ပြင်းထန်လွန်းတဲ့ လေဒဏ်ကြောင့် မြေကြီးကျင်းထဲမှာ ဝပ်နေတယ်။ သူရှိရာကို မသွားနိုင်ဘူး။

ခေါင်းပေါ်မှာလည်း မျိုးစုံပစ္စည်းတွေ လွင့်နေတာရယ်။

မှောင်မည်းနေတဲ့ ညကြီး မိုးထဲလေထဲမှာ ကိုယ့်လည်း သူမကယ်နိုင်၊ သူ့လည်း ကိုယ်မကယ်နိုင်ပဲ ဘုရားတ,နေကြတုန်းရှိသေး။

"ဝေါ ... ဝေါ ..."

"ဝရုန်း ... ဝရုန်း ... ဝေါ ..."

"ဝုန်း ... ဝရော ... ဝရော ..."

"ဝုန်း ... ဖျန်း ... ဝရော ... ရော ... ရော ..."

ကျွန်တော်တို့ မပြိုသေးတဲ့ အိမ်တစ်လုံးရှိရာကို ပြေးဝင်ခိုနေတုန်း တဝုန်းဝုန်း၊ တဝေါဝေါနဲ့ အသံတွေ ကြားရပါရောဗျား။

ဒီလိုအသံမျိုး ကျွန်တော်တို့ သက်တမ်းမှာ မကြားဖူးဘူး။ ဒါနဲ့ အိမ်ဝကနေ မှောင်ထဲ လှမ်းကြည့်လိုက်ရော ...

"ဝုန်း ..."

"ဝရုန်း ... ဝုန်း ..."

"အုန်း ..."

"ဟင် ... အမေ ... ရေ ... ရေတွေတက်လာပြီ ... အမေ"

"ဟော ..."

အမေရော၊ အစ်မတို့ရော ထ,ပြေးကြည့်လိုက်ချိန်မှာပဲ လေပြင်းကြီးတစ်ချက် ဝင်ဆောင့်လိုက်တာ ကျွန်တော်တို့ဝင်ခိုနေတဲ့ အိမ်တိုင်ခြေပါ ကျွတ်ပြီး လွင့်သွားရော။

ကျွန်တော်တို့မိသားစု တဝုန်းဝုန်း တဝေါဝေါ တက်နေတဲ့ ရေပြင် ရေပင်လယ်ထဲကို မျောပါနေပြီ။

မြင်ယုံမျှ ကြည့်လိုက်တော့ အိမ်တွေ၊ ရွာတွေ မရှိတော့ဘူး။ လှိုင်းဘောင်ဘင်ခတ်နေတဲ့ ရေပြင်ကြီးဖြစ်သွားပြီး ...

"သား ... လူလေး ... အမေ့လက်ကို ဆွဲထား"

"သမီး ... အမေ့လက်ကို ဆွဲထား"

"မောင်လေး ... မမလက်ကို ဆွဲထား"

"အမေ ... အမေ ... ကြောက်တယ် ... ကြောက်တယ်"

"ဝုန်း ..."

"အား ... မလေး ..."

"သမီး ..."

"အ ... မေ ..."





ကျွန်တော်တို့ အမေ့လက်ကို ဘယ်ညာဆုပ်ထားပြီး ရေထဲမှာ မျောပါနေတယ်။ ရေထဲမှာလည်း သစ်ပင်တွေ၊ ဝါးလုံးတွေ၊ ခွက်တွေ၊ ကျွဲ နွား မျောပါနေသလို။

လူကြီး၊ ကလေး၊ မိန်းမ၊ ယောကျ်ားများလည်း အော်ဟစ်မျောပါ နေတယ်။

ပင်လယ်ရေတွေ ရွာတွေထဲ တရကြမ်းဝင်လာပြီး ရွာထဲရေပြင် ကျယ်၊ ကမ်းမမြင်၊ လမ်းမမြင် ဖြစ်သွားတာ။

"ဝုန်း ..."

"ဝုန်း ... ဝေါ ... ဝေါ ..."

"အမေ ..."

"သား ..."

"အစ်မရေ ..."

"သမီးလေး ..."

ပြင်းထန်တဲ့ ဒီရေလှိုင်းလုံးကြီးများ ဆင့်ကဲအရိုက်မှာ ကျွန်တော် ကိုင်တွဲထားတဲ့ လက်ပြုတ်သွားပြီး အမေတို့၊ အစ်မတို့နဲ့ လူချင်းကွဲသွား တယ်။

ခေါ်သံ၊ အော်သံတွေ၊ ငရဲပွက်သလို ညံနေပေမယ့် ရေစီးလှိုင်းလုံး များရဲ့ ဝါးလုံးဆို၊ သယ်ရိုက်တဲ့ကြား၊ မှောင်ကြီးမည်းမည်းမှာ တကွဲတပြား စီ ဖြစ်ကုန်ကြတယ်။

ဒီလိုနဲ့ မှောင်ကြီးမည်းမည်း မြုပ်လိုက်၊ ပေါ်လိုက် မျောနေတုန်း ရေနဲ့ မျောပါလာတဲ့ သစ်ပင်ကြီးရဲ့ကိုင်းကို အမြန်လှမ်းဆွဲပြီး သစ်ပင်ပင်စည် ပေါ် အားခဲတက်လိုက်ရော ...

"ဘယ်သူတုံး ဟေ့"

"ဟာ ... ခင်များ ... ဘယ်သူတုံး"

"ငါ ... မ ... ခင် ... ရီ ..."

"ဟင် ... ဒေါ်လေး ... ဒေါ်လေး ... ကလေးရော ... ဒေါ်လေး ကလေးရော"

"ငါ့ရင်ခွင်ထဲမှာ ရှိတယ်။ ဟူး ... ဟူး ... ဟူး ... တိုက် ... ရိုက် ... ရိုက် ..."

မျောနေတဲ့ ပင်စည်ပေါ်မှာ ဒေါ်လေးတို့သားအမိကို မိုးရေစိုချမ်းပြီး သွားချင်း ရိုက်တုန်နေတယ်။

အားရှိသွားပြီဗျာ ... ကျွန်တော်ရော၊ ဒေါ်လေးရော သစ်ပင်ပေါ်မှာ လက်ချင်းဆုပ်ကိုင်ပြီး လှိုင်းလုံးတွေ သယ်ရာကို မျောပါနေတယ်။

လူသေကောင်နဲ့ ကျွဲ၊ နွားအသေကောင်တွေ မျောပါနေတာ မြင်မကောင်းဘူး၊ ဆရာ။

အချို့ မသေသေးဘူး။ မျောပါနေတယ်။ ကျွန်တော်တို့လည်း သူတို့ကို ကယ်လို့မရဘူး။ ကြည့်နေရင်း ရေအောက်ကို လှိုင်းလုံးဖိလို့ မြုပ်ကျသွားတာ လုံးဝ ပေါ်မလာတော့ဘူး။

ဒီလိုနဲ့ မိုးလင်းလာတယ်။

မိုးလင်းမှ မှန်တိုင်းက ငြိမ်းထန်လာပါရောဗျာ။ ရွာတဲတွေက အုန်းပင်၊ ကွမ်းသီးပင်တွေ အရွက်ပါ ရေမြုပ်နေတယ်။ ရေမမြုပ်သေးတဲ့ အုန်းပင်၊ ကွမ်းသီးပင်ပေါ်မှာ ယောကျ်ားအချို့ကို ဖက်တွယ်ထားတာ မြင်ရတယ်။

ဆရာရေ ... ရွာတွေပျောက်ပြီး ရေပင်လယ်ကြီးဖြစ်နေတဲ့ မြေပြင်ပေါ်မှာ လူသေအလောင်းတွေ ဖွေးဖွေးလှုပ်ပဲ။

သောင်းနဲ့ချီပြီး ပြည့်နေ၊ ပေါ်နေတယ်။

ကလေးအလောင်းတွေက သစ်ပင်ခွကြားမှာ ညှပ်လို့၊ အချို့ ကုတ္တိပင်ခွကြားမှာ ခေါင်းညှပ်ပြီး တင်သေနေတယ်။

ကံကောင်းချင်တော့ ...

လူသေကောင်တွေကိုဖယ်ပြီး လာနေတဲ့ လှေနှစ်စင်းကို မြင်ရရော။





"ဦးလေးတို့ ... အစ်ကိုကြီးတို့ ကျွန်တော်တို့ကို ကယ်ကြပါဗျာ"

ဒေါ်လေးကလည် အော်ဟစ်ပြောတယ်။

လူသေကောင် ကျွဲ၊ နွား အသေကောင်ကြားကနေ လှေနှစ်စင်း ရောက်လာပြီး ရေမျောသစ်ပင်ပေါ်က ကျွန်တော်တို့ကိုကယ်ပြီး လူသေကောင်များကြားကနေ ကုန်းတစ်နေရာကိုရောက်လို့ အသက်မသေကျန်ခဲ့ရတယ်။

ဆရာရေ ...

ကုန်းပေါ်မှာ မိန်းမယောကျ်ား ဆယ့်လေးငါးယောက်ကို မြင်ရတယ်။

အလို ... သူ့ခန္ဓာကိုယ်ပေါ်မှာ အဝတ်အစား လုံးဝမရှိကြဘူး။ အားလုံး အော်ဟစ်ငိုကြွေး အရူးတွေလို ပြေးနေကြတယ်။

(၁၂)အရွယ် မိန်းကလေးတစ်ယောက်ဆိုရင် တစ်ညလုံး ကျွဲသေကြီးရဲ့ဦးချိုနှစ်ဖက်ကို ခွစီးပြီး မျောနေတာ လူပျောက်ရှာတဲ့ လှေနဲ့မတွေ့လို့ ကုန်းပေါ်ရောက်တာ။

မောင်သောင်းရွှေဆို ကလေးလေး။ မသေချင်တော့ကြည့်ဗျာ ... မျောနေတဲ့အလောင်းကိုဖယ်ပြီး သူပါမျောနေတာ။ ခု ... သူမသေတော့ဘူး။

ကျွန်တော်တို့ ရွာအပါအဝင် အကယ်ချောင်းကျေးရွာ၊ ကုန်းသာ ရွာ ရေသာဖျံ၊ ဆားမလောက်၊ သဖင်ကုန်း၊ ကိုးအိမ်တန်းရွာတွေ မြေပြင်ကြီးအောက် ရောက်ရှိနစ်မြုပ်ပြီး ပျောက်သွားပြီ။

အသက်ရှင်ကျန်ရစ်သူ ကိုယ်လုံးတီးတွေလည်း နောက်ဆုံး လူသေကောင်တွေဆီက အင်္ကျီ၊ ထဘီ၊ ပုဆိုးတွေ ချွတ်ယူပြီး ကိုယ့်ကိုယ်ပေါ် အမြန်ဝတ်ဆင်ရတယ်။

မကြောက်ကြတော့ဘူးဗျာ။

ခုတော့ အရှက်က အရေးကြီးသွားပြီလေ။

လူသေကောင်အများစုက အင်္ကျီ၊ ထဘီ မရှိတော့ဘူး။

မှန်တိုင်း ငြိမ်သွားပြီ။

မသေပဲ ကျန်ရစ်သူများက လှေတွေ၊ ဝါးဖောင်တွေနဲ့ သောင်းမိုး လူသေကောင်များကြား လှော်ခတ်ပြီး အသက်ရှင်သူရှိလို့ရှိငြား ရှာကြတယ်။ ကိုယ့်အိမ်သားတွေကိုယ် ရှာကြတယ်။

ရေလည်း ကျစ ပြုလာပြီခင်ဗျ။

လယ်ပင်ကိုင်းကြား၊ သစ်ပင်ကြီးတွေ ကိုင်းကြားမှာ ငြိနေပြီး ကျန်ခဲ့ တဲ့ အလောင်းတွေရေပြီး ဖောင်းကားနေတာ မကြည့်ဝံ့စရာပဲ။

ကမ်းစပ်ကို လာတင်တဲ့ အလောင်းတွေကို အချို့က ဆယ်တင်ပြီး သစ်ပင်မှာ ကပ်လို့၊ ရရာကြိုးနဲ့ချည်ထားလိုက်တာ နည်းရှောလားဗျာ။

တွေ့သမျှ ကုန်းကလေးပေါ်မှာ တင်ထပ်ထားတဲ့ အလောင်းက လည်း တောင်ကုန်းလိုဖြစ်နေတယ်။

အချို့က သေသူလည်ပင်းကို ကြိုးနဲ့ချည်ပြီး သစ်ပင်ကိုင်းမှာ ချိ ထားရတယ်။ ကိုယ့်အမျိုး၊ သူ့အမျိုးပေါ့။

နောက်တစ်ချီ လေနဲ့မိုးနဲ့ ပြန်လာခဲ့ရင် ရေပြီးသားအကောင်များ ပါမသွားရအောင်ပေါ့။

တစ်ပတ်ခန့်ကြာတော့ ရေစင်သွားပါပြီ ဆရာ။ ပုပ်ပွတင်ကျန်ခဲ့ တဲ့ အလောင်းတွေရဲ့အနံ့က မခံနိုင်ဘူး ဆရာရယ်။ ဘယ်သူမှလည်း ထမင်း မစားနိုင်ကြဘူး။

အချို့ ရူးသွပ်သွားတယ်။

အဖေ မြို့ကနေ ပြန်ရောက်လာတယ်။ အမေရော၊ အစ်ကိုရော၊ အစ်မရောတဲ့။ သားသမီးတွေကို မေးကြိုးပန်းကြိုး မေးတယ်။

မနေ့ညက ရေထဲ မျောပါသွားပြီး အဖေလို့ မချိတင်ကဲပြောလိုက် တော့ အဖေတွေ့သမျှ အလောင်းတွေ လှန်လှောရှာတာ အရူးကြီးအတိုင်း ပါပဲဗျာ။

---

စိတ်ကူးသစ်စာပေ



အလောင်းကောင်နှစ်ကောင် အရှုံးအမူးလိုက်ရှာလိုက်တာ နောက် ဆုံး ပဲကြီး၊ ရေစိမ်သလိုတွန့်ပြီး တစ်ကိုယ်လုံး ညစ်ပတ်ပုပ်စော်နံဟောင်နေ တယ် ဆရာရယ်။ မောဟိုက်ပန်းနေပြီ။

ကျွန်တော်တို့ သားအဖ၊ ရေအကျမှာ လှေတစ်စီးနဲ့ ရေပြင်အနှံ့ လိုက်ရှာကြတယ်။

''မစန်းသိမ်းရေ ... မိန်းမရေ''

''သမီးရေနော်ဖော့ ... နော်ဖော့ ... သမီး''

''အစ်ကိုရေ ... ကျော်ကျော်ရေ''

အလောင်းပေါင်း မြောက်မြားစွာကြား အသက်ရှင်လို ရှင်ငြား တစ်နေကုန် လိုက်ရှာကြတာ''

မိုးချုပ်မှ ပြန်လာကြတယ်။

ဆရာရေ ... တစ်ခါတစ်ခါမှ ခေါ်သံကြားလို့ သွားကြည့်ရင်း အနား ရောက် တိတ်သွားတယ် ဆရာ။ ဘယ်သူမှမရှိဘူး။ ထူးဆန်းလိုက်တာ။

တစ်ခါ ရေပေါ်ကုန်းလေးပေါ်မှာ လူသုံးယောက် လက်ယပ်ခေါ်နေ လို့ သွားကယ်ရအောင် လှေလှော်သွားကြတာ။

အနားလည်း ရောက်ရော၊ လူမရှိတော့ဘူး။

ရေစိုနေတဲ့ ခြေရာပဲ မြင်ရတယ်။

တစ်ခါမှာ သစ်ပင်ပေါ်ကနေ ''ကယ်ကြပါ'' လို့အော်နေတယ်။ လူလည်း မြင်ရတယ်။ ကလေးမလေး။

ကယ်ရအောင် အနားကို သွားကြတာ သစ်ပင်ပေါ်မှာ ဘယ်သူမှ မရှိဘူးဆရာ။ ကြောက်စရာကောင်းလိုက်တာ ဆရာရယ်။ တစ္ဆေခြောက်တာ ဖြစ်ပါလိမ့်မယ်။

အချို့ပြောတာကတော့ တစ္ဆေဖြစ်ကုန်လို့တဲ့။ ညဘက်ရောက်ရင် ရေပြင် လူမရှိကွင်းထဲက အော်သံတွေကြားရတယ် ဆရာ။

''မောင်ကျော်မြင့်သူ''

''ခင်ဗျာ ... ဆရာ''

---

စိတ်ကူးသစ်စာပေ

"မင်းအမေရယ်၊ အစ်ကိုရယ်၊ အမေတို့ရဲ့အလောင်းရော ပြန်တွေ့လားဟင်"

"လုံးဝ မတွေ့ပါဘူး ... ဆရာရယ်"

အလောင်းတွေ သုံးလေးငါးလောင်းကြားမှာ အမေတို့၊ အစ်မတို့ကို ဘယ်လိုရှာလို့ရမှာလည်း ဆရာရယ်။ အလောင်းတွေကို မမြှုပ်နိုင်ကြဘူး ဝင်လာယ်ထဲ မျှောကြရ။ ဒီအတိုင်း ကွင်းပြင်ထဲ ပုပ်ပွအရိုးကျွမေ့။ ကျွန်တော်တို့သားအဖ ဒီနေ့အထိ အမေရယ်၊ အစ်ကိုရယ်၊ အစ်မရယ်ကို မျှော်နေတုန်းပါဆရာ။ သူတို့ကို သေဆုံးသွားတယ်လို့ မထင်ပါဘူး။ အဝေးတစ်နေရာခရီးတစ်ခုကို သွားလည်နေတာလို့ပဲ မြင်နေတယ် ... ဆရာရယ်။ မုန်တိုင်းသာ မဖြစ်ခဲ့ရင် ကျွန်တော်တို့မိသားစု ...။

(နာဂစ်မုန်တိုင်း (၅)နှစ်ပြည့်သို့ အမှတ်တရ)

မောင်ညိုမှိုင်း(သန်လျင်

သည်းထိတ်ရင်ဖို
ဖြစ်ရပ်ဆန်းကြယ်
အချစ်



ဦးကိုကိုလွင်
ယာဉ်စီးလုံးထွာနန်းလက်မှတ်ထိန်းအောင်မှ
ဖုန်း ၀၉ - ၄၂၉၀၅၀၄၄

[၁]

❑

ကျွန်တော်က အချစ်ဝတ္ထုတွေ သီးသီးသန့်သန့် ရေးဖွဲ့သူတွေ မဟုတ်။ သို့သော် အချစ်ကို ပျော်ရွှင်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ ရသများကို ခံစားမိရင်းမှ ...

အချစ်သည် ဆန်းကြယ်သည်။ လျှို့ဝှက်သည်။ ထို့အတူ မမျှော်လင့်သည့်အချိန်တွင် အချစ်သည် မည်သို့မည်ပုံပြောင်းလဲသွားတတ်ပုံကို–

တစ်ခါတစ်ရံ ဘဝသရုပ်ဖော် အချစ်ဝတ္ထုတိုအချို့ကို ရေးသားခဲ့ဖူးပါသည်။

ဥပမာ–မြစ်းဆင်တဲ့လက် ဝတ္ထုတိုပေါင်းချုပ်သည် ကျွန်တော့်ဘဝရဲ့ ဖြစ်ရပ်မှန်အချစ်နှင့် ဘဝရသစာစုဖြစ်ပါသည်။

ဒုတိယအနေဖြင့် ...

'မှုံးမှိုင်းငုံဝေ၊ ရွှေ ... ရွှေနှင်းဆီ' အမည်ရှိ ဘဝသရုပ်ဖော် အချစ်ဝတ္ထု။

'မျက်ရည်မြစ်ပေါ်မှာ သောင်မတင်တဲ့ အပြာရောင်ဇေဒါပန်းတစ်ပွင့်' အမည်ရှိ အချစ်ဝတ္ထုတိုများကို ခံစားရသည့်အတိုင်း ကြိုးစားရေးဖွဲ့ဖြစ်ခဲ့သည်။





သည်မှ ...

အချစ်၊ မေတ္တာတို့၏ သိမ်မွေ့နက်နဲဆန်းကြယ်သော အကြောင်းတချို့ကို ပျိုရွယ်စဉ်က အံ့ဖွယ်ကြုံခဲ့ရဖူး၏။

ဂန္ဓီရ ဆန်သည့် အချစ်လည်း ဟုတ်သလို။

လျှို့ဝှက်သည်းဖို အချစ်ချည်းလည်း ဖြစ်ရဲ့။

တစ်ခါတရံ အိမ်ထောင်ရေးအချစ်သည် တဏှာနှင့်လည်း နွယ်၏။ မိသားစု သံယောဇဉ်နှင့်လည်း ကြုံကြိုက်နိုင်၏။

တစ်ခါတရံ လင်မယား၊ အမုန်း၊ ချစ်သူရည်းစား၊ အမုန်းတို့သည် နှောင်းဖြစ်တမ်းက ပုံရိပ်များရဲ့ သမုဒယ ဆွဲငင်အားကြောင့်။

အမုန်းပြေလျော့ပြီး အချစ်လည်မှောခဲ့သည်လည်း ရှိ၏။

ကျွန်တော်တို့ မြန်မာမှာ ပြောစကားတစ်ခု ရှိခဲ့ဖူးသည်။

ရက်စက်မှ ကြေကွဲ။

ခိုမှ မင်းဖြစ်သတဲ့။

အရိုးကွဲအောင် ရိုက်မှ အသည်းစွဲအောင် ချစ်သည်တဲ့။

လင်နေစ ဆင်သေမှတဲ့။

မယားနေစ ကြောင်သေမှ တဲ့။

အဲဒီစကားစုများအနက်မှ အရိုးကွဲအောင်ရိုက်လျှင် အသည်းစွဲအောင် ချစ်သည့် ဖြစ်ရပ်အကြောင်းကို ဦးစွာပြောပြချင်ပါသည်။

ကိုလှကြည်နှင့် ဒေါ်ခင်မြို့တဲ့။ အကြင်လင်မယားပါ။ ပေါင်းသင်းလာတာ ကလေး(၄)ယောက်ကို ရနေပါပြီ။

ကိုလှကြည်က ရုံးစာရေးကြီး။ သန့်လျှင်သား။

ဒေါ်ခင်မြို့က အညာသူစင်စစ်။ သို့သော် အညာသူ လုံးကြီးပေါက်လှ မိန်းမရိုးကြီးဖြစ်၏။

ကိုလှကြည်က အရက်ကြိုက်သည်၊ သို့သော် သူက အရက်မူးလာလျှင် အလွန်သွေးဆိုး၏။

မူပြီး ပြန်လာသည်နှင့် အညာသူမကြီး အစ်မ မခင်မြိုင်ကို ပါးနား ရိုက်ဆောင့် ကန်နှိပ်စက်တော့သည်။

ရိုက်ချက်တွေစိပ်ပြီး ပြင်းထန်လာတော့ မခင်မြိုင်က အော်တော့သည်။

"အမလေး ... သေပါပြီတော့"

"ဖျန်း ..."

"ဖောင်း ..."

"အား ... အား ... မလုပ်ပါနဲ့ ... ရှင်"

"ကြောက်ပြီလား ... ငါ့ကို ... ကြောက်လား"

"ကြောက်ပါ ... တယ် ... တော်"

"အော်ဦးမှာလား ... ပြော"

"မအော်တော့ပါဘူး ... တော်"

"ဗုန်း ..."

"ဖောင်း ..."

"အင့် ..."

"ဖျန်း ..."

ကြည့်ဗျာ ... မအော်တော့ပါဘူးဆိုမှ ကြိတ်ပြီး ပါးရိုက်၊ နားရိုက် ခြေနဲ့ကန်၊ လက်သီးနဲ့ ထိုးလုပ်တာခင်ဗျ။ ဟိုမှာ ကြောက်လွန်းလို့ ကြိတ်ခံ နေရရှာတယ်။

ပုစုခရုသားသမီးများကလည်း အမေ့ကို မရိုက်ပါနဲ့ အဖေလို့ ဝင် မပြောရဲဘူး။ ဖအေလူကြမ်းကြီးကို ကြောက်ကြရတာကိုး။

ဒါနဲ့ သူ့အိမ်နံဘေးက ညီနဲ့ညီမတွေက ဝင်ပြောရရော။

"အစ်ကိုလှကြည် ... တော်ပါတော့ဗျာ"

မရီး ခံစားနေရတာကို မမြင်ရက်လို့ ပြောရတာပေါ့။

"ဟေ့ကောင် ... မောင်စိန် ... မင်းနဲ့ ဘာဆိုင်သလဲ။ မင်းမယား မို့လို့ မင်းက ဝင်ပြောရတာလား"





"ကိုလှ ... ရှင် လွန်နေပြီ။ ကိုယ့်မယားပဲဥစ္စာ။ ဒီလောက်နှိပ် စက်ရမှာလား။ အစ်ကို နမချင်းစာနာဖို့ ကောင်းတယ်"

"အမ်မာ ... မိန်းမရွှင်မနဲ့ ငါးရိုးမသားက လူပါးဝပြီး ဝင်ပါလို့။ ကိုင်း ... ငါ့အကြောင်း သိကြရောပေါ့"

ပါးစပ်က ဆဲရေးတိုင်ထွာပြီးနောက် ဓားရှည်ဆွဲပြီး ဝင်ပြောတဲ့ ညီနဲ့ ညီမနောက်ကိုလိုက်တာ အပြေးမြန်လို့သာပေါ့ဗျာ။ နို့မို့ ကိုမောင်စိန် နဲ့ မခင်ရွှေ အချောင်ဓားစာမိဦးမှာဗျ။

ကြည့်ဗျာ ... တစ်ပတ်မှာ နှစ်ကြိမ်ရိုက်တယ်။ တံမြက်စည်းကျိုး အောင် ရိုက်တာဗျ။ ပေါက်ပြဲကွဲလို့ မခံနိုင်တော့ရင်။

မခင်မြိုင် ပြေးပြီ။

ရန်ကုန်(သို့မဟုတ်)လှည်းကူးက သူ့အမျိုးများရှိရာကို ပြေးရော။ မခင်မြိုင် အိမ်ပေါ်ကနေ ပြေးတော့။

ကိုလှကြည် ဒုက္ခရောက်ရော ...

မနက်အစောကြီးထ၊ ကလေးကျောင်းသားများနဲ့ သူ(၁၀း၇၀)နာရီ အလုပ်က အပြန်၊ စားဖို့ ထမင်းချက်ရတယ်။ အလုပ်က ညနေ(၄)နာရီ ပြန်ရင် ဈေးထဲဝင်၊ အလွယ်တကူချက်လို့ရတဲ့ ဘဲဥ၊ ကြက်ဥ အသီးအနှံ ဝယ်လာ။

ညနေစာအတွက် ချက် ...။ ကလေး (၄)ယောက် အဝတ်အစား သူ့အဝတ်အစား မနားစတမ်း လျှော်နေရတာ။

ကြာတော့ မီးဖိုဆောင်နဲ့ မိသားစုအိမ်တွင်းတာဝန်ဒဏ်ကို မခံ နိုင်တော့ဘူး။

နောက်ဆုံး မခင်မြိုင်ရှိရာကို စုံစမ်းပြီး သွားပြန်ချော့မော့ခေါ်ရ တယ်။ မခင်မြိုင်က မလိုက်ချင်ပါဘူး။ သူ့ရဲ့ ဆိုးဒဏ်၊ နှိပ်စက်ဒဏ်ကို မခံနိုင်လို့ပါ။

ကိုလှကြည်ကလည်း ပါးတယ်။ မောင်ရဲ့ ဘာရဲ့ ဖွဲ့ကာနွဲ့ကာ ပြောတယ်။ တောင်းပန်တယ်၊ နောင်ကို လုံးဝမရိုက်ပါဘူးလို့ ကတိပြု တယ်။

သင်းကို ချစ်လွန်းလို့ မဟုတ်ပါဘူး။

ကျောင်းနေစ,ကလေး (၄)ယောက် မအေ မရှိတော့ စားသောက်နေထိုင်ရေး ဆင်းရဲမှုကို သိနေလို့ ပြန်လိုက်ခဲ့လိုက်တယ်။

"ခင်မြိုင်ကြီးရေ ..."

"မိန်းမ ... ဘာစားချင်လဲဟေ့"

"ရှပ်ရှင်ကားသစ် လာပြီကွ ... ခင်မောင်ချင်းတဲ့။ မင်းကြည့်ချင်လားဟေ့"

ပျားရည်ချိုတာ ကိုလှကြည်ကို မဓိပါဘူးဗျ။ ကိုလှကြည်ရဲ့ ပျားရည်မြစ်နဲ့ နွယ်ချိုမြစ် ပေါင်းစပ်ထားတဲ့ ကိုလှကြည်ရဲ့ နားဝင်ပီယံ ချိုတေးသံဟာ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံလွန်းပါ့ဗျာ။

တစ်ပတ် ချိုဆိမ့်နေတာပဲ။

နှစ်ပတ် အချို့ပေါ့လာတယ်။

(၁၀) ရက် (၁၅)ရက် စကားလုံးတွေဟာ တမာသီးရနံ့ပါလာတယ်။ လိပ်သည်းကျောက်လို မာလာတယ်။

ဘာကြာလဲဗျာ၊ ကိုလှကြည် အရက်မူးလာပြီး ဝုန်းဒိုင်းကြဲပြန်ပါရော။ ငုံးစံအတိုင်း၊ သူ့မိန်းမ အညာသူမကြီး မခင်မြိုင်ကို ကျွဲရိုက်၊ နွားရိုက်ရိုက်။ ဆောင့်ကန်၊ ပါးချ၊ ဆံပင်ဆွဲဆောင့်။

"အမလေးတော်"

"လာကြပါဦး ... အား ... ကယ်ကြပါဦး ... အား ... အား"

ကြာတော့ ကျွန်တော်တို့ အဖေနဲ့အမေက ဝင်ပြောတားရတယ်။ ငါးမိနစ်ပဲ နားတယ်။ ပြန်ပြီး ထိုးကြိတ်ကန်ကြောက် ရိုက်နှက်ပြန်ရော။

မခင်မြိုင် ထဘီကွဲနဲ့ အိမ်ပေါ်က ခုန်ချပြေးရတော့တယ်။

မပြေးရင် ကျိုးကန်းသွားနိုင်သလို အတွင်းကြေကျပြီး လုံးဝပါးသွားနိုင်တယ်။ တစ်ပတ်နှစ်ပတ် ပြန်မလာဘူး။

ကိုလှကြည် အရင်အတိုင်း သားသမီးဝေယျာဝစ္စနဲ့ မနိုင်မနင်းဖြစ်၊ မိန်းမကို စုံစမ်းပြီး အမျိုးမျိုးတောင်းပန်ခေါ်၊ မခင်မြိုင်ကလည်း သားသမီးများ မပြတ်နိုင်လို့ ပြန်လာ။





မကြာဘူး။ အရက်မူး ပြန်နှိပ်စက်၊ အော်ဟစ်ငို။

ကြာတော့ မခင်မြိုင်ရဲ့ လာကြပါဦး။ သေပါပြီတော့။ ဟာ ... နံနက်ချိန်ခါတေးသံသာ (သို့မဟုတ်) ညနေ (၆)နာရီ သတင်းလိုပဲ။ ပုံမှန်ဖြစ်ပြီး ကြားရ၊ မြင်ရ ရိုးလာတယ်။

ခုခေတ်ဆို ဘယ်ရမှာလဲ။ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ ရဲတပ်ဖွဲ့ကလည်း အရေးယူမှာပဲ။ အမျိုးသမီးရေးရာအဖွဲ့တို့၊ လူကုန်ကူးတိုက်ဖျက်ရေးအဖွဲ့တို့ကလည်း လုံးဝကြည့်နေမှာမဟုတ်ဘူး။

သူတို့ ဧရာဝတီမြစ်ရှည်ကနေတဲ့ ခေတ်က လမ်းစဉ်ပါတီခေတ်။

ကျွန်တော်သိသလောက် မခင်မြိုင် နှိပ်စက်တဲ့ဒဏ်မခံနိုင်လို့ အိမ်ပေါ်က ဆင်းပြေးတဲ့အကြိမ်လည်း မရေတွက်နိုင်တော့သလို။ ကိုလှကြည် ချွဲ့ချွဲ့ပြီး ခြေသလုံးဖက် တောင်းပန်ပြန်ခေါ်ရတဲ့ အကြိမ်လည်း မနည်းဘူး။

ကျွန်တော်တို့အမေက ပြောတယ်။

"အဲဒါက အရိုးကွဲအောင်ရိုက်လို့ အသည်းစွဲအောင် ချစ်တာကွ"

"ကျုပ်ကို ရိုက်ကြည့်ပါလား။ ဟင်း ... အသည်းအစွဲပဲ။ (...)ပြုသွားအောင် လုပ်ပစ်လိုက်မယ် ... ဟင်"

"မင်းကို ငါမရိုက်ပါဘူး ... မြရီရာ"

"ဒါဖြင့် ရှင်က ဘာလုပ်ချင်လို့တုံး"

"ပိုလို ဂျပိုးသတ်ဆေးနဲ့ နွားနို့ဖျော်တိုက်၊ ဟား ... ဟား ... ဟား ... ဟား"

"မှတ်ထား ... အဲဒါ ပိုလိုပဲ ..."

အမေက အဖေရဲ့ပေါင်တွင်းကြောကို ဆွဲလိမ်လိုက်ရော။ အဖေ ဘအားအား အော်နေတာကိုကြည့်ပြီး အချစ်ရဲ့အရသာကို ကျွန်တော်တို့ ရယ်မောရင်း ရိုးရိုးရိပ်ရိပ် သိခဲ့ရတယ်။

ကျွန်တော် စဉ်းစားတွေးခေါ်ကြည့်တယ်။

အရိုးကွဲအောင်ရိုက်လို့ အသည်းစွဲအောင် ချစ်တာလား။ ကိုလှကြည်မှာ ဇနီးမယားတစ်ယောက် စွဲမက်လောက်တဲ့ ယောကျ်ားအစွမ်းအစကောင်းများ ရှိနေလို့လား။

သို့မဟုတ် မခင်မြိုင်ခမျာ ရင်နှင့်လွယ်မွေးထားရသည့် ရင်သွေး (၄)ယောက်ရဲ့ သံယောဇဉ်ကြောင့် အရိုးကွဲအောင်ရိုက်တဲ့ လင်ဆိုးယောကျ်ားကို သည်းညည်းခံ ပေါင်းနေရှောသလား။

တစ်နေ့သောအခါ မခင်မြိုင် နေပူထဲ ပြန်အလာ ရေသောက်ရင်း မူးလဲကျသွားရာမှ အသက်ပျောက်သွားခဲ့တယ်။

ကလေး (၄)ယောက်ရဲ့ 'အမေ' ခေါ်သံဟာ ရင်ကွဲသံနဲ့ လျှံနေတယ်။ အုံ့ညှို့ကောင်းတာက လူကြမ်းလူရမ်းကားကြီး ကိုလှကြည်ဟာ အသက်ပျောက်နေတဲ့ မခင်မြိုင်ကို ပွေ့ဖက်ပြီး အော်ငိုပါလာရောဗျာ"

"ခင်မြိုင်ရေ ... မင်း ငါတို့ကို ပစ်ရက်ခဲ့ပြီပေါ့ ... ဟီး"

"ခင်မြိုင် ... မင်း ငါ့ကို အရမ်းမုန်းသွားပြီလား ... ခင်မြိုင်ရဲ့"

"ခင်မြိုင် ... ငါ့ကို မထားခဲ့နဲ့"

"ဝုန်း ..."

"ဝုန်း ..."

"ဒိုင်း ... ဂျိုင်း ..."

"ဟဲ့ ... လှကြည်"

"အစ်ကို ... အစ်ကို ... စိတ်ကိုထိန်းပါ ... အစ်ကို"

တိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့်တယ်။ သူ့မျက်နှာကို သူ့လက်သီးနဲ့ ပြန်ထိုးတယ်။ အနီးရှိ သစ်သားအနှိပ်ဘုနဲ့ ခေါင်းကို ရိုက်တယ်။

"အမေ ..."

"အမေ ... မလုပ်ပါနဲ့ ... အမေ ... အမေ"

သားသမီးများနဲ့ ညီကိုမောင်နှမများက ဝိုင်းဆွဲကြ၊ ချုပ်ကြ၊ သူ့မျက်နှာနဲ့ ဦးခေါင်းမှာ သွေးခြင်းခြင်းရဲနေတယ်။

ဝိုင်းချုပ်မထားရင် သူ့ကိုယ်သူ အဆုံးစီရင်မှာလား မသိဘူး။ ဦးလေးဘုန်းကြီး ကြွလာပြီး တရားချရတယ်။

စိတ်ကူးသစ်စာပေ



"လှကြည် ... လူဟာ သေချင်တိုင်း သေလို့မရဘူး။ မသေချင်လည်း သေနေ့စေ့ရင် သေရမှာပဲ။ ချစ်တဲ့သူ သေသွားလို့ ကိုယ်ပါ လိုက်သေရင် အဲဒါ အချစ်စစ်မဟုတ်ဘူး။ အဲဒါ မိစ္ဆာဒိဋ္ဌိ အယူမှားတာ၊ အယူမှားရင် ငရဲကျမယ်၊ သံသရာလည်ပြီး ပေးဆပ်နေရမယ်၊ ဇနီးမယား သားသမီးပဲ သေသေ၊ အဖေကပဲ သေသေ၊ သေတာကို အနိစ္စ အမြဲမရှိလို့မြင်၊ ငါလည်း သူတို့လို သေရမှာပါလားလို့ မြင်၊ ဒါတွေအားလုံး ဒုက္ခစိတ်ရောကိုယ်ပါ ဆင်းရဲခြင်းပါကလား။ သူ့ကိုယ်သူလည်း မပိုင်၊ ငါ့ကိုယ်ငါလည်း မပိုင်ပါကလား။ အစိုးမရပါကလား။ အားလုံး သေမျိုးချည်းပါကလား။ အသေကောင်းအောင် ဘဝကူးကောင်းအောင် ဒါန၊ သီလ၊ ဘာဝနာကို ကြိုးလုပ်ရမယ်။ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲမြဲအောင် စောင့်စည်းပြုမူနေထိုင်မှ အဲဒီအယူအဆဟာ သမ္မာဒိဋ္ဌိပဲ။ ကောင်းသောအမူပဲ၊ ဗုဒ္ဓဘာသာအယူပဲ။ မင်း ဗုဒ္ဓဘာသာကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပြီး ကျန်ရစ်ခဲ့တဲ့ သားသမီးများကို ကောင်းစွာ လုပ်ကိုင်ကျွေးမွေးရင် မင်း မိန်းမကိုယ်စား အကြွေးဆပ်ပေးလိုက်"

ပညာတတ်တဲ့လူဆိုတော့ နားဝင်အောင် ဆုံးမဟောပြောတာကို နားလည် သဘောပေါက်ခဲ့တယ်။

ရက်လည်ပြီးနောက်ပိုင်း အရက်လုံးဝ မသောက်တော့ဘူး။ ဘုရားရှိခိုး၊ ပုတီးစိပ်၊ ဂုဏ်တော်များရွတ်နဲ့ နေထိုင်သွားလိုက်တာ။

သားသမီးတွေ အိမ်ထောင်အသီးသီးကျသွားမှ သူလည်း သက်ကြီးရောဂါနဲ့ ငြိမ်းချမ်းစွာ ကွယ်လွန်သွားရတယ်။

အချစ်ဟာ ဆန်းကြယ်လိုက်တာ။

မခင်မြိုင် တမလွန်ကနေ ကိုလှကြည်ကို ဆီးကြိုနေမှာလား။ လူ့ဘဝတုန်းကလိုပဲ တောင်းပန်နေဦးမှာလား။ မခင်မြိုင်ကရော၊ ငယ်လင်မို့လို့ မမုန်းနိုင်တာနဲ့ လက်ကမ်းကြိုဆိုနေဦးမှာလား။

ဒါမှမဟုတ် ...

❀ ❀ ❀

## [၂]

❑

အချစ်သည် နူးညံ့သည်လည်း ရှိသည်၊ မာကျောသည်လည်းရှိသည်။ အချစ်သည် ပျားရည်လိုလည်း ချို၏။ တမာလိုလည်း ခါး၏။

အချစ်သည် စမ်းရေလိုလည်း အေးမြ၏။

မီးတောက်မီးလျှံလိုလည်း ပူပြင်း၏။

အချစ်သည် အငြိုးအတေးလည်း ကြီး၏။

အချစ်သည် ခွင့်လွှတ်ခြင်းနှင့်လည်း ရှင်သန်၏။

အချစ်သည် မကြာခဏ တဏှာရာဂနှင့် ဒွန်တွဲနေတိုင်လေ့ရှိ၏။ အချစ်က အပေါ်ရောက်သည်လည်း ရှိသကဲ့သို့ တဏှာက အပေါ်ရောက်နေသည်လည်း ရှိ၏။

အချစ်နှင့်တဏှာသည် အပူနှင့်အအေးဖြစ်သော်လည်း အပူများလျှင် ရေအေးသည် ရေနွေးငွေ့ဘဝသို့ ကူးပြောင်းသွား၍ ...

တဏှာသည်လည်း အကြောင်းပေါင်းသင်းလျှင် အချစ်ရပ်ဝန်းသို့ ခြေဦးလှည့်သွားသည်လည်း ရှိ၏။

သူ့နာမည်ကို ဆာမိလို့ ခေါ်တယ်။





သူ့မိန်းမ နာမည်က မပါးပါးလို့ ခေါ်တယ်။

ပါးပါးအမေက ဒေါ်ကောက်တဲ့။

အားလုံး အလွန်အသားမည်းသည့်သူများ ဖြစ်တယ်။

ပါးပါးအမေ ဒေါ်ကောက်ကို တစ်ခေါင်းလုံး ဆံပင်တွေ လိမ်ကောက်ရှပ်နေလို့ ဒေါ်ကောက် ခေါ်နေကြတာ။

ဒေါ်ကောက်က မြို့ဈေးထဲမှာ ဈေးကူရောင်းတယ်။ ညနေဈေးသိမ်းမှ အိမ်ပြန်လာတယ်။ ပြန်လာရင် ခရမ်းသီး၊ ဘူးသီး၊ ကန်စွန်းရွက်၊ ဂေါ်ဖီရွက် စသည်တို့ရလာတယ်။ ပြီး ... ဆန်နို့ဆီဘူးလေးလုံး ဝယ်လာတယ်။

ညနေစာကို သမီး မပါးပါးကချက်၊ သားမက်လုပ်သူ ဆာမိက အရက်သမား။ အလုပ်မည်မည်ရရ မလုပ်ဘူး။ သမီးလုပ်သူနဲ့ ညားစကဟုတ်တုတ်တုတ်။

ကလေးနှစ်ယောက်မွေးပြီး ဖွဲဖောက်တယ်။

ဆာမိက မူလက ဈေးထဲမှာ ကုန်ထမ်းတယ်။ အဲဒီတုန်းက ကိုယ်ရကိုယ်ယူ။ ကုန်ထမ်းအဖွဲ့အစည်း မပေါ်သေးဘူး။

မကြာဘူး။ အရက်သောက်ပါရော၊ အရက်ဖြူက အဲဒီခေတ်တုန်းက တစ်ပက်ပြား (၃၀)။ သူ့ဝင်ငွေက မနက်ဖိုးတင်ပဲ သုံးလေးကျပ်ရတယ်ဗျ။

အဲဒီအချိန်တုန်းက ဝန်ထမ်းလစာက တစ်နေ့ ခြောက်ကျပ်ခွဲ။

ဆာမိဝင်ငွေ မဆိုးဘူး။ သို့သော် ဆာမိက အရက်သောက်ပြီးရင် ပျောက်ပန်းလှန်တယ်။ ဂျင်ကလီခုတ်တယ်။

ညနေမှုးပြီး ပြန်လာရင် တစ်ကျပ်၊ ငါးမူးပဲ ပြန်ပါလာလို့ မိန်းမနဲ့ ရန်ဖြစ်။ ယောက္ခမနဲ့ ရန်ဖြစ်တာ ခဏ ခဏပဲ။

"နင် ... ငါ့အိမ်မှာ မနေနဲ့ ... ဆာမိ"

"အော ... အော ... ကျုပ် ... ခင်ဗျားအိမ်မှာ နေတာမှမဟုတ်ဘူး။ ကျုပ် ... မိန်းမအိမ်မှာ နေ ... နေတာ"

စိတ်ကူးသစ်စာပေ

''ဟဲ့ ... အနာကျရဲ့။ အဲဒါ ငါ့အိမ် ... ငါ့အိမ်ဟဲ့''

''ကျုပ် ... မိန်းမအိမ်ဗျ။ မဆင်းသွားဘူး ... ဒေါ့ ... ဇေ့''

''နင်က လူပါးဝလို့ ... ဂဲဟာ''

''ဖောင်း''

''အား ... ငါ့ကိုလုပ်တယ် ... ကိုင်းဟာ''

''ဝုန်း''

''ငါကွ''

''ဂလွမ်း ... ဂျလွန်း''

''အမေ ... အမေ ... ကိုဆာမိ ... မလုပ်နဲ့''

''ဒေသဟ''

''ဝွမ်း ... ဂျလွမ်း''

ယောက္ခမနဲ့ သားမက်နဲ့ ထချကြရော၊ သမီးက ဝင်ဆွဲဖျန်ဖြေ မရဘူး။ နှစ်ယောက်စလုံး ကန်တီးလို့ မပါးပါးပါ ပြေးရပါရော။ ဆာမိ ယောက္ခမ ဒေါ်ကောက်က အလုပ်ကြမ်းလုပ်နေလို့ သန်တယ်။

တရင်းရှင်းတော့ မိနစ်ချတ်မှာ ဆာမိ နဖူးကွဲပြီး မထနိုင်ဘူး။ ပါးပ က ကောင်စီရုံး ပြေးတိုင်လို့ ရပ်ကွက်ကောင်စီလူကြီး ဦးအောင်ငြိမ်းနဲ့ အဖွဲ့ ရောက်လာ။ နဖူးကွဲနေတဲ့ ဆာမိကို ခေါ်သွားကြ။

''ဆာမိ ...''

''ခင်ဗျာ ... အတ်ကာထကြီး''

ဥက္ကဋ္ဌကို အတ်ကာထလို့ခေါ်တယ်။ ဆန်နီဆိုတဲ့ကောင်က မူးလာ ရင် ဇက်ကဋ္ဌလို့ ခေါ်တယ်။ ကုလားအသံများတော့ အက်ကာထ အသံထွက် တယ်။

''မင်း ... ဘာလို့ ယောက္ခမကို ပြန်ရိုက်ရတာလဲ''

''သူ ... ကျွန်တော့်ကို အိမ်ပေါ်က နှင်ချတယ် ... အတ် ကာထ''

''ဘာလို့ နှင်ချရတာတုံး''





''ကျွန်တော် အရက်သောက်လို့တဲ့။ ကျွန်တော့်မှာ အလုပ်ပင်ပန်း လို့ အရက်နည်းနည်းပဲ သောက်တယ် ... အတ်ကာထ''

''မူးပြီး ဆဲရေးတိုင်းထွာတာဆို။ ယောက္ခမလည်း အမေပဲကွ။ ဘာ လို့ မိဘလူကြီးကို မင်း စော်ကားရိုင်းပျရသလဲ''

''အစ်ကို ... အဲ ... အဲ ... အက်ကာထကြီးခင်ဗျာ၊ နဖူးကွဲပြီး သွေးထွက်တာ ကျွန်တော်ပါဘုရား။ ယောက္ခမ ရိုက်''

''မဟုတ်ပါဘူး ... ဥက္ကဋ္ဌကြီး။ သူ့ဘာသာ အရှိန်လွန်လဲကျမှင်း မှေတ်ဆီဘူးပေါ်လဲကျလို့ ကွဲတာပါ''

သူ့ယောက္ခမ ဒေါ်ကောက်က ဝင်ရှင်းတယ်။

''ပါးပါး ...''

''ရှင် ... ဥက္ကဋ္ဌကြီး''

''နင့်အမေပြောတာ အမှန်ပဲလား''

''ဟုတ်ပါတယ် ရှင်''

''ဟင် ... နင် ... နင်က နင့်အမေဘက်က''

''ဥက္ကဋ္ဌကြီးရှင့် ... ကျွန်မကို တးဖို့ ဝိုက်ဆံမပေးဘဲ အရက် သောက်ပစ်တယ်။ မျောက်ပန်းလှန် ကစားပစ်ပါတယ်။ ကျွန်မတို့ကို အမေ ကပဲ ရှာဖွေကျွေးနေရတာပါ။ သူလည်း အမေ့လုပ်စာကိုစားပြီး၊ အမေ့ကို ရော ကျွန်မကိုရော ညနေတိုင်း၊ ညတိုင်းဆဲရေးတိုင်းထွာ၊ ကန်ကျောက် ပစ္စည်းတွေ ပေါက်ခွဲလုပ်ပါတယ် ရှင်''

''ဆာမိ ...''

''ဘုရား''

''မင်း ... ဘာပြောချင်သေးလဲ''

''သူတို့ မတရားပြောတာပါ ... အတ်ကဋ္ဌတ်ကြီး''

''အိမ်ပေါ်က ကွဲနေတဲ့ ပုလင်းတွေက ...''

''သူတို့ဘာသာ ရိုက်ခွဲပြီး ကျွန်တော့်အပေါ် အပြစ်တွေ ပုံချ တာပါ ဘုရား''

"မင်း ရပ်ကွက်ထဲမှာ မူးယစ်သောက်စားပြီး ပတ်ဝန်းကျင်ကို အသံနဲ့ အနှောင့်အယှက်ပြုတယ်။ အိမ်က ပစ္စည်းတွေကို အကျိုးမဲ့ ဖျက်ဆီးတယ်။ မင်းကို ရဲစခန်းပို့မယ်"

"ဗျာ ... ရဲစခန်းကို"

"စာရေးကြီး ... စခန်းကို ဖုန်းဆက်ခေါ်လိုက်"

"ဗျာ ... ဗျာ ... နေ ... နေပါဦး ... အုတ်ကျွတ်ကြီး ဘုရား"

"ရဲ ... ရဲစခန်းကို မပို့ပါနဲ့ ဘုရား။ တောင်း ... တောင်းပန်ပါတယ် ဘုရား"

"မရဘူး ... မင်းလွန်တယ်"

"ဟီး ... နောင်ကို ဒီလိုမလုပ်တော့ပါဘူး ဘုရား"

"အမေ ... မိန်းမ ... ကျုပ် ... ကျုပ် တောင်းပန်ပါတယ်ဗျာ။ ဟီး ... အရက်ကြောင့်ပါဗျာ။ အရက်ကြောင့်ပါဗျ ... ဟီး ... အရက်ကြောင့်ပါဗျာ ... အရက်ကြောင့်ပါဗျ ... ဟီး"

ကုလားဆာမီ ကောင်စီရုံးမှာ ချုံးမည်းချငိုတယ်။

"အရက်ကြောင့် ... ဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ် .. ခင်ဗျာ ... ဟင့် ... ဟင့် ..."

"ဆာမီ ..."

"ဘုရား ..."

"အရက်က မင်းကို လာသောက်တာလား။ မင်းက အရက်ကို သွားသောက်တာလား"

"အဲ ... အဲ ... ဟို ... ဟို ..."

"ရှင်းရှင်းပြောကွာ ... တယ် .. ငါလေ"

"ကျွန်တော် မှားပါတယ်ဘုရား။ ကျွန်တော် သောက်မိလို့ပါ ဘုရား"

"နောင်ကို အရက်သောက်ဦးမှာလား"

"လုံးဝ မသောက်တော့ပါဘူး ဘုရား"

စိတ်ကူးသစ်စာပေ



"မင်း ခံဝန်လက်မှတ် ထိုးရမယ်"

"ဟုတ် ... ဟုတ်ကဲ့"

သည့်နောက် သူ့ကို ရုံးဝန်ခံစာအုပ်မှာ နောင်အရက်သောက်ပြီး မူးယစ်ရမ်းကားပါက မိသားစုကို နှိပ်စက်ကလူ မပြုပါဆိုတာ ခံဝန်လုပ်ပြီး ယောက္ခမကို လူကြီးများရှေ့မှာ ကန်တော့ခိုင်းလိုက်တယ်။

"ကန်တော့ ... ပါးစပ်က ပြောကန်တော့လေ"

မူးမူးနဲ့ ဦးလေးငါးခါ ချနေလို့ နောက်ကွယ် ကောင်စီဥက္ကဋ္ဌက အသံမာမာနဲ့ပြောမှ ...

"ယောက္ခမကြီး ... အဲ ... အဲ ... အမေ့ကို ... သားကြီး။ ကျွန်တော် မူတူးဆာမိ ကန်တော့ပါတယ်ဘုရား။ အို ... ထန်နီရယ်၊ ဝင်းမောင်ရယ်၊ အတင်းတိုက်လို့ အားနာပြီး တစ်ငုံ၊ နှစ်ငုံ သောက်ရာကနေ အပြဲခြောက်မီးဖုတ်ကလည်း အရသာရှိတာနဲ့ သောက်တာများသွားပါတယ်။ အဲဒါ အိမ်ကိုပြန်လာတုန်း လမ်းမှာ လေကတိုက်တော့ ပိုမူး ..."

"ဆာမီ ..."

"ဘုရား ..."

"မင်း သိပ်လျှာရှည်တာပဲ။ အမေကြီးကို တောင်းပန်ပါတယ်ဆို ပြီးပြီပေါ့။ ဘာ ... မင်း ... အရစ်ရှည်နေတာလဲ"

"ဒီလိုပါဘုရား ... အော့ ... အော့ ... ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုတဲ့ မူလအခြေခံ အကြောင်းရင်းက သမိုင်းဦးတုံ့မြဲခေတ်"

"စာရေးကြီး ..."

"ခင်ဗျာ ... ဥက္ကဋ္ဌကြီး"

"အဲဒီကောင်ကို ဆွဲထုတ်၊ အိမ်အရောက်ပို့ပေးလိုက်။ ငါလုပ်မိတော့မယ်။ နားညည်းတယ်၊ လျှာရှည်တယ်၊ မင်း ... နောက်တစ်ခါဆို အချုပ်ထဲ ..."

"အွတ်ကျွတ်ကြီး ..."

"သွားကွာ ... သွား ... သွား ... ဖွီ"

✿ ✿ ✿

[၃]

❑

ဆာမိငြိမ်သွားပြီး အောက်မေ့တာ တစ်ပတ်ကြာတဲ့ညမှာ ဒေါ်ကောက်တို့သားအမိ ရပ်ကွက်ကောင်စီရုံးကို ရောက်လာတယ်။

"ဘာဖြစ်ပြန်ပြီလဲ ... ဒေါ်ကောက်"

"အစ်ကို အွတ်ကာဠွတ်ကြီး ... ဟိုကောင် ဆာမိကောင် အိမ်ပေါ်မှာ သောင်းကျန်းနေတယ်။ လုပ်ပါဦးဘုရား"

"ပါးပါး"

"ရှင် ... ဉက္ကဋ္ဌကြီး"

"နင့်လင် ဟိုကောင် ဘယ်လိုသောင်းကျန်းနေတုံး"

"ပြောရမှာ ... ဘုရား ... ကျွန်မ ... ရှက် ... ရှက်"

"အေး ... ရှက်လို့ မပြောချင်ရင် အားလုံးပြန်တော့"

"ဟို ... ဟို ... ဟဲ ... နင့်လင်လုပ်ပုံ ... ပြောလေ"

"ဒီ ... ဒီလိုပါ ... ဘုရား။ သူ ... သူ့အရက်တွေ အများကြီးသောက်ပြီး အိမ်ပေါ်နဲ့အိမ်ရှေ့မှာ ကိုယ်လုံးတီးကြီးနဲ့ ဆဲရေးတိုင်းထွာပစ္စည်းတွေ ရိုက်ချိုးနေပါတယ်ရှင်"





"အမှန်တကယ်ပဲလား"

"မှန်ပါ့ဘုရား"

သူတို့က လွတ်လပ်ရေးခေတ်ဦး အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံဆန်ဆန်လိုပဲ။ ရာဇဝတ်လည်း ဘုရားပဲ။ သူကြီးလည်း ဘုရားပဲ။ မြို့ပိုင်လည်း ဘုရားပဲပြောတယ်။

"ဟေ့ ... ရပ်ကွက်ကောင်စီဝင်တွေထဲက ငါးယောက်လိုက်ခဲ့"

ပေါင်း ဥက္ကဋ္ဌ ဦးအောင်ငြိမ်းပါတယ်။ လူကြီးများနှင့် သူတို့သားအမိ ရပ်ကွက်အဖျားလည်း ရောက်ရော ...

"ခိုက်တဲ့ကောင် ထွက်ဟေ့"

"ဘယ်ခွေးမှ လူမထင်ဘူးကွ ... အော့ ... ဝေါ့"

"ယောက္ခမအသားကို အစိမ်းစားမယ်"

"မိန်းမအသားကို ပြုတ်ပြီး အရက်နဲ့မြည်းမယ်"

"ဟေ့ကောင် ... ဆာမိ"

ကိုယ်တုံးလုံးကြီးနဲ့ တုတ်တစ်ချောင်းကိုင်ပြီး အိမ်တိုင်တွေကို ရိုက်နေတဲ့ဆာမိရယ်၊ ရပ်ကွက်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်လူကြီးများကို မြင်ရော တုတ်ကို လွှင့်ပစ်ပြီး ...

ငုတ်တုတ်ထိုင် လက်အုပ်ချီပြီး ဥက္ကဋ္ဌနဲ့အဖွဲ့ကို အကြိမ်ကြိမ် ကန်တော့တယ်။ ဘယ်လိုမှ လူမြင်လို့ မကောင်းဘူးဗျာ။

ငုတ်တိုင်ထိုင်ကန်တော့မှ ပိုဆိုးတာပေါ့။

ဥက္ကဋ္ဌက သင်းရဲ့နားရင်းကို တစ်ချက်ရိုက်ပြီး ...

"ဟေ့ကောင် ... ဆာမိ"

"ဘုရား ..."

"အခု ပုဆိုးဝတ်လိုက် ..."

ဥက္ကဋ္ဌကို ကြောက်ရှာတယ်။ မြေပြင်မှာ ကွင်းလုံးပုံထားတဲ့ ပုဆိုးကို ခေါင့်တန်းခွဲဝတ်ပြီး ယိုင်ထိုးနေလို့ မလဲရအောင် လူကြီးတစ်ဦးက ထိန်းပေးထားရတယ်။

"ဆာမိ ..."

"ဟုတ် ... ဟုတ် ..."

"လိုက်ခဲ့ ..."

"ဘယ် ... ဘယ်ကိုလဲ ... အွတ် ... က ... ထ ... ကြီး"

"ရဲစခန်းပဲဟေ့ ..."

"အောင်မယ်လေး ... မစောဘုရား ,... ကယ်တော်မူပါဘုရား။ အဘား ... ဘား"

တိုတိုပြောကြပါစို့ဗျာ ... သင်းကို ရဲစခန်းမှာ (၃) ရက် ချုပ်နှောင်ထားလိုက်တယ်။ ပညာပေးလိုက်ပါလို့ အပ်လိုက်တယ်။

"အမှုလုပ်မှာလား ... ဥက္ကဋ္ဌ"

"မလုပ်ပါနဲ့ဗျာ။ မိသားစုက ဆင်းရဲပါတယ်။ အရက်မူးရင် ဆိုးလို့ပါ။ ပညာပေးဆုံးမပါ ... တာဝန်မှုူးရယ်။ ကျွန်တော် ထမင်းစရိတ်ခံပါ့မယ်"

အဲဒါ အချုပ်ထဲ ထည့်ထားလိုက်တယ်။ အချုပ်ထဲရောက်ရော အချုပ်ခန်းလူကြီးက သင်းအကြောင်းသိလို့ ဖားခုန် ခုန်နိုင်းလိုက်တာ မထနိုင်ဘူး။

သုံးရက်နေမှ ဥက္ကဋ္ဌကိုယ်တိုင် သွားထုတ်ရတယ်။

"မင်း ... အရက်သောက်ဦးမှာလား ... ဆာမိ"

"မသောက်ပါဘူး ခင်ဗျ"

"အလုပ်လုပ်မှာလား"

"လုပ်ပါ့မယ်ခင်ဗျ"

"အိမ်မှာ မိသားစုကို နှိပ်စက်ဦးမှာလား"

"မနှိပ်စက်ပါဘူး ခင်ဗျ"

"တကယ်နော်"

"ဘုရားစူး ... မိုးကြိုးပစ် ... မြွေကိုက်"

"နောက်တစ်ခါဆို ... မင်းထောင်ကျမှာပဲ ... သိလား"





"မှန်ပါ ဘုရား"

အဲဒါ အိမ်ပြန်ရောက်အောင် ပို့ပေးလိုက်တယ်။ လူက အစားအသောက်မမှန်လို့ ပိန်နေတယ်။ သူ ပလတ်စတစ်လိုက်ကောက်ပြီး ပစ္စည်းဆိုင်မှာ လိုက်ရောင်းနေတာကို မြင်ရတယ်။

"ဆာမိ ..."

"ဘုရား"

"ကြိုးစားလှချည်လားကွဟေ့"

"ဟုတ်ကဲ့ ... ကျွန်တော် လိမ္မာပါပြီခင်ဗျ"

"အေး ... အေး ... သာဓု ... သာဓုကွာ။ နောက်တစ်ခွန်းချန်ထားဦးမယ်။ ကြိုးစား ... ကြားလား"

"ဟုတ်ကဲ့ ခင်ဗျ"

"မင်းသမီးလေးတွေ အပျိုပေါက်ဖြစ်နေပြီကွ"

"ဟုတ်ကဲ့ခင်ဗျ ... ဒါနဲ့ အွတ်ကဋ္ဌတ်ကြီးခင်ဗျ"

"ပြော ... ဘာတုံး"

"မိန်းမက ကျွန်တော်နဲ့ အတူမအိပ်ဘူးခင်ဗျ။ အဲဒါ ... ပြောပေးပါဦးခင်ဗျ"

"အခု မင်းတစ်ယောက်တည်းလား"

"ဟုတ်တယ် ... ခင်ဗျ။ သူ့အနားကိုကပ်ရင် တွန်းထုတ်တယ်ဘုရား"

"မိန်းမဆိုတာ အချော့ကြိုက်ကွ။ ချော့ပေါင်းကွာ။ အဆင်ပြေသွားမှာပါ။ မင်းက အရက်မသောက်နဲ့ ကြားလား"

"ဟုတ်"

✿ ✿ ✿

[၄]

❑

ဟောဗျာ … ကျားသားမိုးကြိုး ဒုက္ခပါပဲဗျား။ အဲဒီနေ့ညက ကျွန်တော်တို့ ရပ်ကွက်လုံခြုံရေး မီးကင်းစောင့်နေချိန်ဗျ။

"ဗျို့ … ကင်းမှူး … ကင်းမှူး"

"ဟေ့ … အချိန်မတော် ဘယ်သူတုံးကွ … ရပ်"

"ကင်းမှူး … ကျွန်တော်တို့ပါ … တင်ဝင်းပါ"

"တင်ဝင်း … အချိန်မတော် ဘာဖြစ်လို့တုံး … လာ"

"ဟို … ဟို … ကုလားဆာမိရဲ့ ရွှေပန်းက ဘလိတ်ဓားနဲ့ အလှီး ခံရလို့ဗျ"

"ဟေ … ရွှေပန်းကို ဘလိတ်ဓားနဲ့လှီးလို့။ နေပါဦး … တင်ဝင်း ရဲ့ ဘယ်သူက လှီးတာတုံး။ သူ့ဘာသာ လှီးတာလားဟ"

"သူ့မိန်းမ ပါးပါးက လှီးတာတဲ့ဗျ"

"ဟေ …"

"မြန်မြန်လုပ်ပါဗျာ … ဆေးရုံကို အမြန်ပို့မှရမယ်ဗျ"

ဒါနဲ့ ရပ်ကွက်ဥက္ကဋ္ဌကို သွားနှိုးခေါ်ကြ။ အခင်းဖြစ်တဲ့နေရာရောက် ရော …





ဟုတ်တယ်ဗျာ …

ဆာမိရဲ့အောက်ပိုင်းသွေးတွေ ရွှဲရွှဲစိုနေတယ်။ 'ဘုရားကယ်ပါ … ဥက္ကဋ္ဌကယ်ပါ' နဲ့ အော်နေတယ်။ ဒဏ်ရာ တော်တော်ပြင်းထန်တယ်။ အဲဒါ အဝတ်နဲ့ အုပ်ပြီး ဆေးရုံကို အမြန်ပို့။

ရဲဆေးစာလည်း ရပြီးရော …

ဆာမိရဲ့မိန်းမ ပါးပါးကို ရဲက သွားဖမ်းရတော့တယ်။

"ပါးပါး …"

"ရှင် … ရှင် …"

"နင့်ယောကျ်ားရဲ့ မွှားဘက်တော်ကို နင် ဘလိတ်ဓားနဲ့လှီးတာ အမှန်ပဲလား"

"မှန်ပါရှင့်"

"ဘာလို့ လုပ်ရတာတုံး"

"သူ အရက်တွေသောက်ပြီး ကျွန်မကို ပါးနားရိုက်၊ အတင်းအဓမ္မ ပြုတာ နှစ်ကြိမ်သုံးကြိမ် ရှိပါပြီရှင်။ ဒီညတော့ ဒေါသဖြစ်ပြီး သူ့ဥစ္စာကို အိပ်ပျော်နေတုန်း အသင့်ရှိနေတဲ့ ဘလိတ်ဓားနဲ့ ဖြတ်လိုက်တာပါပဲရှင်။ ဟီး အင့် … ဟီး …"

"ရာဇဝတ်မှုပဲ … ပါးပါး။ ဒါ … ညည်းယောကျ်ားမဟုတ်ဘူး လား"

"ကျွန်မမှ အလိုမတူဘဲ"

"ဒါဆိုလည်း ရပ်ကွက်လူကြီးကို လာတိုင်ပါလား။ အလိုမတူဘဲ အနိုင်ကျင့်ဖို့ ကြိုးစားရင် လင်သားကိုလည်း မုဒိမ်းမှုနဲ့ အရေးယူလို့ရ တယ်"

"ကျွန် … ကျွန်မ … မသိလို့ပါရှင် … အင့် … ဟီး …"

နောက်ဆုံး ပါးပါးကို မိန်းမ အချုပ်ခန်းထဲမှာထားပြီး ရုံးတင်ဖို့ လုပ်ရတယ်။

ဟိုတစ်ယောက်လည်း ကံကောင်းချင်တော့ မြို့ဆေးရုံကြီးက ဆရာဝန်များက သူ့ပေါင်သားက အရေပြားလှီးပြီး ပြုပြင်ချုပ်ပြီး အကောင်းပကာတိဖြစ်အောင် ကုသပေးလိုက်တယ်။

တစ်လမပြည့်ခင်မှာ ပြန်ဆက်ပြီး နဂိုလိုပဲ၊ မိမွေးတိုင်း ဖမွေးတိုင်း ကောင်းသွားတယ်။ ခေတ်သစ်ဆေးပညာကတော့ဗျာ အံ့မခန်းပဲဗျို့။

အဲဒါနေကောင်းလို့ ဆေးရုံကဆင်းတော့ တရားရုံးမှာ သင်းတရားလိုအနေနဲ့ အစစ်ခံရတယ်။

သို့သော် တရားလို ဆာမိက အမှုမလုပ်ချင်ဘူးတဲ့။

တရားခံက သူ့မိန်းမ ဖြစ်နေလို့ပါတဲ့။

သူ အရက်မူးပြီး ခွတ်တရွတ်ကြံစည်လို့ ခုလိုဖြစ်ရတာပါ။ သူ့မိန်းမအပြစ် မဟုတ်ပါဘူး။ ခွင့်လွှတ်ပါတယ်။ အမှုကို ရုပ်သိမ်းကျေအေးပေးပါလို့ ပြောတာနဲ့ ...။

တရားသူကြီးကလည်း အကြင်လင်မယားကိစ္စ သဘောထားကြီးကြလို့ အမှုကို ရုံးမှာပဲ ကျေအေးရုပ်သိမ်းလိုက်တယ်။

အခု ဆာမိလည်း ယောက္ခမအိမ်ပေါ်မှာပဲ။

အရက်လည်း မသောက်တော့ဘူး။

အလုပ်က နေ့ပူထဲမှာ ခနဲအိုးပေါက်၊ ကြေအိုးပေါက် ဝယ်ရောင်းလုပ်နေလို့ စီးပွားရေးလည်း ကောင်းလာပြီး ဝပြိုးပြိုးဖြစ်နေတယ်ခင်ဗျာ။

တစ်နေ့ ကျွန်တော်တို့ ကင်းသမားများနဲ့တွေ့တာနဲ့ ပိုင်းမေးကြတယ်။

"ဆာမိ ..."

"ဗျာ ... အစ်ကို"

"အင်း ... မိန်းမကို မင်း စိတ်မနာဘူးလား"

"လုံးဝမနာဘူး ... အစ်ကို။ ကျေးဇူးတောင် တင်ပါသေးတယ်"

"ဟော ... ကျေးဇူးတင်တယ်၊ မင်း ... သူ့ကို ပြန်ပေါင်းလား"

"ပေါင်းတယ် ... အစ်ကို"





"မင်းမိန်းမကရော မင်းကို လိုလိုလားလား ကြည်ကြည်ဖြူဖြူ လက်ခံရဲ့လား။ ချစ်ရဲ့လားဟ ... ဆာမိရ"

"အခု ... ပါးပါးက ကျွန်တော့်ကို အရင်ကထက် ပိုချစ် ပိုစွဲလမ်းတယ် ... အစ်ကိုရေ"

"ဟေ ... ဘာကြောင့်လဲ ... ဆာမိရ ... လုပ်ပါဦး။ ပညာယူချင်လို့ပါဟ ... ငါ့ကောင်ရ"

"မိန်းမကပြောတယ် ... အစ်ကိုရဲ့"

"ဘယ်လိုပြောတုံး ... ဆာမိရ"

"ရှင်ဟာလေ ... ဆေးရုံမှာ ခွဲစိပ်ကုသလိုက်ပြီးကတည်းက ဘယ်လိုကနေ ဘယ်လိုဖြစ်သွားမှန်း မသိဘူးတဲ့ ... ဟီ ... ဟီ ... ဟီ။ ချစ်လိုက်တာ တုန်နေတာပဲ။ အစ်ကိုတို့ရေ ... သွားပြီဗျို့"

ကြည့်ဗျာ ... ချစ်တဲ့စိတ်ဟာ အလွန်ဆန်းကြယ်တယ်ဗျာ။ အချို့မိန်းမများရဲ့အချစ်ဟာ တဏှာစိတ်နဲ့ ဒွန်တွဲနေတာမို့ ဆာမိနဲ့ ပါးပါးရဲ့အချစ်ဟာလည်း သည်းထိတ်ရင်ဖို ဖြစ်ရပ်ဆန်းကြယ်အချစ် မဟုတ်ပေဘူးလားဗျာ။

မောင်ညီမှိုင်း(သန်လျင်)



[၁]

❑

အဲဒီခေတ်တုန်းက ဦးနေဝင်းအစိုးရက ရွှေရင်ကျော်ဂိုဏ်းကို နှိပ်ကွပ်နေချိန်ပေါ့။

တပ်ထဲမှာ ရွှေရင်ကျော်ဂိုဏ်းမဝင်ရအောင်ကို ပြင်းပြင်းထန်ထန်ဆောင်ရွက်ခဲ့တယ်။

အဲဒီအချိန်တုန်းက ...

အနောက်နိုင်ငံတစ်ခုမှာ 'ညို' ဂိုဏ်းတစ်ခု ပေါ်နေတယ်လေ။ အဲဒီဂိုဏ်းကလည်း သူ့ယုံကြည်ချက်နဲ့သူ ရပ်တည်နေတော့ ယုံကြည်မှုရှိသူအတော်များများက 'ညို' ဂိုဏ်းကဲ့သို့သော ဂိုဏ်းထဲကို ဝင်ရောက်ဆောင်ရွက်ကြတာ လူဦးရေမနည်းဘူး။

ကလေး ... လူကြီး အရွယ်မျိုးစုံပါတယ်။

ပညာတတ်တွေ အများကြီးပါတယ်။

နောက်ဆုံးတော့ ကမ္ဘာပျက်တော့မယ်လို့ ခေါင်းဆောင်က ဟောပြော နားသွင်းပြီးနောက် ကမ္ဘာမပျက်ခင် သူတို့ကောင်းကင်ဘုံကို ကြွတင်သွားကြစို့ဆိုပြီး အဆိပ်ပါတဲ့ရေစင်ကို တိုက်ခဲ့တယ် ...။

နောက်လိုက်တွေက အစွန်းရောက်ဘာသာရေး(ယုံကြည်မှု) ဂိုဏ်းခေါင်းဆောင်ရဲ့စကားကို ယုံကြည်ပြီး အဆိပ်ရေစင်ကို လိုလားနှစ်ခြိုက်စွာ သောက်ပြီး စုပြုံသေလိုက်ကြတယ်။

အဲဒီသတင်းက တစ်ကမ္ဘာလုံးကို ပျံ့နှံ့သွားပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံအတော်များများကို အထူးဂယက်ရိုက်ခဲ့တယ်။

အဲဒီအချိန်တုန်းက မြန်မာနိုင်ငံထဲမှာ ...

ရွှေရင်ကျော်ဂိုဏ်း ...

မနောစိတ္တုပ္ပတ်ဂိုဏ်း ...

မနောမဟိဒ္ဓိစေဂိုဏ်း ...

သာသနာငါးထောင်ဂိုဏ်း စသည်ဖြင့် ဘာသာရေးအယူအဆ သီးခြားနှင့် ဆေးကုသည့်ဂိုဏ်းတွေလည်း ပေါ်နေချိန်။

အဲဒီမှာ ရွှေရင်ကျော်ဂိုဏ်းက အင်အားတောင့်တင်းပြီး ထင်ရှားကျော်ကြားချိန်ပဲ။

ဘိုးတော်ပြုံး။ ဘိုးတော်အေး။ ဘိုးအောင်မှုင့်တို့ကို ဦးတည်အလေးထားပြီး တည်ရှိနေတဲ့ရေစင်ဂိုဏ်းပါ။

အဲဒီရွှေရင်ကျော်ဂိုဏ်းမှာ အလွန့်ကို ထင်ရှားကျော်စောတဲ့ ပုဂ္ဂိုလ်ဆရာကြီးတွေလည်း ရှိခဲ့ပါတယ်။

နာမည်ကို ထုတ်မရေးပြရခြင်းကတော့ အချို့ကလည်း ကောင်းမြတ်သောနာမည်နဲ့ ကွယ်လွန်သူကွယ်လွန်။ အသက်ရှင် ကျန်ရစ်သူများကတော့ သမထ၊ ဝိပဿနာလိုင်းကို ကူးသူကူးနေကြလို့ပါ။

အချို့ကျတော့ ...

သိဒ္ဓိအစွမ်းတွေ အံ့မခန်းရပါရဲ့ ...။

လေထဲကနေ ရွှေဆိုရွှေ၊ ငွေဆိုငွေ၊ အစားအစာဆို အစားအစာ လက်ဝါးဖြန့် ဆွဲယူပြနိုင်တယ်။

စာရွက်တစ်ရွက်ပေါ်မှာ ကြိုက်ရာစာကိုရေးပြီး ခေါက်ထား။ ဘာရေးတာလည်း အတပ်ပြောနိုင်တယ်၊ မလွဲစေရဘူး။





တိတ်ခွေအသစ်ကို ပါကင်မဖွင့်ဘဲပေး။

မျက်စိရှေ့တွင် လက်ဝါးနဲ့အုပ်လိုက်တယ်။ ပြီးရင် ပါကင်ဖြေပြီး ကတ်ဆက်ထဲဖွင့်ကြည့် ... အဲဒီဆရာကြီးရဲ့အသံကို ကြားနေရရော။

အလုပ်ပြုတ်မယ်၊ မပြုတ်ဘူး ... အတပ်ပြောနိုင်တယ်။

ပြုတ်ပြီးသားလူ အလုပ်ပြန်ခန့်အောင်လည်း လုပ်ပေးနိုင်တယ်။

အင်္ဂလိပ်ဆေးဝါးနဲ့ ကုမရတဲ့ရောဂါ သူကုလို့ရမယ်မြင်ရင် ရေစင်ကိုမန်းပြီး တိုက်ချလိုက်တာနဲ့ ရောဂါပျောက်ရော။

သို့သော် ... ဆရာကြီး၊ တာရှည်မခံဘူး။

တစ်ဆက်ကို သုံးဆပွားပေးမယ်ပြောပြီး ရွှေရောငွေရော လိမ်လို့ နောက်ဆုံး အကြီးအကျယ် ဒုက္ခရောက်တယ်။

ပညာသိဒ္ဓိများလည်း ပျက်ပြယ်ပြီး... ဟိုး... ဝေးလှတဲ့ဒေသမှာ ဆင်းရဲပင်ပန်းစွာ သေဆုံးခဲ့ရတယ်။

အဲဒါ ... အခြားကြောင့်မဟုတ်ဘူး။ ညေးပေါက်လို့။

ကတိသစ္စာ ဖောက်ဖျက်ခဲ့လို့ ...။

ပျက်စီးရတာ။ နာမည်ပျက်တာ။ သိဒ္ဓိအစွမ်းတွေ ကွယ်ပျောက်သွားရတာ။

ကြားဖူးကြမည်လားမသိဘူး ...

နာမည်ကျော်သက်နီးဝတ် တိုင်းရင်းဆေးဆရာပညာရှင်ကြီး။

တိုင်းရင်းဆေးကို အဆင့်အတန်းမြင့်အောင် သုတေသနပြုပြီး ဆေးကုသတယ်။ နိုင်ငံခြားက ကင်ဆာရောဂါ မကုနိုင်သေးဘူး။

ဘုန်းကြီးက သူ့တိုင်းရင်းဆေးနဲ့ မြစ်ပွားနာကင်ဆာနဲ့ သွေးဖျဉ်းရေဖျဉ်းလို ရောဂါကြီးတွေကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့လို့။

ကမ္ဘာကျော်ခဲ့တယ်။ နိုင်ငံတကာက ဆေးပညာရှင်တွေ လာရောက်လေ့လာဆည်းပူးရတယ်။

မြန်မာ့တိုင်းရင်းဆေးပညာကို ကမ္ဘာကျော်အောင် ဆောင်ရွက်နိုင်လို့ ရှင်လူအများ မင်းစိုးရာဇာများပါ လေးစားအံ့ဩ ကြည်ညိုပူဇော်နေကြတုန်းမှာပဲ ကျော်မကောင်း၊ ကြားမကောင်း၊ စည်းပေါက်ပါလေရော။

ဆေးပညာဆိုတာ သမာဓိအားကောင်းလို့ လက်စွဲထိ ဆေးဖြစ်နေတာ။

ခုတော့ သွားပြီ ...

ကိလေသာတဏှာကာမကို မရှောင်တိမ်းနိုင်တော့ လူဝတ်လဲပြီး ဘဝ ပြောင်းရတယ်။

စည်းပေါက်သွားတာကို၊ ...

သီလကျိုးကန်းသွားတာကို၊ ...

❀ ❀ ❀

[၂]

ဦးကိုကိုလွင်
ယာဉ်စီးလုံးငှားနှင့်လက်မှတ်အရောင်းဆိုင်
ဖုန်း ၀၉-၄၂၈၉၀၅၀၄၄

❑

ကျွန်တော့် အဘဆရာကြီးကလည်း ပညာဂုဏ်၊ သမာဓိဂုဏ် အားကောင်းတော့ ရောဂါနေ ဆေးဖြစ်နေတယ်များ။

ဟိုမြို့မှာလည်း၊ ရွှေရင်ကျော် ...

ဒီမြို့မှာလည်း၊ ရွှေရင်ကျော် ...

ကုန်းပေါ်လည်း၊ ရွှေရင်ကျော် ...

ရေပေါ်မှာလည်း၊ ရွှေရင်ကျော် ...

တပ်ထဲမှာလည်း၊ ရွှေရင်ကျော် ...

အားကောင်းလိုက်ကြတာ ...

ယုံကြည်လိုက်တာ။ ကြိုးစားလိုက်ကြတာ။

အဲဒီအချိန်တုန်းက ရွှေရင်ကျော်ဂိုဏ်းရဲ့ စည်းကမ်းနဲ့ သစ္စာကို မိန်းမသားတွေကပိုပြီး အမျိုးသားများထက် ကြိုက်ကြတယ်။

ရွှေရင်ကျော်ဂိုဏ်းကို ဝင်ရင် ...

အရက်သေစာ လုံးဝမသောက်စားရဘူး။

သူတစ်ပါးသားမယား(လင်ရှိမယား)ကို ပြစ်မှားကျူးလွန်ခြင်း မပြုရဘူး။

ကျွဲသား၊ နွားသား၊ မြွေသား မစားရဘူး။

အနန္တော အနန္တငါးပါးကို မပြစ်မှားရဘူး။

ဤပညာတော်မြတ်ကြီးကို မစော်ကားရဘူး ...

ဤအချက်များနှင့်အတူ ငါးပါးသီလကို တတ်စွမ်းသမျှ စောင့်ထိန်းရတယ်။ အထူးသဖြင့် အပေါ်က အဓိကအချက်များကို ရွှေရင်ကျော်ဂိုဏ်းဝင်ရင် သစ္စာဆိုရတယ်။ ပြီးတော့မှ ဆရာက ပထမအဆင့်၊ ဒုတိယအဆင့်ကနေ ကိုးဆင့်မြောက်အောင် ဆေးတော်အုပ်လို့ စမတွေသောက်ရတယ်။

ကတိသစ္စာ တည်နေသမျှတော့ ဘယ်ဘေးမရှိဘူး။ ရှိခဲ့ရင်လည်း ကြီးတာသေးပြီး သေးတာပယ်သွားရော။

ဗြဟ္မစိုရ်တရားလေးပါးလက်ကိုင်ထားပြီး ကတိသစ္စာကို စောင့်ထိန်းနေသမျှ ...

အကျိုးစီးပွားဖြစ်လာမယ်၊ ရန်ငြိမ်းရန်ပယ်တယ်။

လက်ညှိုးနှင့်ရေကို တို့ထိရုံမျှနှင့် ရေသည် ဆေးဖြစ်တယ်။ ဆရာတော် ဘုရားကြီးများဖြစ်ကြသည့် ရက်ကန်းစင်တောင်ဆရာတော်၊ ဖားမဲ့ဆရာတော်၊ ရှင်အဖွဲ့ဝါ၊ ဆရာရှင်ရသေ့၊ ဆရာဖြူ၊ ဆရာအေး၊ ဆရာမှင်စသည့်ဆရာတော်ကြီးများ။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ချီးမြှင့်တဲ့ဆေးညွှန်းရေစင်ဖြစ်ပြီး ၎င်းရေစင်ကို သစ်ရုံ၊ တောက်ရုံ၊ သောက်ရုံမျှနှင့် ဘေးကင်းလေ့ရှိတယ်။

မြွေဆိပ်၊ ကင်းဆိပ်၊ သတ္တဝါအဆိပ်မှန်သမျှ ပြယ်သွားတယ်။

သို့သော် ...

ဆိုပြုထားတဲ့ ကတိသစ္စာပျက်ပြီ ပေါက်ပြီ၊ ကျိုးပြီဆိုရင်တော့ ခံပြီသာမှတ် ...

အထူးသဖြင့် မိန်းမသားများက ရွှေရင်ကျော်ပညာဂိုဏ်းရဲ့ ကတိသစ္စာနဲ့ မူဝါဒကို အရမ်းသဘောကျကြတယ်။

စိတ်ကူးသစ်စာပေ



ကိုယ့်လင်သား အရက်မသောက်ရင် ကြိုက်တာပေါ့။

ကိုယ့်လင်ကိုယ့်သား သူတစ်ပါးသားမယား အိမ်ရာမကျူးလွန်ရဘူးဆိုလေတော့ ပိုကြိုက်တာပေါ့။

အဓိကက အဲဒီသစ္စာကတိနှစ်ချက်ကို ကြိုက်နှစ်သက်လို့ ဝင်နိုင်းတာ။

နောင်တော့ ... ဦးနေဝင်းအစိုးရလက်ထက်မှာ ရွှေရင်ကျော်ဂိုဏ်းထဲ တပ်ကလူတွေ အဝင်များပြီး အခြေအနေအရ အမြင်မသင့်တာရှိနေလို့ ...

အာဏာစက်နဲ့တားတော ရှိခဲ့ပါတယ်။

သို့သော် ရွှေရင်ကျော်ပညာရပ်ဂိုဏ်းက လုံးဝ မပျောက်ကွယ်သွားပါဘူး။

ရွှေရင်ကျော် ဘာသာရေးဂိုဏ်းအဖွဲ့က ...

သူပုန်ထမနိုင်းဘူး ...

ဓားပြတိုက်မနိုင်းဘူး ...

အရက်သမား၊ လူပေလူတေများ ဖြစ်ခဲ့ရင်တောင် ပြတ်အောင် ဘာသာတရား၊ ရတနာသုံးပါးကို လေးစားကိုးကွယ်၊ ဆည်းကပ်ချင်အောင် ပြုပြင်တဲ့ မေတ္တာရှင်အဖွဲ့ပါ။

ဓားပြီး တုတ်ပြီး ဆေးထိုးမပေးဘူး ...

တစ်ပွဲထိုး ထုံးမန်းမပေးဘူး ...

ရှိန်းဆေးယာမိုမောက် ကိုယ်ပျောက်တဲ့ဆေး မပေးဘူး။ သို့သော် ကတိသစ္စာတည်ပြီး သမာဓိအားကောင်းလာပြီဆိုလျှင်တော့ ဓား၊ လှံ၊ သေနတ် ကျည်မတိုး၊ ခုတ်မရဖြစ်တယ်လို့ပြောရင် ယုံပါ့မလားမသိဘူး။

ဒီနေရာမှာ ရွှေရင်ကျော်ဂိုဏ်းကိုဝင်ဖို့ ရေးနေတာ လုံးဝမဟုတ်ပါဘူး။ အဓိကပြောချင်တာက ကတိသစ္စာအကြောင်းပါ။

အချို့ တရားရုံးမှာ ကျမ်းကျိန်ရတယ်။

စိတ်ကူးသစ်စာပေ

အများအားဖြင့် သက်သေတွေ ကျမ်းကျိန်ရတာ၊ ဟုတ်တိုင်းမှန်ရာ ထွက်ဆိုပါမည်။

မဟုတ်မမှန် လိမ်လိမ်လှည့်ဖြား ထွက်ဆိုခဲ့ပါက ကျမ်းစူးပါစေ သား ... ဗီလိုရယ် ...။

သစ္စာဆိုရတာ ...။

ကျမ်းကျိန်စာထဲမှာ ရေးသားတာတွေက အလွန်ကို ကြောက်စရာကောင်းတာ။ ကိုယ်များ၊ မုသားပြောခဲ့ထွက်ဆိုခဲ့ပါက သေပြီးနောက်ဘဝမှာရော၊ ပစ္စုပ္ပန်ဘဝမှာရော ဖြစ်ရခံရမည့် အနိဋ္ဌာရုံဘဝများက ဖတ်ရုံနှင့်သွေး ပျက်ချင်စရာပါ။

အခု တရားသူကြီးများလည်း ကျမ်းကျိန်နေရင်း ...

ကျမ်းစူးတယ်ဆိုတာ သစ္စာစူးတာ ...

မုသားဆိုလို့ မုသားလုပ်လို့၊ လိမ်ညာလှည့်ဖြား မရိုးမသားလုပ်လို့ ကျမ်းစူးတာ။

သူ့ အဲဒီမကောင်းမှုများ၊ မပြုလုပ်ပါဘူးလို့ ကျမ်းကိုင်သစ္စာပြုရတာကို။

ကျမ်းကျိုး၊ သစ္စာမဲ့၊ စည်းပေါက်၊ ကတိပျက်တော့ ကျမ်းစူးတော့တာပေါ့။ ကျမ်းစူးပြီဆိုရင် ဘဝဆက်တိုင်း လူပြန်မဖြစ်တော့ဘူး။ ဖြစ်ခဲ့ရင်လည်း ဒုက္ခိတပဲဖြစ်ကရော။

သမဝါယမလုပ်ငန်းတို့၊ အစိုးရလုပ်ငန်းအချို့တို့၊ ဆရာဝန်လောကတို့မှာလည်း၊ ကျမ်းကျိန်ရတာတို့၊ ကတိသစ္စာပြုရတာတို့ရှိတယ်။

အချို့က ပေါ့ပေါ့တန်တန် ယူဆလေ့ရှိကြတယ်။

ကတိသစ္စာပြုတယ်ဆိုတာ သစ္စာပြုတာပဲ။

အဲဒီ ကတိသစ္စာပျက်ရင် သစ္စာစူးရော။

ကျွန်တော်က နီးစပ်ထိတွေ့သမျှကို လေ့လာလေ့ရှိတာကို။

ကျွန်တော်က တချို့ သရဲတို့၊ စုန်းကဝေပညာတို့ ကျွှိရဆန်အောင်ရှိသမျှ ကြုံသမျှ ထိတွေ့လေ့လာတယ်လေ။

စိတ်ကူးသစ်စာပေ



ကျွန်တော့်မှာ ရှေးမြန်မာမင်းများလက်ထက်က (သို့)ရှေးဟောင်းက ကျမ်းကိုင်၊ သစ္စာပြုဓလေ့ဆန်းများအကြောင်း ရေးထားတဲ့စာအုပ်ရှိတယ်။

ကျွန်တော် လေ့လာသိရသမျှ ရေးရရင် ...

ကိုယ့်ဘက်က မှန်ကန်မှ ကျမ်းကိုင်ပါ။

လိမ်ညာမုသားသုံး ကျမ်းကိုင်ရင် ကျမ်းစူးပြီး ရေရှည်မှာ ဒုက္ခရောက်ရော။ ပြီး ... တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကတိပြုကြ ဆိုကြရင် ကတိသစ္စာ မပျက်ပါစေနှင့်၊ ပျက်ရင် ဒုက္ခတွေ့ရပါလိမ့်မယ်။

✿ ✿ ✿

[ ၃ ]

❑

ကျွန်တော်က ရွှေရင်ကျော်ပညာရပ်ကို လေ့လာဆည်းပူးခဲ့တယ်။ ပညာတော်မြတ်ကြီးရဲ့ စည်းကမ်းနဲ့ ကတိသစ္စာကို မှန်ကန်စွာ လိုက်နာစောင့်ထိန်းရင်း ...

အံ့ဩစရာကောင်းတဲ့အကျိုးထူးကို ရရှိတယ်။

မြွေပွေးကိုက်လို့ ဆေးရုံက လက်လျှော့လိုက်တဲ့ လူနာကို ရေစင်ရေမန်းနဲ့ ရောဂါအဆိပ်ပြတ်ပြီး အသက်ရှင်လူကောင်းဖြစ်သွားခဲ့တာ မျက်မြင်ကိုယ်တွေ့ပါ။

မြွေကိုက်ရောဂါ အတော်များများကို ရွှေရင်ကျော်အဘဆရာကြီးကုပေးလို့ အသက်ရှင်တာ ရှင်၊ လူ၊ သီလရှင် အစုံပါပဲ။

ဘိုးတော်အတုက စိန်တွေ၊ ရွှေတွေကို သုံးဆပွားပေးမယ်ပြောပြီး လိမ်ညာယူသွားတာ။

အဲဒီဆရာလိမ်လို့ ယူသွားတဲ့စိန်နဲ့ ရွှေပြန်ပေးရတဲ့အဖြစ်ရောက်အောင် အဘဆရာကြီးပညာနဲ့ စီရင်ခဲ့တယ်။





အမိကပြောချင်တာက အထက်မှာဆိုခဲ့သလို သစ္စာပြုရတယ်။ ကတိပေးရတယ်။ ပြီး ... စောင့်ထိန်းရတယ်။

အမျိုးသမီးတစ်ဦးရယ် ...။

လင်ယောကျ်ားလည်းရှိတယ်။ သားသမီးလည်းရှိတယ်. ရွှေရင်ကျော်ဂိုဏ်းမှာလည်း ပညာအဆင့်တက်ပြီး ပညာတော်မြတ်ကြီးရဲ့ စည်းကမ်းကတိသစ္စာများကို အသက်ထက်ဆုံး လိုက်နာကျင့်ကြံပွားများပါမည်လို့ သစ္စာပြုခဲ့တယ်။

ကိုးဆင့်စပတောင် သောက်ပြီးပြီ။

အုပ်စပ၊ ချုပ်စပသောက်ပြီးရင် ဆရာဖြစ်ကုသလို့ ရတော့မယ်။

သို့သော် စိတ်ကို မထိန်းနိုင်ဘူး။

အခြား ကာမပိုင်ရှိလင်ယောကျ်ားနဲ့ ဖောက်ပြားခဲ့တယ်။ မကြာဘူး ရောဂါတစ်ခုဝင်လာပြီး ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ရှာတယ်။ မြန်လိုက်တာရယ်။

မယုံလို့ စမ်းကြည့်တာကို။

အကယ်၍သာ သူမရဲ့ အပြစ်ကို ဝန်ခံပြီး ဒဏ်ခံမြေမယ်။ တစ်ကာနေပြန်စပြီး ဤတစ်ကြိမ် ခွင့်လွှတ်ပါလို့ ဝန်ခံပြီး ဆင်ခြင်မယ်ဆိုရင် အခြေအနေ ပြန်ကောင်းနိုင်ဖွယ် ရှိနိုင်ပါလိမ့်မယ်။

သို့သော် ...

သူမတို့က ယုံကြည်အားထားပြီး ဆင်ခြင်တုန်းက ဆင်ခြင်တယ်။ ကိလေသာတဏှာယစ်မူးပြီး ဆိုထားခဲ့တဲ့ကတိသစ္စာကို မလေးမစား မထေမဲ့မြင် ပြုခဲ့တော့ ကိုယ်ကျိုးနည်းခဲ့ပြီပေါ့။

နောက်တစ်ယောက်က ကိုသောင်းနိုင်တဲ့ ...

သို့သော် ကိုသောင်းနိုင်ကို အများကခေါ်တာက ကိုသောက်နိုင်ပါတဲ့ခင်ဗျာ။

လူက ပညာတတ်ပါ။ အစိုးရဌာနတစ်ခုမှာလည်း ရာထူးတစ်ခုနဲ့ နိုင်ငံရပ်ခြားကိုလည်း အလုပ်ကိစ္စနဲ့ သွားရောက်ဖူးတယ်။

ထိုင်း၊ စင်ကာပူ၊ ဂျပန်ရောက်ဖူးတယ်။

သို့သော် သူက အရက်မျိုးစုံ သောက်တယ်။ သောက်ရင် သူများ ထက်လည်း ပိုသောက်နိုင်လို့။

ကြွက်တွင်းလို့လည်း ခေါ်တယ်။

ကိုသောက်နိုင် (သို့) ကိုသောင်းနိုင်လို့လည်း ခေါ်ကြတယ်။ တိုတို ပြောရရင် အသောက်များ အသည်းကိုင်လို့ ဖောရောင်အမ်းလာတော့ ဆေး ခွင့်ယူပြီး နေရတယ်။

ဆေးခန်းက ဆရာဝန်က ပြောတယ်။

"ခင်ဗျား အရက်ဖြတ်သင့်ပြီ ... ကိုသောင်းနိုင် ..."

"ဖြတ်ရင် သေမှာပေါ့ ... ဒေါက်တာ"

"အရက်ဖြတ်လို့ မသေပါဘူးဗျာ၊ အရက်ကို ဆက်သောက်မှ ခင်ဗျားသေမှာ"

"အခု ကျွန်တော် မသောက်ပါဘူး ... ဒေါက်တာ"

"ရပ်ထားတာမဟုတ်လား"

"ဟုတ်ကဲ့ ..."

"နေကောင်းလာရင် ပြန်သောက်မယ်ပေါ့"

"လျှော့သောက်မလားလို့ စဉ်းစားပါတယ် ... ဒေါက်တာ"

"အေးပေါ့ဗျာ ... ရှင်းရှင်းပြောရရင် အရက်က ခင်ဗျားအသည်း ကို စတင်တိုက်ခိုက်နေပြီ ကိုသောင်းနိုင်။ လျှော့သောက်ရာကနေ လုံးဝ ဖြတ်သွားအောင် ကြိုးစားပါဗျာ။ ဒါမှ ခင်ဗျားအသက်ရှည်ရှည်နေရမှာ နား လည်ရဲ့လား"

"ဟုတ် ... ဟုတ်ကဲ့ပါ"

ဆရာဝန်ပေးတဲ့ဆေးကို သောက်တယ်။ အရက်ကို မသောက်ဘူး။ ဒီလို အဖောရောဂါကျသွားပြီး ပြန်လည်ကောင်းရော စိတ်ဆွေ အသောက် သမားတွေနဲ့ ပြန်သောက်တော့တာပဲ။

တစ်လမကြာဘူး။





ဆရာဝန် ဒေါက်တာသိန်းမောင်ရဲ့ဆေးခန်းကို ပြန်ပြေးရရော။

"ခင်ဗျား အရက်ဖြတ်ပါ ... ကိုသောင်းနိုင်"

"စိတ်ချပါဆရာ၊ ဒီတစ်ခါနေကောင်းရင် ဖြတ်ပါတော့မယ်ဗျာ"

"သေချာရဲ့လား"

"သေချာပါတယ် ... ဒေါက်တာ"

"သာဓု ... သာဓုဗျာ ... နောက်တစ်ခွန်းတော့ အရက်နဲ့ လုံးဝ ဖြတ်တော့မှပဲ ခေါ်မယ်ဗျ ... ခေါ်မယ်ဗျာ ... နော်"

အဲဒီလိုနဲ့ ဆေးကောင်းဝါးကောင်းများနဲ့ ပြန်ကုပေးလိုက်တာ အသားအရောက စ ပြန်တက်လာတယ်။

ပြောပါရောလား ...

လူတိုင်းက ချိုးမွမ်းလို့မှ မဆုံးသေးဘူး ...

ပြန်သောက်တာပဲ။

ခွေးမြီးကောက် ကျည်တောက်စွပ်ပဲ။

အဲဒီအချိန်ကာလတုန်းက အရက်ဖြူ တောအရက်၊ ရမ်၊ တင်လဲ ဖြူ ထန်းရည်၊ ခနဲရည်၊ အကုန် တွေ့သမျှ အကုန်သောက်တာ။

ပြန်လဲတော့တာပဲ။

အဲဒီအချိန်မှာ သူ့ကို ဂရုစိုက်ပြီး ကုသပေးတဲ့ ဆရာဝန်ဒေါက်တာ သိန်းမောင် နယ်ပြောင်းရွှေ့သွားပြီ။

အခြား ဆေးခန်းဆရာဝန်က ...

"ခင်ဗျား ... ဆေးရုံတက်ပြီး စနစ်တကျ ကုသသင့်တယ်"

"ကိုယ်ခွဲမရှိလို့ပါ ... ဆရာ ... ဒီမှာပဲ ပြပါရစေ ..."

"ခင်ဗျား ... ငွေကုန်တာပဲ အဖတ်တင်မယ်၊ ဆေးရုံတက်ကု ပါ"

နောက်ဆုံး ဆေးရုံမတက်ဘဲ မြန်မာသောက်ဆေး ဆေးမြီးတိုနဲ့ ကုရင်းက အဘဆရာကြီးထံ ရောက်လာတာပါပဲ။

✿ ✿ ✿

## [၄]

❑

"သားနာမည် ဘယ်လိုခေါ်သလဲ"

"ကိုသောင်းနိုင်လို့ ခေါ်ပါတယ် အဘ"

"အသက်ကရော ..."

"၃၅ နှစ်ပါ ခင်ဗျာ"

"အရက်သောက်သလား"

"ဟုတ် ... ဟုတ်ကဲ့ ..."

ဒီမှာ မောင်သောင်းနိုင်ရဲ့ အမေနှင့်အစ်မတို့က သောင်းနိုင် အရက်သောက်ကြမ်းပုံနဲ့ နောက်ဆုံး ဆေးရုံတက်ကုပါလို့ ဆရာဝန်ကပြောပုံ၊ သူကလည်း ဆေးရုံမတက်ဘဲ ပေတေနေပုံ စသည်တို့ကို တိုင်တောရှင်းပြကြပါရော။

ဒဲဒီအချိန်က လပြည့်နေ့မို့ အဘဆရာကြီးအိမ်မှာ တပည့်သားမြေးတွေ စုံစုံလင်လင် ရှိနေတယ်။

အိမ်ပေါ်မှာ လူအပြည့်ပဲ။

လပြည့်နေ့ မှန်းမတည့်မီ ပညာအဆင့်တက်ကြရမှာကိုး။





"အဲဒါ လူအတော်များများက အဘဆရာကြီးရဲ့တပည့်ခံပြီး ပညာတော်မြတ်ကြီးကို လိုက်နာကျင့်ကြရင် ရောဂါပျောက်ပြီး လူတစ်လုံး သူတစ်လုံးဖြစ်လာမှာလို့ ဒိုင်းအကြံပြုကြတာနဲ့ အဘဆရာကြီးထံ ရောက်လာရတာပါ ... အဘရယ်'

အဘဆရာကြီးက မှန်မှန်ကန်ကန်သမားခင်ဗျ။

သူက သီလလည်း စောင့်တယ်။ မေတ္တာကရုဏာလည်း အမြဲထားတယ်။ သမထရော၊ ဝိပဿနာပါ အမြဲကျင့်မှတ်ရှုပြီး အလျှုရေစက် လက်နှင့်မကွာ ရှိနေသူပါ။

ပညာလည်း ထက်တယ်။

စွတ်မိန့်လည်း စွမ်းတယ်။

ကျွန်တော် တွေ့ဖူးသမျှ မနောပညာ၊ ဓေတစ်ခွန်းပညာ၊ ရေဝင်ပညာ၊ ရေမန်းပညာ၊ ဗေဒင်ပညာဆရာ အတော်များများအနက် အဘဆရာကြီးက စာရိတ္တအမူအကျင့်ရောအတွင်းစိတ်ဓာတ်ပါ သန့်ရှင်းစင်ကြယ်ပါတယ်။ နားလည်တတ်ကျွမ်းတယ်။

သူ့ကို တဏှာရာဂနှင့် ညှိုယှဉ်ဖမ်းစား ဖျက်ဆီးလို့မရဘူး။

ကျွန်တော့်ကိုယ်တွေ့ပါ။

(အသေးစိတ်ရေးရန် မလိုအပ်လို့ မရေးတော့ပါဘူး)

သီလ၊ သမာဓိ၊ ပညာအားကောင်းတော့ စေတိုင်။ နိုင်းတိုင်းရနေပါတယ်။ သို့သော် ၎င်းပညာနှင့် လူ၊ နတ်၊ စုန်း၊ တစ္ဆေ၊ ကဝေ၊ နာနာဘာဝပြိတ္တာအမျိုးမျိုးတို့ကို မနှိပ်စက်ဘူး။ နိုင်းမစားဘူး။

စု... သူ့ရှေ့ရောက်နေတဲ့ ဖောသွပ်သွပ် ညှိုးသိုးသိုး ပြူးကြောင်ကြောင်လူရွယ်ကို ကြည့်ပြီး မေးလိုက်တယ်။

"မောင်သောင်းနိုင် ..."

"ခင် ... ဗျာ ..."

"အခု ... ဘာအလိုရှိလို့ ရောက်လာရတာတုံး"

"အရက်ဖြတ်ချင်လို့ပါ ... ဆရာကြီး"

"ဆေးရုံမှာ ဖြတ်လို့မရဘူးလား"

"ကျွန်တော် ဆေးရုံမတက်ချင်ပါဘူး ... ဆရာကြီး"

"ဆရာကြီးရဲ့ ပညာရပ်စခန်းကလည်း အရက်ဖြတ်တဲ့ဌာနမဟုတ်ဘူး သား"

ကိုသောင်းနိုင် မှိုင်သွားတယ်။ မောင်သောင်းနိုင်ရဲ့ အမေနှင့် အစ်မကလည်း အဘဆရာကြီးကို အားကိုးကြည့်နဲ့ ကြည့်နေတယ်။

"မောင်သောင်းနိုင် ..."

"ခင်ဗျာ ..."

"ငါ့သား အရက်တကယ် ဖြတ်ချင်ဖြတ်ချင်စိတ် ရှိရဲ့လား"

"ရှိပါတယ် ... ဆရာကြီး"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ခင်ဗျ"

"သေချာတယ်နော်"

"သေချာပါတယ် ... ဆရာကြီး"

'အေး ... အဘတို့ရဲ့ပညာရပ်က ဆေးကုတာသက်သက် မဟုတ်ပါဘူး ... လူလေး။ အဘ ... မင်းအရက်ဖြတ်ဖို့ ပေးစရာကျွေးစရာ ဘာဆေးဝါးမှ အဘမှာမရှိဘူး။ အဘမှာရှိနေတာ အထက်ဆရာတော်ဘုရားကြီးများနဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၊ ချီးမြှင့်တဲ့ရေစင်ပဲ၊ မင်းကို တိုက်စရာပေးစရာရှိတယ်"

"........"

"သို့သော် အဘတို့ ရွှေရင်ကျော်ပညာမြတ်ကြီးကို လိုလားနှစ်သက်လို့ ကျင့်ကြံပွားများလိုက်နာမယ်ဆိုရင် အဓိကက ကတိသစ္စာပြုရတယ်။ ကတိသစ္စာပြုပြီးရင် တစ်သွေမတိမ်း လိုက်နာရတယ်။ စည်းမပေါက်ရဘူး။ အကယ်လို့ မသိလို့ မှားသွားတာမျိုး၊ ရေနဲ့အရက် ရောထားတာမသိလို့သောက်မိရင် ဒဏ်ဖြေရတယ်။ ပွဲထိုးတောင်းပန်ကန်တော့ပြီး ပြန်သစ္စာပြုလို့ အဆင့်တစ်ကနေ ပြန်စရတယ်။





သို့သော် သိသိကြီးနဲ့အမှားကိုကျူးလွန်မယ်ဆိုရင်တော့ ဒဏ်လည်း မပြေဘူးဆိုရင်တော့ ဆိုင်ရာပိုင်ရာ အစောင့်ပုဂ္ဂိုလ်(မြင်အပ်မမြင်အပ်)တို့က ဒဏ်ခတ်လိမ့်မယ်။ ဒဏ်ထိပြီဆိုရင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အကုန်တစ်စတစ်စ ပျက်စီးယိုယွင်းပြီး အသက်ပါထိခိုက်နိုင်တယ်။ ကတိသစ္စာမပျက်၊ မကျိုးမပေါက်၊ သီလလုံခြုံပြီး ပညာတော်မြတ်ကြီးရဲ့ လမ်းညွှန်ချက်အတိုင်း လိုက်နာကျင့်ကြံခဲ့ရင်း ဘေးဥပဒ်အန္တရာယ်ကင်းဝေးပြီး စိတ်ရောကိုယ်ပါ ကြီးပွားချမ်းသာပါလိမ့်မယ်။ နားလည်ပါသလား"

"ဟုတ်ကဲ့"

"ပညာတော်မြတ်ကြီး ယုံကြည်ဆည်းကပ်ပြီး မင်းရဲ့ အရက်နာရောဂါ ပျောက်ကင်းချမ်းသာချင်တယ်ဆိုရင် လူကလေး လိုက်နာထိန်းသိမ်းရမည့် ကတိသစ္စာက ..."

တစ် - ကျွဲသား၊ နွားသား မစားရဘူး။ မသတ်ရဘူး။

နှစ် - သေရည်သေရက် လုံးဝမသောက်ရဘူး။

သုံး - ကာမေသုမိစ္ဆာစာရက် မကျူးလွန်မပြစ်မှားရဘူး။

လေး - မြွေမသတ်ရဘူး။ မြွေသားမစားရဘူး။

ငါး - အနန္တောအနန္တငါးပါးနှင့် ဤပညာတော်မြတ်ကြီးကို ကဲ့ရဲ့ရှုတ်ချ ပြစ်မှားစော်ကားခြင်းမပြုရဘူးဆိုတဲ့ ကတိသစ္စာကို ပြုရမယ်။ စောင့်ထိန်းရမယ်။ စောင့်ထိန်းပါမယ်လို့ ကတိပြုပြီး ဖောက်ဖျက်ကျူးလွန်ရင် တစ်-ပညာတော်မြတ်ကြီးရဲ့ အာနိသင်အစွမ်းတွေ ပျက်ပြယ်သွားမယ်။ နှစ်-ဒဏ်ထိလိမ့်မယ်။ မသိလို့မှားရင် ဒဏ်ဖြေပါ။ သိသိနဲ့မှားခဲ့ရင် ဘယ်သူမှ ကယ်လို့မရဘူး။ ကိုယ်ပြုသည့်ကံ ကိုယ်ပဲခံရမယ်။ ကဲ ... အဲဒီကတိသစ္စာကို လိုက်နာစောင့်ထိန်းနိုင်မှာလား"

"ဟုတ်ကဲ့ ... ထိန်းပါ့မယ် ... ဆရာကြီး"

"သုံးကြိမ်မေးမည်၊ စောင့်ထိန်းနိုင်မလား"

"ထိန်းနိုင်ပါတယ် ... ဆရာကြီး"

"အမှန်တကယ် စောင့်ထိန်းနိုင်မှာလား"

"စောင့်ထိန်းနိုင်ပါတယ် ... ဆရာကြီး"

သည့်နောက် အများရှေ့၊ ဘုရားရှေ့၊ ဆရာရှေ့မှာ အထက်ဆရာတော်ဘုရားကြီးများ၊ ဝိဇ္ဇာရှစ်သောင်း၊ ဆရာအပေါင်းတို့ကို တိုင်တည်အဓိဋ္ဌာန်နဲ့ ကတိသစ္စာပြုစေပြီး ...

ပထမအဆင့် ဆေးတော်အုပ် စမတိုက်၊ ရေစင်တိုက်ပြီး ...

"ဤပညာတော်မြွတ်ကြီးကို ဆည်းကပ်ခြင်း၊ ကတိသစ္စာတို့ကို စောင့်ထိန်းလိုက်နာခြင်းအကျိုးများကြောင့် မောင်သောင်းနိုင်၏ ကိုယ်တွင်း၊ ကိုယ်ပမှာ ရှိနေကြသော အနာရောဂါနှင့် အင်းတိုက်၊ နတ်တိုက်၊ စုန်းတိုက်၊ ကဝေတိုက်၊ အတိုက်မှန်သမျှ ဝေးရာရှားကြပြီး တစ်နေ့တခြား ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။ ဒါန၊ သီလ၊ သမထ၊ ဘာဝနာ ကုသိုလ်အမှုတို့ ပြုနိုင်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေသတည်း"

✿ ✿ ✿

[၅]

❑

ကိုသောင်းနိုင် တော်ပါပေရဲ့ဗျာ။ ဒီတစ်သက် အရက်သမားဘဝနဲ့ နိဂုံးချုပ်ပြီလို့ အားလုံးက ထင်မှတ်နေကြတာ။

ခု ... ကြည့် ... အဘဆရာကြီးရဲ့ ပညာတော်ရေစင် ရေမန်းသောက်ပြီး ပညာတော်မြွတ်ကြီးရဲ့ အဆုံးအမအတိုင်း လေးလေးစားစား လိုက်နာကျင့်ကြံလိုက်တာ... အခု... အရက်ကိုလှည့်တောင်မကြည့်တော့ဘူး။

သောက်ဖော်သောက်ဖက်များကို ရှောင်တယ်။

"သောင်းနိုင် ... မင်း ဘယ်လိုဖြစ်တာတုံးဟ ... ဟေ ..."

"ငါ အရက်မသောက်တော့ဘူး"

"ဟေ ... မင်းကြောင်သွားတာ မဟုတ်ပါဘူးနော် သောင်းနိုင်"

"ငါ အရက်ပြတ်ပြီ"

"ဘုရား ... ဘုရား ... ကျားသားမိုးကြိုး ... သာဓု ... သာဓု သောင်းနိုင် နောက်တစ်ခွန်းက မင်းအရက်ပြတ်ပြီးသေမှခေါ်မယ် .. ဟေ့"

"ပြင်ဆင်ချက်ရှိသေးတယ်ကွ ... ရွှေတင်ကြီးရ"

"တယ်လိုတုံး ... ကိုမင်းနိုင်ရ ... ရှင်းပါဦးဟ"

"သောင်းနိုင်ကို အရက်ဆိုင်ဝမှာတွေ့ရင် သာဓုတစ်ခွန်း ပြန်ခေါ်မယ်"

"ဟေ ..."

"နောက်ပြီး ... ဖန်ခွက်ထဲ အရက်ငှဲနေတာမြင်ရင် သာဓုအကုန်လုံး ပြန်ခေါ်ပြီး သောက်နိုင်သူဘွဲ့ကို ပြန်အပ်မယ်၊ အားလုံးကြား ..."

"ကြား ..."

"သိ ..."

"သိ ..."

"မရှင်းတာရှိ ..."

"မရှိ ..."

"သောင်းနိုင် ... သူငယ်ချင်း ..."

"ဘာတုံး ... မင်းနိုင်"

"ဟောဒီလက်ယာလမ်းက ကိုးမုခ်ရှင်ဘုန်းကြီးကျောင်းနဲ့ မင်္ဂလာကန်ဦးကျောင်းတိုက်ကို သွားတဲ့လမ်း။ ဒီလက်ဝဲလမ်းက အရက်ဆိုင်၊ ဘီယာဆိုင်နဲ့ တောအရက်၊ ထန်းရည်ဆိုင်သွားတဲ့လမ်း။ ငါ့လူ ကြိုက်ရာလမ်းကို ရွေးပြီးသွား"

ကိုသောင်းနိုင်က အရက်ဆိုင်ရှိရာလမ်းကို ကျောခိုင်းပြီး ဘုန်းကြီးကျောင်းရှိရာလမ်းကို မျက်နှာမူ ရင်ကော့ပြီး ခပ်သွက်သွက် လျှောက်သွားလိုက်တော့တယ်။

အရင်သောက်ဖော်များက သူ့နောက်ကျောကိုကြည့်ပြီး အံ့ဩနေကြလေရဲ့။

"ဩော် ... နတ်ပြည်မှာ လူတစ်ဦး (သို့) နတ်တစ်ဦး တိုးပြီပေါ့ကွာ။ နတ်ပြည်ညီလာခံမှာ ဒီကောင် အရက်ဆိုင်ပပျောက်ရေးများ အဆိုတင်သွားရင် ငါတို့တော့ ဒုက္ခရောက်မှာပဲဟေ့"

ကိုသောင်းနိုင် အရက် လုံးဝမသောက်တော့ဘူး။

စိတ်ကူးသစ်စာပေ



ပညာတော်မြတ်ကြီးရဲ့ အစွမ်း၊ အဘဆရာကြီးရဲ့ ဆေးစွမ်း အစွမ်း၊ ကဝိသစ္စာရဲ့ အစွမ်းကြောင့်လား မသိဘူး။ သူ ... ဝ.စို့.သန့်.ပြန်နေလာတယ်ဗျာ။

အလုပ်ကိုလည်း မှန်မှန်နဲ့ သွားတာဗျာ။

အမျိုးသမီးချောချောတွေကတောင် သူ့အပေါ် အာရုံကျလာလို့ဗျ။ အဘဆရာကြီးထံမှာ ပညာအဆင့်တက်တာ ငါးဆင့်ရောက်သွားပြီး တော်လိုက်တာဗျာ။

ရာထူးတိုးပြီး လစာပါ ကောင်းသွားတယ်။

သူ့အတွက် မိခင်နဲ့ အစ်မရော၊ အရပ်ထဲ မြို့ထဲကရော ဈေးမှမ်းနေတုန်း ရှိသေး။

တစ်ညမှာ သူ အငှားကားနဲ့ ပြန်ရောက်လာတယ်။

ဘုရားရေ ... လူက အရက်တွေမူးပြီး မရပ်နိုင်ဘူး။ အိမ်ပေါ်တွဲခေါ်ရောက်ရော အော့အန်ပြီး လူးလိမ့်အော်ဟစ်နေတာ ထိန်းလို့မရဘူး။

"ငါ့ကို ဘာထင်နေလဲကွ ... ဟေ ..."

"ဝုန်း ..."

"ငါ ... မနေတော့ဘူး ... သွားမယ်"

"သား ... ငြိမ်ငြိမ်ကိုတ်ကိုတ်နေပါ ... သားရယ်နော်"

"ဟား ... ဟား ... ဟား ... ငါ့ကိုများ ... သားတဲ့ ... ဟား ... ဟား ... ဟား ... ဟား ... ကျုပ်ကို လာခေါ်နေပြီဗျ ... ဖယ်"

"မင်းကို ဘယ်သူလာခေါ်လို့တုံး ... မောင်လေးရဲ့ ဟင် ..."

"ဟိုမှာ ခြံဝမှာရပ်နေတာ ခင်ဗျားတို့ မမြင်ကြဘူးလား၊ ကန်းနေလား။ ဟိုမှာ ခေါင်းပေါ်မှာ နွားချိုလို အချွန်နဲ့ လူမည်းမည်းကြီးတွေ လာပြီမယ်ဗျာ ... လာပြီမယ်ဗျ ... အား ..."

"လူလေး ..."

"ကျုပ် မကြာခင် လိုက်ခဲ့ပါမယ်ဗျာ ... ဗျာ"

"မောင်လေး ..."

စိတ်ကူးသစ်စာပေ

"ကျုပ် လိုက်ခဲ့ပါမယ်ဗျ ... အား ..."

တစ်ညလုံးအော်နေကာ ဝုန်းဒိုင်းကြဲနေလို့ အိမ်းနီးနားချင်းများက လည်း ဝင်ထိန်းတာတောင် မရဘူး။ မိုးလင်းခါနီးမှ အိပ်ပျော်သွားတယ်။

မိုးလင်းတော့လည်း ရင်အောင့်တယ်၊ ဗိုက်အောင့်တယ်နဲ့ လူးလိမ့် နေ ပြန်တယ်။ ဆေးခန်းလည်း မသွားဘူး လုပ်ပါရော။

"ဒေါ်မြ ..."

"ရှင် ... မထွေးခင်"

"ညည်းသား အဘဆရာကြီးတို့ ပညာတော်ဂိုဏ်းမှာ ဆေးအုပ် တာ မဟုတ်လား"

"ဟုတ်ကဲ့ ... ဝင်ထားပါတယ်"

"ညည်းသား... စည်းပေါက်သွားပြီ။ အဲဒီဂိုဏ်းက အရက်သောက် လို့ မရဘူးလေ။ သင်း ... မသိဘူးလား"

"ကျွန်မ ဘယ်လိုလုပ်ရမလဲဟင် ... ဟင်လို့"

"ဆရာကြီးကို အကျိုးအကြောင်းပြောပြပြီး ပွဲပေး၊ ဒဏ်ဖြေတောင်း ပန်လိုက် ... ဒါကို ကတိသစ္စာပျက်၊ စည်းပေါက်လို့ အဖြစ်ဆိုးကြုံတာတွေ ငါမြင်ဖူးတယ်၊ မြန်မြန်သွားကြ ..."

"ဟုတ် ... ဟုတ် ... အစ်မကြီး ..."

✿ ✿ ✿

[၆]

❑

အဘဆရာကြီးရဲ့ရှေ့မှာ ငှက်ပျောပွဲ၊ ကန်တော့ပွဲကို ပြင်ဆင်ပြီး ကိုသောင်းနိုင် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီ ရှိခိုးနေတယ်။

"အား ..."

"အောင့်နေလို့လား ..."

"ဟုတ် ... ဟုတ်ကဲ့ ..."

"မောင်သောင်းနိုင် ..."

"ခင်ဗျာ ... ဆရာကြီး ... အား ..."

"အရက်ပြန်သောက်လို့ မဟုတ်လား"

"ဟို ... ဟို ... အထက်လူကြီးတွေနဲ့တွေ့ပြီး အားနာလို့ .."

"သောက်မိတယ်ပေါ့"

"ဟုတ် ... ဟုတ် ..."

"တစ်ခုမေးမယ် ... မောင်သောင်းနိုင်၊ မင်း အရက်မှန်းသိသိနဲ့ သောက်မိတာလား။ အချိုရည်တို့နဲ့ ရောထားလို့မသိဘဲ သောက်မိတာ လား"

စိတ်ကူးသစ်စာပေ

"အဲ ... အဲ ... ဟို ... ဟို ..."

"အရက်မှန်း သိတယ်ပေါ့"

"ဟုတ် ... ဟုတ် ..."

"လူကလေး ... ဘယ်လိုကတိသစ္စာ ဆိုထားလဲ ... ပြော"

"ဟို ... ဟို ... အရက်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏လို့ ကတိသစ္စာပြုခဲ့ပါတယ် ... ဆ ... ဆရာကြီး ..."

"မင်း ... စည်းပေါက်သွားပြီ"

"ဗျာ ..."

"သစ္စာကတိကို ချိုးဖောက်လိုက်ပြီ ..."

"ကျွန်တော်မှားပါတယ် ... ဆရာကြီးရယ်၊ ကျွန်တော့်ကို ကယ်ပါခင်ဗျာ"

"လူကလေး ... မင်းကို အဘ ဒီတစ်ကြိမ် ပြောဆိုတောင်းပန် ဒဏ်ခြေပေးလိုက်မယ်။ ကိုယ့်ဘဝ ကျနိုးမာပြီး တိုးတက်နေတာကို သိလျက်နဲ့ ခုနချချင်တာကိုး။ ကိုင်း ... လက်အုပ်ချီ ... လိုက်ဆို ..."

"အထက်ဆရာတော်ကြီးများ ဘုရား"

"အထက်ဆရာတော်ကြီးများ ဘုရား"

"ဘုရားတပည့်တော်သည် ဆိုထားသည့်ကတိသစ္စာ ချိုးဖောက်၍ အရက်သေစာ ပြန်လည်သောက်မိပါသည်ဘုရား"

"ဘုရားတပည့်တော်သည်ဆိုထားသည့် ကတိသစ္စာ... ပြန်လည်သောက်မိပါသည်ဘုရား"

"တစ်ကြိမ်တစ်ခါ မိုက်မဲစည်းဖောက်ခဲ့သည်ကို ခွင့်လွှတ်ပေးပါရန် လက်အုပ်ချီမိုး၍ တောင်းပန်ပါသည်ဘုရား ..."

"တစ်ကြိမ်တစ်ခါ ... တောင်းပန်ပါသည်ဘုရား ..."

သည့်နောက် အဘဆရာကြီးက ...

"အထက်ဆရာတော်ဘုရားကြီးများနှင့် ကမ္ဘာစောင့် သာသနာစောင့် နတ်မင်းကြီးများ၊ အထက်ဝိဇ္ဇာပညာရှင်ကြီးများနှင့်စောင့်ရှောက်ကြ





ကုန်သော အပိုင်အဆိုင် အစောင့်အရှောက်တို့ခင်ဗျား ...၊ တစ်ကြိမ်တစ်ခါ မိုက်မဲစွာပြုခဲ့မိသည့်ဤတပည့်သားစည်းပေါက်ခဲ့သည်ကို ရှိသေစွာဒဏ်ခြေရန် ရှိခိုးတောင်းပန်ပါသည်။ အပြစ်ဒဏ်တို့ကို ဖယ်ရှားပေးတော်မူပါ။ ပုဂ္ဂိုလ်အပေါင်းတို့ခင်ဗျား ..."

"မောင်သောင်းနိုင် ..."

"ခင်ဗျာ ... အဘ"

"အရက် လုံးဝမသောက်နဲ့နော်"

"ဟုတ်ကဲ့ ... အဘဆရာကြီး"

"သာဓု ... သာဓု ... သွားကြ ... သွားကြ"

✿ ✿ ✿

[၇]

❑

သောင်းနိုင် ... တစ်လပြည့်တဲ့နေ့မှာ ကွယ်လွန်အနိစ္စရောက်သွားတယ်။ အမေနှင့်အစ်မက နေ့တိုင်း ငိုကြလေရဲ့။

ကိုသောင်းနိုင် ဘာလို့ သေရတာလည်း ဟုတ်လား။

နိုင်ငံခြားသွားတယ်။ သူငယ်ချင်းတွေနဲ့တွေ့ပြီး နာမည်ကြီးဟိုတယ်မှာ သောက်ကြတာတဲ့။

အရက်ရော အပျော်မယ်လှလှနုနု ရွှရွှညညလေးတွေလည်းပါတော့ အဘဆရာကြီးသတိပေးတဲ့စကားကိုရော ဆေးတော်မအုပ်ခင်က ရွတ်ဆိုရတဲ့ သုရာမေရယ သေရည်သေရက်ကို ပါဏာပေတံ အသက်ထက်ဆုံး ရှောင်ကြဉ်ပါမည်ဟု ပေးခဲ့ရွတ်ခဲ့အပ်ခဲ့သည့် ကတိသစ္စာများကို လုံးဝသတိမရတော့ဘူး။

သောက်လို့ ပျော်ပါးလို့ အားရပြီးရော သူနေတဲ့မြို့ကို ပြန်ဖို့ မူးမူးနဲ့ သင်္ဘောဆိပ်ခံဖောပေါ် တက်လာတယ်။

"ဘော် ..."

"ဘော် ..."

သင်္ဘောက ထွက်ဖို့ အသံပေးနေပြီ။

ဒီမှာ သောင်းနိုင် သင်္ဘောနဲ့ ဖောတင်ထားတဲ့ သံပြားကုန်းပေါင်





တံတားတိုလေးအပေါ်အတက် ...

"ဟား ... ဟား ..."

"ဟေ ... ဟေ ..."

"ဝုန်း ..."

ရေစီးသန်နေတဲ့ ချောင်းထဲကို မူးငိုက်ထိုးယိုင်ပြီး ပြုတ်ကျသွားတယ်။

ခရီးသည်များရဲ့ စိုးရိမ်အလန့်တကြားအော်သံများနဲ့အတူ နှစ်ထပ်သင်္ဘောက မီးထိုးပြီး ရှာကြတယ်။

သောင်းနိုင်ကို ချေပြင်မှာ ရှာလို့မတွေ့တော့ဘူး။

နောက်နေ့ရောကျတော့မှ ကမ်းစပ်ရှိလမုပင်ကြားမှာ ညပ်တင်နေတဲ့ သူ့အလောင်းကို တွေ့ရတယ်။

စည်းပေါက်သွားပြီလေ ...။

ကတိသစ္စာ ပျက်ကျိုးသွားပြီလေ ...

အချို့က ကတိသစ္စာဆိုတာကို ပေါ့ပေါ့လေးလို့ မှတ်နေကြတာ။

သောင်းနိုင်ကိုကြည့်ဗျာ ...

အရက်မူးလွန်လို့ ရေထဲကျတာလား ...

ကတိသစ္စာစည်းပေါက်လို့ သူ့အကုသိုလ်ကံ အကျိုးပေးနဲ့ ဂျွိရ ခတ် သိမ်းရတာလား။

စဉ်းစားကြပါ ...။

ကတိသစ္စာပြုပြီးကျင့်တော့၊ ကတိသစ္စာကို နိုင်နိုင်နင်းနင်း ထိန်းကြပါ၊ စောင့်ကြပါ။

မယုံသလို ... ယုံသလို ...။

လေးစားချင်သလိုမျိုး မဒိုးမခန့်လုပ်ခဲ့ရင်တော့။

မောင်ညိုမှိုင်း(သန်လျင်)